# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**

၁၃၇၇ ခုနှစ်၊ ပြာသိုလဆန်း ၉ ရက် ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီ ၁၈ ရက်၊ တနင်္လာနေ့ အတွဲ [၅၅]၊ အမှတ် [၁၁၀]


**အတတ်ပညာနှင့်တူသောဥစ္စာမရှိ**

* အတတ်ပညာနှင့်တူသောဥစ္စာသည်မရှိ၊
* အတတ်ပညာကို ခိုးသူတို့မခိုးနိုင်၊
* အတတ်ပညာသည် ယခုဘဝ၌ အဆွေခင်ပွန်း ဖြစ်၏၊
* တမလွန်လောက၌ ချမ်းသာကို ဆောင်စေတတ်၏။



မီးပုံပွဲမှ ပျံ့လွင့်လာသည့် မီးစများ၏အလှနှင့်အပြိုင် ထွန်းလင်းနေသည့် နီယွန်မီးအလှကို နာဂတောင်တန်းပေါ်တွင် ဖြန့်ကြက်နိုင်ခဲ့ပြီ။

# ပတ်ကွိုင်တောင်ကြောပေါ်က နာဂတောင်တန်းရဲ့ အလင်းတန်းများ

သတင်းအဖွဲ့

**“ရှုမောဖွယ်မဆုံးတဲ့ . . . တောင်တန်းတွေကြားက . . . ရင်ခုန်စရာ အလှတို့ . . . ဆုံရာမြေ . . . လှမ်းခဲ့တော့ . . . တို့နာဂမြေ . . . ငြိမ်းချမ်းမှုတွေ . . . ယှဉ်တွဲလို့ . . . ပြောင်းလဲခဲ့တဲ့မြေ . . .တွဲလက်တွေ . . . ခိုင်မြဲ . . .အမြဲတမ်းချစ်ကြည်နေ . . . သမိုင်းသစ် . . . မှတ်တိုင်ထူစိုက်လို့ . . . ပြောင်းလဲခဲ့တဲ့မြေ . . . လာလည်စေချင်တယ် . . . ချစ်မိတ်ဆွေရေ . . .”**
ဆိုတဲ့ သီချင်းသံအကြား လျှပ်စစ်မီးရောင် ထိန်ထိန်အောက်မှာ လက်ချင်းတွဲပြီး ပျော်ရွှင်စွာစုဝေးကခုန်နေကြတဲ့ နာဂတိုင်းရင်းသားညီအစ်ကိုတွေရဲ့ နှစ်သစ်ကူးပွဲတော်မြင်ကွင်းက တွေ့မြင်ရသူတို့ရဲ့ စိတ်ဘဝင်မှာ ငြိမ်းချမ်းခြင်း၊ စည်းလုံးညီညွတ်ခြင်းတို့ကို ကူးစက်ခံစားရမှာ သေချာပါတယ်။

စိမ်းညိုညိုတောင်တန်းကြီးတွေနဲ့ အင်မတန်မှရိုးသားဖြူစင်တဲ့ တောင်တန်းဒေသ တိုင်းရင်းသားညီအစ်ကိုမောင်နှမတွေနေထိုင်ရာ စစ်ကိုင်းတိုင်းဒေသကြီး အနောက်မြောက်ပိုင်းဒေသ ပတ်ကွိုင်တောင်စဉ်တောင်တန်း ကာဆီးထားတဲ့ နာဂဒေသကို ၂၀၀၈ ခုနှစ် ဒီဇင်ဘာလမှာ လုပ်ငန်းတာဝန်နဲ့ ပထမဆုံးအကြိမ် ရောက်ရှိခဲ့ပါတယ်။

မြန်မာ-အိန္ဒိယ နှစ်နိုင်ငံနယ်စပ်အကြားမှာ တည်ရှိတဲ့ နာဂတောင်တန်းကို ရောက်ရှိတိုင်း ပွင့်လင်းစွာပြောဆိုတတ်ပြီး နွေးထွေးတဲ့ညှိဝတ်ကျေမှုက နာဂဒေသကို ရောက်ရှိသူတိုင်း သတိရပြန်ပြောရတဲ့အထိ စိတ်ဘဝင်မှာ စွဲထင်စေပါတယ်။

နာဂဒေသကို ပထမဆုံးအကြိမ် ရောက်ခဲ့စဉ်က တောင်တန်းတွေဘေးမှာ လေးအိမ်တစ်စု၊ ငါးအိမ်တစ်စုတည်ထားတဲ့ တိုင်းရင်းသားရွာတွေက

*စာမျက်နှာ ၈ ကော်လံ ၁* ◆



လေရှီးမြို့နယ် မတူပီချောင်း အသေးစားရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ တပ်ဆင်ထားရှိမှုအခြေအနေ။




## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

# ယဉ်ကျေးသော လူမှုကွန်ရက်

မြန်မာနိုင်ငံတွင် မိုဘိုင်းဖုန်းများနှင့် အင်တာနက်လျင်မြန်စွာ အသုံးပြုမှု များပြားလာသည်နှင့်အမျှ ဖေ့စ်ဘွတ်ခ်ဟုခေါ်သော လူမှုကွန်ရက် အသုံးပြုမှုမှာလည်း လျင်မြန်စွာတိုးတက်လာ လျက်ရှိပါသည်။ ယခုအခါ အမေရိကန်နိုင်ငံသား ကွန်ပျူတာ ပညာရှင်တစ်ဦးဖြစ်သည့် မစ်(ခ်)ဇူကာဘတ်ဂ်၏ကျေးဇူးကြောင့် ကမ္ဘာတစ်ဝန်း ဖေ့စ်ဘွတ်ခ်ကို တွင်ကျယ်စွာအသုံးပြုလျက် ရှိပါသည်။ ထိုအထဲတွင် ကျွန်ုပ်တို့ မြန်မာနိုင်ငံသူ နိုင်ငံသားများလည်း အပါအဝင်ဖြစ်ပါသည်။

ဖေ့စ်ဘွတ်ခ်သည် မီဒီယာတစ်မျိုးဖြစ်ပါသည်။ မီဒီယာအားလုံးတွင် လွတ်လပ်မှုအရှိဆုံးဖြစ်ပါသည်။ Friend လုပ်ထားသူအချင်းချင်း လွယ်ကူလျင်မြန်စွာဆက်သွယ်နိုင်သော ဆက်သွယ်ရေးလမ်းကြောင်းလည်း ဖြစ်ပါသည်။ ဖေ့စ်ဘွတ်ခ်လူမှုကွန်ရက်စာမျက်နှာပေါ်တွင် သုံးစွဲသူတစ်ဦးအနေဖြင့် မိမိ၏ ကိုယ်ရေးကိုယ်တာ အချက်အလက်များအပြင် လူအများအတွက် အကျိုးရှိစေမည့် သတင်းအချက်အလက်နှင့်ဓာတ်ပုံများ၊ ဗီဒီယိုဖိုင်များ စသည်ဖြင့် လွတ်လပ်စွာ ရေးသားတင်ပြနိုင်သည်။ အခြားသူများတင်ထားသော အကြောင်းအရာများကိုလည်း သဘောတူကြိုက်နှစ်သက်၍ Like လုပ်ခြင်း၊ မှတ်ချက်ရေးသားခြင်း (Comment)နှင့် လူအများအား မျှဝေခြင်း(Share)တို့ကို ပြုလုပ်နိုင်ပါသည်။ ဤသို့ဖေ့စ်ဘွတ်ခ်ကို လူကြီးလူငယ်မရွေး သုံးစွဲလာနိုင်ခြင်းသည် မီဒီယာလောကအတွက် အပေါင်းလက္ခဏာတစ်ရပ်ပင် ဖြစ်ပါသည်။ ဖေ့စ်ဘွတ်ခ်၏ ကျေးဇူးကြောင့် ပေါ်ပေါက်ရန် ခက်ခဲသောမှုခင်းများကိုပင် ဖော်ထုတ်လာနိုင်သည်ကို တွေ့မြင်ကြားသိနေရပေသည်။

သို့သော်လည်း ဤလူမှုကွန်ရက်၏ လွတ်လပ်မှုကို အခွင့်ကောင်းယူလျက် ညစ်ညမ်းရိုင်းပျစွာ ပြုမူလုပ်ဆောင်နေမှုများမှာ အလွန်ပင်ဆိုးရွားလှသည်။ ပုဂ္ဂိုလ်ရေးအရ တိုက်ခိုက်ခြင်း၊ လူ့ပတ်ဝန်းကျင်တွင် အရှက်ရစေသော ပုံများဖန်တီး၍ ဖော်ပြနေခြင်း၊ တစ်ဦးနှင့်တစ်ဦး ညစ်ညမ်းစွာပြောဆိုနေကြခြင်း၊ မဟုတ်မမှန် ဝါဒဖြန့်မှုများ ပြုလုပ်နေခြင်း၊ လိင်ပိုင်းဆိုင်ရာ ဆေးကြော်ငြာများ စည်းကမ်းမဲ့ပြုလုပ်နေခြင်း၊ လူသားအချင်းချင်း အမုန်းတရားများ ပွားများလာအောင် ရန်တိုက်လှုံ့ဆော်ပေးခြင်း စသော အကြောင်းတရားများကြောင့် ဖေ့စ်ဘွတ်ခ်တွင် ညစ်ညမ်းကြမ်းတမ်းမှုများကိုပါ တွေ့လာရသည်။ အချို့သောနိုင်ငံများတွင် ဤသို့ ညစ်ညမ်းမှုများနှင့် နိုင်ငံရေး၊ လုံခြုံရေးအခြေအနေများကြောင့် ဖေ့ဘွတ်ခ်အသုံးပြုမှုကို ပိတ်ပင်ထားသည်။ မြန်မာနိုင်ငံတွင် ဖေ့စ်ဘွတ်ခ်ကို လွတ်လပ်စွာ အသုံးပြုခွင့်ပေးထားသည်။ ထိုလွတ်လပ်စွာ အသုံးပြုခွင့်ကို တလွဲအသုံးချနေမည့်အစား တန်ဖိုးရှိစွာ အသုံးချကြရန် လိုအပ်သည်။

ဤလူမှုကွန်ရက်စာမျက်နှာမှတစ်ဆင့် မိမိရော အများအတွက်ပါ အကျိုးရှိမည့် ဗဟုသုတများ၊ သတင်းအချက်အလက်များ အချင်းချင်း မျှဝေပေးနေခြင်းသည် အလွန်အကျိုးရှိပါသည်။ သို့ဖြစ်၍ လူမှုကွန်ရက်ကို တလွဲအသုံးမပြုကြဘဲ အကျိုးရှိစွာ အသုံးပြုခြင်းဖြင့် ယဉ်ကျေးမှုရှိသော သတင်းအချက်အလက်နှင့် ဗဟုသုတများ ဖြန့်ဝေပေးနိုင်သော လူမှုကွန်ရက်အဖြစ် အသုံးပြုကြခြင်းဖြင့် မီဒီယာလွတ်လပ်ခွင့်၏ တန်ဖိုးကို ထိန်းသိမ်းကြရန် အသုံးပြုသူတိုင်း၏ တာဝန်ပင်ဖြစ်ပါကြောင်း။ ။


မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | ဝင်းရွှေ |
| စာတည်း | - | ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော် |
| သတင်းထောက်မှူး | - | မြင့်ဆွေ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |
| ကြော်ငြာ | - | ၀၁-၅၄၅၈၃၄ ၊ ၀၁- ၅၅၉၁၁၈<br>Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈ |
| ဖြန့်ချိ | - | ၀၁-၅၄၄၃၁၇၊ Fax- ၀၁-၈၆၀၄၅၄၆ |


# လွတ်လပ်ရေးနေ့တွင် ကမ္ဘာ့ခေါင်းဆောင်များက ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော်    ဇန်နဝါရီ    ၁၇

**၂၀၁၆ ခုနှစ် ဇန်နဝါရီ ၄ ရက်၌ ကျရောက်သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် ကမ္ဘာ့နိုင်ငံအသီးသီးမှ နိုင်ငံတော်အကြီးအကဲများက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာများ အသီးသီးပေးပို့ကြသည်။**

### ပိုလန်သမ္မတနိုင်ငံ

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့တွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံသို့ ပိုလန်သမ္မတနိုင်ငံသမ္မတ မစ္စတာ အန်ဒရစ်(ဂျ)ဒူဒါက ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ အဆိုပါသဝဏ်လွှာတွင် ပိုလန်နိုင်ငံက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၌ ဒီမိုကရေစီစနစ်သို့ ပြုပြင်ပြောင်းလဲခြင်းနှင့် မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတကာသို့ လျင်မြန်တိုးတက်ပွင့်လင်းစွာ ဆက်ဆံမှုများ ပြုလုပ်လာနိုင်ခြင်းတို့ကို ထောက်ခံအားပေးကြောင်း၊ အခါအခွင့်ကြုံခိုက် မိမိတို့နှစ်နိုင်ငံအကြား အောင်မြင်တိုးတက်သောဆက်ဆံရေးကို ကျေနပ်ဝမ်းမြောက်ကြောင်း ဖော်ပြထားပါသည်။

### မော်ရီတေးနီးယားအစ္စလာမ့်စ်သမ္မတနိုင်ငံ

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံသို့ မော်ရီတေးနီးယားအစ္စလာမ့်စ်သမ္မတနိုင်ငံသမ္မတ မစ္စတာ မိုဟာမက်အူးလ် အဗ္ဗဒဲလ်အဇစ်က သဝဏ်လွှာပေးပို့သည်။ အဆိုပါသဝဏ်လွှာတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့တွင် မိမိအနေဖြင့် လှိုက်လှဲစွာဝမ်းမြောက်ဂုဏ်ယူပါကြောင်း၊ မြန်မာပြည်သူပြည်သားများ ဆတက်ထမ်းပိုးတိုးတက်အောင်မြင်ပါစေကြောင်းနှင့် မိမိတို့နှစ်နိုင်ငံ ပြည်သူများ၏အကျိုးစီးပွားကို ဖော်ဆောင်နိုင်ရန် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖော်ပြထားပါသည်။

### တူရကီသမ္မတနိုင်ငံ

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံသို့ တူရကီသမ္မတနိုင်ငံသမ္မတ မစ္စတာ ရီချက်တာယစ်(ပ)အက်ဒိုဝမ်က ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ အဆိုပါသဝဏ်လွှာတွင် မြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့တွင် တူရကီပြည်သူများကိုယ်စား လှိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ယူပါကြောင်း၊ မြန်မာနှင့်တူရကီနှစ်နိုင်ငံအကြား နယ်ပယ်များစွာတွင် ပူးပေါင်းဆောင်ရွက်နေမှုများအား အပြန်အလှန်မြှင့်တင်ခြင်းဖြင့် ဆက်လက်တိုးတက်စေမည်ဟု ယုံကြည်ပါကြောင်း၊ မြန်မာပြည်သူများ သာယာဝပြော၍ တိုးတက်အောင်မြင်ပါစေကြောင်း ဖော်ပြထားပါသည်။

### ဖင်လန်သမ္မတနိုင်ငံ

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့တွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံသို့ ဖင်လန်သမ္မတနိုင်ငံသမ္မတ မစ္စတာ ဆူလီ နီနစ်စ်တိုက ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ အဆိုပါသဝဏ်လွှာတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့အခါသမယတွင် အဆွေတော်နှင့် မြန်မာပြည်သူများထံသို့ ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ ဆုတောင်းမေတ္တာပို့သအပ်ပါကြောင်း၊ အဆွေတော်အား မိမိအနေဖြင့် ချစ်ကြည်အလေးထားလျက်ရှိပါကြောင်း ဖော်ပြထားပါသည်။

### ဆွစ်ဇာလန်သမ္မတနိုင်ငံ

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့တွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံသို့ ဆွစ်ဇာလန်သမ္မတနိုင်ငံသမ္မတ မစ္စတာ ဂျိုဟန်း အန် ရှနိုင်းဒါအာမန်း(န်)က ဂုဏ်ယူဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့သည်။ အဆိုပါသဝဏ်လွှာတွင် မြန်မာနိုင်ငံ၌ အထွေထွေရွေးကောက်ပွဲကို အောင်မြင်စွာကျင်းပနိုင်ခဲ့သည့်အတွက် မြန်မာပြည်သူများနှင့် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် အဖွဲ့အစည်းများအား ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ နှစ်နိုင်ငံအကြား အပြန်အလှန် ယုံကြည်မှုနှင့် ချစ်ကြည်ရင်းနှီးမှုသည် ဆက်လက်၍ နက်ရှိုင်းလာလိမ့်မည်ဟု ယုံကြည်မိပါကြောင်း ဖော်ပြထားပါသည်။

### ကျူးဘားသမ္မတနိုင်ငံ

မြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့အခါသမယတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံသို့ ကျူးဘားသမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီနှင့် ဝန်ကြီးများကောင်စီဥက္ကဋ္ဌ မစ္စတာ ရာဟူးလ်ကက်စထရို ရုဇ်က ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ အဆိုပါသဝဏ်လွှာတွင် အဆွေတော်အား လှိုက်လှဲစွာချီးကျူးဂုဏ်ပြုပါကြောင်း၊ အဆွေတော်အား ချစ်ကြည်လေးစားလျက်ရှိကြောင်း ဖော်ပြထားပါသည်။

# ရေဆိုးများ ဆယ်ယူရှင်းလင်းပေးစေလို



**ရန်ကုန်  ဇန်နဝါရီ  ၁၇**

လှိုင်သာယာမြို့ (၇)ရပ်ကွက် ပုလဲလမ်းအတွင်းရှိ ရေမြောင်းများမှာ မိုးရာသီတွင် ရပ်ကွက်၏ အဓိကလမ်းဘေးဝဲယာတို့တွင်သာ ရွှံ့နွံတို့ကို နှစ်စဉ်ဆယ်ယူခဲ့ပြီး မြောင်းပေါ်တွင် ဆောက်ထားသောဈေးဆိုင်များကို ရှင်းလင်းနိုင်မှုမရှိသောကြောင့် ရပ်ကွက်၊ ကျေးရွာအားလုံးတွင် ၁၀ နှစ်ကျော် ကြာမြင့်နေသော ရေဆိုးများ ကျန်ရှိနေသည်။ နှစ်ချီကြာမြင့်လာသည်နှင့်အမျှ မြေအောက်သို့ စိမ့်ဝင်သောရေဆိုးများ ရှိလာသည်။ အိမ်ရှေ့၊ အိမ်နောက်တွင် ယနေ့တိုင်တင်ရှိနေသော ရေဆိုးများကြောင့် သက်ကြီးရွယ်အိုများနှင့် မူလတန်းအရွယ်ကျောင်းသားများ၊ ကျန်းမာရေးစောင့်ရှောက်မှု လိုအပ်နေသူတို့အတွက် စိုးရိမ်ဖွယ်ဖြစ်နေသောကြောင့် ရပ်ကွက်နေပြည်သူတို့၏ ကျန်းမာရေးအတွက် အဆောက်အအုံဝန်းကျင်မှ ရေဆိုးများကို အဆောင်ပိုင်ရှင်များက ဆယ်ယူရှင်းလင်းရန် လိုအပ်နေပြီဖြစ်ကြောင်း မြို့နယ်အတွင်း ပြည်သူတို့၏ ကျန်းမာရေးကို အလေးထား ဆောင်ရွက်နေသော ကျန်းမာရေးဝန်ထမ်းများက သုံးသပ်ပြောကြားသည်။ (၁၆၄)

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း    ၁၇-၁-၂၀၁၆

**ရွှေဈေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၅၂၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၀၈၂၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၅၄၅၀၀ |

**စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး)**

ရန်ကုန်

| | |
|---|---|
| ဒီဇယ် | ၅၇၀ / ၆၁၀ ကျပ် |
| အောက်တိန်း ၉၂ | ၆၁၀ / ၆၃၀ ကျပ် |
| အောက်တိန်း ၉၅ | ၇၁၀ / ၇၃၀ ကျပ် |
| ပရီမီယံဒီဇယ် | ၆၁၀ / ၆၆၀ ကျပ် |

**စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး)**

မန္တလေး

| | |
|---|---|
| ဒီဇယ် | ၆၅၀ / ၆၆၀ ကျပ် |
| အောက်တိန်း ၉၂ | ၆၉၀ / ၇၁၀ ကျပ် |
| အောက်တိန်း ၉၅ | ၈၂၀ / ၉၀၀ ကျပ် |
| ပရီမီယံဒီဇယ် | ၇၀၀ / ၇၁၀ ကျပ် |

**သားငါးနှင့် ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)**

| | | | |
|---|---|---|---|
| ၁။ ငါးကြင်း | တစ်ပိဿာ | ၄၅၀၀ | - ၇၀၀၀ |
| ၂။ ငါးမြစ်ချင်း | တစ်ပိဿာ | ၃၅၀၀ | - ၆၀၀၀ |
| ၃။ ငါးရံ့ | တစ်ပိဿာ | ၆၀၀၀ | - ၈၀၀၀ |
| ၄။ ငါးဖယ် | တစ်ပိဿာ | ၆၅၀၀ | - ၁၂၀၀၀ |
| ၅။ ပုစွန် (ကျော့) | တစ်ပိဿာ | ၇၀၀၀ | - ၁၀၀၀၀ |
| ၆။ ပုစွန်တုပ် | တစ်ပိဿာ | ၁၀၀၀၀ | - ၂၇၀၀၀ |
| ၇။ ငါးသလောက် | တစ်ပိဿာ | ၁၀၀၀၀ | - ၁၈၀၀၀ |
| ၈။ ကြက် | တစ်ပိဿာ | ၅၀၀၀ | - ၁၂၀၀၀ |
| ၉။ ဝက် | တစ်ပိဿာ | ၅၀၀၀ | - ၉၀၀၀ |
| ၁၀။ အမဲ | တစ်ပိဿာ | ၇၀၀၀ | - ၉၀၀၀ |
| ၁၁။ ဆိတ် | တစ်ပိဿာ | ၁၃၀၀၀ | - ၁၇၀၀၀ |
| ၁၂။ ဘဲ | တစ်ပိဿာ | ၆၀၀၀ | - ၁၃၀၀၀ |

**နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၂၉၉ |
| ဥရောပ | တစ်ယူရို | ၁၄၁၄.၆ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၀၃.၁၆ |
| ထိုင်း | တစ်ဘတ် | ၃၅.၉၇ |
| အိန္ဒိယ | တစ်ရူပီး | ၁၉.၄၀ |
| တရုတ် | တစ်ယွမ် | ၁၉၇.၅၆ |
| မလေးရှား | တစ်ရင်းဂစ် | ၂၉၅.၀၉ |

ခင်ရတနာ-စုစည်းသည်။

# ရန်ကုန်ပြည်သူ့ဆေးရုံကြီး တိုးချဲ့ပြုပြင်မွမ်းမံပြင်ဆင်ရေး လုပ်ငန်းကော်မတီစည်းဝေး

**ရန်ကုန် ဇန်နဝါရီ ၁၇**

ရန်ကုန်ပြည်သူ့ဆေးရုံကြီး တိုးချဲ့ပြုပြင်မွမ်းမံပြင်ဆင်ရေး လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီများ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့ မွန်းလွဲ ၂ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး Training Center ၌ကျင်းပရာ ရန်ကုန်ပြည်သူ့ဆေးရုံကြီး တိုးချဲ့ပြုပြင်မွမ်းမံပြင်ဆင်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်၊ တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာမြင့်သိန်း၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ် ဦးမြင့်အောင်၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရန်ကုန်ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာ အေးကိုကိုနှင့် ဆပ်ကော်မတီများမှ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။



ရှေးဦးစွာ ရန်ကုန်ပြည်သူ့ဆေးရုံကြီး တိုးချဲ့ပြုပြင်မွမ်းမံပြင်ဆင်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် **(အပေါ်ပုံ)** ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၁၃ ရက်တွင် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ဦးစီးကျင်းပခဲ့သည့် အစည်းအဝေးဆုံးဖြတ်ချက်များ၊ ၂၀၁၅ ခုနှစ် နိုဝင်ဘာ ၂၉ ရက်တွင်ကျင်းပခဲ့သည့် အစည်းအဝေး ဆုံးဖြတ်ချက်များကို အလျင်အမြန် ဆောင်ရွက်ခဲ့သည့်အတွက် လုပ်ငန်းများသိသာစွာ ပြောင်းလဲတိုးတက်လာခဲ့ကြောင်း၊ အထူးသဖြင့် နိုင်ငံတော်မှ ခွင့်ပြုချထားပေးသည့် လုပ်ငန်းများကို အချိန်မီပြီးစီးနိုင်ရေး အလေးထား ဆောင်ရွက်ကြရမည် ဖြစ်ကြောင်း၊ လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် စနစ်တကျဖြင့် ပြီးပြတ်အောင် ဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ ဘတ်ဂျက်ကာလအတွင်း လုပ်ငန်းများ ပြီးပြတ်စေရေး၊ ဆောင်ရွက်ပြီးစီးမှုများကို မှတ်တမ်းများဖြင့် စနစ်တကျ လွှဲပြောင်းနိုင်ရေးနှင့် လုပ်ငန်းဆောင်ရွက်ရာတွင် ကြုံတွေ့ရသည့် အခက်အခဲများကို ပွင့်လင်းစွာဆွေးနွေးတင်ပြနိုင်ကြောင်း ပြောကြားသည်။

ထို့နောက် ရန်ကုန်ပြည်သူ့ဆေးရုံကြီး တည်ဆောက်ရေးလုပ်ငန်းစီမံကိန်း ကြီးကြပ်မှုကော်မတီအဖွဲ့ခေါင်းဆောင် တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာမြင့်သိန်း၊ ကုသရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာမြတ်ဝဏ္ဏစိုး၊ ရန်ကုန် ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာအေးကိုကိုတို့က ယခင်ကျင်းပခဲ့သည့် လုပ်ငန်းကော်မတီ ညှိနှိုင်းအစည်းအဝေး ဆုံးဖြတ်ချက်များ၏ ဆောင်ရွက်ပြီးစီးမှုအခြေအနေများနှင့် ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူး (ဘဏ္ဍာရေး) ဦးဝင်းဦးက ဘဏ္ဍာငွေသုံးစွဲမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တက်ရောက်လာကြသူများက ရန်ကုန်ပြည်သူ့ဆေးရုံကြီး တိုးချဲ့ပြုပြင်မွမ်းမံပြင်ဆင်ရေး လုပ်ငန်းများနှင့် ပတ်သက်သည့် ဘဏ္ဍာငွေသုံးစွဲမှုဆိုင်ရာ ကိစ္စများ၊ လျှပ်စစ်ဓာတ်အား လုံလောက်စွာ သုံးစွဲနိုင်ရေးအတွက် ဆောင်ရွက်ရမည့်အခြေအနေများကို ဖြည့်စွက်ဆွေးနွေးကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# အမျိုးသားအဆင့် အင်္ဂလိပ်ဘာသာစကား စွမ်းရည်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၇

**၂၀၁၄-၂၀၁၅ ပညာသင်နှစ်နှင့် ၂၀၁၅-၂၀၁၆ ပညာသင်နှစ် တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် ကောလိပ်များမှ ကျောင်းသား ကျောင်းသူများ၏ အမျိုးသားအဆင့် အင်္ဂလိပ်ဘာသာစကား စွမ်းရည်ပြိုင်ပွဲ ဒုတိယနေ့ကို ရန်ကုန်မြို့ရှိ တက္ကသိုလ်စိန်ရတုခန်းမ၌ ယနေ့နံနက် ၈ နာရီခွဲက ဆက်လက်ကျင်းပသည်။**

နံနက်ပိုင်းတွင် ဘွဲ့ကြိုအဆင့် ကျပန်းစကားပြောပြိုင်ပွဲ ကျင်းပပြီး မွန်းလွဲပိုင်းတွင် စာစီစာကုံးပြိုင်ပွဲ၌ ဆုရရှိသူ မောင်စတီဗင်ဇော်ဇင်မြတ်နှင့် မောင်ညီညီထွေးတို့က ၎င်းတို့၏ စာစီစာကုံးများကို ဖတ်ပြခြင်း၊ စကားဝိုင်းဆွေးနွေးပွဲ ပြိုင်ပွဲတွင် ဆုရရှိသည့် မစန္ဒီမိုးဦးနှင့်အဖွဲ့က ဆွေးနွေးတင်ပြခြင်း၊ ကျပန်းစကားပြောပြိုင်ပွဲတွင်ဆုရရှိသည့် မဆုပြည့်စုံနှင့် မောင်ညီညီထွေးတို့က ကျပန်းစကားပြောခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

ညနေပိုင်းတွင် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မင်းအောင်က အမှာစကား ပြောကြားပြီး ဆုရရှိသူများကို ဒုတိယဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ကြသည်။ **(ယာပုံ)**

စာစီစာကုံးပြိုင်ပွဲတွင် ဘွဲ့ကြိုအဆင့်၌ မောင်စတီဗင်ဇော်ဇင်မြတ်က ပထမ၊ မောင်စွမ်းပြည့်အောင်က ဒုတိယ၊ မဆုပြည့်စုံက တတိယ၊ ဘွဲ့လွန်အဆင့်၌ မောင်ညီညီထွေးက ပထမ၊ မသီရိဇွန်က ဒုတိယ၊ မငြိမ်းသီရိဟန်က တတိယဆု ရရှိကြသည်။

ကျပန်းစကားပြော ပြိုင်ပွဲတွင် ဘွဲ့ကြိုအဆင့်၌ မဆုပြည့်စုံက ပထမ၊ မောင်ကောင်းမြတ်ဥက္ကာက ဒုတိယ၊ မအဲမွန်စီက တတိယ၊ ဘွဲ့လွန်အဆင့်၌ မောင်ညီညီထွေးက ပထမ၊ မနေရီထွန်းက ဒုတိယ၊ မောင်အာကာကျော်က တတိယဆု ရရှိကြသည်။

စကားဝိုင်းဆွေးနွေးပွဲတွင် ဘွဲ့ကြိုအဆင့်၌ မစန္ဒီမိုးဦး၊ မမြင့်မြင့်သူ၊ မောင်စတီဗင် ဇော်ဇင်မြတ်နှင့် မောင်ဆန်းထွဋ်အောင်တို့ အဖွဲ့က ပထမ၊ မောင်ခန့်မင်းသော်၊ မခင်ရတနာဖြိုး၊ မအဲမွန်စီနှင့် မောင်ကောင်းမြတ်ဥက္ကာတို့ အဖွဲ့က ဒုတိယ၊ မရဲရင့်၊ မောင်စွမ်းပြည့်အောင်၊ မောင်မင်းထက်ကောင်းကျော်နှင့် မဆုပြည့်စုံတို့အဖွဲ့က တတိယ၊ ဘွဲ့လွန်အဆင့်၌ မအေးမြမြကြည်၊ မသီရိဇွန်၊ မနေရီထွန်းနှင့် မခင်သဇင်တို့အဖွဲ့က ပထမ၊ မောင်ချမ်းငြိမ်းဝေ၊ မမေနွယ်သိန်း၊ မငြိမ်းကျော့ကေခိုင်နှင့် မောင်သုတတို့အဖွဲ့က ဒုတိယ၊ မောင်အံ့ဖွယ်ကောင်း၊ မောင်ညီညီထွေး၊ မခင်ဝင့်ဝါထွန်းနှင့် မနှင်းသီရိကြွယ်တို့အဖွဲ့က တတိယဆုရရှိကြသည်။

ပြိုင်ပွဲသုံးမျိုးပေါင်းတွင် ဘွဲ့ကြိုအဆင့်၌မအဲမွန်စီက ပထမ၊ မဆုပြည့်စုံက ဒုတိယ၊ မောင်ကောင်းမြတ်ဥက္ကာက တတိယ၊ ဘွဲ့လွန်အဆင့်၌ မောင်ညီညီထွေးက ပထမ၊ မနေရီထွန်းက ဒုတိယ၊ မမေနွယ်သိန်းက တတိယဆု ရရှိကြသည်။




တက္ကသိုလ် ကျောင်းသား ကျောင်းသူများ၏ အင်္ဂလိပ်ဘာသာ စွမ်းရည်များ တိုးတက်လာစေရန် ရည်ရွယ်လျက် ယခုကဲ့သို့ အင်္ဂလိပ်ဘာသာစွမ်းရည်ပြိုင်ပွဲများကို ကျင်းပရခြင်းဖြစ်ပြီး ပါဝင်ယှဉ်ပြိုင်ကြသည့် ကျောင်းသား ကျောင်းသူများအနေဖြင့် အင်္ဂလိပ်ဘာသာအရေး၊ အဖတ်၊ အပြော၊ အကြား နားလည်မှုစွမ်းရည်များ ပိုမိုမြင့်မားလာနိုင်မည် ဖြစ်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**



ဇန်နဝါရီ ၁၇ ရက်က နိုဘယ်-မြန်မာ စာပေပွဲတော် (၂၀၁၆)ကို ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် ရှင်စောပုလမ်းရှိ Myanmar Event Park ၌ ဒုတိယနေ့အဖြစ် ပြသလျက်ရှိရာ ကလေးစာပေဆိုင်ရာပြခန်း၌ ကြည့်ရှုလေ့လာကြသူများကို တွေ့ရစဉ်။

(သတင်းစဉ်)

# (၁၂)ကြိမ်မြောက် မြန်မာနိုင်ငံကျန်းမာရေးမှူးများညီလာခံ ကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၁၇**

ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ သူနာပြုတက္ကသိုလ် (ရန်ကုန်)၌ ဇန်နဝါရီ ၁၇ ရက် နံနက် ၉ နာရီက (၁၂) ကြိမ်မြောက် မြန်မာနိုင်ငံကျန်းမာရေးမှူး အသင်းညီလာခံကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်း တက်ရောက်အမှာစကား ပြောကြားသည်။

၁၉၅၁ ခုနှစ် အောက်တိုဘာ ၁ ရက်တွင် လက်ထောက်ကျန်းမာရေးမှူးသင်တန်း ပထမအသုတ်ကို စတင်ဖွင့်လှစ်ခဲ့ပြီး ယနေ့အချိန်အထိ လက်ထောက်ကျန်းမာရေးမှူး(ပုံမှန်) ၁၉၇၂ ဦး၊ လက်ထောက်ကျန်းမာရေးမှူး (အကျဉ်းချုံး) ၁၉၅၈ ဦး၊ ကျန်းမာရေးသိပ္ပံဘွဲ့(အခြေခံကျန်းမာရေး) ၁၇၄၄ ဦး တို့ကို မွေးထုတ်ပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံ ကျန်းမာရေးမှူးအသင်းကို ၁၉၅၃ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့ပြီး ကူးစက်မြန်ရောဂါများ စောင့်ကြည့်ထောက်လှမ်းရေး၊ ရောဂါကာကွယ်ရေး၊ ပတ်ဝန်းကျင်သန့်ရှင်းရေး စသည့်ပြည်သူ့ကျန်းမာရေးလုပ်ငန်းများကို ကျန်းမာရေးဝန်ကြီးဌာနနှင့်အတူ ပူးပေါင်းဆောင်ရွက်နေသည့် အားကိုးအားထားပြုရသော ပြည်တွင်းလူမှုရေးအသင်းအဖွဲ့တစ်ခုဖြစ်ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

# ယက္ကန်းစင်တောင် မုခ်ဦးအဝင် သုံးမိုင်အရှည် လမ်းသစ်ဖွင့်

**မန္တလေး ဇန်နဝါရီ ၁၇**

မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ် မန္တလေး-မိုးကုတ်ကားလမ်း အနောက်ဘက်ရှိ ယက္ကန်းစင်တောင် မုခ်ဦးအဝင် သုံးမိုင်အရှည် ကတ္တရာလမ်းသစ်ဖွင့်ပွဲကို ဇန်နဝါရီ ၁၆ ရက်က အဆိုပါမုခ်ဦးရှေ့ မဂ်လာမဏ္ဍပ်၌ ကျင်းပသည်။

အဆိုပါကတ္တရာလမ်းသစ်ကို နယ်စပ်ရေးရာဝန်ကြီးဌာနမှ ငွေကျပ်သိန်း ၁၀၀၀၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ငွေကျပ်သိန်း ၁၀၀၀၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီမှ ငွေကျပ်သိန်း၁၀၀၀၊ မက်စ်မြန်မာကုမ္ပဏီမှ ငွေကျပ်သိန်း ၃၀၀၊ စကိုင်းပဲလေ့စ်ဟိုတယ်နှင့် Win & San စိန်တိုက်မှ ငွေကျပ် သိန်း ၃၀၀၊ Moon Ray Company မှ ငွေကျပ် ၁၉၅ သိန်း စုစုပေါင်း ငွေကျပ် ၃၇၉၅ သိန်းဖြင့် မုခ်ဦးအဝင်မှ ယက္ကန်းစင်တောင်ခြေအထိ သုံးမိုင်အရှည် ကတ္တရာလမ်းသစ် ဖောက်လုပ်ပြီးစီးခဲ့ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

# အီရန်အား အရေးယူပိတ်ဆို့မှုများရုပ်ဆိုင်း၊ အမေရိကန်နှင့် အကျဉ်းသားများဖလှယ်ရေးသဘောတူ



အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီနှင့် အီရန်နိုင်ငံခြားရေးဝန်ကြီး မိုဟာမက်ဂျာဗက်ဇာအစ်ဖ်တို့ တွေ့ဆုံဆွေးနွေးစဉ်။

ဗီယင်နာ ဇန်နဝါရီ ၁၇

တီဟီရန်က ၎င်း၏နျူကလီးယားရည်မှန်းချက်များကို ထိန်းချုပ်ရန် သဘောတူလိုက်ပြီးနောက် ကမ္ဘာ့အင်အားကြီးနိုင်ငံများက အီရန်အား စီးပွားရေးပိတ်ဆို့မှုများကို ရုပ်သိမ်းရေးသဘောတူညီခဲ့ပြီး အီရန်သည် စီးပွားရေးအရ ပိတ်ဆို့အရေးယူမှုများမှ ကင်းလွတ်တော့မည်ဖြစ်သည်။

အီရန်က ဝါရှင်တန်ပို့စ်သတင်းထောက် ဂျက်ဆင်ရေဇိုင်အန်အပါအဝင် အမေရိကန်နိုင်ငံသားငါးဦးအားလွှတ်ပေးရန် ကြေညာလိုက်ချိန် အဆိုပါ စီးပွားရေးပိတ်ဆို့မှု ရုပ်သိမ်းမှုနှင့် တိုက်ဆိုင်လျက်ရှိသည်။ ထိုအတောအတွင်း အမေရိကန်ကလည်း အီရန်အကျဉ်းသားတစ်ဦးအား လွှတ်ပေးမည်ဖြစ်သည်။

အဆိုပါစီးပွားရေးပိတ်ဆို့မှုများ ရုပ်သိမ်းပေးခြင်း၊ အကျဉ်းသားများဖလှယ်ခြင်းတို့သည် ၁၉၇၉ ခုနှစ် အီရန်အစ္စလာမ့်တော်လှန်ရေးအပြီး တီဟီရန်နှင့်ဝါရှင်တန်တို့အကြား ရန်လိုမှုများကို အတူတကွ လျှော့ချနိုင်လိမ့်မည်ဟု ဆိုသည်။

အီရန်နျူကလီးယားအစီအစဉ်နှင့်ပတ်သက်ပြီး ကမ္ဘာ့အင်အားကြီး ခြောက်နိုင်ငံက အရေးယူပိတ်ဆို့မှုများ အဆုံးသတ်ရေး ပြီးခဲ့သည့်နှစ်က သဘောတူခဲ့ကြပြီးနောက် စနေနေ့တွင် ကုလသမဂ္ဂနျူကလီးယားစောင့်ကြည့်ရေးအဖွဲ့က အီရန်အား အရေးယူပိတ်ဆို့မှုရုပ်ဆိုင်းရန် ကြေညာခဲ့သည်။

အီရန်နိုင်ငံအနေဖြင့် ဇူလိုင်လသဘောတူညီချက်အရ အစီအမံများအားလုံးကို ဆောင်ရွက်ခွင့်ရရှိသွားပြီဖြစ်ကြောင်း ဗီယင်နာအခြေစိုက် နိုင်ငံတကာအဏုမြူစွမ်းအင်အေဂျင်စီ၏ ကြေညာချက်တွင် ဖော်ပြသည်။

(ရိုက်တာ)

## ဆီးရီးယား၌ အိုင်အက်စ်တိုက်ခိုက်မှုကြောင့် လူပေါင်း ၂၈၀ ထက်မနည်း သေဆုံး

ဒမတ်စကတ် ဇန်နဝါရီ ၁၇

ဆီးရီးယားနိုင်ငံ အရှေ့ပိုင်းရှိ ဒီယာအယ်ဇိုးယားပြည်နယ် မြို့တစ်မြို့ကို စနေနေ့က အိုင်အက်စ်စစ်သွေးကြွများ ဝင်ရောက်တိုက်ခိုက်ခဲ့သဖြင့် လူပေါင်း ၂၈၀ ထက်မနည်း သေဆုံးသွားကြောင်း ပန်အာရပ်အယ်လ်မာယာဒင်း ရုပ်မြင်သံကြားတွင် ထုတ်လွှင့်သည်။

အမျိုးသမီးများ၊ ကလေးများနဲ့သက်ကြီးရွယ်အိုများ အပါအဝင် လူပေါင်း ၂၈၀ သေဆုံးသည့် အဆိုပါ တိုက်ခိုက်မှုက ကြောက်မက်ဖွယ် လူသတ်ပွဲကြီးဖြစ်ပြီး ဒီယာအယ်ဇိုးယားပြည်နယ် အိမ်နီးချင်း အယ်ဘူဂိုင်လီယေရှိ အိုင်အက်စ်စစ်သွေးကြွများက ကျူးလွန်ခဲ့ခြင်းဖြစ်သည်ဟု အဆိုပါ သတင်းတွင် ဖော်ပြသည်။

စနေနေ့က ဖြစ်ပွားသော အဆိုပါတိုက်ခိုက်မှုသည် အစိုးရတပ်စခန်းများကို အသေခံဗုံးခွဲမှုများ အများအပြား ပါဝင်သည်ဟု ဆိုသည်။

ပြည်သူများ ရာနှင့်ချီ၍ အစုလိုက်အပြုံလိုက် သတ်ဖြတ်မှုကို အယ်ဘူဂိုင်လီယေရှိ အိုင်အက်စ်တို့က ပြုလုပ်ခဲ့သည်ဟု ဆီးရီးယားရုပ်သံ ဆာနားက ဖော်ပြသည်။

အိုင်အက်စ်တို့က အယ်ဘူဂိုင်လီယေအတွင်း အလစ်ဝင်ရောက်တိုက်ခိုက်ခဲ့သည့် အဆိုပါ တိုက်ခိုက်မှုအတွင်း အစိုးရတပ်ဖွဲ့ဝင် ၇၅ ဦးသေဆုံးခဲ့သည်ဟု ယူကေအခြေစိုက် ဆီးရီးယားလူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့က ဆိုသည်။

(ဆင်ဟွာ)

## မီချီဂန်ပြည်နယ်၌ သောက်ရေညစ်ညမ်းမှုကြောင့် အိုဘားမား အရေးပေါ်ကြေညာချက်ထုတ်ပြန်

ဝါရှင်တန် ဇန်နဝါရီ ၁၇

မီချီဂန်ပြည်နယ် ဖလင့်(ခ်)မြို့၌ သောက်ရေ ညစ်ညမ်းသည့်အတွက် ပြည်နယ်အစိုးရအနေဖြင့် လိုအပ်သည့် အကူအညီများပေးရန် အမေရိကန်သမ္မတ ဘားရက်အိုဘားမားသည် စနေနေ့က အရေးပေါ်ကြေညာချက်တစ်ခု ထုတ်ပြန်ခဲ့သည်။

မီချီဂန်ပြည်နယ် အုပ်ချုပ်ရေးမှူးက ဖလင့်(ခ်)မြို့ရှိ ဒေသခံများလုံခြုံရေးအတွက် သောက်ရေညစ်ညမ်းမှုသည် လျင်မြန်စွာပျံ့နှံ့သည့် ဘေးအန္တရာယ်တစ်ခုဖြစ်ကြောင်းနှင့် အရေးပေါ်ကြေညာချက်ထုတ်ပြန်ရန် သမ္မတအိုဘားမားကို တောင်းဆိုခဲ့သည်။

အိုဘားမားက ပြည်နယ်အရေးပေါ် စီမံခန့်ခွဲရေးအေဂျင်စီကို သောက်ရေညစ်ညမ်းမှုနှင့်ပတ်သက်၍ ကူညီဖြေရှင်းဆောင်ရွက်မှုများ ပြုလုပ်ရန် ညွှန်ကြားခဲ့သည်။

မီချီဂန်ပြည်နယ် အုပ်ချုပ်ရေးမှူးက ယခုသီတင်းပတ်အစောပိုင်းတွင် သောက်ရေသန့်များနှင့် အခြားသော ထောက်ပံ့ပစ္စည်းများ ဖြန့်ဝေရန် မီချီဂန်လုံခြုံရေးတပ်ကို စေလွှတ်ခဲ့သည်။

(ရိုက်တာ)

## အသေခံဗုံးခွဲမှုကြောင့် အာဖဂန်နစ္စတန်အရှေ့ပိုင်းတွင် လူ ၁၃ ဦး သေဆုံး

ဂျလာလာဘတ် ဇန်နဝါရီ ၁၇

အာဖဂန်နစ္စတန်နိုင်ငံ ဂျလာလာဘတ်မြို့တွင် တနင်္ဂနွေနေ့က အသေခံဗုံးခွဲမှုကြောင့် လူ ၁၃ ဦး သေဆုံးခဲ့သည်။

အသေခံဗုံးခွဲမှုသည် ဂျလာလာဘတ်မြို့ရှိ လူမျိုးစုခေါင်းဆောင်တစ်ဦး၏သား တာလီဘန်တို့၏ ခေါင်းစာခံအဖြစ်မှ လွတ်မြောက်လာသည့်အတွက် ၎င်း၏အိမ်တွင် အတူတကွစုစည်းမှုပြုလုပ်စဉ် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်ဟု ဒေသတွင်းမီဒီယာများက ပြောသည်။ ဗုံးခွဲမှုကြောင့် တာလီဘန်တို့ထံမှ လွတ်မြောက်လာသူ သေဆုံးခဲ့ပြီး ၎င်း၏ဖခင်အပါအဝင် လူ ၁၄ ဦး ဒဏ်ရာရရှိခဲ့သည်။

အဆိုပါဗုံးခွဲမှုသည် မည်သူ၏လက်ချက်ဖြစ်သည်ကိုမူ မသိရပေ။ တာလီဘန် ပြောရေးဆိုခွင့်ရှိသူက ၎င်း၏တွစ်တာစာမျက်နှာမှတစ်ဆင့် ယခုဗုံးခွဲမှုနှင့်ပတ်သက်၍ သက်ဆိုင်မှုမရှိဟု ငြင်းဆိုထားသည်။

တာလီဘန်တို့နှင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲများ ပြန်လည်မစတင်မီအတွင်း အာဖဂန်နစ္စတန်နိုင်ငံ၌ ဗုံးပေါက်ကွဲမှုများစွာ ဖြစ်ပွားခဲ့သည်။

(ရိုက်တာ)

## ဘာကီနာဖာဆိုလုံခြုံရေးတပ်များ ဟိုတယ်ပြန်လည်သိမ်းပိုက် လူပေါင်း ၂၈ ဦး သေ၊ ၁၅၆ ဦး ပြန်လည်လွတ်မြောက်




ဇန်နဝါရီ ၁၆ ရက်က တိုက်ခိုက်မှုဖြစ်ပွားရာ ဟိုတယ်အပြင်ဘက်တွင် ပြင်သစ်စစ်သားများကို တွေ့ရစဉ်။

ဘာကီနာဖာဆို ဇန်နဝါရီ ၁၇

ဘာကီနာဖာဆိုလုံခြုံရေးတပ်များက လူပေါင်း ၂၈ ဦး သေဆုံးခဲ့ရသည့် အယ်လ်ခိုင်ဒါအကြမ်းဖက်တိုက်ခိုက်မှု ဖြစ်ပွားခဲ့သော ဟိုတယ်ကို စနေနေ့က ပြန်လည်သိမ်းပိုက်နိုင်ခဲ့သည်။

ဆာဟာရတောင်ပိုင်း ဂျီဟတ်အုပ်စုများကို ဆန့်ကျင်သည့် ကုန်းတွင်းပိတ်နိုင်ငံ ဘာကီနာဖာဆိုမြို့တော်၌ သောကြာနေ့က စစ်သွေးကြွများ တိုက်ခိုက်မှုမှာ အိမ်နီးချင်းနိုင်ငံများမှ အကြမ်းဖက်မှုများ ပျံ့နှံ့လာခြင်းဖြစ်သည်ဟု ဆိုသည်။

အဆိုပါတိုက်ခိုက်မှုပုံစံသည် ရုရှား၊ တရုတ်နှင့် အမေရိကန်နိုင်ငံသားများပါဝင်သော လူပေါင်း ၂၀ သေဆုံးခဲ့ရသည့် နိုဝင်ဘာလအတွင်းက မာလီမြို့တော်ဘာမာကိုရှိ ဇိမ်ခံဟိုတယ်တိုက်ခိုက်ခံရမှုနှင့် ဆင်တူသည်ဟု ဆိုသည်။

အဆိုပါအကြမ်းဖက်လုပ်ရပ်သည် အစ္စလာမ့်မာဂရက်ရှိ အယ်လ်ခိုင်ဒါတို့က ၎င်းတို့လက်ချက်ဖြစ်ကြောင်း ဝန်ခံပြောကြားလိုက်သည်။

ယင်းမှာ အရှေ့အလယ်ပိုင်းဒေသတွင် အိုင်အက်စ်တို့၏ ကြီးထွားလာမှုကို ပြသနေခြင်းဖြစ်ကြောင်း ဝေဖန်သူများက ပြောဆိုလျက်ရှိသည်။

အခန်းပေါင်း ၁၄၆ ခန်းရှိ စပလင်းဒစ်ဟိုတယ်အတွင်း တိုက်ခိုက်ခံရမှုများကြောင့် လူပေါင်း ၂၈ ဦး သေဆုံးခဲ့ရကြောင်း သမ္မတ ရို့ချ်မတ်ခရစ္စတီယန်ကာဘောက ပြောသည်။

ယင်းဟိုတယ်ပြန်ရရေး လုံခြုံရေးတပ်များက ထိုးစစ်ဆင်မှုကြောင့် ဓားစာခံ ၁၅၆ ဦး ပြန်လွတ်လာပြီး အရပ်သား ၅၀ ဒဏ်ရာရခဲ့သည်။

(ရိုက်တာ)

## တူရကီနိုင်ငံအတွင်း ဒုက္ခသည်များ လက်ခံနိုင်ရန် အကူအညီများပေးမည်

အစ္စတန်ဘူလ် ဇန်နဝါရီ ၁၇

ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ အေဂျင်စီက ကမ္ဘာပေါ်တွင် ဒုက္ခသည် အများဆုံးလက်ခံထားသော နိုင်ငံဖြစ်သည့် တူရကီနိုင်ငံတွင် ပြောင်းရွှေ့နေရာချထားသူများကို ဆက်လက်လက်ခံနိုင်ရန် နေရာသစ်ရှာဖွေလျက်ရှိသည်။

ဆီးရီးယားနိုင်ငံတွင် ဖြစ်ပွားလျက်ရှိသော ပြည်တွင်းစစ်မှာ ယခုဆိုလျှင် ခြောက်နှစ်အတွင်းသို့ ဝင်ရောက်လာပြီဖြစ်သည်။

ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးမှ ဖိလစ်ပိုဂန်ဒီက ဒုက္ခသည်များကို ဆန့်ကျင်သည့် အယူအဆများကို ကန့်ကွက်ကြောင်း ပြောခဲ့သည်။

ယခုသီတင်းပတ်အတွင်း အစ္စတန်ဘူလ်မြို့တွင် ဂျာမန်ခရီးသွား ၁၀ ဦးကို အိုင်အက်စ်အဖွဲ့ဝင် အသေခံဗုံးခွဲသမားက သတ်ဖြတ်ခဲ့ကြောင်း တူရကီအာဏာပိုင်များက ပြောသည်။

ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးက ဆီးရီးယားဒုက္ခသည်များအပါအဝင် အခြားသော စစ်ဘေးဒုက္ခသည်များ ဥရောပအတွင်း ပြောင်းရွှေ့အခြေချနေထိုင်မှုကို တောင်းဆိုလျက်ရှိသည်။

ဒုက္ခသည်များ လက်ခံနိုင်ရေးအတွက် တူရကီအစိုးရကို ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ အေဂျင်စီအနေဖြင့် ကူညီရန်အသင့်ရှိကြောင်း တာဝန်ရှိသူတစ်ဦးက ပြောသည်။

(ရိုက်တာ)

# ဟောင်သရောနှင့် အံဖကြီးတံတားနှစ်စင်း တစ်ပြိုင်တည်းဖွင့်

**ရန်ကုန် ဇန်နဝါရီ ၁၇**

ဆောက်လုပ်ရေး ဝန်ကြီးဌာန တံတားဦးစီးဌာန တံတားအထူးအဖွဲ့(၉)က တာဝန်ယူတည်ဆောက်သည့် ကရင်ပြည်နယ် ကော့ကရိတ်ခရိုင် မုဒုံ-မြဝတီလမ်းပေါ်ရှိ ဟောင်သရောတံတားနှင့် တံတားအထူးအဖွဲ့(၁၄)က တာဝန်ယူတည်ဆောက်သည့် ကော့ကရိတ်-အစွန်း-ကြိတ်-ကျိုက်ဒုံ-အဇင်းလမ်းပေါ်ရှိ ပေ ၁၈၀ နှင့် အထက် သံကူကွန်ကရစ်တံတား နှစ်စင်းကို ဇန်နဝါရီ ၁၆ ရက် နံနက်ပိုင်းက တစ်ပြိုင်တည်း ဖွင့်လှစ်ပေးခဲ့သည်။

အဆိုပါ အခမ်းအနားတွင် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောဝင်းထိန်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်၊ ပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးစောခင်မောင်မြင့်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစောအောင်ကျော်မင်း၊ တံတားဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်မြတ်ဦးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ KNU ငြိမ်းချမ်းရေးအဖွဲ့မှ ကိုယ်စားလှယ်များ၊ အသင်းအဖွဲ့ အသီးသီးမှ ကိုယ်စားလှယ်များ၊ ဒေသခံပြည်သူများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြသည်။

အစီအစဉ်အရ နံနက် ၉ နာရီတွင် တံတားအထူးအဖွဲ့(၉)မှ တာဝန်ယူတည်ဆောက်ပြီးစီးသည့် ကရင်ပြည်နယ် ကော့ကရိတ်ခရိုင် မုဒုံ-မြဝတီလမ်းပေါ်ရှိ ဟောင်သရောတံတားအရှည် ပေ ၉၂၀ သံကူကွန်ကရစ်တံတား ဖွင့်ပွဲအခမ်းအနားအား စတင်သည်။

ထို့နောက် ကရင်ပြည်နယ်ဝန်ကြီးချုပ်က အဖွင့်အမှာစကားများ ပြောကြားသည်။

ထို့နောက် ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက အမှာစကားပြောကြားသည်။ ၎င်းနောက် ဒေသခံပြည်သူများကိုယ်စား ဒေသခံတစ်ဦးက တံတားကြီး တည်ဆောက်ပေးသည့်အတွက် ကျေးဇူးတင်စကားများ ပြန်လည်ပြောကြားသည်။

ဆက်လက်၍ ဟောင်သရောတံတားအား ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစောအောင်ကျော်မင်း၊ ပြည်နယ်အစိုးရအဖွဲ့ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးစောခင်မောင်မြင့်၊ ပြည်နယ်ဝန်ကြီးချုပ်(ငြိမ်း) ဦးဇော်မင်းတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ တံတားဖွင့်ပွဲအထိမ်းအမှတ် ကျောက်စာတိုင်အား ပြည်နယ်ဝန်ကြီးချုပ် ဦးစောဝင်းထိန်က စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီးနောက် အထိမ်းအမှတ်ကျောက်စာတိုင်အား အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးခဲ့ကြသည်။

ထို့နောက်ဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီး၊ ပြည်နယ်ဝန်ကြီးများနှင့် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ KNU ငြိမ်းချမ်းရေးအဖွဲ့မှ ကိုယ်စားလှယ်များ၊ အသင်းအဖွဲ့အသီးသီးမှ ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်အားလုံးတို့သည် တံတားကြီးပေါ်မှ ဖြတ်သန်းကြည့်ရှုကြသည်။

ဆက်လက်၍ ဝန်ကြီးချုပ်နှင့် ဒုတိယဝန်ကြီးတို့သည် တံတားဦးစီးဌာန တံတားအထူးအဖွဲ့(၁၄)က တာဝန်ယူ တည်ဆောက်သည့် ကော့ကရိတ်-အစွန်း-ကြိတ်-ကျိုက်ဒုံ-အဇင်းလမ်းပေါ်ရှိ အရှည်ပေ ၂၄၀ ရှိ သံကူကွန်ကရစ် အမျိုးအစား အံဖကြီးတံတားကို နံနက် ၁၀ နာရီတွင်လည်းကောင်း အသီးသီးဖွင့်လှစ်ပေးခဲ့ကြသည့်အတွက် ဒေသခံပြည်သူများ ဝမ်းသာလျက်ရှိကြောင်း သိရသည်။

ယခုဖွင့်လှစ်ပေးခဲ့သည့် တံတားနှစ်စင်းအနက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရလက်ထက် ပေ ၁၈၀ နှင့်အထက်တည်ဆောက်ပြီးစီးတဲ့ ၉၈ စင်းမြောက် ဟောင်သရောတံတားသည် ကရင်ပြည်နယ် ကော့ကရိတ်ခရိုင် ကော့ကရိတ်မြို့နယ် မုဒုံ-မြဝတီလမ်း မိုင်တိုင်အမှတ်(၅၄/၄)တွင် တည်ရှိပြီး ဟောင်သရောမြစ်အား ဖြတ်လျက်တည်ဆောက်ထားသည့် တံတားအရှည် ပေ ၉၂၀၊ ယာဉ်သွားလမ်း ၂၄ ပေ၊ လူသွားလမ်းအကျယ် တစ်ဖက်သုံးပေစီရှိသည့် နှစ်လမ်းသွားသံကူကွန်ကရစ်နှင့် Plate Girder ပေ ၁၂၀ ခုနစ်ခန်း၊ တံတားကိုယ်ထည်နှင့် ကြမ်းခင်းများမှာ သံကူကွန်ကရစ်အမျိုးအစား တံတားဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**



# အိန္ဒိယနိုင်ငံမှ ဗုဒ္ဓဓာတ်တော် ပူဇော်ခံ ဒေသစာရီကြွချီမည်

**မန္တလေး ဇန်နဝါရီ ၁၇**

အိန္ဒိယနိုင်ငံမှ ဗုဒ္ဓမြတ်စွာဘုရား အရိုးဓာတ်တော်အား သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် ဒေါက်တာ အရှင်ဉာဏိသရ၏ ဦးဆောင်စီစဉ်မှုဖြင့် ဇန်နဝါရီ ၂၃ ရက်တွင် စစ်ကိုင်းကောင်းမှုတော်၌ အပူဇော်ခံ ဒေသစာရီကြွချီလာမည်ဖြစ်သည်။

ထို့နောက် ဇန်နဝါရီ၂၄ ရက်တွင် မန္တလေးမြို့ မဟာမုနိဘုရားကြီးနှင့် မဟာဝေယံဘုံသာ (အတုမရှိ)ကျောင်းတော်ကြီး၌လည်းကောင်း၊ ဇန်နဝါရီ ၂၅ ရက်တွင် မိတ္ထီလာမြို့တွင်လည်းကောင်း၊ ဇန်နဝါရီ ၂၆ ရက်တွင် တောင်ငူမြို့ အုတ်တွင်း၌လည်းကောင်း၊ ဇန်နဝါရီ ၂၇ ရက်နှင့် ၂၈ ရက်တို့တွင် ရန်ကုန်မြို့ ရွှေတိဂုံစေတီတော်ရင်ပြင်၌လည်းကောင်း၊ ခြောက်ရက်ကြာ ဒေသစာရီကြွချီအပူဇော်ခံ၍ ဇန်နဝါရီ ၂၉ ရက်တွင် အိန္ဒိယနိုင်ငံသို့ ပြန်လည်ပင့်ဆောင်သွားမည်ဖြစ်သောကြောင့် ဗုဒ္ဓဓာတ်တော်အား ဖူးမြော်လိုသူများသည် အဆိုပါနေ့ရက်များတွင် လာရောက်ဖူးမြော်နိုင်ကြောင်း သိရသည်။

**ကျော်ထူး(မန္တလေး)**

# စာနယ်ဇင်းရှင်းလင်းပွဲကျင်းပမည်

**ရန်ကုန် ဇန်နဝါရီ ၁၇**

ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာန၏ ပုဂံယိမ်းအက၊ အပျိုတော်ယိမ်းအကများကို ယဉ်ကျေးမှုဝန်ကြီးဌာန၏ မူအဖြစ်သတ်မှတ်နိုင်ရေးအတွက် ရှင်းလင်းတင်ပြခြင်း၊ အနုပညာရှင်များက သရုပ်ပြခြင်း၊ ယိမ်းအကများဖြင့် တင်ဆက်ခြင်းနှင့်အတူ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)၏ Music Show Case (NUAC) Orchestra တို့နှင့် စပ်လျဉ်းသည့် စာနယ်ဇင်းရှင်းလင်းပွဲကို ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၁၉ ရက် အင်္ဂါနေ့ မွန်းလွဲ ၁ နာရီမှ ညနေ ၃ နာရီအထိ ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ(ရန်ကုန်)၌ ကျင်းပမည်ဖြစ်ပါသဖြင့် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ စိတ်ပါဝင်စားသူများ တက်ရောက်နိုင်ပါကြောင်း ဖိတ်ကြားထားသည်။ **(သတင်းစဉ်)**

# နာမည်ကြီး ရှမ်းယူနိုက်တက် နိုင်ပွဲစရခဲ့ပြီး လက်ရှိချန်ပီယံ ရန်ကုန် ရှုံးပွဲဆက်

**ရန်ကုန် ဇန်နဝါရီ ၁၇**

၂၀၁၆ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၂) ဒုတိယနေ့ပွဲစဉ်များကို ယနေ့ ညနေပိုင်းက ဆက်လက်ကျင်းပရာ ရှမ်းယူနိုက်တက်နှင့် ဟံသာဝတီအသင်းတို့ နိုင်ပွဲများရရှိခဲ့သည်။

အောင်ဆန်းကွင်း၌ ကျင်းပသောပွဲတွင် ရှမ်းယူနိုက်တက်အသင်းက Southern အသင်းကို ငါးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ **(အောက်ပုံ)** ရှမ်းယူနိုက်တက်အသင်းမှာ ပထမပွဲ၌ နိုင်ပွဲပျောက်ဆုံးခဲ့မှုကို ဂိုးပြတ်နိုင်ပွဲဖြင့် ချေဖျက်နိုင်ခဲ့ပြီး နည်းပြ ရူသာအတွက်လည်း မျက်နှာပန်းလှသွားခဲ့သည်။

ရှမ်းယူနိုက်တက်အသင်းမှာ ပွဲစကတည်းက တိုက်စစ် အသားပေးပုံစံဖြင့် ကစားခဲ့ပြီး Southern အသင်းမှာလည်း အပြန်အလှန်ကစားနိုင်ခဲ့သည်။ ၃၄ မိနစ်တွင် ရှမ်းယူနိုက်တက်ဂိုးစရခဲ့ပြီး အသစ်ခေါ်ထားသည့် တောင်ပံကစားသမား နေလင်းထွန်းက သွင်းယူခဲ့ခြင်းဖြစ်သည်။

ဒုတိယပိုင်း ၁၃ မိနစ်အတွင်း လေးဂိုးသွင်းယူကာ ဂိုးပြတ်အနိုင်ရသွားခြင်းဖြစ်သည်။ ရှမ်းယူနိုက်တက်အတွက် အနိုင်ဂိုးများကို ၄၇၊ ၆၀ မိနစ်တွင် ဂူစတာဗို၊ ၅၄ မိနစ်တွင် စိုးမင်းဦး၊ ၅၇ မိနစ်တွင် ဟိန်းသီဟဇော်တို့က သွင်းယူခဲ့ခြင်းဖြစ်သည်။

သုဝဏ္ဏကွင်း၌ ကျင်းပသောပွဲတွင် လက်ရှိချန်ပီယံ ရန်ကုန်အသင်းမှာ ဟံသာဝတီအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည်။ ဟံသာဝတီအသင်းအတွက် မောင်မောင်လွင်နှင့် အောင်ဇော်တို့က တစ်ဂိုးစီသွင်းယူခဲ့ပြီး ရန်ကုန်အတွက် ချေပဂိုးတစ်ဂိုးကို ဇော်မင်းထွန်းက သွင်းယူခဲ့သည်။ နည်းပြသစ် မာဂျန်၏ ပထမဆုံးပွဲ၌ ရန်ကုန်အသင်း ထပ်မံရှုံးနိမ့်ခဲ့ခြင်းဖြစ်သည်။ မုံရွာကွင်း၌ ကျင်းပသောပွဲတွင် ဇေယျာရွှေမြေနှင့် ရခိုင်အသင်းတို့ တစ်ဂိုးစီသရေကျခဲ့သည်။ အောင်ဆန်းကွင်း၌ ယနေ့ပွဲအဖြစ် မကွေးနှင့် ဧရာဝတီတို့ ကစားမည်ဖြစ်သည်။

**သတင်း-ညီမြတ်သော်တာ၊ ဓာတ်ပုံ-ဖိုးသော်ဇင်**



# ထူးခြားသည့် ညအပူချိန်များ

**နေပြည်တော် ဇန်နဝါရီ ၁၇**

ထူးခြားသည့် ညအပူချိန်များမှာ ပင်လောင်းမြို့တွင် (-၃)ဒီဂရီစင်တီဂရိတ်၊ လွိုင်လင်မြို့နှင့် ဟားခါးမြို့တို့တွင် (-၂)ဒီဂရီစင်တီဂရိတ်စီ၊ နမ့်စန်မြို့တွင်(-၁)ဒီဂရီစင်တီဂရိတ်၊ ဟဲဟိုးမြို့တွင် ၀ ဒီဂရီစင်တီဂရိတ်နှင့် ပြင်ဦးလွင်မြို့တွင် ၂ ဒီဂရီစင်တီဂရိတ်တို့ ဖြစ်ကြသည်။

**(မိုး/ဇလ)**

# မြွေကိုက်ခံရပါက စနစ်တကျရှေးဦးပြုစုခြင်း ပညာပေးနှိုးဆော်ချက်

မြွေဆိုးကိုက်သောအခါ မေးရိုးရှိကြွက်သားများက အဆိပ်အိတ်ကို ဖိနှိပ်သဖြင့် ဆေးထိုးအပ်ဖြင့်ထိုးသွင်းသကဲ့သို့ အဆိပ်များသည် ကိုက်သည့်နေရာအတွင်းသို့ ဝင်သွားပါသည်။ ကြွက်သားဖိအားဖြင့် ထိုးသွင်းခံရသော အဆိပ်ကို ပြန်ထုတ်ယူရန်မလွယ်ပါ။ မြွေဆိပ်သည် ကိုက်သောနေရာမှ ကိုယ်ခန္ဓာတစ်ခုလုံးသို့ သွေးပြန်ကြောယ်များ၊ သားနံ့ရည်ကြောငယ်များမှ ပျံ့နှံ့ပါသည်။ ထိုအကြောများကို အနည်းငယ်ဖိရုံမျှဖြင့် သွေးစီးခြင်းကို ရပ်တန့်စေနိုင်သဖြင့်-

၁။ မြွေကိုက်ခံရသည့်နေရာကို သန့်ရှင်းသောအဝတ်ဖြင့် ခပ်ဖွဖွသုတ်ပါ။ အားဖြင့် ဖိမပွတ်ရ၊ အလွယ်တကူရနိုင်လျှင် ရေဖြင့်ဆေးပါ။

၂။ အလျား (၃)လက်မ၊ အနံ(၃)လက်မ၊ အထူ(၁)လက်မခွဲအရွယ် အဝတ်ခေါက်ထူထူ(သို့မဟုတ်) ပတ်တီးခေါက်(သို့မဟုတ်) ရော်ဘာရေမြှုပ်စတစ်ခုကို ဒဏ်ရာပေါ်တွင်တင်ပါ။

၃။ လက်ဖမိုး၊ လက်ချောင်း၊ ခြေချောင်းများတွင် မြွေကိုက်ခံရပါက အဝတ်ခေါက်ကို သင့်လျော်ရာအရွယ်ပြုလုပ်၍ ဒဏ်ရာပေါ်တင်ပါ။

၄။ အဝတ်ခေါက်၏အပေါ်တွင် ပတ်တီး(သို့မဟုတ်) အဝတ်စ(သို့မဟုတ်) အားကစားပတ်တီးကို မြဲရုံ၊ တင်းရုံ(ခြေဆစ်၊ လက်ဆစ်များ နာကျင်သည့်အခါတွင် စည်းနှောင်သလောက်သာ) စည်းပါ။

၅။ ဒဏ်ရာကို ပတ်တီးစည်းပြီးပါက ဝါးခြမ်း (သို့မဟုတ်) တုတ်ချောင်းရှည်ဖြင့် မြွေကိုက်ခံရသော ခြေ(သို့မဟုတ်) လက်တစ်ချောင်းလုံးကို ကပ်၍ စည်းပါ။ ခြေဆစ်လက်ဆစ်၏ အထက်နှင့် အောက်တို့တွင် ကြိုး(သို့မဟုတ်) ပတ်တီးဖြင့် ချည်နှောင်ရမည်။

၆။ ခြေတစ်ချောင်းလုံးကို မီသောတုတ်ချောင်းမရနိုင်ပါက ဝါးခြမ်းနှစ်ခု၊ သုံးခုကို သင့်လျော်သလိုဆက်၍သုံးပါ။

၇။ လူနာက လှုပ်ရှားမှုလုံးဝမပြုစေဘဲ နီးစပ်ရာဆေးရုံ၊ ဆေးပေးခန်းသို့ အမြန်ဆုံးပို့ဆောင်ရမည်။

၈။ ဖြစ်နိုင်ပါက မြွေသေကို တစ်ပါးတည်းယူဆောင်လာပါ။ ကိုက်သောမြွေကိုသိရှိပါက မှန်ကန်တိကျသောမြွေဆိပ်ဖြေဆေးကို အချိန်မီထိုးနိုင်ရန် အထောက်အကူပြုသည်။

**မြွေကိုက်ခံရပါက အောက်ပါတို့ကို ရှောင်ကြဉ်ရမည်။**

၁။ ဒဏ်ရာကို ဓားဖြင့်ခွဲခြင်း၊ မီးစဖြင့်ထိုးခြင်း

၂။ လူနာကိုအရက်တိုက်ခြင်း

၃။ ဆေးလိမ်းခြင်း၊ နှိပ်ခြင်း၊ ပွတ်ခြင်း

၄။ မြွေမြီးကိုဖြတ်၍မျိုခြင်း

၅။ မြွေကိုက်ဒဏ်ရာ၏ အထက်ဘက်တွင် ကြိုးဖြင့်တင်းကျပ်စွာ ချည်နှောင်ခြင်းသည် ခြေ၊ လက်များ ပုပ်တတ်ခြင်းအပြင် ကြိုးဖြတ်လိုက်ပါက အဆိပ်ပျံ့နှံ့မှုကို လျင်မြန်စေသည်။

၆။ လူနာကိုလမ်းလျှောက်ခြင်း၊ လှုပ်ရှားစေခြင်းမပြုရပါ၊ လက်တွင် မြွေကိုက်ခံထားရသူပင်ဖြစ်စေ လှုပ်ရှားမှုကြောင့် အဆိပ်ကို ပိုမိုလျင်မြန်စွာ ပျံ့နှံ့စေသောကြောင့်ဖြစ်သည်။

**ကျန်းမာရေးဝန်ကြီးဌာန**

# နိဝါတ မင်္ဂလာ

ချစ်နိုင်(စိတ်ပညာ)

ငယ်စဉ်က

***မိမိတို့မူလတန်းကျောင်းသား ဘဝကပင် နှစ်စဉ်အာစရိယပူဇော်ပွဲ ရှိခဲ့သည်။ ဘောင်းဘီတိုလေးတွေနဲ့ ကျုံ့ကျုံ့ထိုင်၍ ဆရာ ဆရာမများကို တစ်နှစ်တစ်ကြိမ် ကန်တော့လေ့ရှိကြသည်။ ပုဆိုးကွင်းပင် မဝတ်တတ်သေးသော ကလေးအရွယ်မှစ၍ ကျေးဇူးရှင်ဆရာများကို ရိုသေစွာ ပူဇော်ကန်တော့ရကောင်းမှန်းသိခဲ့၏။ အထက်တန်းကျောင်းအချို့မှာ အာစရိယပူဇော်ပွဲ မလုပ်ပါ။ မိမိတို့ ကျေးလက်တောရွာမှ အလယ်တန်းကျောင်းကမူ နှစ်စဉ်နှစ်တိုင်း ကန်တော့ကြပါသည်။ မိဘများက တောင်သူလယ်သမား ဆင်းရဲသားများဖြစ်ကြသော်လည်း သားသမီး၏ ဆရာကန်တော့ပွဲအတွက် ကန်တော့ကြေး တစ်ကျပ်နှစ်ကျပ်ကို ကြည်ဖြူစွာ ပေးလေ့ရှိကြ၏။***

ယခုအခါမှာကား အခြေခံပညာကျောင်းများမှာသာမက အဆင့်မြင့်ပညာကျောင်းများ၊ ကောလိပ်၊ သိပ္ပံ၊ တက္ကသိုလ်တို့၏ ဘာသာရပ်အသီးသီးမှာပင် အာစရိယပူဇော်ပွဲများ နှစ်စဉ်နှစ်တိုင်း မြိုင်မြိုင်ဆိုင်ဆိုင် ကျင်းပနေကြလေပြီ။ စာရေးသူက မန္တလေးတက္ကသိုလ်တွင် လေးနှစ်ကြာပညာသင်ခဲ့ရဖူးသည်။ မန္တလေး တက္ကသိုလ်အာစရိယပူဇော်ပွဲများကို မပျက်မကွက်ပါဝင်လှူဒါန်းသည်။ စိတ်ပညာဌာန ဆရာ ဆရာမများကို သီးခြားပူဇော်ပွဲ ကျွန်တော်တို့ ကျောင်းသားဟောင်းများက ဦးဆောင်ပြီး ကျင်းပကန်တော့ကြသည်။ နှစ်ပေါင်း ၂၀ ရှိပေပြီ။ (၂၁) ကြိမ်မြောက် ပြုလုပ်ကြပါဦးမည်။ ရန်ကုန်တက္ကသိုလ်မှာလည်း မိမိ နှစ် နှစ် ပညာရင်နို့သောက်ခဲ့ဖူးပါ၏။ ထို့ကြောင့် ရန်ကုန်မှာ ကျင်းပသော စိတ်ပညာ ဆရာကန်တော့ပွဲမှာလည်း နှစ်စဉ်ပါဝင် ကန်တော့ခဲ့ပါသည်။

**ပူဇော်ပွဲ**

အလယ်တန်းကျောင်း၊ အထက်တန်းကျောင်း၊ မိမိပညာဆည်းပူးခဲ့ရာ အဆင့်မြင့်ပညာတက္ကသိုလ်နှစ်ခုတို့မှာ ကျင်းပသမျှ အာစရိယပူဇော်ပွဲများကို ကိုယ်တိုင်တက်ရောက်ပူဇော်သည်။ အဝေးရောက်နေလျှင် အလှူငွေပို့ပေးသည်။ မိမိအလေးအနက်ထား၍ နှစ်စဉ်ပူဇော်ကန်တော့ခဲ့ပေသည်။ နှစ်ပေါင်းများစွာ ကြာလေပြီ။

အသက်ကြီးရင့်လာသောအခါ နှစ်ပေါင်းများစွာ လုပ်ငန်းခွင်အတွင်း အတူတကွ လုပ်ဆောင်ခဲ့ကြသော လုပ်ဖော်ကိုင်ဖက် ရဲဘော်ရဲဘက်များက မိမိအသက်ထက်ငယ်ရွယ်သူများက တစ်ဦးချင်းလာ၍ ကန်တော့ကြပါ၏။ ချမ်းသာသူလည်းပါ၊ ဆင်းရဲသူလည်းရှိ၊ ခြင်းကြီး ခြင်းငယ် တတ်နိုင်သူလည်းပါ။ ပုဆိုးတစ်ကွင်း၊ တဘက်တစ်ထည်ပါသူလည်းရှိ၊ အားနည်းသူကို ကိုယ်က ကူညီဖြည့်ဆည်းရ၏။

အစုအဝေးလိုက် ကန်တော့ကြခြင်းမျိုးကတော့ နည်းပါသည်။ အခြေခံသတင်းစာပညာသင်တန်းမှာ လေးငါးကြိမ်ပါဝင် ပို့ချဖူးသဖြင့် သင်တန်းသားများက ကန်တော့သည်လည်းရှိ၏။ အခြေခံစာရေးနည်းသင်တန်း (၆) ကြိမ်က သင်တန်းသား ၁၀၀၊ ၉၀ စီက သင်တန်းဆင်းပွဲနေ့မှာ ကန်တော့သည်လည်း ကြုံဖူးပါ၏။ နှစ်စဉ်တက်ရသော ကန်တော့ပွဲရယ်တော့ မရှိခဲ့ပါ။ မိမိကသာ သတင်းစာဆရာ၊ စာရေးဆရာ သက်ကြီး ပညာရှင်ကြီး များကို နှစ်စဉ်မပျက် ငွေကျပ် တစ်သိန်းနှင့်အထက် ပါဝင်လှူဒါန်းပူဇော်လေ့ရှိပါသည်။

**စာပေတိုက်**

ယခုနှစ် သီတင်းကျွတ်လပြည့်ကျော် ရက်တစ်ရက်တွင် ရန်ကင်းမြို့နယ် မိုးကောင်းဘုရားလမ်းရှိ မြဝတီစာပေတိုက်က မိမိကို ကန်တော့ခံကြွရောက်ပါရန် ဖိတ်ကြားစာတစ်စောင် လက်ခံရရှိသည်။ မြဝတီစာပေတိုက်တွင် ၁၉၉၅ ခုနှစ် ဇူလိုင်လမှ ၁၉၉၇ အောက်တိုဘာလအထိ သုံးနှစ်နီးပါး စာတည်းမှူးချုပ်၊ အမှုဆောင်အရာရှိချုပ်၊ စာပေထုတ်ဝေသူ အလုပ်ကို တာဝန်ပေးခံရ၍ လုပ်ခဲ့ဖူးပါ၏။ အနှစ် ၂၀ ကျော်ပေပြီ။

မိမိရှေ့က မြဝတီစာပေတိုက်၏ စာတည်းမှူးချုပ်မှာ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး(အငြိမ်းစား)ဦးသိန်းစိန်ဖြစ်ပေသည်။ မိမိတာဝန်ထမ်းဆောင်ပြီးနောက် လွှဲအပ်ခဲ့ရသူမှာ ကိုရာဇာ(စိတ်ပညာ)ကလောင်အမည်ဖြင့် စာရေးသော ဒုတိယ ဗိုလ်မှူးကြီးစိန်ဝင်းဖြစ်လေသည်။ နောက်ဆက်လက်ပြီး စာတည်းမှူးချုပ်၊ တပ်ရင်းမှူးတစ်ဦးပြီးတစ်ဦးပြောင်းလဲခဲ့ရာ လေးငါး ဆက်ရောက်နေပါပြီ။ ယခုနှစ်မှာမှ စာတည်းမှူးချုပ်ဟောင်းများကို မြဝတီစာပေတိုက် စာတည်းမှူးချုပ်ဗိုလ်မှူးကြီးကျော်ကျော်ဦးက စိတ်ကူးရသဖြင့် ဝါကျွတ်ဂါရဝပြုပွဲဖိတ်ကြားခြင်းဖြစ်ပေသည်။ ပထမအကြိမ်ဟုဆိုရမည်။ မြဝတီစာပေတိုက်၏ ထူးခြားသော ကောင်းမှုလှူဒါန်းမှုတစ်ခုအဖြစ် သာဓုခေါ်ရမည်။

ဦးသိန်းစိန်နှင့် ဦးစိန်ဝင်း၊ ဦးချစ်သန်းတို့တော့ မရောက်လာကြပေ။ ကျန်းမာရေးအခြေအနေကြောင့်ဟု သိရသည်။ ဆရာကြီး ဦးလေးမြိုင်လည်း မလာရောက်နိုင်ရှာပေ။ အသက်ကကိုးဆယ်ကျော်လေပြီ။

ဆရာကြီးမင်းယုဝေ(ဦးဝင်းမောင်)၊ ဆရာကြီး ဌေးမောင်(ဦးမောင်လှ)၊ ဆရာကြီးတက္ကသိုလ်လှကြွယ်(ဦးလှကြွယ်)နှင့် မိမိတို့ပါဝင်သည်။ ဒုတိယဗိုလ်မှူးကြီးအငြိမ်းစားနှစ်ဦး(သူတို့လည်းစာတည်းမှူးချုပ် တာဝန်ထမ်းဆောင်ခဲ့ဖူးကြပါသည်)ကန်တော့ခံကြရပါသည်။ ကန်တော့ခံဆရာကြီးများ၊ တပ်ရင်းမှူးဟောင်းများက ဩဝါဒစကားအသီးသီးပြောကြရပါသည်။ ထုံးစံအတိုင်း အချို့ကတိုတို၊ အချို့က ရှည်ရှည်။

**ဩဝါဒစကား**

ရှည်ရှည်လျားလျားပြောကြားပါသော်လည်း နားထောင်ရသူအပေါင်းကို နှစ်သက်အားရကျေနပ်မှု ကောင်းစွာပေးနိုင်စွမ်းရှိသူ၏ စကားသည် ရှည်သည်မထင်ရ။နားထောင်လို့မဝ၊ ပြီးမသွားပါစေနှင့်ဦး၊ မပြီးဆုံးစေချင်သေး၊ ဆက်ပြီးနားထောင်ချင်ပါသေးသည်ဟု တောင့်တရလောက်အောင် ဆွဲဆောင်ဟောပြောနိုင်သူလည်းပါ၏။ (သူနှင့်အတူ စာပေဟောပြောပွဲတွေမှာလည်းပြောဖူး၏) သူကား အမျိုးသားစာပေ၊ တစ်သက်တာစာပေဆုရ စာရေး ဆရာ၊ ကဗျာဆရာ၊ ဆရာကြီးမင်းယုဝေဖြစ်ပါသည်။ ငွေတာရီမဂ္ဂဇင်းကို စတင်တည်ထောင်ခဲ့သူလည်း ဖြစ်ပါသည်။ ယနေ့အထိ မြတ်မင်္ဂလာစာစောင်၊ မင်္ဂလာမောင်မယ်စာစောင်တို့ကို ဦးဆောင်တည်းဖြတ်ကာ စောင်ရေသိန်းချီပြီး ထုတ်ဝေနေဆဲ ထူးခြားလှသော အယ်ဒီတာတစ်ဦးလည်း ဖြစ်ပါသည်။

"ကျွန်တော်ကတော့ လိပ်ပတ်လည်အောင် ကျွန်တော်ခံစားရတဲ့အရာလေး တစ်ခုကို အချိန်လေးနည်းနည်းယူပြီး ပြောချင်တယ်၊ ပြောခွင့်ပြုပါလို့ မေတ္တာရပ်ခံချင်ပါတယ်" ဆရာကြီးမင်းယုဝေက နိဒါန်းချီတော့ နံဘေးထိုင်ခုံမှာထိုင်နေသော မိမိအပါအဝင် အားလုံးသော ပရိသတ်အပေါင်းက "ပြောပါ၊ ပြောပါ ဆရာကြီး"ဟု ထောက်ခံအားပေးကြလေသည်။ အိန္ဒိယ ဘောလီးဝုဒ်ကထုတ်လုပ်သော ဘီလူးအမည်ရှိ ရုပ်ရှင်ဇာတ်ကားအကြောင်းကို အတိုချုံ့ကာ အနှစ်ချုပ်၊ မိနစ်နှစ်ဆယ်လောက် ဇာတ်ကြောင်းပြန်ပြောပြပါသည်။ အလွန်ကောင်းပါသည်။

မူရင်းဝတ္ထု၏ကောင်းခြင်း၊ ဇာတ်ညွှန်းကောင်းခြင်း၊ ဒါရိုက်တာကောင်းခြင်း၊ ကမ္ဘာကျော်မင်းသား ရှာရွတ်ခန်းနှင့် အခြား ဇာတ်ဆောင်များက ထူးချွန်ပြောင်မြောက်စွာ သဘာဝကျကျ သရုပ်ဆောင်နိုင်ကြခြင်းတို့ကြောင့် အလွန်အောင်မြင်ခဲ့သော အိန္ဒိယဇာတ်ကားကောင်းတစ်ခု ဖြစ်ပါသည်။ ဆရာကြီးမင်းယုဝေက သားတွေသမီးတွေကို ကြင်နာယုယသော လေသံဖြင့် အဘိုးတစ်ဦးက မိသားစုအားလုံးအတွက် အိပ်ရာဝင်ပုံပြင်ပြောပြသကဲ့သို့ စိတ်ပါလက်ပါ လေသံ၊ ဟန်ပန်၊ အမူအရာနှင့် အားရပါးရပြောပြသောအခါ ရယ်စရာနေရာရယ်ကြရ၊ မောစရာအခြေအနေမှာ မောရ၊ ထိတ်စရာအခြေအနေမှာ ထိတ်လန့် စိုးရိမ်ရ၊ လွမ်းစရာကြုံသောအခါ ရင်မှာဆို့ရ။

**ဂါရဝဟူသော ရိုသေသမှုအပြုအမူသည် မင်္ဂလာဖြစ်၏။ ငါမှငါ၊ မာန်မာန၊ မထောင်လွှားဘဲ နိဝါတ မိမိကိုယ်ကို နှိမ့်ချနိုင်စွမ်းရှိခြင်းသည်လည်း မင်္ဂလာတစ်ပါးပင်...**

နားထောင်နေကြသော ပရိသတ်အားလုံးသည် ဆရာကြီးမင်းယုဝေ ဇာတ်စုံခင်းသမျှ နစ်မျောစီးဝင်ကာ ထိုဇာတ်ကား ရုပ်ရှင်ကြည့်ရသကဲ့သို့ ခံစားမှုရသအနုပညာကို ထိတွေ့ကြရလေသည်။ စာပေ၏အရသာ၊ စာပေဟောပြောခြင်း၏ ရသ၊ အံ့သြငေးမော၊ နစ်မျော။

**ရုပ်ရှင်ဇာတ်ကား**

ဘီလူးအမည်ရှိ ဇာတ်ကား၏ ဇာတ်လမ်းကို အတုယူမှီငြမ်းကာ မြန်မာဇာတ်ကား တစ်ကားရိုက်ကူးထားခဲ့ဖူးသည်ကိုလည်း ကြည့်လိုက်မိပါသည်။ မင်းသား နေမင်းနှင့် မင်းသမီးစိုးမြတ်သူဇာတို့ပါဝင်ကြပါသည်။ မဆိုးလှပါဘူးဟု ဆိုနိုင်ပါ၏။ သို့သော် မူရင်းကိုကားမမီ။ ဘီလူးဇာတ်ကားထဲမှာ ရှာရွတ်ခန်းသည် အိန္ဒိယမှာ ပထမတန်း ထိပ်တန်းမင်းသားတစ်ယောက်အဖြစ်ပါဝင်သရုပ်ဆောင်၏။ ပြင်ပမှာလည်း ရှာရွတ်ခန်းက ထိပ်တန်းမင်းသားတစ်ယောက်ပဲ ဖြစ်လေသည်။ သည့်ထက် သဘာဝကျစရာတော့မရှိနိုင်။

မင်းသားချော ရှာရွတ်ခန်းသည် အလှတွေ၊ အကတွေ၊ တေးသီချင်းများနှင့် ရုပ်ရှင်ကြည့်ပရိသတ်က စွဲမက်လောက်အောင် ဤဇာတ်ကားတွင် သရုပ်ဆောင်နိုင်ခဲ့ပါ၏။ သို့ရာတွင် သူက အဓိကဇာတ်လိုက်နေရာမှာတော့ မဟုတ်ပါချေ၊ သူ့ထက်ပိုပြီး စိတ်ဝင်စားစရာကောင်းသော ဘီလူးအမည်ရှိ ဆံပင်ညှပ်သမား၊ ဆင်းရဲသား၊ အသားမည်းမည်း၊ မျက်လုံးပြူးပြူး၊ နှုတ်ခမ်းထူထူနှင့် မင်းသားရုပ်မပေါက်သူကမှ တကယ့်ဇာတ်လိုက်အစစ်ဖြစ်နေ၏။ အီရာဖန်ခန်းဟူသော သဘာဝမင်းသား။ ဇာတ်ကြောင်းအနှစ်ချုပ်ဖော်ပြပါရစေ။

အိန္ဒိယနိုင်ငံ တောမြို့တစ်မြို့မှာ ဘီလူးအမည်ရှိ လူတစ်ယောက်သည် ဈေးထောင့်မှာ ဆံပင်ညှပ်ဆိုင်လေးတစ်ဆိုင် လာဖွင့်သည်။ သူကသာမန်လူပဲဖြစ်၏။ ဇနီးချောတစ်ယောက်ရှိသည်။ သမီးလေးတစ်ယောက်ရှိသည်။ မြို့အပြင်က ရွာကလေးမှာ တဲလေးတစ်ခုဖြင့် နေထိုင်သည်။ သူ့အိမ်ပတ်ဝန်းကျင်မှာ လယ်ကွင်းပြင်ကျယ်။ ဆင်းရဲသော်လည်း ပျော်ရွှင်သော မိသားစုဘဝပင်။

ဘီလူးသည် ချို့ချို့တဲ့တဲ့နှင့် ဆံပင်ညှပ်ဆိုင်လေးဖွင့်ပြီး ရိုးရိုးအေးအေးနေသူ တစ်ယောက်ဖြစ်၏။ သူတို့တောမြို့လေးကို လှုပ်လှုပ်ရှားရှားဖြစ်စေသည့် အကြောင်းတစ်ခုပေါ်ပေါက်လာခဲ့၏။

**မင်းသားလာမည်**

ကမ္ဘာကျော် အိန္ဒိယရုပ်ရှင်မင်းသားရှာရွတ်ခန်းနှင့် ရုပ်ရှင်ရိုက်ကူးရေးအဖွဲ့ကြီးတစ်ဖွဲ့ ဤမြို့လေးသို့ ရုပ်ရှင်တစ်ပတ်နှစ်ပတ်ကြာနေပြီး ရိုက်ကူးမည်ဆိုသော အုတ်အော်သောင်းတင်းသတင်းကို ကြားရခြင်းဖြစ်၏။ မင်းသားကို ကြည့်ချင်မြင်ချင်သူတွေ သဲသဲလှုပ်နေ၏။ မင်းသားနှင့် မိတ်ဆက်ချင်သူ လက်ဆွဲနှုတ်ဆက်ချင်သူတွေ တစ်ပြုံတစ်ခေါင်းဖြစ်နေ၏။ မင်းသားကို ကိုယ့်စီးပွားအတွက် ဘယ်ပုံဘယ်နည်း အသုံးချလိုက်မည်ဟု ကြံစည်စိတ်ကူးနေကြသူတွေ ကြိတ်ကြိတ်တိုးနေကြ၏။ လမ်းစရှာကြ၏။ တွေ့ပြီကော။

ဘီလူးဆိုသော ဆံသဆရာသည် ရုပ်ရှင်မင်းသား ရှာရွတ်ခန်းနှင့် ငယ်စဉ်က ကျောင်းနေဖက်ဖြစ်ခဲ့ဖူးသည်ဆိုပဲ။ ဤသတင်းဘယ်ကစ၍ ရသည်မသိ။ ဘီလူးဆီသို့ လာရောက်မေးမြန်း ချဉ်းကပ်သူတွေ တစ်ယောက်ပြီး တစ်ယောက် စုပြုံတိုးဝှေ့ နေကြလေတော့၏။ လိုရင်းကတော့ ခိုင်းစေနေကြခြင်း၊ အသုံးချခြင်းပါ။ "မဟုတ်ရပါဘူး သာမန်သိရုံသိခဲ့ကြတာပါ" ဟု ပြောလည်းမရ။ မင်းသားကို ဘာပြောပေးပါ၊ မင်းသားကို သူနဲ့လက်ဆွဲနှုတ်ဆွဲခွင့်ရအောင် စီစဉ်ပေးပါ၊ မင်းသားကို သူတို့ ကျောင်းဂုဏ်ပြုပွဲသို့ လာတက်ပြီး စကားအနည်းငယ်ပြောပေးပါ (ကျောင်းအုပ်ဆရာမကြီးက) စသည်ဖြင့် နားပူနားဆာ အခါခါလာလုပ်ကြသော အခွင့်အရေး တောင်းဆိုကြသူပေါင်းများစွာကို ဘယ်လိုမှငြင်း၍မရသဖြင့် ဘီလူးခမျာ မင်းသားနှင့်တွေ့ဖို့ ကြိုးစားရပါတော့၏။

**မလွယ်ပါလား**

ရုပ်ရှင်ရိုက်ကူးရေးအဖွဲ့ကြီးရောက်လာပါပြီ။ ဘီလူးက မင်းသား ရှာရွတ်ခန်းနှင့် တွေ့ခွင့်ရရှိရေး အမျိုးမျိုးကြိုးစားပါသော်လည်း မရ။ သူ့ကိုယ်ရေးကိုယ်တာမဟုတ်ပါ။ ရပ်မိရပ်ဖများ၊ သူဌေးများ၊ ကျောင်းသားမိဘများ၊ ကျောင်းအုပ်ဆရာမကြီးနှင့် အခြားသော မြို့သူမြို့သားများ၏ တောင်းဆိုချက်၊ မေတ္တာရပ်ခံချက်၊ ပန်ကြားချက်၊(အကယ်၍ သူတို့တောင်းဆိုတာကိုသာ မင်းသားအား ပြောပေးမည်ဆိုလျှင် ဘီလူး၏သမီး ကျောင်းသူလေး ကျောင်းလခမပေးနိုင်သေးဘဲ အကြွေးကျန်နေတာတွေ လျှော်ပစ်ပေးမည်။ ကျောင်းလခ လွတ်ငြိမ်းခွင့်ပေးမည်ဆိုသော ဆရာမကြီးနှင့် ကျောင်းကောင်စီတို့၏ ဖိအားမျိုးလည်းပါ၏) လိုလားချက်အမျိုးမျိုးကို ပိုက်လျက် ဘီလူးကား မင်းသား ရှာရွတ်ခန်းနှင့်တွေ့ခွင့်မရ။ ဘယ်လိုပဲ နည်းမျိုးစုံဖြင့် တွေ့ခွင့်ရအောင် ကြိုးစားပါသော်လည်းမရ။ နက်ဖြန်ပြန်တော့မည်။ ယနေ့နံနက် နောက်ဆုံးပဲ။ ဘီလူးလက်မှိုင်ချရပြီ။

**မိတ်ဆွေကောင်း**

ကျောင်းသူကျောင်းသားများ၏ အခမ်းအနားတစ်ခုကို ရှာရွတ်ခန်း မမျှော်လင့်ဘဲ လာတက်သည်။ စင်ပေါ်မှာတက်ပြီး ကျောင်းသားများကို စကားပြောသည်။

"စာကြိုးစားကြပါ။
ဝါသနာပါရာကို အားစိုက်လုပ်ပါ။
မိတ်ကောင်းဆွေကောင်း ရှာဖွေပေါင်းပါ"
ဤသုံးချက်ကို အဓိကထား၍ ပြောသွား၏။

"ကျွန်တော်ငယ်ငယ်က အင်မတန်မျက်နှာငယ်ခဲ့ရပါတယ်။ ကျွန်တော့်မိဘက ဆင်းရဲနွမ်းပါးကြပါတယ်။ အဘက်ဘက်က မပြည့်စုံတဲ့ ကျွန်တော့်ဘဝကို အတန်းခန်းထဲမှ ကျောင်းနေဖက်ငယ်သူငယ်ချင်းတစ်ယောက်က အမြဲတမ်း ကူညီခဲ့တယ်။ သူက ဆွေကြီးမျိုးကြီး။ လူချမ်းသာမိဘရဲ့ သားသမီးထဲကပါ။ ကျွန်တော်ကျောင်းမှာ စားစရာမရှိ၊ ဆာလောင်နေမှန်း သိလို့ သူ့အိမ်က အစားအစာနှစ်ယောက်စာ ယူလာပေးပြီး ကျွန်တော့်ကို ကျွေးခဲ့တယ်။ နေ့စဉ်နေ့တိုင်း ကျွေးတယ်။

ကျွန်တော် ကျောင်းဆက်မနေနိုင်တော့ဘူး။ မြို့ကရုပ်ရှင်ကုမ္ပဏီမှာသွားပြီး အလုပ်ဝင်ကာ ရရာလုပ်တော့မယ်ဆိုတော့ အဝတ်အစား၊ လမ်းစရိတ်တို့ ကျွန်တော့် သူငယ်ချင်းက ပေးလိုက်ပါသေးတယ်။ ကွဲကွာသွားကြတာကြာပါပြီ။

**ကျေးဇူး**

အခုလို ကျွန်တော် ရုပ်ရှင်မင်းသားတစ်ယောက်ဖြစ်လာရတာဟာ ဒီသူငယ်ချင်းကောင်းတစ်ယောက်ရဲ့ အကူအညီအထောက်အပံ့ ကျေးဇူးကြောင့်ပါပဲ။ ဒီနေရာကနေ စိတ်ကောင်းစေတနာကောင်းနဲ့ ကျွန်တော့်ဆီက ဘာမျှပြန်လည်မမျှော်လင့်ဘဲ အစစအရာရာ ကူညီခဲ့တဲ့ သူငယ်ချင်းကို ဂုဏ်ပြုပါတယ်။

သားတို့သမီးတို့လည်း ဆင်းရဲသူတွေကို စာနာကြပါ၊ ကူညီကြပါ။ သူဟာ အတုယူထိုက်တဲ့လူပါ။ သူက ဇာတ်မြင့်မျိုးရိုးပါ။ ဇာတ်နိမ့်မျိုးရိုးက မိန်းကလေးတစ်ယောက်နဲ့ ချစ်ကျွမ်းဝင်လက်ထပ်မိလိုက်တာကြောင့် သူ့ရဲ့ ဆွေကြီးမျိုးကြီး အသိုင်းအဝိုင်း တစ်ခုလုံးက စွန့်ပယ်ပစ်ခြင်းကို ခံရပါတယ်။ သူဟာ ဒီမြို့လေးမှာ ရှိနေပါတယ်လို့ ကြားပါတယ်။ ဒီသတင်းကြောင့် ကျွန်တော့်ရဲ့ ကျေးဇူးရှင် ချစ်သူငယ်ချင်းကို ရှာဖို့ ဒီမြို့ကို ရောက်လာခြင်းဖြစ်ပါတယ်။ သူ့နာမည်က "ဘီလူး" ပါ။ သူ့ကို တွေ့ချင်ပါတယ်။ သူ့အိမ်ကို ကျွန်တော်သွားတွေ့ပါမယ်။ သိရင်လမ်းပြပေးကြပါ။ ဒါပါပဲ။"

ပရိသတ်များအားလုံး အံ့အားသင့်ရသည်။

"သာမန်သိရုံလေးမို့ ရှာရွတ်ခန်းအား ဘာမျှသူက အပူမကပ်ပါရစေနှင့်၊ အကူအညီတောင်းမပေးပါရစေနှင့်" ဆိုသော ရိုးရိုးကုပ်ကုပ် ဆံပင်ညှပ်သမားလေး ဘီလူးဆိုတာ ကမ္ဘာကျော်ရုပ်ရှင်မင်းသား၏ ကျေးဇူးရှင်၊ ကျေးဇူးကြီးမားခဲ့သော သူငယ်ချင်းကျောင်းနေဖက်ဆိုပါကလား၊ မျိုးကောင်းရိုးကောင်း၊ ဆွေကြီးမျိုးကြီး (အိန္ဒိယဇာတ်မြင့်မျိုးရိုး) ဆိုပါကလား။

ဘီလူးကဆံပင်ညှပ်သမားအဖြစ် ဆင်းဆင်းရဲရဲ နေထိုင် အသက်မွေးနေရသည့်တိုင် သူ့ကျောင်းနေဖက်သူငယ်ချင်းထံ ဘာမျှ အကူအညီမတောင်းလို၊ မယူလိုသူပေတကား၊ အားလုံးက လေးစားကြရသည်။

ကျေးဇူးသိတတ်သော ရှာရွတ်ခန်းကိုလည်း ပရိသတ်က ပိုမိုလေးစားကြည်ညိုစွာ ချစ်ကြရပြန်သည်။ ဂါရဝဟူသော ရိုသေသမှုအပြုအမူသည် မင်္ဂလာဖြစ်၏။ ငါမှငါ၊ မာန်မာန၊ မထောင်လွှားဘဲ နိဝါတ မိမိကိုယ်ကို နှိမ့်ချနိုင်စွမ်းရှိခြင်းသည်လည်း မင်္ဂလာတစ်ပါးပင်။

**မင်္ဂလာတရား**

စာရေးဆရာ အယ်ဒီတာဆရာအိုများကို စာပေတိုက်တစ်ခုက ဝန်ထမ်းများစုပေါင်းကာ ဝါကျွတ်ကန်တော့ပွဲ ပူဇော်ခဲ့ခြင်းအား အမျိုးသားစာပေ၊ တစ်သက်တာစာပေဆုရ ဆရာကြီးမင်းယုဝေက မုဒိတာစကား၊ ချီးကျူးစကား ပြောကြားရင်းနှင့် ဤရုပ်ရှင်ဇာတ်လမ်းတစ်ပုဒ် ပြောပြခဲ့လေသည်။

သူပြောပုံ အနုပညာရသမြောက်လှသဖြင့် စာရေးသူလည်း မျက်ရည်ကျမိပါတော့သည်။ ဝမ်းသာကြည်နူးမှုဖြင့် ကျလာသော ပီတိမျက်ရည်ဟု ဆိုရပေလိမ့်မည်။

# ဒေသန္တရစီမံကိန်းများရေးဆွဲမှုအခြေအနေများနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများဆွေးနွေး



**နေပြည်တော် ဇန်နဝါရီ ၁၇**

အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်သည် ဇန်နဝါရီ ၁၅ ရက် နံနက် ၈နာရီခွဲက တိုင်းဒေသကြီး ပဲခူးမြို့သို့ရောက်ရှိပြီး ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးညဏ်ဝင်းနှင့် တွေ့ဆုံ၍ ဒေသန္တရစီမံကိန်းများရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်နေမှုအခြေအနေများနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဆွေးနွေးသည်။ **(ယာပုံ)**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ပဲခူးတိုင်းဒေသကြီး စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးကျော်မြင့်နှင့်အတူ ပဲခူးတိုင်းဒေသကြီး စီမံကိန်းဦးစီးရုံး၌ တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်စီမံကိန်းဦးစီးရုံးများမှ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ အမှာစကားပြောကြားရာတွင် အမျိုးသားဘက်စုံဖွံ့ဖြိုးတိုးတက်မှု နှစ် ၂၀ စီမံကိန်း NCDP အား ကာလတိုင်းနှစ်စီမံကိန်းလေးခုဖြင့် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယခုအခါ ဒုတိယကာလတိုင်းနှစ်စီမံကိန်း စတင်တော့မည်ဖြစ်ကြောင်း၊ (၂၀၁၆-၂၀၁၇) နှစ်စဉ် စီမံကိန်း၊ (၂၀၁၁-၂၀၃၁) နှစ် ၂၀ စီမံကိန်းနှင့် ဒုတိယကာလတိုင်းနှစ် (၂၀၁၆-၂၀၂၁) စီမံကိန်းများအား ပြည်ထောင်စုလွှတ်တော်သို့ တင်ပြထားပြီးဖြစ်ပြီး ပထမကာလတိုင်းနှစ်စီမံကိန်း၏ နောက်ဆုံးနှစ်ဖြစ်၍ နှစ်စဉ် စီမံကိန်းလည်းဖြစ်သည့် ၂၀၁၅-၂၀၁၆ စီမံကိန်း၏ နှစ်စဉ်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးများ တိုးတက်လာရေးအတွက် ပြည်ထောင်စုဘတ်ဂျက်ဖြင့် ဆောင်ရွက်ရမည့်စီမံကိန်းများ တိုင်းဒေသကြီး/ပြည်နယ်ဘတ်ဂျက်ဖြင့် ဆောင်ရွက်ရမည့်စီမံကိန်းများ၊ အထူးဆောင်ရွက်ရမည့် စီမံကိန်းများအား အရည်အသွေးပြည့်မီ၍ အချိန်မီပြီးစီးစေရန် တိုင်းဒေသကြီးစီမံကိန်းမှူးများက ကြီးကြပ်ဆောင်ရွက်သွားရန်နှင့် ပိုမိုစနစ်ကျသော စီမံကိန်းပုံစံသစ်ဖော်ဆောင်ရေးအတွက် မှာကြားသည်။

ထို့နောက် တိုင်းဒေသကြီး စီမံကိန်းဦးစီးမှူးနှင့် ပဲခူး၊ တောင်ငူ၊ ပြည်၊ သာယာဝတီခရိုင်တို့မှ စီမံကိန်းဦးစီးမှူးများက ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပြည်ထောင်စုအစိုးရဘတ်ဂျက်၊ တိုင်းဒေသကြီးအစိုးရဘတ်ဂျက်ဖြင့် ဆောင်ရွက်လျက်ရှိသော စီမံကိန်းများ အကောင်အထည်ဖော်မှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာန (ရန်ကုန်) တွင် ရန်ကုန်တိုင်းဒေသကြီး စီမံကိန်းရေးဆွဲရေးဦးစီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာနနှင့် ဗဟိုစာရင်းအင်းအဖွဲ့တို့မှ ဝန်ထမ်းများနှင့် တွေ့ဆုံမှာကြားသည်။

ထို့နောက် တိုင်းဒေသကြီး စီမံကိန်းဦးစီးမှူး၊ ရန်ကုန်အရှေ့ပိုင်းခရိုင်၊ အနောက်ပိုင်းခရိုင်၊ တောင်ပိုင်းခရိုင်၊ မြောက်ပိုင်းခရိုင်တို့မှ စီမံကိန်းဦးစီးမှူးများက ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပြည်ထောင်စုအစိုးရဘတ်ဂျက်၊ တိုင်းဒေသကြီးအစိုးရဘတ်ဂျက်ဖြင့် ဆောင်ရွက်လျက်ရှိသော စီမံကိန်းများ အကောင်အထည်ဖော်မှုအခြေအနေများကို ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ပြည်ထောင်စုဘတ်ဂျက်ဖြင့် ဆောင်ရွက်သည့် လုပ်ငန်းပြီးစီးသောလုပ်ငန်း၊ မပြီးစီးသေးသည့် လုပ်ငန်းစီမံကိန်းများကို စနစ်တကျဓာတ်ပုံမှတ်တမ်းများ ပြုစုတင်ပြကြရန် မှာကြားခဲ့သည်။

**(သတင်းစဉ်)**

# မြန်မာ့ခရီးသွားလုပ်ငန်း ရွှေခေတ်ရောက်တော့မည်

**ရန်ကုန် ဇန်နဝါရီ ၁၇**

မြန်မာနိုင်ငံတွင် နိုင်ငံရေး၊ စီးပွားရေးအခြေအနေများ တိုးတက်လာမှုကြောင့် မြန်မာ့ခရီးသွားလုပ်ငန်းသည် ရွှေခေတ်သို့ ရောက်ရှိလာတော့မည်ဖြစ်ကြောင်း မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

"မြန်မာနိုင်ငံမှာ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်ကစလို့ နှစ်စဉ်ခရီးသွားဧည့်သည် လာရောက်မှုဟာ နှစ်စဉ် တိုးတိုးလာတာတွေ့ရပါတယ်။ လက်ရှိ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်မှာလည်း လက်ရှိအချိန်တွင် လေးသန်းခွဲငါးသန်းနီးပါး ဝင်ရောက်လာပြီဖြစ်တဲ့အတွက် မြန်မာ့ခရီးသွားလုပ်ငန်းဟာ ၂၀၁၆ ခုနှစ်မှာတော့ ရွှေခေတ်ကို စတင်တော့မယ့်နှစ်လို့ ဆိုရမှာဖြစ်ပါတယ်" ဟု မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးသက်လွင်တိုးက ဇန်နဝါရီ ၁၆ရက် ညပိုင်းတွင် ရန်ကုန်မြို့ နိုဗိုတယ်ဟိုတယ်၌ပြုလုပ်သော အသင်းသားသစ်များ ကြိုဆိုပွဲအခမ်းအနားတွင် ပြောကြားသည်။

"အာဆီယံစီးပွားရေးအသိုက်အဝန်း (AEC) စတင်ပြီဖြစ်တဲ့အတွက် Inbound Tourism သာ မဟုတ်တော့ပါဘူး။ Outbound Tourism လည်း တိုးတက်လာတော့မှာပါ။ မြန်မာနိုင်ငံသားတွေ ပြည်ပကို စတင်ခရီးထွက်နေကြပြီဖြစ်ပါတယ်" ဟုလည်း ၄င်းက ထပ်လောင်းပြောကြားလိုက်သည်။

လက်ရှိအချိန်တွင် Outbound Tourism ခရီးသွားလုပ်ငန်းလုပ်ကိုင်သူ တစ်ဒါဇင်ကျော်လောက်သာရှိပြီး တရားဝင်လိုင်စင်ရယူ လုပ်ကိုင်သွားရန် စောင့်ဆိုင်းလျက်ရှိကြောင်း သိရသည်။ မကြာမီကာလအတွင်း ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၏ လမ်းညွှန်မှုကို ခံယူပြီး လိုင်စင်ရယူဆောင်ရွက်လာနိုင်သည်နှင့်အမျှ Outbound Tourism မှာ တိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်း UMTA ကို ၂၀၀၂ ခုနှစ်က လုပ်ငန်းရှင် ၁၈ ဦးဖြင့် စတင်ဖွဲ့စည်းဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းရှင်အသင်းသားပေါင်း ၈၅၀ ကျော်အထိ ရှိလာပြီဖြစ်ကြောင်း သက်ဆိုင်ရာ စာရင်းဇယားများအရ သိရသည်။

"မြန်မာ့ခရီးသွားလုပ်ငန်းရှင်များ တိုးတက်လာတာနဲ့အမျှ ခရီးသွားလုပ်ငန်းမှ အကျိုးခံစားခွင့်တွေကို လက်တစ်ဆုပ်စာ လူထုခံစားမှုမဟုတ်တော့ဘဲ လူအများခံစားလာနိုင်တော့မှာဖြစ်ပါတယ်။ နောင်လည်း ကျွန်တော်တို့ အသင်းသားတွေ တိုးတက်လာဦးမှာပါ။ ခရီးသွားလုပ်ငန်းမှာ အားလုံးမျှဝေခံစားလာနိုင်တော့မှာဖြစ်ပါတယ်" ဟု ဦးသက်လွင်တိုးက ရှင်းပြသည်။



လက်ရှိအချိန်တွင် မြန်မာနိုင်ငံ၌ ခရီးသွားလုပ်ငန်းလုပ်ကိုင်သည့် ကုမ္ပဏီပေါင်း ၁၉၄၆ ခုရှိပြီး အများစုမှာ ပြည်တွင်းခရီးသွားလုပ်ငန်း (Inbound Tourism) လုပ်ကိုင်နေကြပြီး ပြည်ပခရီးသွားလုပ်ငန်း (Outbound Tourism) လုပ်ကိုင်မှုမှာ နည်းပါးလျက်ရှိသည်။ မြန်မာနိုင်ငံသားများ ပြည်ပသို့ သွားရောက်လည်ပတ်မှု များပြားလာသည်နှင့်အမျှ (Outbound Tourism) ခရီးသွားလုပ်ငန်းမှာလည်း တိုးတက်လာဖွယ်ရှိသည်။

**သတင်း-မြင့်မောင်စိုး**
**ဓာတ်ပုံ-သဏ္ဍ**

# ပြည်ထောင်စုနေ့ ကြိုဆိုသောအားဖြင့် နှစ်လမ်းသွား သံကူကွန်ကရစ်တံတားဖွင့်

**တန့်ယန်း ဇန်နဝါရီ ၁၇**

ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းမြို့နယ်၌ (၆၉)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် တံတားအမှတ်(၃/၃၃) မြို့ဝင် နှစ်လမ်းသွားသံကူကွန်ကရစ်တံတားနှင့် ယင်းနှင့် ဆက်စပ်လျက်ရှိသည့် မြို့တွင်းဗိုလ်ချုပ်လမ်းမကြီးဖွင့်ပွဲကို ဇန်နဝါရီ ၁၆ ရက် နံနက် ၉ နာရီခွဲက အဆိုပါတံတားပေါ်ရှိ ယာယီမဏ္ဍပ်၌ ကျင်းပသည်။

အခမ်းအနားတွင် နယ်မြေခံတပ်နယ်မှူး ဗိုလ်မှူးကြီး ကျော်ကျော်လတ်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်နိုင်နှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

အဆိုပါတံတားအမှတ်(၃/၃၃) မြို့ဝင်တံတားမှာ လားရှိုး-ဟိုယ-တန့်ယန်းလမ်းပေါ်ရှိ ဟိုယ-တန့်ယန်းလမ်းအပိုင်း၏ တန့်ယန်းမြို့အဝင်တံတားဖြစ်ပြီး အရှည်ပေ ၇၀ ရှိသော နှစ်လမ်းသွားသံကူကွန်ကရစ်တံတားဖြစ်ကာ ငွေကျပ် ၁၆၈ သန်းအကုန်အကျခံ၍ တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး ယင်းနှင့် ဆက်စပ်လျက်ရှိသော မြို့တွင်းဗိုလ်ချုပ်လမ်းမကြီး ငါးဖာလုံကို ယခင် ၁၈ ပေအကျယ်မှ ၂၄ ပေအကျယ်သို့တိုးချဲ့၍ ငွေကျပ် ၁၁၅ ဒသမ ၈၄ သန်း အကုန်အကျခံကာ ကတ္တရာထပ်ပိုးလွှာခင်းခြင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**(မြို့နယ်ပြန်/ဆက်)**

## စာကြည့်တိုက်ပန္နက်တင်မင်္ဂလာနှင့် လူနာတင်ယာဉ် လှူဒါန်းပွဲကျင်းပ

**ဟသ်ာတ ဇန်နဝါရီ ၁၇**

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတမြို့နယ်အတွင်းရှိ ငါးဖားအုပ်စု ငါးဖားကျေးရွာတွင် ဇန်နဝါရီ ၁၆ ရက် နံနက် ၉ နာရီက လူနာတင်ယာဉ်တစ်စီး ပေးအပ်လှူဒါန်းပွဲအခမ်းအနားနှင့် ကျေးရွာစာကြည့်တိုက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးရုံးဆောက်လုပ်ရန်အတွက် မြေနေရာပန္နက်တင်မင်္ဂလာအခမ်းအနားကို ကျင်းပခဲ့ကြောင်း သိရသည်။

ဟသ်ာတမြို့ ပရဟိတဦးဆောင်ဆရာတော် ဒေါက်တာ အရှင်ဉာဏလင်္ကာရနှင့် မေတ္တာနွယ်ဆရာတော် အရှင်နန္ဒမာလာ၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ရပ်မိရပ်ဖများက ကျေးရွာစာကြည့်တိုက်နှင့် အုပ်ချုပ်ရေးမှူး ရုံးဆောက်လုပ်ရန်မြေနေရာတို့တွင် မင်္ဂလာပန္နက်တော်ကိုရိုက်နှိပ်ကာ အမွှေးနံ့သာရည်ပက်ဖျန်းပေးခဲ့ကြသည်။ ထို့နောက် မော်တော်ယာဉ် အလှူရှင် ဦးခင်ဦး (ရွှေရောင်လင်း)ပွဲရုံက ငါးဖားကျေးရွာသို့ လူနာတင်ယာဉ်တစ်စီး လှူဒါန်းခဲ့ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# တာချီလိတ်မြို့တွင်း လမ်း၊ တံတားများ အဆင့်မြှင့်တင်

**တာချီလိတ် ဇန်နဝါရီ ၁၇**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)တာချီလိတ်မြို့နယ်စည်ပင်သာယာရေးဌာနမှ မြို့ဖွံ့ဖြိုးတိုးတက်လာမှုနှင့်အညီ မကြာခဏ ယာဉ်ကြောပိတ်ဆို့မှုမှလျော့နည်းကာ ယာဉ်အန္တရာယ်ကင်းရှင်းပြီး၊ သွားလာမှုလွယ်ကူလျင်မြန်စေရေး၊ မိုးတွင်းကာလ ရေစီးရေလာကောင်းမွန်ရေး၊ မြို့တွင်းသန့်ရှင်းသာယာလှပရေးအတွက် လမ်း၊ တံတားများတိုးချဲ့ခြင်း၊ လမ်းအဆင့်မြှင့်တင်ခြင်း၊ လမ်းဖြတ်ရေမြောင်းများနှင့်လမ်းဘေးဝဲ၊ ယာအုတ်စီ ရေနုတ်မြောင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဝေယံလင်း(ပြန်/ဆက်)**

# ဇုတ်သုတ်-ဇုက္ကလိတံတားတည်ဆောက်မှု ရာနှုန်းပြည့်ပြီးစီး

**ဘီးလင်း ဇန်နဝါရီ ၁၇**

သဘာဝဘေးကြောင့် ပျက်စီးခဲ့သော ဘီးလင်းမြို့နယ်အတွင်းရှိ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရန်ပုံငွေဖြင့် ပြန်လည်တည်ဆောက်သော ဇုတ်သုတ်-ဇုက္ကလိတံတား ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ရာ ဇန်နဝါရီ ၁၄ ရက်က ပြည်နယ်ဦးစီးမှူး ဦးမျိုးကြည်နှင့် တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှုခဲ့ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**



လျှပ်စစ်မီးပွင့်များ၏ အလင်းရောင်အောက်မှ နာဂရိုးရာနှစ်သစ်ကူးပွဲတော် မီးပုံပွဲအခမ်းအနား။

◆ ရှေ့ဖုံးမှ

မျက်မှောက်ခေတ်နဲ့ အလှမ်းကွာဝေးသလို ထိတွေ့ခဲ့ရပါတယ်။

ဒေသတစ်ခုရဲ့ ဖွံ့ဖြိုးတိုးတက်မှုကို လမ်းပန်းဆက်သွယ်ရေးနဲ့ လျှပ်စစ်ဓာတ်အားရရှိရေးဟာ အခြေခံကျတဲ့နေရာက ပါဝင်လျက်ရှိပါတယ်။ ဒေသတစ်ခုနဲ့ တစ်ခု၊ တစ်ရွာနဲ့ တစ်ရွာကို အလွယ်တကူ ဆက်သွယ်သွားလာနိုင်ရေးမှာ လမ်းပန်းဆက်သွယ်ရေးက များစွာအရေးပါသလို ဒေသရဲ့ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေးစတဲ့ကဏ္ဍတွေ တိုးတက်စေရေးအတွက် လျှပ်စစ်ဓာတ်အားရရှိရေးကလည်း အရေးကြီးပါတယ်။

မြန်မာနိုင်ငံတစ်ဝန်း လျှပ်စစ်ဓာတ်အားရရှိဖို့အတွက် ကြိုးပမ်းဆောင်ရွက်ရာမှာ ၂၀၁၀ ပြည့်နှစ်မတိုင်မီက အိမ်ထောင်စု ၁၀ သန်းအနက် ၂ ဒသမ ၂ သန်းခန့်သာ လျှပ်စစ်ဓာတ်အားကို ရရှိအသုံးပြုနိုင်ခဲ့ပြီး လက်ရှိ ၃ ဒသမ ၄ သန်းအထိ တိုးတက်ရရှိလာတာကို လျှပ်စစ်ဝန်ကြီးဌာနရဲ့ ထုတ်ပြန်ချက်တွေအရ သိရပါတယ်။

ပြည်နယ်၊ ပြည်မ တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်ရေးမှာ အထောက်အကူဖြစ်တဲ့ လျှပ်စစ်ဓာတ်အားကို မြို့ကြီးတွေသာမက နယ်စပ်ဒေသမှာရှိတဲ့ တိုင်းရင်းသားညီအစ်ကိုမောင်နှမတွေပါ သုံးစွဲနိုင်ဖို့ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက နည်းလမ်းမျိုးစုံနဲ့ ရှာဖွေဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပါတယ်။

ဒီလို ဆောင်ရွက်မှုတွေအနက် နာဂတောင်တန်းဒေသဟာလည်း တစ်ခုအပါအဝင်ဖြစ်ပါတယ်။ နာဂကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသအတွင်း ကျေးရွာပေါင်း ၂၆၆ ရွာရှိတဲ့အနက် ၂၀၁၀ ပြည့်နှစ်မတိုင်ခင်က ရေအားနဲ့ ၁၀ ရွာ၊ ဆိုလာစနစ်နဲ့ တစ်ရွာ လျှပ်စစ်မီးရရှိခဲ့ပြီး ယနေ့မှာ ရေအားနဲ့ ၃၇ ရွာ၊ ဒီဇယ်စက်နဲ့ တစ်ရွာ၊ ဆိုလာစနစ်နဲ့ ၁၄၄ ရွာစုစုပေါင်း ၁၉၃ ရွာမှာ လျှပ်စစ်မီးသုံးစွဲနိုင်ခဲ့ကြောင်း ဝန်ကြီးဌာနရဲ့မှတ်တမ်းတွေအရ သိရပါတယ်။

အဲဒီအနက် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရဲ့ မြို့တော်လဟယ်မှာ အရင်က ၂၅ ကေဗွီအေ ဒီဇယ်မီးစက်နဲ့ ကီလိုဝပ် ၅၀ အသေးစားရေအားလျှပ်စစ်စက်တို့နဲ့ နာရီအနည်းငယ်သာ လျှပ်စစ်မီး ရရှိခဲ့ပါတယ်။ နာဂဒေသမြို့တော် လဟယ်မှာ လျှပ်စစ်ဓာတ်အား ၂၄ နာရီဖြန့်ဖြူးပေးနိုင်ဖို့ ကျလွေချောင်းပေါ်မှာ ကီလိုဝပ် ၁၅၀ ထုတ်လုပ်ပေးနိုင်တဲ့ အသေးစားရေအားလျှပ်စစ်စက်ရုံကို ၂၀၁၅ ခုနှစ်အတွင်း တည်ဆောက် ဖွင့်လှစ်ပေးနိုင်ခဲ့ပါတယ်။ အဆိုပါ ကျလွေချောင်း အသေးစားရေအားလျှပ်စစ်စက်ရုံ ဖွင့်ပွဲကို နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တက်ရောက်ဖွင့်လှစ်ပေးခဲ့ပါတယ်။

"လဟယ်မှာ ၁၉၉၅ ခုနှစ်ကစပြီး ကီလိုဝပ် ၅၀ အသေးစားရေအားလျှပ်စစ်စက်နဲ့ မီးပေးခဲ့တာ နှစ် ၂၀ ကျော်ပြီလေ။ မီးရတယ်ဆိုပေမယ့်လည်း အချိန်ပြည့်မပေးနိုင်ပါဘူး။ အလှည့်ကျပေးခဲ့တာပါ။ အခုစက်ရုံပြီးတော့ ခရစ္စမတ်မတိုင်ခင်ကတည်းက ၂၄ နာရီ မီးရနေတော့ စိတ်ချမ်းသာတယ်။ ကလေးတွေလည်း စာကောင်းကောင်းဖတ်နိုင်တဲ့အတွက် အများကြီးဝမ်းသာပါတယ်" ဟု လဟယ်မြို့မှ နာဂတိုင်းရင်းသား ဦးဆားမူက ပြောပါတယ်။

နာဂဒေသမှာ ကျလွေချောင်း ရေအားလျှပ်စစ်စက် အပါအဝင် ရေအားလျှပ်စစ်စက်ရုံသုံးရုံ တိုးချဲ့တည်ဆောက်ခဲ့ပါတယ်။ ခန္တီးမှာ ၂ မဂ္ဂါဝပ်ထွက်ရှိမယ့် ဟုန်းညိုရေအားလျှပ်စစ်စက်ရုံပြီးပါက ခန္တီးသာမဟုတ်ဘူး နာဂဒေသအတွင်းမှာရှိတဲ့ ကျေးရွာတွေကိုပါ ဓာတ်အားပေးနိုင်မှာဖြစ်ပါတယ်ဟု လျှပ်စစ်ဝန်ထမ်းတစ်ဦးက ပြောပါတယ်။

"၂၄ နာရီ လျှပ်စစ်မီးရမှ ဘဝက အစစအရာရာပြည့်စုံသွားသလို ခံစားရပါတယ်။ မီးရတော့ သစ်တောပြုန်းတီးမှုနည်းသွားမှာ ဖြစ်တဲ့အတွက် အလွန်ဝမ်းသာပါတယ်။ မီးမရခင်က ထင်းမီးကို အားကိုးနေရတာကြောင့် ကိုယ်အဆင်ပြေဖို့ သဘာဝတရားအပေါ် အနိုင်ကျင့်သလိုများ ဖြစ်နေမလားလို့ စိုးရိမ်ခဲ့မိပါတယ်။ အခုမီးရတော့ စလောင်းနဲ့ ရုပ်သံလိုင်းတွေကို ကြည့်ရှုနိုင်ပါပြီ။ ဒါပေမယ့် အင်တာနက်လိုင်း မရသေးတော့ တစ်ခုခုလိုအပ်နေသလို ခံစားရပါတယ်။ အဲဒါလည်း မကြာခင်ရရှိမယ်လို့ မျှော်လင့်မိပါတယ်" ဟု မုံရွာတက္ကသိုလ်က မြန်မာစာအဓိကနဲ့ ဘွဲ့ရထားတဲ့ နာဂတိုင်းရင်းသူ မကေသီအောင်က ပြောပါတယ်။

လျှပ်စစ်စွမ်းအားဝန်ကြီး ဌာနအနေနဲ့ နိုင်ငံရဲ့ လျှပ်စစ်ဓာတ်အား လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ဖို့အတွက် ရေအားလျှပ်စစ်စက်ရုံတွေနဲ့ သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံတွေကို တည်ဆောက်ဖြည့်ဆည်းပေးလျက်ရှိပါတယ်။ ဒီ့အပြင် တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေရဲ့ လျှပ်စစ်ဓာတ်အား လိုအပ်ချက် ဖြည့်ဆည်းနိုင်ရေး အတွက်လည်း သက်ဆိုင်ရာ အစိုးရအဖွဲ့တွေနဲ့ ပူးပေါင်းပြီး အသေးစားရေအား လျှပ်စစ်စီမံကိန်းတွေကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။

ဒီလို ဆောင်ရွက်တဲ့နေရာမှာ တစ်နိုင်ငံလုံးအနေနဲ့ အသေးစားရေအားလျှပ်စစ်ထုတ်လုပ်နိုင်တဲ့ အရင်းအမြစ် ၂၁၀ ကနေ လျှပ်စစ်ဓာတ်အားကီလိုဝပ် ၂၃၀၃၅၀ ကို ထုတ်လုပ်နိုင်တဲ့အတွက် အခုလက်ရှိမှာ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေမှာ အသေးစားရေအားလျှပ်စစ်စက်ရုံ ၃၅ ရုံရှိခဲ့ပြီး လျှပ်စစ်ဓာတ်အား ၃၃၁၈၂ ကီလိုဝပ်ကို ထုတ်ယူဖြန့်ဖြူးပေးလျက်ရှိပါတယ်။

နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှာ အသေးစားရေအားလျှပ်စစ် ထုတ်ယူနိုင်တဲ့ အရင်းအမြစ်တွေအနက် ကျန်ရှိတဲ့ နန်းယွန်းမြို့နယ် တိုင်းခမ်းချောင်းအသေးစားရေအားလျှပ်စစ်စီမံကိန်းကို စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ အစီအစဉ်နဲ့ အကောင်အထည်ဖော်နေပြီး လဟယ်မြို့နယ် ဟုန်းညိုချောင်းစီမံကိန်းကို လျှပ်စစ်စွမ်းအားဝန်ကြီးဌာန အစီအစဉ်နဲ့ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။

ထို့အတူပဲ လေရှီးမြို့ အနောက်တောင်ဘက် ၃ ဒသမ ၅ မိုင်အကွာမှာရှိတဲ့ နမ့်ဝယ်ချောင်း (ရွှေဇလုံချောင်း)အတွင်းကို စီးဝင်တဲ့ မတူဂီချောင်းပေါ်မှာ အသေးစားရေအားလျှပ်စစ်စီမံကိန်းကို စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့က ၂၀၁၄ ခုနှစ် ဩဂုတ်လမှာစတင်ဆောင်ရွက်ခဲ့ပြီး အခု ၁၁ ကေဗွီဓာတ်အားလိုင်းနဲ့ လေရှီးမြို့ကို လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးလျက်ရှိပါတယ်။

အလားတူ လဟယ်မြို့ တောင်ဘက် တစ်မိုင်ခန့်အကွာမှာရှိတဲ့ ကျလွေချောင်းပေါ်မှာ တိုင်းဒေသကြီး အစိုးရအဖွဲ့အစီအစဉ်နဲ့ ကီလိုဝပ် ၁၅၀ ခန့်ရှိတဲ့ ကျလွေချောင်း ရေအားလျှပ်စစ်စီမံကိန်းကို ၂၀၁၅ ခုနှစ် ဇန်နဝါရီလမှာ စတင်အကောင်အထည်ဖော် တည်ဆောက်ခဲ့ပါတယ်။ ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၁၄ ရက်က နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ကိုယ်တိုင် တက်ရောက်ဖွင့်လှစ်ပေးခဲ့ပါတယ်။

ဒါ့အပြင် နန်းယွန်းမြို့ရဲ့ အနောက်တောင်ဘက် သုံးမိုင်ခန့် အကွာမှာရှိတဲ့ တိုင်းခမ်းချောင်းပေါ်မှာ လျှပ်စစ်ဓာတ်အား ကီလိုဝပ် ၉၀၀ ခန့်ထုတ်လုပ်နိုင်မှုကို လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက စူးစမ်းတိုင်းတာခဲ့ပါတယ်။ ဒါကြောင့် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့က ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလမှာစတင်ပြီး စီမံကိန်းလုပ်ငန်းတွေကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။

၂၀၁၅ ခုနှစ် ဧပြီလအတွင်း နိုင်ငံတော်သမ္မတရဲ့ ခန္တီးဒေသ ခရီးစဉ်မှာ လမ်းညွှန်မှာကြားချက်အရ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက ဧပြီလကနေ ဇွန်လအတွင်း ခန္တီးမြို့အနောက်မြောက်ဘက် ၂၂ မိုင်ခန့်အကွာ လဟယ်မြို့နယ်အတွင်းမှာရှိတဲ့ ဟုန်းညိုချောင်းအသေးစားရေအားအရင်းအမြစ်ကနေ ကီလိုဝပ် ၂၄၀၀ ထွက်ရှိမယ့် ဟုန်းညိုချောင်း အမှတ်(၁)နဲ့ ကီလိုဝပ် ၃၆၀၀ ထွက်ရှိမယ့် ဟုန်းညိုချောင်း အမှတ်(၂)တို့ ထွက်ရှိနိုင်မှုကို စူးစမ်းတိုင်းတာခဲ့ပါတယ်။

အခု ဟုန်းညိုချောင်း အမှတ်(၁) အသေးစား ရေအားလျှပ်စစ်စီမံကိန်းအတွက် ဒီဇိုင်းပုံစံတွေရေးဆွဲပြီး ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း အကောင်အထည်ဖော်နိုင်ရေးအတွက် ပြင်ဆင်ဆောင်ရွက်လျက်ရှိပါတယ်။ စီမံကိန်းပြီးရင် ထွက်ရှိလာမယ့် ဓာတ်အားကို ၃၃ ကေဗွီဓာတ်အားလိုင်းနဲ့ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအပါအဝင် စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးဒေသကို လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးသွားမှာ ဖြစ်ပါတယ်။

နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း မတူဂီချောင်းကနေ ကီလိုဝပ် ၁၅၀၊ ကျလွေချောင်းကနေ ကီလိုဝပ် ၁၅၀ နဲ့ လဟယ်ချောင်းကနေ ကီလိုဝပ် ၅၀ ထွက်ရှိတဲ့ အသေးစားရေအားလျှပ်စစ်စက်ရုံတွေကနေ လျှပ်စစ်ဓာတ်အား ကီလိုဝပ် ၃၅၀ ထုတ်လုပ်ဖြန့်ဖြူးပေးလျက် ရှိပါတယ်။

ဒါ့အပြင် တည်ဆောက်ဆဲ တိုင်းခမ်းချောင်းကနေ ကီလိုဝပ် ၉၀၀ နဲ့ ဟုန်းညိုချောင်း အမှတ်(၁)၊ (၂)ကနေ ကီလိုဝပ် ၆၀၀၀ ထုတ်ယူနိုင်မယ့် အသေးစားရေအားလျှပ်စစ်စီမံကိန်းတွေပြီးရင် လျှပ်စစ်ဓာတ်အား ကီလိုဝပ် ၆၉၀၀ ထုတ်ယူနိုင်မှာဖြစ်လို့ မကြာမီကာလမှာ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနဲ့ ခန္တီးဒေသကို စုစုပေါင်းကီလိုဝပ် ၇၂၅၀ ခန့် ထုတ်လုပ်ဖြန့်ဖြူးပေးနိုင်တော့မှာ ဖြစ်ပါတယ်။

ဒါတွေဟာ ပတ်ကွိုင်တောင်ကြောပေါ်က နာဂတောင်တန်းဒေသရဲ့ အလင်းတန်းများလို့ တင်စားရေးသားတင်ပြလိုက်ရပါတယ်။



လဟယ်မြို့နယ် ကျလွေချောင်း ရေအားလျှပ်စစ်စီမံကိန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေကို တွေ့ရစဉ်။

**■ ၂၄ နာရီ လျှပ်စစ်မီးရမှ ဘဝက အစစအရာရာပြည့်စုံသွားသလို ခံစားရပါတယ်။ မီးရတော့ သစ်တောပြုန်းတီးမှုနည်းသွားမှာဖြစ်တဲ့အတွက် အလွန်ဝမ်းသာပါတယ်။ အခု မီးရတော့ စလောင်းနဲ့ရုပ်သံလိုင်းတွေကို ကြည့်ရှုနိုင်ပါပြီ။ ဒါပေမယ့် အင်တာနက်လိုင်းမရသေးတော့ တစ်ခုခုလိုအပ်နေသလို ခံစားရပါတယ်။ အဲဒါလည်း မကြာခင် ရရှိမယ်လို့ မျှော်လင့်မိပါတယ်။**

**■ အသေးစားရေအားလျှပ်စစ်စီမံကိန်းတွေပြီးရင် လျှပ်စစ်ဓာတ်အား ကီလိုဝပ် ၆၉၀၀ ထုတ်ယူနိုင်မှာဖြစ်လို့ မကြာမီကာလမှာ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနဲ့ ခန္တီးဒေသကို စုစုပေါင်းကီလိုဝပ် ၇၂၅၀ ခန့် ထုတ်လုပ်ဖြန့်ဖြူးပေးနိုင်တော့မှာဖြစ်။**

❐ *ကျောဖုံးမှ*

လာရောက်ယှဉ်ပြိုင်သည့် ကင်ညာနိုင်ငံသား Joseph Gitau Kariuki က ပထမဆုအဖြစ် လေးကြိမ်မြောက် ဆွတ်ခူးရရှိခဲ့ပြီး ဒုတိယဆုနှင့် တတိယဆုတို့ကိုလည်း ကင်ညာနိုင်ငံမှ Bosuben Benard Kipkemoiနှင့် Nelson Kiptoo တို့က ရရှိခဲ့ကာ အဆိုပါ ၄၂ ဒသမ ၁၉၅ အမျိုးသမီး မာရသွန်တွင် ကင်ညာနိုင်ငံမှ ဆုသုံးဆုလုံး သိမ်းပိုက်ခဲ့သည်။ အလားတူ မာရသွန်တစ်ဝက် ၂၁ ကီလိုမီတာ တန်းပြိုင်ပွဲတွင် ကင်ညာနိုင်ငံမှ Valentine Jepkemoi Serem က ပထမ၊ ဒုတိယဆုကို မြန်မာနိုင်ငံမှ ချမ်းမြေ့နိုင်နှင့် တတိယဆုကို မလေးရှားနိုင်ငံမှ Mohd Syahidan Bin Aliaa တို့က ဆွတ်ခူးရရှိခဲ့သည်။ ထို့အပြင် အမျိုးသမီး မာရသွန်တစ်ဝက်တွင်လည်း ကင်ညာနိုင်ငံမှ Pamela Chepchumba က ပထမ၊ ဒုတိယဆုကို မြန်မာနိုင်ငံမှ စောမာလာနွယ်၊ တတိယဆုကို မြန်မာနိုင်ငံမှ နွေးနဒီစိုးတို့ကရရှိခဲ့ကာ အမျိုးသား ၁၀ ကီလိုမီတာတွင် ကင်ညာနိုင်ငံမှ Enock Kipchirchir နှင့် အမျိုးသမီး ၁၀ ကီလိုမီတာတွင် အမေရိကန်နိုင်ငံမှ Amarynth Sichel က ဆွတ်ခူးရရှိခဲ့သည်။

၂၁ ကီလိုမီတာတန်းတွင် ဒုတိယဆုရရှိခဲ့သည့် မြန်မာနိုင်ငံမှ ချမ်းမြေ့နိုင်ကလည်း "ကျွန်တော်က နေပြည်တော် Goal Camp က လာရောက်ယှဉ်ပြိုင်ကစားတာပါ။ ဒီနှစ်နဲ့ဆို ဝင်ရောက်ယှဉ်ပြိုင်တာ သုံးခါရှိပါပြီ။ အရင်နှစ်တွေကတော့ ၄၂ ကီလိုတန်းမှာ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပါတယ်။ ကျွန်တော် ဒီပြိုင်ပွဲမှာ အခက်အခဲတော့ သိပ်မရှိပါဘူး။ အနောက်ဥရောပသားတွေကိုတော့ မယှဉ်လိုက်နိုင်ခဲ့ပါဘူး။ ဒါပေမယ့် တတိယဆုရတဲ့ မလေးနိုင်ငံသားကိုတော့ ကောင်းကောင်းပဲ ကျော်ဖြတ်နိုင်ခဲ့ပါတယ်။ အဲဒါကြောင့်လည်း ဒီဆုကို ရရှိခဲ့တာပါ"ဟု ဆိုသည်။

အဆိုပါပြိုင်ပွဲတွင် ကျင်းပပြီးခဲ့သည့် ရိုးမ-ရန်ကုန်အပြည်ပြည်ဆိုင်ရာ မာရသွန်ပြိုင်ပွဲလေးခုအနက် ပြိုင်ပွဲဝင်အရေအတွက် အများဆုံးဖြစ်ပြီး ပြည်တွင်း ပြည်ပပြိုင်ပွဲဝင် အတန်းလိုက်အရေအတွက်မှာ ၄၂ ဒသမ ၁၉၅ ကီလိုမီတာတန်းတွင် မြန်မာနိုင်ငံသား ၃၁၉ ဦး၊ ပြည်ပနိုင်ငံများမှ ၁၁၃ ဦး၊ ၂၁ ကီလိုမီတာတန်းတွင် ပြည်တွင်းမှ ၉၇၁ ဦး၊ ပြည်ပနိုင်ငံများမှ ၂၃၁ ဦး၊ ၁၀ ကီလိုမီတာတန်းတွင် ပြည်တွင်းမှ ၁၆၄၁ ဦး၊ ပြည်ပမှ ၁၇၀ နှင့် ၃ ကီလိုမီတာတန်းတွင်ပြည်တွင်းမှ ၂၄၁၁ ဦးနှင့် ပြည်ပနိုင်ငံများမှ ၁၆၆ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့သဖြင့် ပြိုင်ပွဲဝင် စုစုပေါင်း ၆၀၀၀ ကျော်ခဲ့ကြောင်း သိရသည်။

ယင်းပြိုင်ပွဲဝင်ကီလိုတန်းအလိုက် အားကစားသမားများအား ဆုချီးမြှင့်ငွေမှာ ၄၂ ဒသမ ၁၉၅ ကီလိုမီတာတန်းတွင် ပထမဆုကို အမေရိကန်ဒေါ်လာ ၂၇၀၀၊ ဒုတိယဆု ၁၄၀၀၊ တတိယဆု ၉၀၀၊ မာရသွန်တစ်ဝက်ပြိုင်ပွဲတွင် ပထမ ၁၆၀၀၊ ဒုတိယ ၉၀၀၊ တတိယ ၅၀၀ နှင့် ၁၀ ကီလိုမီတာတန်းတွင် ပထမ ၈၀၀၊ ဒုတိယ ၄၀၀ နှင့် တတိယ ၂၅၀ တို့ကို ချီးမြှင့်ခဲ့သည်။




**၄၂ ဒသမ ၁၉၅ ကီလိုတန်းတွင် လေးနှစ်ဆက်တိုက် ပထမရခဲ့သည့် ကင်ညာနိုင်ငံသား ဂျိုးဆက်ပန်းဝင်ပြီးတွေ့ရစဉ်။**

# (၆၄)နှစ်မြောက် ကယားပြည်နယ်နေ့အထိမ်းအမှတ်ဘော်လီဘောအားကစားယှဉ်ပြိုင်



**လွိုင်ကော် ဇန်နဝါရီ ၁၇**

ကယားပြည်နယ် လွိုင်ကော်မြို့ ကယားပြည်နယ်နေ့ပွဲတော်အတွင်း၊ ကန္တာရဝတီ အားကစားကွင်းရှိ ဘော်လီဘောမိုးလုံလေလုံအားကစားရုံ၌ ဇန်နဝါရီ ၁၇ ရက် မွန်းတည့် ၁၂ နာရီက ဘော်လီဘောအားကစားပြိုင်ပွဲ ဗိုလ်လုပွဲ **(အပေါ်ပုံ)**နှင့် ဆုပေးပွဲအခမ်းအနားကျင်းပသည်။

အဆိုပါ ဘော်လီဘောအားကစားပြိုင်ပွဲကို အမျိုးသားအသင်း ၂၀ နှင့် အမျိုးသမီးအသင်းခြောက်သင်းတို့ ပါဝင်ယှဉ်ပြိုင်ကစားကြရာ ဗိုလ်လုပွဲသို့ အမျိုးသားအသင်းအနေဖြင့် လွိုင်ကော်တက္ကသိုလ် အသင်းနှင့် ကရင်နီအသင်းတို့ တက်ရောက်ယှဉ်ပြိုင်ကစားကြရာ ကရင်နီအသင်းကအနိုင်ရရှိပြီး ပထမဆုရရှိ၍ လွိုင်ကော်တက္ကသိုလ် အသင်းက ဒုတိယရရှိသည်။ အမျိုးသမီးအသင်းအနေဖြင့် ဒေါဆိုကလောအသင်းနှင့် ပန်ကန်းအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဒေါဆိုကလောအသင်းက အနိုင်ရရှိသွားပြီး ပထမရရှိကာ ပန်ကန်းအသင်းက ဒုတိယရရှိသွားသည်။

ပြိုင်ပွဲအပြီးတွင် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးချစ်လှက အမျိုးသားဘော်လီဘောပြိုင်ပွဲတွင် ပထမဆုရရှိသော ကရင်နီအသင်းနှင့် ဒုတိယဆုရရှိသော လွိုင်ကော်တက္ကသိုလ်အသင်းတို့ကို လည်းကောင်း၊ အမျိုးသမီးပြိုင်ပွဲတွင် ပထမဆုရရှိသော ဒေါဆိုကလောအသင်းနှင့် ဒုတိယဆုရရှိသော ပန်ကန်းအသင်းတို့ကို ဆုချီးမြှင့်၍ ကယားပြည်နယ်နေ့ အထိမ်းအမှတ်အားကစားပြိုင်ပွဲနှင့် ပျော်ပွဲရွှင်ပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌ လူမှုရေးဝန်ကြီး ဦးကိုးရယ်က ပထမဆုရရှိသော ကရင်နီအမျိုးသားအသင်းနှင့် ဒေါဆိုကလော အမျိုးသမီးအသင်းတို့အား ပထမဆုဖလား ချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။

**ကိုစိုင်း(လွိုင်ကော်)**

# ကလေးပျောက်ဆုံးမှုနှင့်ပတ်သက်၍ ပျဉ်းမနား၌ အသိပေးရှင်းလင်း

**ပျဉ်းမနား ဇန်နဝါရီ ၁၇**

နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့၌ ဇန်နဝါရီလပထမပတ်က လူမှုကွန်ရက်စာမျက်နှာတွင်ပါရှိသော ကျောင်းနေအရွယ်ကလေးများ ကျောင်းတက်နေစဉ် ကျောင်းမှ အိမ်သို့ပြန်လည်မရောက်ရှိဘဲ ပျောက်ဆုံးနေကြောင်း ကောလာဟလသတင်းများ ထွက်ပေါ်မှုအပေါ် အသိပေးရှင်းလင်းခြင်းကို ဇန်နဝါရီ ၁၇ ရက်နံနက် ၁၀ နာရီက ပျဉ်းမနားမြို့ အမှတ်(၁) စျေး၌ ကျင်းပသည်။

ပျဉ်းမနားမြို့မရဲစခန်းမှူး ဒုရဲမှူးတင်ဌေးက ပျဉ်းမနားမြို့မစျေးသည် မြို့လယ်ကောင်တွင်ရှိပြီး အထက(၂)၊ အထက(၁)နှင့် မနီးမဝေးတွင်ရှိ၍ ကျောင်းသား ကျောင်းသူများ၏ မိဘအများစုသည် စျေးတွင်းရှိ ဆိုင်ခန်းရှင်များ အများစုဖြစ်သောကြောင့် စျေးသို့လာရောက်၍ ရှင်းလင်းရခြင်းဖြစ်ကြောင်း၊ လူမှုကွန်ရက်စာမျက်နှာတွင်ပါရှိသော ကျောင်းနေကလေးများ နေ့စဉ်လိုလို ပျောက်ဆုံးနေသည်မှာ မဟုတ်မမှန် ကောလာဟလသာဖြစ်ကြောင်း၊ အကယ်၍ ကျောင်းနေအရွယ်ကလေးများ အိမ်သို့ ပြန်မလာဘဲပျောက်ဆုံးသည်ရှိပါက မိဘများအနေဖြင့် ရဲစခန်းသို့လာရောက်၍ လူပျောက်တိုင်ကြားအမှုဖွင့်လှစ်မည်ဖြစ်ကြောင်း၊ ယနေ့အထိရဲစခန်းသို့ မည်သူတစ်ဦးတစ်ယောက်မျှ လူပျောက်တိုင်ကြားအမှုဖွင့်လှစ်ခြင်းမရှိ၍ ကောလာဟလဖြစ်ပေါ်နေသော ကလေးများပျောက်ဆုံးနေသည်ဟု ထွက်ပေါ်နေသည့်သတင်းသည် လုံးဝမှန်ကန်မှုမရှိကြောင်း ပျဉ်းမနားမြို့မရဲစခန်းမှူး ဒုရဲမှူးတင်ဌေးကခိုင်လုံစွာ ရှင်းလင်းပြောကြားပေးခဲ့သည်။

**မင်းမင်းလတ်(မန်းတက္ကသိုလ်)**

# လှိုင်သာယာနှင့် ထန်းတပင်တို့၌ လယ်ကွက်ကို မြေကွက်အဖြစ် အကွက်ချရောင်းချမှုအရောင်းအဝယ်ကျဆင်း

**ရန်ကုန် ဇန်နဝါရီ ၁၇**

လှိုင်သာယာမြို့နယ်နှင့် ထန်းတပင်မြို့နယ်တို့၌ ၂၀၁၆ ခုနှစ် နှစ်ဆန်းပိုင်းမှစ၍ လယ်ကွက်များကို အကွက်ချရောင်းချနေသော မြေကွက်များသာမက ဝန်ထမ်းကြီးကွက်နှင့် ရပ်ကွက်/ကျေးရွာတို့ရှိ ဂရန်မြေကွက်များ သိသာစွာ အရောင်း/အဝယ်ကျဆင်းသွားရာ တစ်နေ့ တစ်နေ့ ဝယ်လက်ဆင်းလာနိုးဖြင့် မြေကွက်ရောင်းသူများ မျှော်နေရကြောင်း သိရသည်။

၂၀၁၅ ခုနှစ် ရွေးကောက်ပွဲပြီးဆုံးချိန်တွင် မြေကွက်များ အရောင်း/အဝယ်သွက်ခဲ့၍ ထန်းတပင်မြို့နယ်နှင့် အနောက်ပိုင်းတက္ကသိုလ်အနီးတစ်ဝိုက်ရှိ လယ်ကွက်များ **(ယာပုံ)** တစ်ဧကလျှင် ငွေကျပ်သိန်း ၃၅၀၊ ကားလမ်းနံဘေးဖြစ်ပါက ငွေကျပ်သိန်း ၇၅၀ ဖြင့် စျေးမာခဲ့သည်။ အောက်တိုဘာလဒုတိယပတ်မှစတင်၍ လယ်ကွက်များတွင် ပေ(၂၀×၆၀) အကွက်များ ဝယ်ယူမှုစတင်ကျဆင်းခဲ့သည့်နည်းတူ မြို့နယ်၊ ကျေးရွာများရှိ ဂရန်ပါရှိသော ပေ(၂၀×၆၀)၊ ပေ(၄၀×၆၀) မြေကွက် ရောင်း/ဝယ်မှု အေးလာသောကြောင့် မြေပွဲစားများ ယနေ့ထိ ပွဲစားခလိုင်းပျောက်သွားသည်မှာ သုံးလကျော်ပြီဖြစ်ကြောင်း မြေပွဲစားတို့က ဆိုသည်။

"အနောက်ပိုင်းတက္ကသိုလ်နံဘေးနဲ့ရှေ့မှာ ပေ(၂၀×၆၀) တစ်ကွက်ကို ၁၇ သိန်းနဲ့ရောင်းပါတယ်။ အေးမြို့ရွာအတွင်းပိုင်းတွေဆိုရင် ငါးသိန်း၊ ရှစ်သိန်း၊ ၁၀ သိန်းစျေးရှိပြီး ကားလမ်းနံဘေးဆိုရင် ၃၅ သိန်းရှိတယ်။ လက်ရှိပေါက်စျေးကို ပြောတာပါ။ ပြီးခဲ့တဲ့ ဩဂုတ်လကဆိုရင် ဒီစျေးနဲ့မရဘူး။ လုံးဝအရောင်း/ အဝယ်ကျသွားလို့ အံ့ဩနေကြတာ။ ရင်းနှီးမြှုပ်နှံထားတဲ့ ငွေပြန်ပေါ်လာရင်တော်ပါပြီ။ လယ်သမားဆီက တစ်ဆင့် ပြန်ဝယ်တုန်းက စျေးကောင်းပေးပြီးဝယ်ခဲ့တော့ အခုလိုအချိန်မှာ အမြတ်ရဖို့ထက် အရင်းပြန်ရဖို့ နေ့တိုင်းထိုင်ပြီးဝယ်လက်ကို မျှော်နေရတယ်"ဟု အနောက်ပိုင်းတက္ကသိုလ်အနီးတွင် မြေကွက်အရောင်း/အဝယ် လုပ်ကိုင်နေသူ အမျိုးသမီးတစ်ဦးက ပြောသည်။

လှိုင်သာယာနှင့် ထန်းတပင်တို့၌ လယ်သမားထံမှ လယ်မြေကိုဝယ်၍ မြေကွက်များရိုက်ကာ တစ်ဆင့် ပြန်လည်ရောင်းချခြင်း၊ လယ်သမားကိုယ်တိုင် အကွက်ဖော်၍ ပြန်လည်ရောင်းချခြင်း၊ ပလပ်မြေကို အကွက်ချ၍ ပြန်လည်ရောင်းချခြင်းတို့ကြောင့် လှိုင်သာယာနှင့် ထန်းတပင်မြို့နယ်တို့၌ မြေယာစျေးကစားမှုဖြင့် အရောင်း/အဝယ်သွက်ခဲ့ပြီး မြေယာအမှုများလည်း ဖြစ်ပွားခဲ့ကာ ယနေ့အချိန်တွင် ဝယ်သူထက် ရောင်းသူသာရှိသောကြောင့် မြေယာပြဿနာအရှုပ်အရှင်းများ တဖြည်းဖြည်းလျော့နည်းသွားခြင်းဖြင့် တရားဥပဒေစိုးမိုးရေးကို အထောက်အကူဖြစ်စေမည်ဖြစ်ကြောင်း မြေယာအသုံးချမှုဆိုင်ရာ စီမံခန့်ခွဲမှုဆိုင်ရာ ဆပ်ကော်မတီမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

**သန်းထိုက်(လှိုင်သာယာ)**



## ညအပူချိန်များ အနည်းငယ်တိုးလာနိုင်

**နေပြည်တော် ဇန်နဝါရီ ၁၇**

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်တို့တွင် ညအပူချိန်များ အနည်းငယ်တိုးလာနိုင်သည်။ နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့်ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။ မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။

**(မိုး/ဇလ)**

# ကလေးစာပေ ဖွံ့ဖြိုးတိုးတက်လာပြီဆိုရင် လူတော်လူကောင်းတွေဖြစ်အောင်လမ်းပြပေးနိုင်မယ်

## နိုဘယ် - မြန်မာ စာပေပွဲတော်မှ ရင်တွင်းပီတိစကားသံများ

❒ တွေ့ဆုံမေးမြန်း - ဝင်းဝင်းမော်၊ ဇော်ကြီး(ပဏ္ဍိတ)၊ ဓာတ်ပုံ - ဖေဇော်

**ရန်ကုန် ဇန်နဝါရီ ၁၇**

ကလေးစာပေ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရည်ရွယ်ကျင်းပသည့် နိုဘယ်-မြန်မာ စာပေပွဲတော်(၂၀၁၆) ကို ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် ရှင်စောပုလမ်းရှိ MYANMAR EVENT PARK တွင် ဇန်နဝါရီ ၁၆ ရက် နံနက် ၉ နာရီမှစတင်၍ သုံးရက်ကြာ ကျင်းပလျက်ရှိသည်။

အဆိုပါပွဲတွင် စာအုပ်ဆိုင် ၁၀၀ ကျော်က ရသစုံစာအုပ်စာပေများကို ရောင်းချနေသည့်အပြင် ရင်သွေးငယ်များအတွက် ကဗျာရွတ် စွမ်းရည်ပြိုင်ပွဲ၊ စာဖတ်စွမ်းရည်ပြိုင်ပွဲ၊



ဒေါက်တာခင်မောင်ညို

ပြည်တွင်း ပြည်ပ စာပေပညာရှင်တို့၏စာပေဟောပြောပွဲများ၊ စာရေးဆရာ၊ ကဗျာဆရာတို့၏ဝတ္ထု ဖတ်ပွဲ၊ ကဗျာဖတ်ပွဲများ၊ စာရေးဆရာ ဆရာမများ ပါဝင်သရုပ်ဆောင်ထားကြသည့် တေးသရုပ်ဖော် ဇာတ်လမ်းများ၊ အနုပညာရှင်များ၏ ဖျော်ဖြေခြင်း အစီအစဉ်များပါဝင်လျက်ရှိရာ ယင်းစာပေပွဲတော်နှင့်ပတ်သက်၍ စာရေးဆရာများ၊ စာပေဝါသနာရှင်များနှင့် ကျောင်းသား ကျောင်းသူများ၏ ရင်တွင်းပီတိစကားသံများကို ဖော်ပြပေးလိုက်ပါသည်။

**ဒေါက်တာခင်မောင်ညို**

နိုဘယ်-မြန်မာ စာပေပွဲတော်ဆိုတာက နိုဘယ်ဆုရတဲ့ စာပေပညာရှင်တွေရဲ့ စာအုပ်တွေကို ပြည်သူတွေ သတိပြုမိအောင် နိုဘယ်စာပေဆိုတာဘာလဲ၊ နိုဘယ်ဆုရအောင်ဘာတွေလုပ်ရလဲ၊ ဒီဆုက ငွေတွေအများကြီးပေးပြီး ကမ္ဘာသူကမ္ဘာသားတွေကို အကျိုးပြုမယ့် အကြောင်းအရာတွေကို ပြည်သူတွေသိအောင်ပြောပြချင်တာ။ နိုင်ငံရေးစာပေ၊ ရသစာပေ၊ သတင်းစာပေစတဲ့ စာပေမျိုးစုံပါဝင်တယ်။ ဒီမိုကရေစီအပြောင်းအလဲမှာ မနှစ်က နိုင်ငံရေးစာပေကို အလေးပေးပြီးတော့ စာပေပွဲတော်မှာဖော်ပြခဲ့တယ်။ ဒီနှစ်ကတော့ ကလေးစာပေကို အဓိကထားလုပ်ဆောင်မှာဖြစ်တယ်။ ကမ္ဘာ့အကြောင်းအရာတွေကိုရေးပြီး နိုဘယ်ဆုတွေရကြတာပါ။ မြန်မာပြည်က စာရေးဆရာတွေကလည်း မညံ့ကြပါဘူး။ တော်ကြတယ်။ အရှေ့တောင်အာရှစာပေမှာ ဆုရတာမတွေ့သေးဘူး။ စာပေဆုရနိုင်တဲ့ စာရေးဆရာတွေ အများကြီးရှိတယ်။ ဥပမာ-လူထုဦးလှတို့ရေးတဲ့ မူရင်းစာပေတွေဆိုရင် နိုဘယ်ဆုရတဲ့ စာပေတွေထက်တော့ မညံ့ဘူး။ အနည်းဆုံးမီတယ်။ လူထုဦးလှဆိုရင် ကလေးစာပေတွေ အဓိကထား လုပ်ဆောင်ခဲ့တယ်။ မြန်မာ့ရိုးရာစာပေတွေကို လုပ်ဆောင်ခဲ့တာကြောင့် နိုဘယ်ဆုနဲ့ထိုက်တန်တဲ့သူတွေဖြစ်တယ်။ အိန္ဒိယက တဂိုးတို့၊ အာရှတိုက်မှာ ဂျပန်က နိုဘယ်ဆုရတယ်။ မြန်မာပြည်မှာ ဒေါ်အောင်ဆန်းစုကြည်က Nobel




ဆရာဖေမြင့်

Peace Prize ငြိမ်းချမ်းရေးဆုရခဲ့တယ်။ မနှစ်က ငြိမ်းချမ်းရေးနဲ့ ပတ်သက်တဲ့ စာပေတော်တော်များများ တင်ပြခဲ့တယ်။ ဒီလိုနိုဘယ်ဆုရအောင်လို့ ကလေးတွေကို သင်ကြားပြုစုပျိုးထောင်ရမယ်။ ကလေးတွေကို စာဖတ်တဲ့အကျင့်က ကလေးဘဝ ကတည်းက စတင်ပြုစုပျိုးထောင်ရမယ်ဆိုတာကို အဓိကလုပ်ဆောင်ကြတဲ့ပွဲဖြစ်တယ်။ ကလေးစာပေတွေကို ကလေးတွေနဲ့ ထိုက်တန်တဲ့ပုံစံမျိုး မြန်မာတွေသိအောင် လုပ်ပေးသွားမယ်။ ပုံနှိပ်ထုတ်ဝေရာမှာလည်း ပုံစံအမျိုးမျိုးနဲ့ စဉ်းစားနေကြတယ်။ အရုပ်နည်းနည်း စာများများ၊ အရောင်စုံဖို့ ကလေးတွေဖတ်ချင်စဖွယ်ဖြစ်အောင် လုပ်ဆောင်ပေးမယ်။ စာအုပ်တွေက ဈေးကြီးလာတာကြောင့် တစ်ဖက်နဲ့တစ်ဖက်အကျိုးရှိအောင် အခြေအနေကောင်းတွေရအောင် ကြိုးစားနေပါတယ်။

**နိုဘယ်-မြန်မာ စာပေပွဲတော်**
**ကျင်းပရေးကော်မတီဥက္ကဋ္ဌ**
**ဆရာဖေမြင့်**

နိုဘယ်-မြန်မာ စာပေပွဲတော်ကို မနှစ်က ကျင်းပတဲ့ အခါမှာ နိုင်ငံရေးစာပေကိုအလေးပေးခဲ့ပြီး ဒီနှစ်ကတော့ ကလေးစာပေ ဖွံ့ဖြိုးတိုးတက်ရေးကို အထူးပြုပါတယ်။ တိုင်းပြည်မှာ လူငယ်တွေက အီလက်ထရွန်နစ်တွေနဲ့ အချိန်ကုန်နေကြတယ်။ စာမဖတ်ကြတော့ဘူးလို့ ပြောဆိုနေတဲ့ ကာလမှာ ကလေးတွေစာဖတ်ဖို့အတွက် ကလေးဘဝကတည်းက စာဖတ်ဝါသနာ ပြုစုပျိုးထောင်ပေးဖို့က အကောင်းဆုံးပဲ။ ကလေးစာပေတွေကို အစဉ်အဆက်ရေးသားကြတဲ့ စာရေးဆရာတွေက ကလေးတွေကိုယ်ကျင့်တရားကောင်းဖို့ ဒါကို အဓိကထားပြီး ဇောင်းပေးရေးလေ့ရှိတယ်။ အထူးသဖြင့် ပုံပြင်တွေနဲ့ ကလေးတွေသတ္တိရှိဖို့၊ အသိဉာဏ် ပညာကြွယ်ဝဖို့၊ လိမ္မာရေးခြားရှိဖို့၊ လောကကြီးမှာ အခြားကောင်းသောသူ မကောင်းသောသူတွေရှိတယ်ဆိုတဲ့ အနေအထားလေးကို မြင်အောင် အသိပေးလိုတဲ့ ရည်ရွယ်ချက်နဲ့ ရေးကြတာ။ အခုခေတ်မှာ ပုံပြင်ဇာတ်လမ်းတွေတင်မက သဘာဝ ပတ်ဝန်းကျင် လောကကြီးနဲ့ ပတ်သက်တဲ့ သိသင့်သိထိုက်တာတွေကို



ဦးတင်မောင်သန်း

စိတ်ဝင်တစား ရေးသားနေကြတာ တွေ့ရပါတယ်။

**ဦးတင်မောင်သန်း**
**(ရန်အောင်စာပေနှင့် ထုတ်ဝေသူ)**

မနှစ်က အတွေ့အကြုံအရဆိုရင် လူငယ်တွေ တော်တော်လာကြတယ်။ လူငယ်တွေစာဖတ်အားနည်းတယ်လို့ ပြောကြပေမယ့် ဒီလိုပွဲတွေကျင်းပပေးတဲ့အခါမှာ အများကြီးပဲလာကြတယ်။ ထုတ်ဝေသူနဲ့ ဖြန့်ချိသူ အနေနဲ့လည်း ဒုတိယအကြိမ်ကျင်းပတာ ဖြစ်ပါတယ်။ စာဖတ်သူတွေအတွက် ဒီလိုပွဲတွေ အများကြီးလုပ်ပေးဖို့ လိုအပ်ပါတယ်။ ဒါမှလည်း စာချစ်သူတွေ အများကြီးရောက်လာမှာပါ။ ဒီနှစ် ကျင်းပတဲ့နေရာက သွားလာရလွယ်ကူတဲ့နေရာဆိုတော့ စာပေချစ်သူတွေအနေနဲ့ အများကြီးလာမယ်လို့ မျှော်လင့်ထားပါတယ်။ လူငယ်အများစုကတော့ တက်ကျမ်းတွေ၊ ဘဝသရုပ်ဖော်စာပေတွေကိုကြိုက်ကြတယ်။ အခုပွဲကတော့ ကလေးသူငယ်တွေကို အဓိကထားပြီး စာပေဖွံ့ဖြိုးအောင် လုပ်တဲ့ပွဲဖြစ်ပါတယ်။ ဒီလိုပွဲမျိုးကို ရန်ကုန်မှာ တစ်နှစ်ကို နှစ်ကြိမ်လောက် လုပ်သင့်တယ်လို့ မြင်ပါတယ်။ လာရောက်တဲ့ ကလေးငယ်တွေအတွက်လည်း ဖျော်ဖြေပွဲနဲ့ ဗဟုသုတဖြစ်စေတဲ့ ပြဇာတ်တွေလည်း ထည့်သွင်းထားတဲ့အတွက် အများကြီး အကျိုးရှိမှာပါ။

**ဒေါ်နန်းအိအိဇာ**
**(သရဖူ မဂ္ဂဇင်း အယ်ဒီတာချုပ်)**

အန်တီက ဒီပွဲမှာ ပြန်ကြားရေးအနေနဲ့လည်းပါတယ်။ တေးသရုပ်ဖော်ကဏ္ဍမှာလည်း ပါဝင်ကပြမှာပါ။ မနှစ်တုန်းကတော့ ငြိမ်းချမ်းရေးအတွက်ဆိုပြီးလုပ်တယ်။ ဒီနှစ်က ကလေးစာပေ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရည်ရွယ်ပြီးလုပ်တဲ့ပွဲပါ။ ကလေးစာပေဆိုရင် လူကြီးတွေ စိတ်ဝင်စားမှုနည်းတယ်။ တကယ်ဆိုရင် ယနေ့လူငယ် နောင်ဝယ်လူကြီးဆိုတဲ့ စကားအတိုင်း နောင်မှာ တိုင်းပြည်အုပ်ချုပ်မယ့်သူတွေဖြစ်တဲ့အတွက် အသိဉာဏ်ဖွံ့ဖြိုးဖို့ လိုပါတယ်။ ဒါ့ကြောင့် သူတို့လေးတွေကို လူတော်လူကောင်းလေးတွေဖြစ်အောင် စာပေကတစ်ဆင့် လမ်းပြပေးနိုင်မယ်လို့ ယုံကြည်



ဒေါ်နန်းအိအိဇာ



ဆရာမ ဒေါ်နီနီဝင်း

တယ်။ ကလေးငယ်တွေကို အိပ်ရာဝင်ပုံပြင်လေးတွေ ဒါမှမဟုတ် စာပေကို များများဖတ်ချင်လာအောင် လုပ်ပေးပါလို့ အကြံပြုချင်ပါတယ်။

**မင်းချမ်းမွန် (စာရေးဆရာ)**

ဒီလိုပွဲမျိုးက ကျွန်တော်တို့နိုင်ငံမှာဖြစ်သင့်တာကြာပါပြီ။ ဘာကြောင့်လဲဆိုတော့ အထူးလိုအပ်ချက်တစ်ခုဖြစ်နေလို့ပါ။ ကျွန်တော်တို့ တိုင်းပြည်မှာ လိုအပ်နေတာ ကလေးစာပေတွေဖြစ်တယ်။ ပျောက်ဆုံးနေတာ နှစ်ပေါင်း ၅၀ လောက်ကြာခဲ့ပါပြီ။ အရင်စာပေပွဲတွေက လူကြီးတွေပဲ ပါဝင်တဲ့ပွဲဖြစ်တယ်။ အခုပွဲကတော့ ကလေးတွေအတွက် ဦးစားပေးစီစဉ်ထားတဲ့ ပွဲဖြစ်ပြီး သူတို့စိတ်ဝင်စားမယ့် အစီအစဉ်တွေလည်း ပါဝင်တဲ့အတွက် ထူးခြားတဲ့ ပွဲလေးဖြစ်ပါတယ်။ ဒီနေရာကို ရောက်လာရင် စိတ်ဒဏ်ရာရနေတဲ့ ကလေးတွေတောင် ပြန်လည်ရှင်သန်လာမယ့်ပွဲပါ။ အခုလိုမျိုး ကလေးတွေ အတွက် ပွဲတွေကိုများများလုပ်ပေးဖို့လိုတယ်။ ကျွန်တော်တို့လည်း တတ်စွမ်းသရွေ့ပါဝင် ဆောင်ရွက်သွားမှာပါ။

**မောင်ခေတ်ထွန်း**
**(ကလေးစာပေများရေးသားသူ)**

ကျွန်တော် စာပေရေးသားတဲ့အခါမှာ ကလေးတွေကို အဓိကထားပြီးရေးသားခဲ့တာ နှစ်ပေါင်း ၃၀ ကျော်ပါပြီ။ ငယ်စဉ်မှာကတည်းက စာပေကိုစိတ်ဝင်စားရင် လူတော်လူကောင်းလေးတွေ ဖြစ်စေလိုတဲ့စိတ်နဲ့ သူတို့လေးတွေအတွက် ရေးသားခဲ့တာပါ။ ကလေးစာပေက



မင်းချမ်းမွန်



မစုရတနာ

မြန်မာပြည်မှာအများကြီး လိုအပ်နေပါတယ်။ ငယ်ရွယ်စဉ်မှာ စာကောင်းပေမွန်တွေကို ရွေးပြီးဖတ်တတ်ဖို့ အရေးကြီးပါတယ်။ အခုလိုပွဲမျိုးတွေရှိတော့ ကလေးတွေ စာများများဖတ်လာလိမ့်မယ်။ တဖြည်းဖြည်းနဲ့ စာဖတ်အားကောင်းလာပြီး စာကောင်းပေမွန်တွေ ဖတ်လာရင် အတွေးအခေါ်တွေ ရင့်ကျက်လာပြီး တိုင်းပြည်အတွက်လည်း အများကြီး အကျိုးရှိလာမယ် ထင်ပါတယ်။

**ဆရာမ ဒေါ်နီနီဝင်း**
**(အလက-၈ လှိုင်)**

ဒီလိုပွဲမျိုးကို ကလေးတွေစိတ်ဝင်စားကြတယ်။ ကလေးစာပေလေးတွေလည်း အစုံတွေ့ရတော့ တော်တော်စိတ်ဝင်စားတာ တွေ့ရတယ်။ ဒီလိုပွဲမျိုးကိုမြင်ရတော့ အလွန်ဝမ်းသာတယ်။ ကလေးတွေဆိုရင် စာအုပ်တွေမြင်ပြီး စိတ်ဝင်တစားဖတ်ချင်နေကြတယ်။ အခုဆိုရင်ကလေးတွေက စာအုပ်တွေကို ဝယ်ချင်နေတယ်။ စာပေတွေအပေါ်မှာ သူတို့ဘယ်လောက် စိတ်ဝင်စားနေတယ်ဆိုတာကို မြင်ရတာနဲ့တင် စာဖတ်ရှိန်တွေ မြင့်လာလိမ့်မယ်လို့ ယုံကြည်ပါတယ်။ သူတို့လေးတွေရဲ့ ပုံစံကို မြင်ရတာနဲ့တင် ဒီပွဲရဲ့အပေါ်မှာ တန်ဖိုးဖြတ်လို့မရပါဘူး။ နောက်နောင်ကျရင် ဒီထက်ကောင်းတဲ့ ပွဲတွေဖြစ်လာမယ်လို့လည်း မျှော်လင့်ပါတယ်။

**မစုရတနာ (အလက-၈ လှိုင်)**

သမီးတို့က ဒီပွဲမှာစာအုပ်တွေကို လေ့လာရင်းနဲ့ ကဗျာလာပြိုင်တာပါ။ ပျော်ဖို့ကောင်းပါတယ်။



မောင်ခေတ်ထွန်း



ဝေယမုံဖူး

ဒီမှာစာအုပ်တွေ အမျိုးမျိုးတွေ့တော့ဖတ်ချင်စိတ် ပိုပေါက်လာတယ်။ သမီးကတော့ ကလေးပုံပြင်စာအုပ်တွေကြိုက်ပါတယ်။ အင်္ဂလိပ်စာကို ဘာသာပြန်ထားတဲ့ စာအုပ်ဆိုပိုကြိုက်ပါတယ်။ နောက်ရက်တွေကျရင် စာအုပ်တွေဝယ်ဖို့ လာဦးမှာပါ။

**ဝေယမုံဖူး (လာရောက်လေ့လာသူ)**

ဒီစာပေပွဲတော်ကြီးက ကြုံတောင့်ကြုံခဲပွဲတော်ကြီးပါ။ စာအုပ်တွေလည်းများတယ် ဈေးလည်းသက်သာလို့လာခဲ့တာပါ။ စာအုပ်တွေက တော်တော်စုံတယ်။ လူတန်းစားမရွေးလည်း ဖတ်နိုင်တဲ့ ဈေးနှုန်းတွေဖြစ်လို့ အများကြီးအားပေးဖြစ်ခဲ့ပါတယ်။ ထူးခြားမှုအနေနဲ့ကတော့ ဟိုတုန်းက စာအုပ်တွေတွေ့ခဲ့ရတာပါပဲ။ ဒီလိုပွဲတော်တွေများများလုပ်ပေးနိုင်ရင် မြန်မာပြည်သူတွေရဲ့ ဉာဏ်ပညာတိုးတက်မှုတွေ အများကြီးဖြစ်လာမှာပါ။

# အမြန်လမ်းပေါ်မှ အပြုံးရောင်နှလုံးသား လိုအပ်တဲ့အချိန်ဆက်သွယ်လိုက်ပါ

သတင်းဆောင်းပါး - မြင့်မြတ်သစ္စာ
ဓာတ်ပုံ- ဇွဲမာန်

**တောင်ငူ ပသီချောင်းမှထွက်လာချိန်သည် မွန်းလွဲ ၁ နာရီရှိပြီဖြစ်သည်။ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးသည် နေရောင်ခြည်၏အောက်တွင် တိတ်ဆိတ်ငြိမ်သက်လျက်ရှိပြီး မိုးကုတ်စက်ဝိုင်းထိ မြွေလိမ် မြွေကောက်ပမာ တွေ့မြင်နေရခြင်းကြောင့် စိတ်လက်ပေါ့ပါးစွာမောင်းနှင်ရန် တွန်းအားပေးနေသကဲ့သို့ရှိသည်။**

ရန်ကုန်သို့ပြန်သောခရီးစဉ်ဖြစ်၍ မိန်းကလေး သူငယ်ချင်းတစ်သိုက် လွတ်လပ်ပျော်ရွှင်စွာပြောဆိုရင်း ကားအတွင်း ရယ်မောသံတို့ ဖုံးလွှမ်းလျက်ရှိသည်။ ရာသီဥတုပူသော်လည်း ကားအတွင်းမှ လေအေးပေး စက်ကြောင့် နေသာထိုင်သာရှိပြီး (၁၁၅)မိုင် ယာဉ်ရပ်နားစခန်းသို့ရောက်မှသာ စားသောက်ကြရန် သူငယ်ချင်းများ တိုင်ပင်ထားကြသည်။



ရန်ကုန်-မန္တလေးအမြန်လမ်းပေါ်တွင် ယာဉ်တိမ်းမှောက်မှုဖြစ်ပွားစဉ်။

ကားကိုမိုင်နှုန်းမြင့်တင်မောင်းနှင်ခဲ့ရာမှ (၁၁၉) မိုင်အရောက်တွင် မော်ဒယ်မြင့်သော စူပါကာစတန် ကား၏ အင်ဂျင်အတွင်းမှ မီးခိုးများထွက်လာရာ ယာဉ်မောင်းသူ မိန်းကလေးက ထိတ်လန့်စွာဖြင့် ကား၏ အမြန်နှုန်းကိုလျှော့ချရင်း အော်ဟစ်နေသော သူငယ်ချင်းများကို ကားရပ်သည်နှင့် အမြန်ဆင်းရန် သတိပေးကာ အရှိန်ထိန်း၍ လမ်းဘေးသို့ ဆင်းရပ်လိုက်သည်။ ကားစက်ဖုံးရှေ့မှ အူ၍ထွက်နေသော မီးခိုးများက ကားကိုဆက်မောင်းရန် မဖြစ်နိုင်တော့ကြောင်း အသိပေးနေသလိုဖြစ်နေသည်။ နေအပူနှင့် လေပူ၏ဒဏ်ထက် ယာဉ်အန္တရာယ် မဖြစ်စေရန် မိန်းကလေးကိုးဦး လမ်းဘေးသို့ အမြန်ဆင်းကာ ကားနှင့် ခပ်လှမ်းလှမ်းမှစောင့်ကြည့်နေကြသည်။

ပတ်ဝန်းကျင်ကိုလှေ့လာကြည့်ရာ တောင်ကုန်းနှင့် တောတန်းတို့သာရှိပြီး လူသူအရိပ်အယောင်မမြင်ရ၍ အားလုံး စိုးရိမ်နေကြသည်။ ဖြတ်သန်းသွားသော ယာဉ်များက မီးခိုးအူနေသောကားကို ကြည့်သွားကြ၏။ မွန်းလွဲနေရောင်ခြည်အောက် အရိပ်မရှိသောကားလမ်းပေါ်တွင် မိန်းကလေးတစ်သိုက်မှာ နားခိုရာမဲ့၊ အကူအညီမဲ့လျက်ရှိရာ မည်သူ့ကို အကူအညီတောင်းခံရမှန်းမသိခြင်းကလည်း သူတို့၏စိုးရိမ်စိတ်ကို ပို၍ တွန်းအားပေးသလိုဖြစ်နေသည်။ လမ်းဘေးတွင် ထိုးရပ်ထားသောကားမှာ မီးခိုးများ ပို၍ထွက်လာရာ ကားတစ်စီးလုံးကို ဖုံးလွှမ်းနေသောကြောင့် ရန်ကုန်ရှိ မိဘများရှိရာအိမ်များသို့ အသီးသီးဖုန်းဆက်ကြသည်။

ရန်ကုန်နှင့် သုံးနာရီကြာ မောင်းအားရှိသည့်အတွက် အားမငယ်ရန် မိဘများက ဖုန်းဖြင့်အကြောင်းကြားပြီး အခက်အခဲဖြစ်ပါက (၁၁၅)မိုင် ယာဉ်ရပ်နားစခန်းတွင် အခမဲ့ကူညီဆောင်ရွက်ပေးနေသော ဖုန်းနံပါတ်တစ်ခုကိုအကူအညီတောင်းကြည့်ရန် မိဘတစ်ဦးက အကြံပြုသဖြင့် မမေဇင်ဖူးက ဖုန်းဖြင့်ဆက်သွယ်ခဲ့သည်။

"ဟုတ်ကဲ့. . . ဘာများကူညီပေးရမလဲ၊ အမြန်လမ်းပေါ်မှာ ဘာများအခက်အခဲရှိနေပါလဲ"ဟု ဖြေကြားသံကြားရသောအခါ အားလုံးဝမ်းသာရွှင်ပျလျက် ဖြစ်စဉ်ကို အကျဉ်းချုံးရှင်းပြရာ "ကျွန်တော်တို့ချက်ချင်း ထွက်လာပါမယ်" ဟု အကြောင်းပြန်သည့်အတွက် မိန်းကလေးတစ်သိုက်၏ စိုးရိမ်သောက ရင်တွင်းအပူတို့မှာ အမြန်လမ်းမကြီးပေါ်တွင် တိုက်ခတ်နေသော လေနှင့်အတူ လွင့်ပါသွားရတော့သည်။

(၁၁၉)မိုင်သို့ ၁၅ မိနစ်အတွင်းရောက်ရှိလာသော အကူအညီပေးမည့်ကားကိုကြည့်၍ သူတို့အားလုံး အံ့သြသွားရသည်။ ကုမ္ပဏီလည်းမဟုတ်၊ အဖွဲ့အစည်းလည်း မဟုတ်၊ ဝန်ဆောင်မှုသီးသန့်ပေးသော စင်တာလည်း မဟုတ်ဘဲ လူမှုရေးအကူအညီပေးသည့် ပရဟိတအဖွဲ့ ဖြစ်သောကြောင့်ဖြစ်သည်။ (၁၁၅)မိုင်မှ ကိုဇော်မိုး ဦးဆောင်သောအဖွဲ့က လူငယ်ငါးဦးဖြင့် ရောက်ရှိလာခြင်းဖြစ်ပြီး နေ့ပိုင်းဖြစ်၍ ညပိုင်းကူညီဆောင်ရွက်ပေးရခြင်းထက် လုပ်ငန်းပို၍ တွင်ကျယ်မြန်ဆန်မည်ကို သုံးသပ်မိသောကြောင့်ဖြစ်သည်။

ကားကိုစစ်ဆေးကြည့်ရာ မီးခိုးမဟုတ်ဘဲ အင်ဂျင်အပူလွန်ခြင်း၊ ကားရေတိုင်ကီ ရေခန်းသွားခြင်းတို့ဖြစ်ကြောင်းရှင်းပြပြီး ညနေ ၃နာရီရှိပြီဖြစ်၍ ၁၁၅ မိုင်တွင် ခေတ္တနားကာ ညနေ ၆ နာရီတွင် (၁၁၅)မိုင်သို့ ဝင်လာမည့် မှန်လုံအမြန်ယာဉ် မန္တလာမင်းဖြင့် ရန်ကုန်သို့ ပြန်နိုင်စေရန် စီစဉ်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ ကားကိုလည်းဖြူးမြို့မှ ကရိန်းကားခေါ်၍ ဝပ်ရှော့တွင် အပ်ပေးကာ ကားပြင်ဆင်မှုပြီးစီးပါက အကြောင်းကြားဆက်သွယ်ပေးမည်ဖြစ်ကြောင်း ပြောကြားပြီး စ၊ လယ်၊ ဆုံး ကူညီပေးခဲ့ရာ ရန်ကုန်သူပျိုမေတစ်သိုက်မှာ နှလုံးပီတိဝမ်းဆီထိသည့်ပမာ ပြုံးရွှင်လျက် မိဘများထံချောမောစွာ ပြန်လာမည်ဖြစ်ကြောင်း အသိပေးနိုင်ခဲ့ပါသည်။

အမြန်လမ်းမကြီးသည် ရန်ကုန်-မန္တလေးခရီးကို အမြန်ဆုံးရောက်ရှိရန် ဖောက်လုပ်ထားခြင်းဖြစ်သည့်အပြင် မြန်မာပြည်အလယ်ပိုင်းနှင့်အောက်ပိုင်းအတွက် အရေးပါသော လမ်းမကြီးအဖြစ် ဝင့်ထည်စွာတည်ရှိနေပါသည်။ အမြန်လမ်းဖြစ်၍ လူပြတ်သည်။ သတ်မှတ်ထားသောနေရာမှတစ်ပါး ခေတ္တနားခိုရန်နေရာ ရှားပါးသည်။ ကျွဲ၊ နွားလည်းဖြတ်သည်။ ရွာနှင့်နီးသောနေရာအချို့တွင် လူနှင့်တိရစ္ဆာန်ကို နေ့ရော ညပါ ဂရုစိုက်မောင်းနှင်ရတတ်သည်။ ယာဉ်အန္တရာယ်ကြုံတွေ့ပါက သွားရောက်ကူညီရန် ခက်ခဲနေတတ်သည်။

(၁၁၅)မိုင်မှ ကိုဇော်မိုးတို့ ပရဟိတအဖွဲ့လေးမှာ အခကြေးငွေတစ်ပြားတစ်ချပ်မှမယူဘဲ ကူညီဆောင်ရွက်ပေးနေသည်မှာ ၂၀၁၀ ပြည့်နှစ်မှ ယနေ့အထိဟု ဆိုပါသည်။ "ကျွန်တော်တို့စပြီး အမြန်လမ်းမှာ ကူညီခွင့်ရခဲ့တာက မိုင်တိုင်(၁၂၀) မှာ ကားတိုက်မှုဖြစ်တာ ကနေစခဲ့တာပါ။ ကူညီဖို့ ပစ္စည်းကမပြည့်စုံဘူး။ ကရိန်းကားဆိုရင်လည်း ရန်ကုန်ကိုလှမ်းပြီး ခေါ်ရတာပါ။ ဖြူး၊ တောင်ငူ၊ ညောင်ခြေထောက်ဆေးရုံတွေကို ဆိုင်ကကားအပါအဝင် အခြားကား၊ ထော်လာဂျီ အကူအညီ တောင်းပြီး ပို့ခဲ့ရတယ်။ ညပိုင်းယာဉ်အန္တရာယ်ဖြစ်ရင် လုပ်ရကိုင်ရတာခက်ခဲတတ်တယ်။ အဲဒီအချိန်က ရဲစခန်း၊ ကြက်ခြေနီရုံးလည်း နည်းသေးတယ်။ ကားရှေ့ဘီးကွဲပြီး လင်မယားနှစ်ယောက်လုံး ဆုံးသွားတယ်။ ကလေးတွေတော့ အန္တရာယ်ကင်းသွားတယ်။

"ကျွန်တော်တို့နိုင်ငံမှာ ကားမောင်းရင် ခါးပတ်ပတ်တာ ရှားတယ်။ ထူးခြားတာတစ်ခု ကြုံခဲ့တာက ပြိုင်ကားတစ်စီး အမြန်လမ်းမှာမှောက်တော့ ကားသာ ရစရာမရှိအောင် ပျက်စီးသွားတယ်။ ယာဉ်မောင်း ဘာမှမဖြစ်ဘူး။ သူခါးပတ် ပတ်ထားတဲ့အတွက် ဒဏ်ရာမရ ဘဲ အသက်ရှင်ခဲ့တယ်။ ယာဉ်အန္တရာယ်က လူကြောင့်၊ လမ်းကြောင့်၊ ရာသီဥတုနဲ့ စက်ကြောင့်၊ တိရစ္ဆာန်ကြောင့်ဖြစ်တတ်ပါတယ်။ အခုဆိုရင် ကြက်ခြေနီကပေးထားတဲ့ အထောက်အကူပြုပစ္စည်းလည်းရှိနေပါပြီ။ အရေးပေါ်အတွက် လူနာတင်ယာဉ်တစ်စီးထားဖို့လည်း စီစဉ်နေပါတယ်။ အမြန်လမ်းပေါ်မှာ ပြည်သူတွေ စိတ်အေးချမ်းသာစွာသွားလာနိုင်ပြီး အကူအညီလိုအပ်ရင်လည်း အချိန်မရွေး ကူညီဖို့အဆင်သင့်ပါ။ ကျွန်တော်တို့ ကူညီခဲ့တာများပါပြီ။ ဆက်ပြီး စေတနာမေတ္တာနဲ့ကူညီဖို့လည်း အသင့်ရှိနေပါတယ်" ဟု ပြုံးရွှင်စွာဖြင့် ပြောကြားသည်။

အမြန်လမ်းတွင် တန် ၅၀ နှင့်အထက်ကို ကိုင်တွယ်ဆောင်ရွက်နိုင်မည့် ကရိန်းယာဉ်များကို ဘောနက်ကြီး၊ (၁၁၅)မိုင်နှင့် နေပြည်တော် အစရှိသဖြင့် သင့်တော်သည့် နေရာများတွင် ထားရှိခြင်းဖြင့် အရေးပေါ် ဖြစ်ပေါ်လာပါက ရန်ကုန်မှလာမည့်ကရိန်းကို စောင့်ဆိုင်းနေရမှုကင်းဝေးသွားစေမည်ဖြစ်သည်။ တံတောင်ဆစ်ကွေ့များတွင် ကွန်ကရစ်လမ်းပေါ် ထပ်ပိုးကတ္တရာခင်းသည့်အတွက် မောင်းနှင်မှု အဆင်ပြေသွားကြောင်း၊ ယခင်က သတိထားမောင်းနှင်နေရသော (၃၄)မိုင် အကွေ့သည်လည်း အဆင်ပြေစွာသွားလာနိုင်ပြီဖြစ်ကြောင်း၊ (၂၄)မိုင်နှင့် သာဂရတွင် လမ်းပိုင်းဆိုင်ရာ အခက်အခဲရှိနေ၍ ထိုနေရာကိုပြင်ဆင်လျက် ထပ်ပိုးကတ္တရာခင်းရာတွင် တစ်နေရာတစ်ကွက်စီခင်းခြင်းထက် တစ်ခြမ်းကို ပြီးပြတ်စွာခင်းပေးခြင်းဖြင့် မောင်းနှင်သွားလာရသည်မှာ ပို၍အဆင်ပြေနိုင်ကြောင်း အမြန်လမ်းတွင် မောင်းနှင်နေသော မှန်လုံယာဉ်မောင်းတစ်ဦးက ဆိုသည်။ (၁၁၅) မိုင်ရှိ ယာဉ်ရပ်နားစခန်း အပါအဝင် ယာဉ်အသွားအလာများသည့် ရပ်နားစခန်းများနှင့် အဝေးပြေးဂိတ်အားလုံး၏ ဝင်ပေါက်၊ ထွက်ပေါက်များတွင် စီစီတီဗွီ တပ်ဆင်ခြင်းသည် ယာဉ်နှင့်လူအတွက် များစွာအထောက်အကူဖြစ်စေသည့်အပြင် အဝေးပြေးယာဉ်ရပ်နားစခန်းများအတွက် လုံခြုံမှုကို စိတ်ချစေမည်ဖြစ်သည်။

(၁၁၅)မိုင်တွင်ရှိသော ကိုဇော်မိုး ဦးဆောင်သည့်အဖွဲ့မှာ အမြန်လမ်းပေါ်တွင် ဒုက္ခရောက်နေသည့် မည်သူ့ကိုမဆို အခမဲ့ကူညီရန်အသင့်ရှိနေပြီး ခြောက်နှစ်တာအတွင်း အမြန်လမ်းပေါ်တွင် ခရီးသွားများ ကြုံတွေ့ရသောယာဉ်အန္တရာယ်နှင့် အခက်အခဲမျိုးစုံကို မြန်မာပြည်သားတစ်ယောက်၏ စိတ်ထား၊ အပြုံးရောင်နှလုံးသားဖြင့် ကူညီဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ လိုအပ်ပါက ဖုန်း-၀၉-၂၅၀၉၂၅၅၅၄၊ ၀၉-၂၅၀၉၂၅၅၅၈၊ ၀၉-၇၇၇၇၂၃၂၃၈ နှင့် ၀၉-၇၇၇၇၂၃၂၃၉ တို့ကို ခေါ်ဆိုလိုက်ပါက ၂၄ နာရီ ကူညီပေးရန် အသင့်ရှိနေပါကြောင်း ပြည်သူများထံ အသိပေးတင်ပြလိုက်ရပါသည်။

နိုင်ငံတကာအားကစား

# ရွှန်းနီ၏ တစ်လုံးတည်းသော သွင်းဂိုးဖြင့် မန်ယူတို့ လီဗာပူးကို အဝေးကွင်း၌အနိုင်ရ

အင်္ဂလိပ်ပရီမီယာလိဂ် ပွဲစဉ် (၂၂) လီဗာပူးနှင့် မန်ယူပွဲကို ဇန်နဝါရီ ၁၇ ရက် ညပိုင်းက ယှဉ်ပြိုင်ကစားရာ မန်ယူတို့က အဝေးကွင်း၌ ရွှန်းနီ၏ သွင်းဂိုးဖြင့်အနိုင်ရရှိခဲ့သည်။

နှစ်သင်းစလုံး အသင်းကြီးပီပီ အနိုင်ရရှိရေး ကြိုးစားခဲ့ရာ ပွဲမှာ အကြိတ်အနယ်ရှိခဲ့သည်။ ပထမပိုင်းတွင် နှစ်သင်းစလုံး ဂိုးသွင်းခွင့်များရရှိသော်လည်း ဂိုးမရခဲ့သဖြင့် ပထမပိုင်းမှာ သရေရလဒ်ဖြင့် ပြီးဆုံးခဲ့သည်။

ဒုတိယပိုင်းတွင် လီဗာပူးမှ အပိုင်ကန်သွင်းချက်များကို မန်ယူဂိုးသမား ဒီဂီယာ လက်စွမ်းပြကာကွယ်နိုင်မှုကြောင့် လီဗာပူးတို့ ဂိုးကံခေခဲ့သည်။ မန်ယူအသင်းဘက်မှ မာတာနှင့် ဒီပေးတို့ လူစားဝင်ရောက်ကစားခဲ့ပြီးနောက် မကြာမီ ပွဲချိန် ၇၈မိနစ်တွင် လီဗာပူးဂိုးရှေ့၌ ဖယ်လိုင်နီ၏ ခေါင်းတိုက်ချက်ဘောလုံးမှာ အပေါ်ဘားထိ၍ ပြန်ထွက်လာသည်ကို ရွှန်းနီက လှလှပပ ပိတ်သွင်းယူရာ လီဗာပူးဂိုးသမား မင်နိုလတ် မကာကွယ်နိုင်ဘဲ ဂိုးပေးခဲ့ရသည်။ ပွဲအပြီးတွင် မန်ယူတို့က လီဗာပူးကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။

ရွှန်းနီမှာ ပြိုင်ပွဲစုံ လေးပွဲဆက်တိုက် ဂိုးသွင်းယူနိုင်ပြီး ပရီမီယာလိဂ်တွင် အသင်းတစ်သင်းတည်းအတွက် ဂိုးအများဆုံး သွင်းယူမှုစံချိန်ကို ၁၇၆ ဂိုးဖြင့် စံချိန်ချိုးခဲ့သည်။ ယခင်စံချိန်ဟောင်းမှာ အာဆင်နယ်မှ အွန်နရီက ၁၇၅ ဂိုးဖြင့် စံချိန်တင်ထားခဲ့သည်။ ထို့အပြင် မန်ယူအသင်းအတွက် ပြိုင်ပွဲစုံ၌ ၂၄၉ ဂိုးဖြင့် ဂိုးအများဆုံး စံချိန်တင်ထားသည့် ဘော်ဘီချာလ်တန်၏ သွင်းဂိုးကို လိုက်မီရန် ခုနစ်ဂိုးသာ လိုတော့သည်။

ယခုပွဲအပြီး မန်ယူတို့က ရမှတ် ၃၇ မှတ်ဖြင့် အဆင့် ၅၌ ရပ်တည်နေပြီး လီဗာပူးတို့က ရမှတ် ၃၀ မှတ် ရရှိထားသည်။

သီဟ - ရေးသည်




မန်ယူအတွက် အနိုင်ဂိုးကို တိုက်စစ်မှူး ရွှန်းနီ လီဗာပူးဘက်သို့ ကန်သွင်းယူစဉ်။

## မဘိမ်းမြို့နယ်၌ စိတ်ကြွရူးသွပ်ဆေးပြားနှင့် ဘိန်းဖြူဖမ်းဆီးရမိ

**မဘိမ်း ဇန်နဝါရီ ၁၇**

ရှမ်းပြည်နယ် မိုးမိတ်ခရိုင် မဘိမ်းမြို့နယ် ရမ်းဘိုကျေးရွာ ဒေသအခေါ် မိုးမှောင်ကျ၌ စိတ်ကြွရူးသွပ်ဆေးပြား ၄၄၀၀၀ နှင့် ဘိန်းဖြူ ၂၇၀ ဂရမ်တို့ကို ဇန်နဝါရီ ၁၆ ရက် မွန်းတည့် ၁၂ နာရီက ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မဘိမ်းမြို့မရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ရဲအုပ်ဗိုလ်ဌေးနှင့် ဦးစီးတပ်ဖွဲ့ဝင်များသည် ရမ်းဘိုကျေးရွာ ဒေသအခေါ် မိုးမှောင်ကျရှိ ခင်မောင်ဝင်း၏ နေအိမ်ဈေးဆိုင်ကို ဝင်ရောက်ရှာဖွေရာ ဘိန်းမည်း ၁၇၇၀ ဂရမ်၊ ဘိန်းဖြူ စုစုပေါင်း အလေးချိန် ၂၇၀ ဂရမ်နှင့် စိတ်ကြွရူးသွပ်ဆေးပြား ၄၄၀၀၀၊ မူးယစ်ဆေးဝါးများ၏ စုစုပေါင်း ကာလတန်ဖိုး ငွေကျပ် ၉၄၂၇၆၀၀၀ တို့ကို ရှာဖွေတွေ့ရှိသိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

အဆိုပါ မူးယစ်ဆေးဝါးများ ရောင်းချရန် လက်ဝယ်ထားရှိသူ ခင်မောင်ဝင်း (၅၄ နှစ်) စီတက်ကျေးရွာ မိုးမောက်မြို့နယ် နေသူကို မဘိမ်းမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)



## ကသာမြို့နယ်နှင့်ထီးချိုင့်မြို့နယ်တို့၌ တရားမဝင်ကျွန်းသစ်နှင့်ကျွန်းခွဲသားများ ဖမ်းဆီးရမိ

**ကသာ ဇန်နဝါရီ ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကသာမြို့ အမှတ် (၁၀)ရပ်ကွက်၌ တရားမဝင်ကျွန်းခွဲသားများ ဖမ်းမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇန်နဝါရီ ၁၇ ရက် နံနက် ၂ နာရီခွဲက ကသာရဲစခန်းမှ နယ်ထိန်း ဒုရဲအုပ်ချစ်ဝင်းလတ်နှင့်အဖွဲ့သည် ကသာမြို့အမှတ်(၁၀)ရပ်ကွက်ရှိ ဧရာဝတီမြစ်ဆိပ်ကမ်း၌ တရားမဝင်ကျွန်းခွဲသားများကို ရေယာဉ်ပေါ်သို့ တင်ဆောင်နေကြောင်း သိရ၍ သွားရောက်စစ်ဆေးရာ ရွှေမြန်သစ် သံခွဲသင်္ဘောတွဲပေါ်မှ တရားမဝင်ကျွန်းခွဲသားအတုံး ဆိုက်စုံ ၂၇ တုံး၊ ၁ ဒသမ ၅၈ တန်၊ သံခွဲသင်္ဘောတွဲအနီးမှ တရားမဝင် ကျွန်းခွဲသား ဆိုက်စုံ ၂၆ တုံး၊ ၀ ဒသမ ၇၂၈၄ တန်တို့ကို ပိုင်ရှင်သိန်းထွန်း၊ ဝင်းရွှေ၊ ရန်အောင်တို့နှင့်အတူ စစ်ဆေးတွေ့ရှိရသဖြင့် ဒုရဲအုပ်ချစ် ဝင်းလတ်က တရားလိုပြုလုပ်ကာ တိုင်ကြားသည်။



သို့ဖြစ်၍ တရားမဝင်ကျွန်းခွဲသားများ လက်ဝယ်ထားရှိသူ သိန်းထွန်း (၃၆ နှစ်) ရေပုတ်ကျေးရွာ ကသာမြို့နယ်၊ ဝင်းရွှေ (၅၀ နှစ်) သရက်တပင်ရွာ ပုသိမ်ကြီးမြို့နယ်၊ ရန်အောင် (၁၉ နှစ်) အမှတ် (၁၀) ရပ်ကွက် ကသာမြို့နေသူတို့အား ကသာရဲစခန်းက အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

အလားတူ ဇန်နဝါရီ ၁၆ ရက်က ထီးချိုင့်မြို့နယ်သစ်တောဦးစီးဌာနမှ တောအုပ်ကြီး ကျော်စိုးလွင်နှင့်အဖွဲ့သည် ထီးချိုင့်မြို့နယ်မောင်းကုန်းရွာ အနီးဟသ်ာကြီးဝိုင်းအတွင်းမင်းအောင်မောင်းနှင်ပြီး နောက်မှကျော်စွာလိုက်ပါလာသော ခြောက်ဘီးယာဉ်ပေါ်၌ တရားမဝင်ကျွန်းသစ်ဆိုက်စုံ ၁၀ လုံး၊ ၄ ဒသမ၀၈၄ တန်ကို စစ်ဆေးတွေ့ရှိရမိကြောင်း သိရသည်။

သို့ဖြစ်၍ တရားမဝင်ကျွန်းသစ်ခွဲသားများ လက်ဝယ်ထားရှိသူ မင်းအောင် (၄၂ နှစ်) အုတ်ဆုံကျေးရွာ ထီးချိုင့်မြို့နယ်နေသူနှင့် ကျော်စွာ (၂၄နှစ်) အုတ်ဆုံကျေးရွာ ထီးချိုင့်မြို့နယ်နေသူတို့ နှစ်ဦးကို အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**လူအောင်(ကသာ)**

ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ စိတ်ချမ်းသာ

## စက်ဘီးနှင့် ဆိုင်ကယ်တိုက်မိ၊ စက်ဘီးစီးလာသူသေဆုံး

**ကသာ ဇန်နဝါရီ ၁၇**

ကသာမြို့နယ် ကသာ-ဗန်းမော် ကားလမ်းမိုင်တိုင် ၁၃ မိုင် ၂ ဖာလုံ၌ ဇန်နဝါရီ ၁၆ ရက်က ယာဉ်တိုက်မှုဖြစ်ပွားခဲ့ပြီး လူတစ်ဦးဒဏ်ရာများဖြင့် သေဆုံးနေကြောင်း ကသာခရိုင်ရဲစခန်းမှ သိရသည်။

ဖြစ်စဉ်မှာ ကသာ-ဗန်းမော်ကားလမ်းအတိုင်း တောင်မှမြောက်သို့ ကသာမြို့နယ် ချောင်းဝကျေးရွာအုပ်စု ထင်းကားကျေးရွာနေ ဦးကွမ်ထပ်နော်လောန် (၇၅နှစ်) စီးနင်းလာသော စက်ဘီးကို မျက်နှာချင်းဆိုင်က ယာဉ်မောင်း. . . (ထွက်ပြေး-လိုက်လံစုံစမ်းဆဲ)မောင်းနှင်လာသည့် ဆိုင်ကယ်မှဝင်တိုက်မိခဲ့ရာ ဦးကွမ်ထပ်နော်လောန်တွင် ဒဏ်ရာများဖြင့်သေဆုံးခဲ့ကြောင်း သိရသည်။ ကသာမြို့မရဲစခန်းက ယာဉ်တိုက်မှု ကျူးလွန်ပြီးထွက်ပြေးနေသူကို အမြန်ဆုံးဖမ်းဆီးရမိရေးအတွက် စုံစမ်းလျက်ရှိကြောင်း သိရသည်။ **ဦးရဲ(ကသာ)**

## ၅၀၀၀ တန် ငွေစက္ကူအတုများ ကိုင်ဆောင်သူ ဖမ်းဆီးရမိ

**မြဝတီ ဇန်နဝါရီ ၁၇**

ကရင်ပြည်နယ် မြဝတီမြို့၌ ဇန်နဝါရီ ၁၆ ရက် မွန်းလွဲ ၂ နာရီက ထိုင်းနိုင်ငံဘက်ခြမ်းမှ ငွေစက္ကူအတုများယူလာသူတစ်ဦးအား မြန်မာနိုင်ငံ မြဝတီမြို့အတွင်း၌ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**

ဖြစ်စဉ်မှာ အမှတ် (၁၀) မှုခင်းရဲတပ်ဖွဲ့စုမှ ဒုရဲမှူးမင်းဇော်နှင့်အဖွဲ့သည် မွန်းလွဲ ၂ နာရီက အမှတ်(၈)ကင်းစခန်းအနီး၌ ၅၀၀၀ တန် မြန်မာငွေစက္ကူအတုများဖြင့် လိုက်လံဈေးဝယ်နေသူ တေဇာလှိုင်(၃၅ နှစ်)ကို တွေ့ရှိရပြီး ၎င်းအားရှာဖွေရာ ၅၀၀၀ ကျပ်တန်မြန်မာငွေစက္ကူအတု ၃၈ ရွက်ကိုတွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် မြဝတီမြို့မရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **တင်ဝင်းလှိုင်(ကော့ကရိတ်)**




မိတ်ဟောင်းမိတ်သစ်များအားကြိုဆိုလျက်
ယုဇနပလာဇာအနီး
တာမွေဆိုင်ခွဲ
စိန်ရွှေရတနာဆိုင်
ဇန်နဝါရီ (၂၈) တွင် ဖွင့်လှစ်ပါမည်။
No.294, ဗညားဒလလမ်း၊ ယုဇနပလာဇာအနီး၊
သီတာမှတ်တိုင်နှင့် အောင်မင်္ဂလာမှတ်တိုင်ကြား တာမွေမြို့နယ်။
Ph: 09-450000451, 09-450000452


## လိုက်လှဲစွာဝမ်းမြောက်ဂုဏ်ယူခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံး အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၁၆) ၄-၁-၂၀၁၆ဖြင့် အဂ္ဂမဟာသီရိသုဓမ္မဓဇောတိကဓဇ ဒေါက်တာကျော်စော (စာပန်းအိမ်ကိုယ်ပိုင် အထက်တန်းကျောင်း-ပြင်ဦးလွင်)၏ဇနီး **ဒေါ်မေမျိုးမြတ်**အား **သုဓမ္မသီင်္ဂီ** ဘွဲ့တံဆိပ်အား ထိုက်ထိုက်တန်တန် ချီးမြှင့်အပ်နှင်းခြင်းခံရသည့်အတွက် မိသားစုနှင့် ထပ်တူထပ်မျှ လိုက်လှဲစွာဂုဏ်ယူ ဝမ်းမြောက်မိပါသည်။

**ဦးမင်းညိုဦး(ကထိက၊ စစ်တက္ကသိုလ်၊ ပြင်ဦးလွင်မြို့)**
**ဒေါက်တာမြမြဝင်း(တွဲဖက်ပါမောက္ခ ရောဂါဗေဒဆရာဝန်၊ ဆေးတက္ကသိုလ်၊ မန္တလေး)**
**သားကြီး မောင်မင်းသုတ**
**သမီးငယ် မဆုရည်မွန်မိသားစု မန္တလေးမြို့**


ဆရာအာသာ SUCCESS Language Academy (မြို့လယ်ကျောင်း)
အမှတ်(၁၁၉)၊ Y.W.C.A ဘိုကလေးဈေးလမ်း၊ ဗိုလ်တထောင်၊ 202046, 392048

သူငယ်တန်းဖြေမှ (၉)တန်းဖြေကလေးများအတွက်
4-Skill English (Level 1 to 5)
Morning : 10 to 12 a.m.
Evening : 3 to 5 p.m.
Mon to Thurs (တစ်ပါတ် ၄ ရက်)
March 14 စပါမည်။
သင်တန်းကြေး-၆၀၀၀၀/
ကျောင်းကားစုံစမ်းနိုင်ပါသည်။

၈ တန်းအထောက်အကူပြု
(၆+၇)တန်း
ဖြေဆိုထားသူများအတွက်
Grammar + Communication ၄၀၀၀၀/
7:30 - 9 (Mon to Thurs) Mar 14
1 - 2:30 (Mon to Thurs) Mar 14

တက္ကသိုလ်ဝင်တန်းအထောက်အကူပြု
(၆+၇) တန်းဖြေ - Level 1
(၈+၉) တန်းဖြေ - Level 2
Letter Writing + Essay
7:30 - 10:30 (Sat+Sun) Mar 12
12 - 3:00 (Sat+Sun) Mar 12

လုပ်ငန်းခွင်ဝင်၊ နိုင်ငံခြားသွားလိုသူနှင့်အလုပ်ကောင်းရလိုသူများအတွက်

BASIC ENGLISH SPEAKING
1 - 2:30 (Mon ~ Thurs) 11 Jan
9 - 12:00 (Sat + Sun) 16 Jan
6 - 7:30 (Mon ~ Thurs) 18 Jan
7:30 - 9 (Mon ~ Thurs) 25 Jan

BASIC FOUR SKILLS ENGLISH
6 - 7:30 (Mon ~ Thurs) 11 Jan
7:30 - 9 (Mon ~ Thurs) 18 Jan
1 - 2:30 (Mon ~ Thurs) 18 Jan
10 - 12 (Mon ~ Thurs) 25 Jan

PRE-INTERMEDIATE (4-SKILL ENGLISH)
9 - 12:00 (Sat + Sun) 16 Jan
3:30 - 5 (Mon ~ Thurs) 18 Jan
12 - 3:00 (Sat + Sun) 23 Jan
10 - 12 (Mon ~ Thurs) 25 Jan

INTERMEDIATE (ACADEMIC ENGLISH)
1 - 2:30 (Mon ~ Thurs) 18 Jan
10-12:00 (Mon ~ Thurs) 25 Jan

VOCAB ENRICHMENT
10-11:30 (Mon ~ Thurs) 18 Jan

BASIC WRITING
12 - 3:00 (Sat + Sun) 16 Jan

BASIC GRAMMAR
1 - 4:00 (Sat + Sun) 16 Jan

INTERMEDIATE GRAMMAR
7:30 - 9 (Mon ~ Thurs) 11 Jan

IELTS (Four Skills)
1 - 3:30 (Mon ~ Thurs) 18 Jan
IELTS (Speaking)
7:30 - 9 (Mon ~ Thurs) 15 Feb
IELTS (Reading)
1 - 3:00 (Mon ~ Thurs) 11 Jan
IELTS (Writing)
7:30-10:30 (Sat + Sun) 23 Jan
IELTS (Grmmar)
10-11:30 (Mon ~ Thurs) 1 Feb

လှည်းတန်းကျောင်းခွဲ
ဦးထွန်းလင်းခြံလမ်း၊ အမှတ် ၅ (B-3) ဒုတိယထပ်၊ (လှဆန်းယဉ်တိုက်)
Ph: 01-503472, 09 73001453, 09 30775232

BASIC ENGLISH SPEAKING
3:30 - 5 (Mon ~ Thurs) 18 Jan
7:30-10:30 (Sat + Sun) 23 Jan
12 - 3:00 (Sat + Sun) 23 Jan

PRE-INTERMEDIATE (4-SKILL ENGLISH)
7:30 - 9 (Mon ~ Thurs) 18 Jan
10-11:30 (Mon ~ Thurs) 25 Jan

BASIC GRAMMAR
7:30-10:30 (Sat + Sun) 23 Jan

BASIC FOUR SKILLS ENGLISH
7:30 - 9 (Mon ~ Thurs) 18 Jan
7:30-10:30 (Sat + Sun) 24 Jan
1 - 2:30 (Mon ~ Thurs) 25 Jan
3:30 - 5 (Mon ~ Thurs) 25 Jan

INTERMEDIATE (ACADEMIC ENGLISH)
12 - 3:00 (Sat + Sun) 16 Jan

IELTS (Preparation)
12:30-3:30 (Sat + Sun) 6 Feb

တက္ကသိုလ်ဝင်တန်းအထောက်အကူပြု
(၈+၉)တန်းဖြေထားသူများအတွက်
Letter Writing + Essay သင်တန်းများ ၄၀၀၀၀/
7:30-10:30 (Sat + Sun) 12 Mar
7:30-9:00 (Mon to Thurs) 14 Mar

၈ တန်းအထောက်အကူပြု
(၆+၇)တန်း
ဖြေဆိုထားသူများအတွက်
Grammar + Communication
12 - 3:00 (Sat + Sun)
March 12 စပါမည်။၄၀၀၀၀/

# ပိုက်ကျော်ခြင်းနှင့် ခြင်းလုံးခတ်ပြိုင်ပွဲများကျင်းပ

**မန္တလေး ဇန်နဝါရီ ၁၇**

မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ်ဥက္ကဋ္ဌဖလား ပိုက်ကျော်ခြင်းပြိုင်ပွဲ၊ မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌဖလားနှင့် Max Power ဖလား ဝိုင်းဖွဲ့ခြင်းလုံးခတ်ပြိုင်ပွဲ ဒုတိယနေ့ကို ယနေ့နံနက် ၈ နာရီတွင် မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် ဝေရောစနကျောက်စိမ်းစေတီတော်အနီးရှိ ခြင်းလုံးအားကစားရုံ၌ကျင်းပရာ အာရှခြင်းလုံးအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ ခြင်းလုံးအဖွဲ့ချုပ်တို့၏ ဥက္ကဋ္ဌ ဦးစိုးနိုင်၊ တာဝန်ရှိသူများနှင့် အားကစားဝါသနာရှင်များ လာရောက်ကြည့်ရှုအားပေးကြသည်။

ပြိုင်ပွဲကို မိုးလုံလေလုံအားကစားရုံပြင်ပ၌ ပထမဦးဆုံးအကြိမ်ကျင်းပခြင်းဖြစ်ပြီး ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် အမျိုးသားအလွတ်တန်း၊ အမျိုးသမီးအလွတ်တန်း၊ အမျိုးသားလူသစ်တန်းပွဲစဉ်များ **(ယာပုံ)**ကျင်းပပြီး ခြင်းလုံးပြိုင်ပွဲတွင် ၁၀ ပေါက်တန်း၊ အမျိုးသမီးလူသစ်တန်း၊ ခြင်းလုံးအတော့၊ စွမ်းရည်ပြ အလှခတ်ပွဲစဉ်များ ယှဉ်ပြိုင်သည်။

ပြိုင်ပွဲများကို ဇန်နဝါရီ ၂၀ ရက်အထိ နေ့စဉ်နံနက် ၈ နာရီတွင် စတင်ကျင်းပမည်ဖြစ်ကာ အားကစားဝါသနာရှင်များ အခမဲ့လာရောက် ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

**သတင်းနှင့် ဓာတ်ပုံ-ရန်စိုး**




■ *ကျောဖုံးမှ*

ချန်ပီယံလု စိန်ခေါ်ယှဉ်ပြိုင်ထိုးသတ်သည့်ပွဲတွင် ပွဲစသည်နှင့် လက်ရှိချန်ပီယံ ထွန်းထွန်းမင်းက ထုံးစံအတိုင်း ပြင်းထန်သည့် အောက်ခြေကန်ချက်များဖြင့် စောဂေါ်မူဒိုကို အခြေစဖြိုသည်။ မာဂုဏ်မြင့်သည်ဟု ပရိသတ်များမျှော်လင့်နေသည့် စောဂေါ်မူဒိုသည် ပါဝါပါသည့် ထွန်းထွန်းမင်း၏ ခြေကန်ချက်များကြောင့်ပင် အကြိမ်ကြိမ်ပြိုလဲခဲ့ကာ ပထမအချီ ၂ မိနစ် ၅၉ စက္ကန့်တွင် ထွန်းထွန်းမင်း၏ ညာဖြောင့်လက်သီးမိပြီး အနားတောင်းခဲ့ရသည်။ စောဂေါ်မူဒို နှစ်မိနစ် အနားတောင်းပြီး ဒုတိယအချီပွဲ ပြန်အတည်မှာပင် တစ်ဖက်ပြိုင်ဘက်၏ အားနည်းချက်ကို အခွင့်ကောင်းယူတတ်သည့် လက်ရှိချန်ပီယံ ထွန်းထွန်းမင်းသည် သူ၏ညာခြေကန်ချက်များဖြင့် တရစပ်ကန်ကြောက်ကာ ထုံးစံအတိုင်းတစ်ကိုယ်လုံးပစ်ဝင် ပွဲသိမ်းလိုက်သဖြင့် စောဂေါ်မူဒို ဘယ်လိုမှ ပြန်မထနိုင်တော့ဘဲ ဒုတိယအချီ ၃၃ စက္ကန့်မှာပင် အလဲထိုးဖြင့် အရှုံးပေးခဲ့ရသည်။

အဆိုပါ မြန်မာပြည်ချန်ပီယံ ရွှေခါးပတ်လုပွဲကြီးကို သုံးချီပွဲ နှစ်ပွဲ၊ လေးချီပွဲ နှစ်ပွဲနှင့်ငါးချီပွဲ ငါးပွဲ စုစုပေါင်း ပွဲစဉ်ကိုးပွဲ ပါဝင်ယှဉ်ပြိုင်ထိုးသတ်ခဲ့သည်။ သုံးချီပွဲများဖြစ်သည့် ကျော်စွာဝင်း(ယူနိုက်တက်)နှင့် ထွန်းမင်းနိုင် (ထွန်းထွန်းမင်း)တို့ ပွဲအနိုင်အရှုံးမရှိသရေကျခဲ့ပြီး ရှမ်းညီ (T & T) နှင့် နိုင်လင်းထွန်း (နဂါးမာန်) တို့ပွဲတွင် ရှမ်းညီကပထမအချီမှာပင် အောက်ခြေကန်ချက်များဖြင့် နိုင်လင်းထွန်းကို ဖြိုကာပွဲသိမ်းအနိုင်ယူခဲ့သည်။ လေးချီပွဲဖြစ်သည့် ကိုကိုအောင်(ထွန်းသွင်)နှင့် စောသူရိန် (သတ္တိ)တို့ပွဲသည်လည်း အရပ်အမောင်းမြင့်သည့် ကိုကိုအောင်က ပင့်လက်သီး၊ ဝိုက်လက်သီးတို့နှင့်အတူ ဒူးတိုက်ချက်များသုံးကာ တတိယအချီ ၁ မိနစ် ၃၄ စက္ကန့်တွင် အလဲထိုးဖြင့် အနိုင်ယူပွဲသိမ်းခဲ့ပြီး နေရူဘီ ( STL)နှင့် စိုးမောင်ဦး(ရတနာပုံ)တို့ပွဲ သရေဖြင့် ပြီးဆုံးခဲ့သည်။ ငါးချီစိန်ခေါ်ပွဲများဖြစ်သည့် မျိုးမာန်သစ်(STL)နှင့် ရန်တိုင်းကျော်(အလင်းရောင်)၊ စောသဲဦး (STL) နှင့် ကျားဗဟိန်း(အလင်းရောင်)၊ ရှမ်းကို(T & T)နှင့် ရဲတံခွန် (အဖြူရောင်သွေးသစ်) တို့ သရေကျခဲ့ပြီး ထွန်းလွင်မိုး (နဂါးမာန်)နှင့် ကျော်ဝင်းအောင် (အဖြူရောင်သွေးသစ်) တို့ပွဲတွင် ထွန်းလွင်မိုး၏ ပင့်ထောက်လက်သီးတို့ကို ရင်ဆိုင်နိုင်မှုစွမ်းအားမရှိသည့် ကျော်ဝင်းအောင် ပထမအချီမှာပင် အကြိမ်ကြိမ်လဲပြိုကာ သုံးကြိမ်အရေ အတွက်ခံရသဖြင့် ခုံဒိုင်ချုပ်က ထွန်းလွင်မိုးအား အလဲထိုးဖြင့် အနိုင်ပေးသည်။

နှစ်သစ်၏ မြန်မာပြည်ချန်ပီယံလုပွဲသို့ ပြည်တွင်းရိုးရာလက်ဝှေ့ဝါသနာရှင်များ လာရောက်ကြည့်ရှုမှု ပိုမိုများပြားသည့်အပြင် ရိုးရာလက်ဝှေ့ကို စိတ်ဝင်စားသည့် ပြည်ပနိုင်ငံခြားသားများလည်း လာရောက်အားပေးသဖြင့် သိမ်ဖြူရိုးရာလက်ဝှေ့အားကစားရုံတွင်း၌ ရုံပြည့်ရုံလျှံ ပရိသတ်များ စည်ကားများပြားခဲ့သည်။

## နေရာကွက်ကျားမိုးရွာနိုင်

**နေပြည်တော် ဇန်နဝါရီ ၁၇**

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနသတင်းထုတ်ပြန်ချက်အရ ဇန်နဝါရီ ၁၈ ရက်တွင် တနင်္သာရီတိုင်းဒေသကြီး၌ နေရာကွက်ကျားမိုးရွာနိုင်သည်။ ကရင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာမည်။

**(မြန်မာ့အလင်း)**

## ရွှေသတ္တုတူးဖော်ရေးကုမ္ပဏီအတွင်း၌ လုယက်မှုဖြစ်ပွား

**သပိတ်ကျင်း ဇန်နဝါရီ ၁၇**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် သပိတ်ကျင်းမြို့နယ် လိပ်ကျကျေးရွာအနီးရှိ မြန်မာရွှေတိုးမန်း ရွှေသတ္တုတူးဖော်ရေးကုမ္ပဏီအတွင်းသို့ ဇန်နဝါရီ ၁၄ ရက်က မျက်နှာဖုံးများဝတ်ဆင်ပြီး ဓားရှည်များကိုင်ဆောင်ထားသူ ၁၂ ဦးက ရွှေနှင့် အခြားပစ္စည်းမျိုးစုံတန်ဖိုးငွေကျပ် ၃၆ သိန်းကျော်ဖိုးခန့် လုယက်ယူဆောင်သွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ကုမ္ပဏီရုံးဝင်းရှိ ရုံးခန်းနှင့် အလုပ်သမားတဲနှစ်လုံးအတွင်း အလုပ်သမား ၁၂ ဦးခန့် အိပ်နေစဉ် ည ၁၁ နာရီခွဲခန့်တွင် ဓားရှည်များ ကိုင်ဆောင်ထားသူများ ရောက်ရှိလာပြီး ရွှေ(အရိုင်း)နှစ်ကျပ် ၁၂ ပဲခန့်နှင့် ငွေစက္ကူရောရာ ငွေကျပ် ၈၇၀၀၀၀၊ သားရေပိုက်ဆံအိတ်သုံးလုံး၊ ဟန်းဆက်မျိုးစုံရှစ်လုံး (ဆင်းကတ်ပါ)နှင့် ချော်ခဲအိတ်လေးအိတ် စုစုပေါင်း တန်ဖိုးငွေကျပ် ၃၆ သိန်းကျော်ဖိုးခန့် ယူဆောင်ပြီး ကုမ္ပဏီဝင်းအတွင်းရှိ ဆိုင်ကယ်များ စီးနင်းထွက်ပြေးသွားကြောင်း သိရသည်။

အဆိုပါလုယက်မှုနှင့်ပတ်သတ်ပြီး မြန်မာရွှေတိုးမန်းကုမ္ပဏီမန်နေဂျာ ဦးစိုးလှိုင်က ဇန်နဝါရီ ၁၅ ရက်တွင် သပိတ်ကျင်းမြို့မရဲစခန်း၌ အမှုဖွင့်တိုင်ကြားခဲ့ကြောင်း သိရသည်။

**စိုးနိုင်ဝင်း(သပိတ်ကျင်း)**

## စုလျားရစ်ပတ်ထိမ်းမြားမင်္ဂလာပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ သာစုအနောက်ရပ်ကွက်၊ ဦးဖိုးထူးလမ်း၊ အမှတ် (၁၀/၇ခ)နေ
ဦးသိန်းထွန်း-(ဒေါ်ခင်သန်းဖေ)တို့၏ သား

**မောင်အောင်မွန်ထွန်း**

**B.E (IT) (Technological University, Hmawbi)**

**M.Sc (Information Systems) (Nanyang Technological University, Singapore)**

**Analyst Programmer (Phillip Securities Ltd.Singapore)**

**နှင့်**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၉) ရပ်ကွက်၊ ညောင်ပင်လမ်း၊ အမှတ် ၂၅၁နေ
ဦးမင်းနေ-ဒေါ်မြမြဆွေတို့၏ သမီးကြီး

**မမင်းနေခြည်**

**B.E (IT) (Technological University, Hmawbi)**

**M.Tech (Software Engineering) (National University of Singapore, Singapore)**

**Application Consultant (National Computer Systems, Singapore)**

တို့၏ ၁၆-၁-၂၀၁၆ရက်(စနေနေ့)တွင် ရန်ကုန်မြို့ NOVOTELဟိုတယ်၌ ကျင်းပပြုလုပ်သည့် မင်္ဂလာညှော်ခံပွဲသို့ ကြွရောက်ချီးမြှင့်၍ စုလျားရစ်ပတ်လက်ထပ်ထိမ်းမြားမင်္ဂလာဆောင်နှင်းပေးပါသော ဗိုလ်မှူးချုပ်သန့်ဆွေ(ငြိမ်း)ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့စီးပွားရေးကော်ပိုရေးရှင်းနှင့်ဇနီး ဒေါ်ခင်ခင်လှအားလည်းကောင်း၊ မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်ထပ်လက်စွပ်ချီးမြှင့်ပေးပါသော ဦးဝေလွင်၊ ညွှန်ကြားရေးမှူး(ငြိမ်း)၊ စက်မှုဝန်ကြီးဌာနနှင့်ဇနီး ဒေါ်တင်သိန်းနွယ်အားလည်းကောင်း၊ မင်္ဂလာအခမ်းအနားသို့ ကြွရောက်ချီးမြှင့်ပေးပါသော ဌာနအသီးသီးမှအရာရှိကြီးများ၊ ဂုဏ်သရေရှိလူကြီးမင်းများ၊ ရပ်ဝေးရပ်နီးမှ လာရောက်ချီးမြှင့်ပေးပါသော ဆွေမျိုးမိတ်သင်္ဂဟများ၊ ချစ်သူငယ်ချင်းများအားလည်းကောင်း၊ လူကိုယ်တိုင်ကြွရောက်မချီးမြှင့်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့များချီးမြှင့်ပေးပို့သော ဂုဏ်သရေရှိလူကြီးမင်းများနှင့် မိတ်သင်္ဂဟများအားလည်းကောင်း၊ မင်္ဂလာဘိသေကအကျိုးတော်ဆောင် အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော ဦးရန်ပိုင်စိုးအားလည်းကောင်း၊ မင်္ဂလာပန်းကြဲပေးသော မစန္ဒီယဉ်ထွန်း၊ မသင်းနန္ဒာစိုး၊ မင်္ဂလာအောင်စံပယ်ပန်းကုံးကိုင်ဆောင်ပေးပါသော မအိသဥ္ဇာသန့်၊ မင်္ဂလာလက်စွပ်ဗန်းကိုင်ဆောင်ပေးပါသော မတင်နီလာဖြိုးတို့အားလည်းကောင်း၊ မင်္ဂလာပန်းခြင်း ကိုင်ဆောင်ပေးပါသော မောင်ဟိန်းစေညွှန်း၊ မောင်ရာပြည့်လွင်ဘုန်း၊ မချမ်းအိမ်စည်၊ မဖြူသဒ္ဒါပိုင်တို့အားလည်းကောင်း၊ သတို့သားအရံ မောင်အောင်ဖြိုးမင်း၊ မောင်သူရကောင်းစံ၊ သတို့သမီးအရံ မဝေလီစိုးဝင်း၊ မမိသဇင်ထွန်းတို့အားလည်းကောင်း၊ မေတ္တာဖြင့် လက်ဝတ်ရတနာဆင်မြန်းပေးပါသော မကလျာ(ပြည့်ဝေလျှံစိန်ရွှေရတနာဆိုင်)အားလည်းကောင်း၊ မိတ်ကပ်မထက်(Pop Soul)၊ မင်္ဂလာဝတ်စုံများ ဖန်တီးပေးပါသော ဒီဇိုင်နာ မင်းသက်စံ(Sweet & Smart)၊ မင်္ဂလာအခါတော်ပေးသီဆိုပေးပါသော နိုင်ငံကျော်အဆိုတော် ဒေါ်ရီရီသန့်၊ တေးသံသာများဖြင့် ဖျော်ဖြေပေးပါသော ဦးရန်ပိုင်စိုးနှင့် မြန်မာမှုတေးဂီတအဖွဲ့၊ မင်္ဂလာညှော်ခံပွဲနှင့် မင်္ဂလာဆွမ်းကျွေးပွဲတွင် မှတ်တမ်းတင်ဗီဒီယိုဓာတ်ပုံရိုက်ကူးပေးပါသော ကိုနိုင်နိုင်ထွန်း(Exposure)အဖွဲ့၊ မင်္ဂလာပန်းအလှဆင်မြန်းပေးပါသော မာမီကျော်နှင့် စားသောက်ဖွယ်ရာများ စီစဉ်ပေးပါသော NOVOTEL ဟိုတယ်မှ မန်နေဂျာနှင့် ဝန်ထမ်းများအားလည်းကောင်း၊ ၁၄-၁-၂၀၁၆ရက်(ကြာသပတေးနေ့)တွင် မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပေးပါသော ရန်ကုန်တိုင်းဒေသကြီး အနောက်ပိုင်းခရိုင် တရားသူကြီး ဦးစိုးသန့်အားလည်းကောင်း၊ ၁၄-၁-၂၀၁၆ရက်တွင် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် ကမ္ဘာအေးဘုရား၊ မိုးကုတ်ဆွမ်းစားဆောင်တွင် ကျင်းပပြုလုပ်သည့် မင်္ဂလာဦးဆွမ်းကျွေးပွဲသို့ ကြွရောက်ချီးမြှင့်ပေးပါသော ဂုဏ်သရေရှိလူကြီးမင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ မင်္ဂလာဦးဆွမ်းကျွေးနှင့် စုလျားရစ်ပတ်ထိမ်းမြားမင်္ဂလာပွဲ အောင်မြင်စွာကျင်းပပြုလုပ်နိုင်ရေးအတွက် စေတနာထက်သန်စွာဖြင့် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြပါသော နှစ်ဖက်ဆွေမျိုးမိတ်သင်္ဂဟများအားလုံးကို လှိုက်လှဲစွာ ဥပကာရတင်ရှိပါသည်။

**နှစ်ဖက်သော မိဘများနှင့်**
**မောင်အောင်မွန်ထွန်း-မမင်းနေခြည်**

## မြို့သစ်မြို့နယ်၌ မီးသတ်ယာဉ်တိမ်းမှောက်မှုဖြစ်ပွား

**မြို့သစ် ဇန်နဝါရီ ၁၇**

မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ် မကွေး-မြို့သစ်-နေပြည်တော် ကားလမ်း မိုင်တိုင်အမှတ် (၅၃/၀)နှင့် (၅၃/၁) အကြား တပ်ကုန်းကျေးရွာအုပ်စု ပေကံကုန်းကျေးရွာအနီး၌ ဇန်နဝါရီ ၁၆ ရက် မွန်းလွဲ ၂ နာရီခွဲက မီးသတ်ယာဉ်တစ်စီး တိမ်းမှောက်မှုဖြစ်ပွားခဲ့သည်။ **(အောက်ပုံ)**

မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ်လေးတိုင်စင်ကျေးရွာနယ်မြေ မီးသတ်စခန်းမှ ယာဉ်မောင်း ကျော်သက်ဦး (၂၄နှစ်)၏ ဘေးထိုင်ခုံတွင် အောင်ရဲခေါင်(၂၄ နှစ်)အားတင်ဆောင်၍ ဌာနပိုင်မော်တော်ယာဉ် အမှတ်1J/---- မီးသတ်ယာဉ်ကို မြို့သစ်မြို့သို့လေပေါင်ချိန်ရန်နှင့် မီးသတ်ရေဖြည့်ရန် မောင်းနှင်လာစဉ် မကွေးမြို့သစ်-နေပြည်တော် ကားလမ်း မိုင်တိုင်အမှတ် (၅၃/၀)နှင့်(၅၃/၁) အကြားအရောက်ယာဉ်၏ ရှေ့ဘီးနှင့်နောက်ဘီး နှစ်ဘီးလုံး ပေါက်ကာ ကားလမ်းမကြီး၏ ဝဲဘက်ခြမ်းသို့ တိမ်းမှောက်ခဲ့သည်။

ထိုသို့ တိမ်းမှောက်မှုကြောင့် ယာဉ်မောင်း ကျော်သက်ဦးတွင် (မစိုးရိမ်ရ)ဒဏ်ရာနှင့် အောင်ရဲခေါင်တွင် (စိုးရိမ်ရ)ဒဏ်ရာများရရှိသဖြင့် ဒဏ်ရာရရှိသူနှစ်ဦးအား မြို့သစ်ဆေးရုံသို့ ရဲဆေးစာဖြင့် ပို့ထားခဲ့ရာမှ နေပြည်တော် ခုတင် (၁၀၀၀)ဆေးရုံသို့ ချက်ချင်းလွှဲပြောင်းပေးခဲ့သော်လည်း အောင်ရဲခေါင်မှာ ရရှိဒဏ်ရာဖြင့် ညနေပိုင်းသေဆုံးသွားကြောင်း၊ ယာဉ်ပေါ့ဆစွာ မောင်းနှင်သူ ကျော်သက်ဦးအား မြို့သစ်မြို့မရဲစခန်းက စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သန်းနိုင်ဦး(ငဖဲ)**



# ရေး-ထားဝယ် မီးရထားလမ်းပိုင်း၌ တွဲဆိုင်းသစ်များ စတင်ပြေးဆွဲမည်



**မြစ်ငယ် ဇန်နဝါရီ ၁၇**

မြစ်ငယ်မြို့တွင် တည်ဆောက်လျက်ရှိသည့် လူစီးတွဲနှင့် ကုန်တွဲများအနက် BDTS ရိုးရိုးတန်းရထားတွဲဆိုင်းသစ်များ အဆင့်မြှင့်တင်ထားသော ရထားတွဲဆိုင်းသစ်များကို ရေး-ထားဝယ် လမ်းပိုင်းတွင် ဇန်နဝါရီ ၁၈ ရက်မှစ၍ စတင်ပြေးဆွဲသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ရိုးရိုး လူစီးတွဲ BDTS တွဲဆိုင်းသစ်များမှာ ခရီးသည် ၄၂ ဦး စီးနင်းလိုက်ပါနိုင်မည့် ဖိုင်ဘာထိုင်ခုံပါ အတွဲငါးတွဲဖြစ်ကြောင်း၊ အတွဲတိုင်းတွင် စတီးလ်ခုံ ရေလောင်းစနစ်ပါ သန့်စင်ခန်းများ ပါဝင်သည့်အပြင် အတွဲတိုင်းတွင် မီးမိန်းဘုတ် တစ်ခုစီလည်းပါရှိပြီး ခရီးသည်များ လက်ဆွဲအိတ်များတင်ဆောင်နိုင်ရန် စင်များလည်းပါရှိကြောင်း မြန်မာ့မီးရထားမှ ဒုတိယကြီးကြပ်ရေးမှူး(တွဲ) ဦးကြည်ဦးက ပြောသည်။ အဆင့်မြှင့်တင်ထားသော ရထားတွဲဆိုင်းများကို ရိုးရိုးတန်းခရီးသည် တစ်ဦးလျှင် ယခင်လက်မှတ်ခဖြစ်သော ငွေကျပ် ၁၉၅၀ နှုန်းဖြင့်သာ စီးနင်းနိုင်မည်ဖြစ်ကြောင်း သိရသည်။

ရေးမြို့မှထားဝယ်မြို့သို့ မီးရထားလမ်းခရီးမှာ ၁၀၁ မိုင်ရှိကြောင်း၊ ယခင်က ရေး-ထားဝယ်လမ်းပိုင်းတွင် လိုက်ပါစီးနင်းကြသော ခရီးသည်ဦးရေမှာ ပုံမှန်သာရှိခဲ့ရာမှ ယခုလို ရိုးရိုးလူစီးတွဲကိုပါ ခရီးသည်များအတွက် အဆင့်မြှင့်တင်ပြေးဆွဲပေးသည့်အတွက် ခရီးသည်များအနေဖြင့်သက်သောင့်သက်သာ၊ လွတ်လပ်ပေါ့ပါးစွာ စီးနင်းနိုင်မည်ဖြစ်၍ လိုက်ပါစီးနင်းကြသူ ယခင်ကထက်ပိုမိုများပြားလာရန် မျှော်လင့်ထားကြောင်း ၎င်းက ဆက်ပြောသည်။

မြန်မာ့မီးရထားသည် ရေး-ထားဝယ် လမ်းပိုင်းတွင် အဆန်(၁၇၅) နှင့် အစုန် (၁၇၆) ရိုးရိုးတန်းတွဲဆိုင်းသစ်များကို တပ်ဆင်ပြေးဆွဲသွားမည်ဖြစ်ပြီး ဇန်နဝါရီ ၁၈ ရက် နံနက် ၁၀ နာရီ ၂၅ မိနစ်တွင် ရေးဘူတာရုံမှ စတင်ထွက်ခွာပြီး ထားဝယ်ဘူတာရုံသို့ ည ၇ နာရီအချိန်တွင် ဆိုက်ရောက်မည့် ခရီးစဉ်တွင် စတင်ပြေးဆွဲမည်ဖြစ်ကြောင်း သိရသည်။

**နေမျိုးထွဋ်(ရေး)**

# ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများရွေးချယ်ရေး ဥပဒေ၊ နည်းဥပဒေရှင်းလင်း

**ကျောက်မဲ ဇန်နဝါရီ ၁၇**

ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲမြို့ မြို့ကျက်သရေဆောင်ခန်းမ၌ ဇန်နဝါရီ ၁၅ ရက် မွန်းလွဲ ၁ နာရီက ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများ ရွေးချယ်ရာတွင် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဘက်လိုက်မှုကင်းပြီး စိတ်တူကိုယ်တူ စည်းကမ်းနှင့်အညီ နေထိုင်သူကို အများပြည်သူများ အမြင်ရှင်းလင်းမှုရှိအောင် ရွေးချယ်နိုင်စေရန်ရည်ရွယ်၍ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ ရွေးချယ်ရေး ဥပဒေ၊ နည်းဥပဒေများ ရှင်းလင်းခြင်းနှင့် လက်တွေ့သရုပ်ပြ အခမ်းအနားကိုကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်လွင်က ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ လိုက်နာရမည့် စည်းကမ်းများ၊ စောင့်ထိန်းရမည့် ကျင့်ဝတ်များကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်ပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဝင်းခိုင်က ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ ရွေးချယ်ရေးဥပဒေ၊ နည်းဥပဒေများကို ရှင်းလင်းဆွေးနွေးကာ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြို့ဆောင်က ရပ်ကွက်/ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများရွေးချယ်ရာတွင် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ အဆင့်ဆင့်ရွေးချယ်ပုံကို ရှင်းလင်းကာ လျှို့ဝှက်စနစ်ဖြင့် မဲပေးရွေးချယ်ပုံကို လက်တွေ့သရုပ်ပြဆောင်ရွက်ပေးခဲ့သည်။

ထို့နောက် တက်ရောက်လာသူများ၏ မေးမြန်းသည်များကို တာဝန်ရှိသူများက ရှင်းလင်းဆွေးနွေးပေးခဲ့သည်။ အခမ်းအနားသို့ ကျောက်မဲမြို့နယ် မိုင်းငေါ့မြို့၊ မိုင်းလုံမြို့တို့ရှိ မြို့ပေါ်ရပ်ကွက်များ၊ ကျေးရွာအုပ်စုများမှ ကြီးကြပ်ရေးအဖွဲ့ဝင်များ၊ မြို့နယ်ကြီးကြပ်ရေးအဖွဲ့ဝင်များ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားနှင့်တစ်ဆက်တည်း ကျောက်မဲမြို့နယ် မိုင်းငေါ့မြို့၊ မိုင်းလုံမြို့တို့ရှိ အသက် ၉၀ နှင့် ၁၀၀ ကြားသက်ကြီးအဘိုးအဘွား ၃၉ ဦးအတွက် တစ်ဦးလျှင် ငွေကျပ် ၁၈၀၀၀ နှုန်းဖြင့် ပြည်နယ်အစိုးရက ထောက်ပံ့ငွေကျပ် ၆၈၄၀၀၀ ကို ကျောက်မဲမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ရပ်ကွက်/ကျေးရွာအုပ်စုများအလိုက် ပေးအပ်ခဲ့ကြောင်း သိရသည်။

**သိန်းသန်း(ကျောက်မဲ)**

# မူလတန်းနှင့်အလယ်တန်းတိုင်းဒေသကြီးအဆင့် အင်္ဂလိပ်စာနှင့် သင်္ချာစွမ်းရည်ပြိုင်ပွဲများကျင်းပ



**နေပြည်တော် ဇန်နဝါရီ ၁၇**

ပြည်ထောင်စု နယ်မြေ နေပြည်တော်တွင် တိုင်းဒေသကြီးအဆင့် အခြေခံပညာမူလတန်းနှင့် အလယ်တန်းအဆင့် အင်္ဂလိပ်စာနှင့် သင်္ချာစွမ်းရည်ပြိုင်ပွဲကို ဇန်နဝါရီ ၁၄ ရက် နံနက် ၉ နာရီက ဇမ္ဗူသီရိမြို့နယ် အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ နေပြည်တော် ပညာရေးညွှန်ကြားရေးမှူးရုံးမှ ညွှန်ကြားရေးမှူး ဦးစိုးဝင်းနှင့် ဇမ္ဗူသီရိမြို့နယ်ပညာရေးမှူး ဦးဝင်းဇော်တို့က သွားရောက်ကြည့်ရှု အားပေးကြသည်။ **(ယာပုံ)**

အဆိုပါပြိုင်ပွဲကို နေပြည်တော်အတွင်းရှိ အခြေခံပညာကျောင်းများမှ မြို့နယ်အဆင့်ပြိုင်ပွဲများတွင် ထူးချွန်ကျောင်းသား ကျောင်းသူများကို စိစစ်၍ ဝင်ရောက်ယှဉ်ပြိုင်စေခြင်းဖြစ်ကြောင်း၊ ယခုတိုင်းဒေသကြီးအဆင့် ပြိုင်ပွဲတွင် ပြည်ထောင်စုနယ်မြေအတွင်းရှိ မြို့နယ်ရှစ်မြို့နယ်မှ စတုတ္ထတန်း၊ပဉ္စမတန်း၊ ဆဋ္ဌမတန်း၊ သတ္တမတန်းနှင့် အဋ္ဌမတန်းတို့မှ အင်္ဂလိပ်စာထူးချွန်သူ ၈၀နှင့် သင်္ချာထူးချွန်သူ ၈၀ စုစုပေါင်း ၁၆၀ တို့ ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ဇန်နဝါရီ ၂၂ ရက်နှင့် ၂၃ ရက်တို့တွင် ရန်ကုန်တိုင်းဒေသကြီး၌ ကျင်းပမည့် ဗဟိုအဆင့်ပြိုင်ပွဲသို့ ထူးချွန်ကျောင်းသားကျောင်းသူများကို ရွေးချယ်စေလွှတ် ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

**ရွှေကုက္ကို**

# မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော် အောင်မြင်လျက်ရှိ

**အင်္ဂပူ ဇန်နဝါရီ ၁၇**

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် အင်္ဂပူမြို့နယ်၌ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်လျက်သည့် မြစိမ်းရောင်စီမံကိန်းဝင်ကျေးရွာ ၃၃ ရွာကို ကျေးရွာတစ်ရွာလျှင် ငွေကျပ်သိန်း ၃၀၀ ဖြင့် ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဘတ်ဂျက်ရန်ပုံငွေဖြင့် ငွေကျပ်သိန်း ၉၉၀၀ ထောက်ပံ့ပေးထားပြီး မြစိမ်းရောင်စီမံကိန်းဝင်ကျေးရွာများမှ ယနေ့အထိ အတိုးရငွေကျပ် သိန်း ၅၅၃ ဒသမ ၈ သိန်းရရှိပြီးဖြစ်ကြောင်းနှင့် စီမံကိန်းဝင်ကျေးရွာ ၃၃ ရွာမှ အိမ်ခြေ ၅၁၄၅ လုံး အိမ်ထောင်စု ၅၃၅၉ စု လူဦးရေ ၂၁၄၃၆ ဦးတို့သည် မြစိမ်းရောင်စီမံကိန်း၏ အသီးအပွင့်များဖြစ်သည့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်း၊ အရောင်းအဝယ်၊ ကုန်ထုတ်လုပ်ငန်းနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ဖြစ်ထွန်းတိုးတက်အောင်မြင်လျက်ရှိပြီး၊ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်လာကြောင်း သိရသည်။

**မောင်မောင်**

## သတင်းတိုများ

### ကြံခင်းမြို့၌ ပြည်သူ့ဝန်ဆောင်မှုရုံးဖွင့်

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် ကြံခင်းမြို့ ပြည်သူ့ဝန်ဆောင်မှုရုံး (OSS) ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီလဒုတိယပတ်က ဧရာဦးခန်းမ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဖြိုးမင်းထိုက်က ပြည်သူ့ဝန်ဆောင်မှုရုံး ဖွင့်လှစ်ရခြင်းရည်ရွယ်ချက်နှင့် ပြည်သူ့ဝန်ဆောင်မှုရုံးတွင် ပါဝင်သည့်ဌာနဆိုင်ရာများ၏ လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းပြောကြားသည်။ ကြံခင်းမြို့နယ်တွင် ပြည်သူများ၏ လိုအပ်ချက်များကို ဌာန ၁၀ ခုတို့ဖြင့် ပွင့်လင်းမြင်သာစွာ ဝန်ဆောင်မှုပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

### စိုက်ပျိုးရေးတက္ကသိုလ် (၉)ကြိမ်မြောက် စာတမ်းဖတ်ပွဲ ကျင်းပ

ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် (၉)ကြိမ်မြောက် စာတမ်းဖတ်ပွဲအခမ်းအနားကို ဇန်နဝါရီလဒုတိယပတ်က ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်စုဝေးခန်းမ၌ ကျင်းပရာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဒေါက်တာတင်ထွဋ်နှင့် ရေဆင်းစိုက်ပျိုးရေး တက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာမျိုးကြွယ်တို့က အမှာစကားပြောကြားသည်။

ထို့နောက် စာတမ်းရှင်များက မိမိတို့တင်သွင်းထားသော စာတမ်းများဆက်လက်ဖတ်ကြားပြီး တက်ရောက်လာကြသော ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက မိမိတို့သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြပြီး စာတမ်းရှင်များက ပြန်လည်ဖြေကြားခဲ့ကြကြောင်း သိရသည်။

**မေမိုးသဲ**

### ဆိတ်ညံ့မြစ်ရေတင်ဖြင့် စိုက်ပျိုးသော မိုးစပါးများ ရိတ်သိမ်း

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ်၌ ဧရာဝတီမြစ်မှ ဆိတ်ညံ့လျှပ်စစ်မြစ်ရေတင်ဖြင့် စိုက်ပျိုးသော မိုးစပါးများ ဇန်နဝါရီလဒုတိယပတ်က ရိတ်သိမ်းလျက်ရှိသည်။

ဆိတ်ညံ့လျှပ်စစ်မြစ်ရေတင်ဖြင့် လက်တံအမှတ်(၇) လက်တံခွဲ အမှတ်(၈) ရေသောက်ကွင်းအမှတ် (၂၈၃) ရှိ စပါးစိုက်ခင်းမှ စပါးများကို ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက စီစဉ်ပေးသော ရိတ်သိမ်းခြွေလှေ့စက်တစ်စီး၊ စက်မှုလယ်ယာဦးစီးဌာနမှ တစ်စီး၊ တောင်သူပိုင်တစ်စီး စုစုပေါင်း သုံးစီးဖြင့် ရိတ်သိမ်းခဲ့ပြီးဖြစ်သည်။ ထိုသို့ မိုးစပါးများရိတ်သိမ်းခြွေလှေ့ရာတွင် အချိန်မီပြီးစီးခြင်း၊ အလေအလွင့်နည်းပါးခြင်း၊ လုပ်သားငှားရမ်းရမှု သက်သာစေခြင်းတို့ကြောင့် စက်ဖြင့် ရိတ်သိမ်းခြွေလှေ့ခြင်းကို တောင်သူများ သဘောကျနှစ်ခြိုက်ကြကြောင်း သိရသည်။

**ဇော်မင်းနိုင်(မြင်းခြံ)**

### ကျေးရွာချင်းဆက် လူကူးတံတားသစ်ဖွင့်လှစ်

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ကန်ကလေးကျေးရွာအုပ်စုရှိ ကန်ကလေး-အုန်းနဲ့သာ လူကူးတံတားသစ်ဖွင့်ပွဲကို ဇန်နဝါရီ ၁၆ ရက်က ကျင်းပခဲ့ရာ ကျောက်တံခါးမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာ ခင်မောင်ဆွေက အမှာစကားပြောကြားပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်လင်းနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့သည်။

တံတားကို ပြည်ထောင်စုလွှတ်တော် ခွင့်ပြုရန်ပုံငွေကျပ် ၄၅ သိန်းနှင့် ပြည်သူများထည့်ဝင်ငွေ ကျပ်သိန်း ၅၀ ကျော်ဖြင့် တည်ဆောက်ခဲ့ကာ အရှည် ၈၀ ပေ၊ အကျယ် ၆ ပေ ရှိ အုတ်ခုံ၊ သံပေါင်၊ သံပြားခင်းတံတား အမျိုးအစားဖြစ်ကြောင်း သိရသည်။ **ခင်ကို(ကျောက်တံခါး)**

### ပုသိမ်မြို့ပေါ်ရှိ ဈေးကြီးများ မီးဘေးလုံခြုံရေးဆောင်ရွက်

ပုသိမ်မြို့ပေါ်ရှိ မြို့မဈေးကြီး၊ ရွှေပြည်သာဈေး၊ သံဈေး၊ အောင်ဇေယျာဈေး၊ အောင်ရတနာဈေး၊ မြို့သစ်ဈေးများတွင် မီးဘေးလုံခြုံကာကွယ်ရေး ဆောင်ရွက်လျက်ရှိသည်။ ထိုသို့ဆောင်ရွက်ရာတွင် သက်ဆိုင်ရာ ဈေးကြီးကြပ်ရေးကော်မတီဝင်များ၊ ဈေးတာဝန်ခံများနှင့် မြို့နယ်မီးသတ်ဦးစီးဌာန ဒုတိယဦးစီးမှူး ဦးလှဝင်းနှင့် သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များသည် ဇန်နဝါရီ ၁၄ ရက်မှစတင်၍ ဈေးကြီးများအတွင်း၌ထားရှိသော မီးသတ် ရေကန်၊ မီးသတ်ပိုက်၊ မီးသတ်ရေပုံး အသင့်အနေအထားရှိမရှိ စစ်ဆေးခြင်း၊ ဆိုင်ခန်းများ၌ မီးငြိမ်းသတ်ဆေးဘူးများ ရှိမရှိ၊ သုံးစွဲတတ်ခြင်းရှိမရှိ စစ်ဆေး၍ သင်ကြားပြသပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ပုသိမ်-လှကြည်**

### စက်မှုလယ်ယာစနစ်ကျ လယ်ယာမြေ ဖော်ထုတ်

မန္တလေး၌ လယ်ယာစိုက်ပျိုးရေးလုပ်ကိုင်သည့် တောင်သူများအတွက် ခေတ်မီစိုက်ပျိုးနည်းစနစ်များနှင့် ရင်းနှီးကျွမ်းဝင်စေမည့် စက်မှုလယ်ယာစနစ်ကျ လယ်ယာမြေများ ဖော်ထုတ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

တိုင်းဒေသကြီးအစိုးရအဖွဲ့ ခွင့်ပြုငွေဖြင့် မြို့နယ်စက်မှုလယ်ယာဦးစီးဌာန ပုသိမ်ကြီးမြို့နယ် ရှင်တော်ကုန်းကျေးရွာအုပ်စုရှိ တောင်သူ ၄၂ ဦး၏ လယ်ယာမြေဧက ၁၀၀ ကို တိုင်းဒေသကြီး စက်မှုလယ်ယာဦးစီးဌာန ဦးစီးမှူး၏ ညွှန်ကြားမှုဖြင့် ခရိုင်ဦးစီးဌာနမှူး ဦးသန်းထွန်းက ကြီးကြပ်၍ ဇန်နဝါရီလ ဒုတိယပတ်က စတင်ကာ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

# ကျွန်တော်နဲ့ နိုင်ငံရေးဘဝအလွန်



ပါမောက္ခ ဒေါက်တာအောင်ထွန်းသက်

တစ်လောက အသစ်စက်စက်အရွေးခံရတဲ့ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တစ်ဦးနဲ့ ညှိခံပွဲတစ်ခုမှာ ဆုံခဲ့တယ်။ ငယ်ငယ်ရွယ်ရွယ်ပညာတတ်တစ်ယောက်ဖြစ်ပြီး အရည်အချင်းအပြည့်အဝနဲ့။ သူနဲ့ စကားပြောရင်း သူက မေးခွန်းတစ်ခုထုတ်ခဲ့တယ်။ သူ့ရဲ့မေးခွန်းဟာ လွယ်သယောင်ဖြစ်ပေမယ့် အင်မတန်မှ လေးနက်ပြီး မျက်မှောက်ခေတ်ကာလမှာ စဉ်းစားရမယ့် ကိစ္စတစ်ခုပဲ ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်အမတ်တစ်ဦးဟာ Professional နိုင်ငံရေးသမား ဖြစ်သင့်သလားလို့ ကျွန်တော့်ကို မေးခဲ့ပါတယ်။ အဓိပ္ပာယ်က ပြည်သူကိုကိုယ်စားပြုတဲ့သူတစ်ယောက်၊ ပြည်သူ့အပေါ် တာဝန်ကျေပွန်ဖို့ နိုင်ငံရေးကိုပဲ ဇောက်ချလုပ်သင့်သလားဆိုတဲ့ မေးခွန်း။ ကျွန်တော်က နိုင်ငံတကာမှာ ဖြစ်နေတဲ့အခြေအနေတွေကို တင်ပြခဲ့ပါတယ်။ တစ်ကမ္ဘာလုံးမှာရှိကြတဲ့ လွှတ်တော်တွေအနက် ရှေးအကျဆုံးဗြိတိန်နိုင်ငံရဲ့ လွှတ်တော်ကို ဥပမာပေးပြီး ဖြေခဲ့ပါတယ်။ ဗြိတိသျှလွှတ်တော်ကို "လွှတ်တော်များရဲ့မိခင်" လို့ တင်စားပြီး ခေါ်ဝေါ်ကြတယ်။ လွှတ်တော်မှာရှိတဲ့ အမတ်တွေဟာ နိုင်ငံရေးကိုပဲ သက်သက်လုပ်ကိုင်တဲ့သူတွေမဟုတ်ကြဘဲ ဆရာဝန်တွေ၊ ရှေ့နေတွေ၊ စီးပွားရေးသမားတွေ၊ ကျောင်းဆရာ ဆရာမတွေ၊ ပညာတတ်တွေဖြစ်ကြတာ တွေ့ရတယ်။ အခုလို မိမိကျွမ်းကျင်လိမ္မာမှု၊ သီးခြားရပ်တည်မှုရှိတဲ့အတွက် နိုင်ငံရေးကို လုပ်စားတာမဟုတ်ဘဲ ပြည်သူတွေအတွက် အလုပ်အကျွေးပြုချင်တဲ့အတွက် အရွေးခံခဲ့ကြသူတွေဖြစ်တယ်။

ရွေးကောက်ပွဲမှာ နိုင်သည်ဖြစ်စေ၊ ရှုံးသည်ဖြစ်စေ ဟန်မပျက်ဘဲ မိမိရဲ့မူရင်းတာဝန် အလုပ်အကိုင်တွေကို ဆောင်ရွက်ကြတယ်။ နိုင်ငံရေးကို ရာထူးမက်လို့ ဝင်လုပ်တာမဟုတ်ဘဲ စေတနာသန့်သန့်နဲ့ ဝင်လုပ်ကြတာဖြစ်တယ်။ အမေရိကန်ပြည်ထောင်စုမှာလည်း အခုလိုပဲ ကျင့်သုံးနေတာတွေ့ရပါတယ်။ သူတို့ဆီမှာတော့ အမတ်တွေဟာ ဥပဒေကျွမ်းကျင်တဲ့ ဥပဒေပညာ အရည်အချင်းရှိသူတွေများတာတွေ့ရပါတယ်။ လွှတ်တော်တိုင်းဟာ ဥပဒေပြုမဏ္ဍိုင်ဖြစ်တာမို့ အခုလို ဥပဒေတွဲ့ရထားသူတွေ စုစည်းထားတာ အလွန်သင့်မြတ်လှပါတယ်။ ဥပဒေကို မသိတဲ့၊ မကျွမ်းကျင်တဲ့သူတွေ ဥပဒေပြုနေတာဟာ စဉ်းစားစရာတစ်ရပ်ဖြစ်ပါတယ်။ ဗြိတိန်နိုင်ငံမှာရှိတဲ့ ထင်ရှားတဲ့ နိုင်ငံရေးသမားတွေဟာ တက္ကသိုလ်မှာ စီးပွားရေးပညာ၊ နိုင်ငံရေးသိပ္ပံနဲ့ ဒဿနိကဘာသာ ဘာသာတွဲသုံးခုကို အထူးပြုကြတာ တွေ့မြင်ရပါတယ်။

နိုင်ငံရေးမှာ တာဝန်ယူတဲ့သူတွေဟာ ကိုယ်ပိုင်အလုပ်အကိုင်ကျွမ်းကျင်မှုရှိခဲ့ရင် နိုင်ငံရေးလုပ်စားတာ လျော့နည်းနိုင်မှာ ဖြစ်ပါတယ်။ အမှန်တော့ နိုင်ငံရေးလုပ်တဲ့သူတွေဟာ လွှတ်တော်သက်တမ်းအပေါ် မူတည်ပြီး မမြဲတဲ့တရားကို အမြဲရင်ဆိုင်ရမှာသာဖြစ်ပါတယ်။ လွှတ်တော်အမတ်ဆိုတဲ့ ရာထူးကို တပ်မက်မနေဘဲ မိမိလုပ်နိုင်သမျှ ကြိုးစားဆောင်ရွက်ပြီး ပြည်သူထောက်ခံမှုမရခဲ့ရင် မိမိမူရင်းအလုပ်အကိုင်ကို ပြန်လည် တာဝန်ယူသွားနိုင်မှာဖြစ်ပါတယ်။ ရွေးကောက်ပွဲမှာ အရွေးမခံရရင် လုပ်စရာ ဘာမျှမရှိတော့တဲ့ ဘဝမျိုးနဲ့ ရင်ဆိုင်ရမှာမဟုတ်တော့ပါဘူး။

စောစောက မေးတဲ့မေးခွန်းကိုဖြေပြီး တစ်နေ့က ကျွန်တော်အလွန်တွေ့ချင်တဲ့ အောင်မြင်ကျော်ကြားလှတဲ့ နိုင်ငံရေးခေါင်းဆောင်တစ်ဦးနဲ့ တွေ့ခဲ့ရပါတယ်။ သူကတော့ တခြားသူမဟုတ်ဘဲ ဗြိတိန်နိုင်ငံက ဝန်ကြီးချုပ်ဖြစ်ခဲ့တဲ့ မစ္စတာတိုနီဘလဲပဲ ဖြစ်ပါတယ်။ ကျွန်တော် နယူးယောက်မြို့မှာရှိတဲ့ ကုလသမဂ္ဂအဖွဲ့စည်းမှာ ၁၉၉၂ ခုနှစ်ကစပြီး တာဝန်ယူခဲ့ပါတယ်။ အနှစ် ၂၀ နီးပါး လုပ်ကိုင်ခဲ့ပါတယ်။ နိုင်ငံ့ခေါင်းဆောင်အတော်များများကို လေ့လာခွင့်ရခဲ့တယ်။ ဒီခေါင်းဆောင်တွေအနက် ကျွန်တော်အထင်ကြီးတဲ့ ခေါင်းဆောင်နှစ်ဦးရှိပါတယ်။ တစ်ဦးကတော့ အမေရိကန်ပြည်ထောင်စုမှာ ရှစ်နှစ်တာ သမ္မတတာဝန်ယူခဲ့တဲ့ ဘီလ်ကလင်တန်ဖြစ်ပါတယ်။ သမ္မတကလင်တန်ဟာ ထူးချွန်တဲ့သူ၊ အပြောအဟောကောင်းတယ်။ လူတွေကျအောင် ဆွဲဆောင်နိုင်တယ်။ သူ့လက်ထက်မှာ ဘတ်ဂျက်ပိုငွေပြအောင် ဆောင်ရွက်နိုင်ခဲ့တယ်။ တစ်ခုတော့ရှိပါတယ်။ တစ်ဖက်က အခုလို အောင်မြင်ပေမယ့် နောက်ပိုင်း ကိုယ်ရေးကိုယ်တာ အကျင့်စာရိတ္တဖောက်ပြန်တာကြောင့် နာမည်ပျက်ခဲ့တယ်။ အခုတော့ သူ့ရဲ့ဇနီးဟာ သမ္မတအရွေးခံဖို့ ကြိုးစားလျက်ရှိတယ်။

အမေရိကန်နိုင်ငံမှာ သမ္မတဟောင်းလေးဦး သက်ရှိထင်ရှားရှိတယ်။ သူတို့အားလုံးဟာ သမ္မတစာကြည့်တိုက်တွေ ထူထောင်ပြီး နောင်လာနောက်သားတွေအတွက် အကျိုးရှိမယ့် သမိုင်းအထောက်အထားတွေကို စုစည်းပေးခဲ့ကြတယ်။ သမ္မတကလင်တန်က ကလင်တန်ဖောင်ဒေးရှင်းတည်ထောင်ထားပြီး ကျန်းမာရေး၊ ပညာရေး၊ လူမှုရေးလုပ်ငန်းတွေကို နိုင်ငံအသီးသီးမှာ ဆောင်ရွက်လျက်ရှိတယ်။ ဟောပြောပွဲတွေကိုလည်း ကမ္ဘာလှည့်ပြီး ဆောင်ရွက်လျက်ရှိတယ်။ ကုလသမဂ္ဂအဖွဲ့အစည်းနဲ့ ပတ်သက်ပြီး ပါဝင်ပတ်သက်နေတာ တွေ့ရတယ်။

မစ္စတာတိုနီဘလဲကတော့ အသက်ငယ်ငယ်နဲ့ ဝန်ကြီးချုပ်အဖြစ် တာဝန်ပေးခြင်းခံရသူဖြစ်တယ်။ သူက ထူးချွန်တယ်။ ရွေးကောက်ပွဲအကြိမ်ကြိမ် အောင်မြင်ခဲ့တယ်။ အမှန်တော့ ဗြိတိန်နိုင်ငံရေးဘဝမှာ လက်ယာပါတီက နှစ်အတော်ကြာ အာဏာရထားပြီး နိုင်ငံရေးဘဝ

> **နိုင်ငံရေးမှာ တာဝန်ယူတဲ့သူတွေဟာ ကိုယ်ပိုင်အလုပ်အကိုင်ကျွမ်းကျင်မှုရှိခဲ့ရင် နိုင်ငံရေးလုပ်စားတာ လျော့နည်းနိုင်မှာ ဖြစ်ပါတယ်။ အမှန်တော့ နိုင်ငံရေးလုပ်တဲ့သူတွေဟာ လွှတ်တော်သက်တမ်းအပေါ် မူတည်ပြီး မမြဲတဲ့တရားကို အမြဲရင်ဆိုင်ရမှာသာဖြစ်ပါတယ်။ လွှတ်တော်အမတ်ဆိုတဲ့ ရာထူးကို တပ်မက်မနေဘဲ မိမိလုပ်နိုင်သမျှ ကြိုးစားဆောင်ရွက်ပြီး ပြည်သူထောက်ခံမှုမရခဲ့ရင် မိမိမူရင်းအလုပ်အကိုင်ကို ပြန်လည်တာဝန်ယူသွားနိုင်မှာဖြစ်ပါတယ်။**

ကို ချုပ်ကိုင်ထားခဲ့တယ်။ အခုလို အခြေအနေကနေ လေဘာပါတီခေါင်းဆောင်ဖြစ်လာတဲ့ တိုနီဘလဲက ရွေးကောက်ပွဲမှာ အနိုင်ရအောင် ဆောင်ရွက်နိုင်ခဲ့တယ်။

တစ်ခုတော့ရှိပါတယ်။ သူနဲ့ အမေရိကန်သမ္မတဘွတ်ချ်ကြောင့် မဖြစ်သင့်တဲ့ ဒုတိယ အီရတ်စစ်ပွဲဖြစ်ခဲ့ပြီး ယနေ့အချိန်အထိ အရှေ့အလယ်ပိုင်းမှာ ပြဿနာတွေ ကြီးမားလျက်ရှိတယ်။ ဝန်ကြီးချုပ်ဟောင်း တိုနီဘလဲဟာ ဝန်ကြီးချုပ်ဘဝကနေ အနားယူပြီး စီးပွားရေးလုပ်ငန်းတွေ၊ လူမှုရေးလုပ်ငန်းတွေကို တက်ကြွစွာ လှုပ်ရှားလျက်ရှိတယ်။

အခုလို နိုင်ငံရေးမှာ တာဝန်ယူခဲ့သူတွေ သက်တမ်းကုန်ဆုံးတဲ့အခါ ဘဝအသစ်ကို တည်ထောင်ကြတဲ့ ဥပမာ-သာဓကတွေဟာ ကျွန်တော်တို့နိုင်ငံအတွက် အတုယူစရာတွေဖြစ်တယ်လို့ ထင်မြင်မိပါတယ်။ လူတစ်ယောက်အနေနဲ့ သက်တမ်းပြည့်တဲ့အထိ အသက်ရှင်သန်နေနိုင်တုန်း ဘဝမျိုးစုံ ပြောင်းလဲရမှာသာ ဖြစ်တယ်။ပြောင်းလဲနိုင်မယ့် အရည်အချင်းတွေရှိအောင်လည်း ကြိုးစားဖို့ လိုအပ်မှာသာ ဖြစ်တယ်။

လူတိုင်းမှာ လောကကို ပေးဆပ်နိုင်ကြသူ၊ အလှူဆင်နိုင်ကြသူတွေသာဖြစ်တယ်လို့ ကျွန်တော်ယုံကြည်တယ်။ ရာထူးကြီးမှ၊ တာဝန်ကြီးကြီးယူမှ မဟုတ်ပါဘူး။ ကိုယ့်နေရာနဲ့ကိုယ် ပေးဆပ်နိုင်စွမ်းရှိကြပါတယ်။

နှစ်ပေါင်းများစွာ နိုင်ငံအပေါ် တာဝန်ကျေခဲ့သူတွေအနေနဲ့ဆက်ပြီး နိုင်ငံ့အကျိုးကို ပုံစံအမျိုးမျိုးနဲ့ ဆောင်ရွက်နိုင်မှာသာ ဖြစ်တယ်။ အမေရိကန်သမ္မတဟောင်းဖြစ်သူ ဂျင်မီကာတာဟာ လေးနှစ်ပဲ သမ္မတအဖြစ် တာဝန်ယူခွင့်ရခဲ့တာ။ သူ့ကို အောင်မြင်တဲ့ သမ္မတစာရင်းထဲမထည့်ကြဘူး။ ဒါပေမယ့် သမ္မတဟောင်းဖြစ်တဲ့ ဂျင်မီကာတာဟာ အခုချိန်မှာ တစ်ကမ္ဘာလုံးက ကြည်ညိုလေးစားတဲ့ ပုဂ္ဂိုလ်တစ်ဦးအဖြစ် ရပ်တည်လျက်ရှိတယ်။ သူ့ရဲ့ပြည်နယ်ဖြစ်တဲ့ ဂျော်ဂျီယာပြည်နယ်မှာ ကာတာစင်တာတည်ထောင်ပြီး တစ်ကမ္ဘာလုံးမှာ ဒီမိုကရေစီပြန့်ပွားအောင် ကြိုးစားလျက်ရှိတယ်။ တစ်ဖက်ကလည်း ရွေးကောက်ပွဲတွေကို စောင့်ကြည့်တဲ့ လုပ်ငန်းတာဝန်ကိုယူထားတယ်။ ဒါကြောင့်လည်း ၂၀၁၅ ခုနှစ်မှာ ကျင်းပခဲ့တဲ့ မြန်မာနိုင်ငံရဲ့ အထွေထွေရွေးကောက်ပွဲမှာ ကာတာစင်တာက လေ့လာသူတွေရောက်ရှိခဲ့တယ်။

နိုင်ငံရေးခေါင်းဆောင်တွေအနက် နိုင်ငံရေးဘဝအလွန်မှာ ထူးချွန်တဲ့သူက ဝင်စတန်ချာချီ ဖြစ်တယ်။ သူ့ရဲ့ဇွဲသတ္တိကြောင့် ဒုတိယကမ္ဘာစစ်ကို မဟာမိတ်နိုင်ငံတွေ အနိုင်ရခဲ့တယ်လို့ လက်ခံယူဆကြတယ်။ ချာချီဟာ ဒုတိယကမ္ဘာစစ်ပြီးပြီးချင်း ရွေးကောက်ပွဲကျင်းပတဲ့အခါ ရှုံးနိမ့်ခဲ့ပြီး ရာထူးကဆင်းခဲ့ရတယ်။ အမှန်တော့ ဒုတိယကမ္ဘာစစ်ကို အောင်နိုင်သူအဖြစ် အသိအမှတ်ပြုခြင်းခံရသူဟာ စစ်ပြီးပြီးချင်း ရွေးကောက်ပွဲမှာ မရှုံးနိုင်ဘူးလို့ လူတိုင်းထင်ကြေးပေးကြပေမယ့် သူရှုံးနိမ့်ခဲ့တယ်။ ဒါပေမယ့် ချာချီဟာ နိုင်ငံရေးသမားဘဝကနေ သမိုင်းပညာရှင်အဖြစ် အသွင်ကူးခဲ့ပြီး စာအုပ်ပေါင်းများစွာကို ရေးသားပြုစုနိုင်ခဲ့တယ်။ ချာချီကို စဉ်းစားတဲ့အခါ ဗိုလ်ချုပ်အောင်ဆန်းကို သွားသတိရမိတယ်။ လွတ်လပ်ရေးရပြီးတဲ့အခါ နိုင်ငံရေး ဆက်မလုပ်တော့ဘဲ စာရေးဆရာလုပ်ချင်ကြောင်း ပြောခဲ့တာကို မှတ်သားခဲ့ရတယ်။

နိုင်ငံရေးလုပ်တယ်ဆိုတာ ကာလအကန့်အသတ်နဲ့ လုပ်တာဟာ သင့်မြတ်လှပါတယ်။ မိမိတတ်နိုင်သမျှ အလုပ်အကျွေးပြုပြီး အချိန်တန်ရင် ဘဝကျောင်းနိုင်ဖို့ ပြင်ဆင်ထားဖို့လိုမှာဖြစ်ပါတယ်။ နိုင်ငံရေးလို့ပြောတဲ့နေရာမှာ ရွေးကောက်ပွဲဝင်ပြီး ဥပဒေပြုမဏ္ဍိုင်မှာ တာဝန်ယူကြသူတွေရှိသလို အုပ်ချုပ်ရေးမဏ္ဍိုင်မှာ တာဝန်ယူတဲ့သူတွေလည်းရှိတယ်။ ဒီကိစ္စနဲ့ပတ်သက်ပြီး အမေရိကန်ပြည်ထောင်စုမှာ ကျင့်သုံးတဲ့စနစ်ဟာ အတုယူစရာကောင်းလှပါတယ်။ သူတို့ရဲ့ဝန်ကြီးတွေဟာ ရွေးကောက်ပွဲဝင်တဲ့သူတွေမဟုတ်ဘဲ ရွေးကောက်ခံတဲ့ သမ္မတလုပ်သူက သူ့စိတ်ကြိုက် တိုက်ရိုက်ခန့်ထားတဲ့သူတွေဖြစ်တယ်။ သမ္မတအနေနဲ့ ယခုလို ရွေးချယ်ထားရာမှာ ပုဂ္ဂိုလ်တစ်ဦးချင်းရဲ့ အရည်အချင်း လုပ်ရည်ကိုင်ရည်ကိုကြည့်ပြီး ခန့်ထားကြတယ်။ တာဝန်ပေးခန့်တဲ့သူဟာ သူ့ရဲ့ပါတီဝင် ဟုတ် မဟုတ်ကို အဓိကမထားဘဲ ကျွမ်းကျင်တဲ့အတတ်ပညာရှင်၊ အသိပညာရှင်တွေကိုဦးစားပေးပြီး တာဝန်ပေးခဲ့တယ်။

ဒါပေမယ့် ဒီဝန်ကြီးတွေဟာ ဝန်ကြီးသက်တမ်းကုန်ဆုံးတဲ့အခါ တက္ကသိုလ်တွေမှာ ပါမောက္ခတွေအနေနဲ့ တာဝန်ပြန်ယူကြပြီး မိမိရထားတဲ့ ဗဟုသုတအတွေ့အကြုံတွေကို လူငယ်တွေကိုလက်ဆင့်ကမ်းတယ်။ နောင်အစိုးရအပြောင်းအလဲဖြစ်လို့ တာဝန်ပေးပြန်ရင် တက္ကသိုလ်ကထွက်ခွာပြီး ဝန်ကြီးတာဝန်ယူကြပြန်ရော။ တချို့ကျတော့လည်း ကိုယ်ပိုင်လုပ်ငန်းတွေ ပြန်လုပ်ကြတယ်။ ကုမ္ပဏီရဲ့ ဘုတ်အဖွဲ့တွေမှာ တာဝန်ယူကြတယ်။ ကျွန်တော်တို့နိုင်ငံမှာတော့ တစ်လမ်းသွားပဲရှိတယ်။ တက္ကသိုလ်က ဆရာ ဆရာမတွေ၊ ဝန်ကြီး၊ ဒုတိယဝန်ကြီး တာဝန်တွေယူပြီးတဲ့အခါ တက္ကသိုလ်ကိုပြန်ပြီး တာဝန်မယူကြဘူး။ ယူခွင့်မရှိလို့လား၊ မယူချင်လို့လားပဲ။ ကျွန်တော်ကတော့ အခုလို ကူးချည်သန်းချည်လုပ်နိုင်တာကို အားပေးချင်တယ်။ တက္ကသိုလ်က ရထားတဲ့ အတွေးအခေါ်တွေကို လက်တွေ့မှာအသုံးချနိုင်သလို လက်တွေ့ဗဟုသုတတွေကိုအခြေခံပြီး သီအိုရီအသစ်တွေ ထုတ်ဖော်နိုင်မှာဖြစ်တယ်။

၂၀၁၅ ခုနှစ် ရွေးကောက်ပွဲအလွန်ကာလမှာ တစ်ချိန်တစ်ခါမှမကြုံဖူးတဲ့ အတွေ့အကြုံတွေမျိုးစုံနဲ့ ရင်ဆိုင်နေတဲ့နေရာမှာ နိုင်ငံရေးဘဝအလွန်ဆိုတာကို စဉ်းစားကြဖို့လိုပါလိမ့်မယ်။ နိုင်ငံ့တာဝန်တွေကို ပုံစံအမျိုးမျိုးနဲ့ယူခဲ့ကြသူတွေမှာ အဖိုးမဖြတ်နိုင်တဲ့ အတွေ့အကြုံဗဟုသုတတွေ စုစည်းထားပါတယ်။ ဒါတွေကို တိုင်းပြည်အတွက် ကျရာနေရာက အသုံးပြုဖို့ လိုအပ်ပါလိမ့်မယ်။ အမှန်တော့ပေးဆပ်မှုဟာ ပုံစံအမျိုးမျိုးနဲ့ ဖော်ထုတ်နိုင်မှာသာဖြစ်တယ်။ ရာထူးအာဏာဆိုတာက တစ်ခဏပါ။ လူတိုင်းဒီခရီးကို လျှောက်ရမှာပဲ ဖြစ်ပါတယ်။ တချို့က ဘာသာရေးအလုပ်ကိုပဲ လုပ်တော့မယ်လို့ပြောကြတာ တွေ့ရပါတယ်။ ဒီရွေးချယ်မှုဟာ ကျွန်တော်တို့မြန်မာလူမျိုးတွေရဲ့ ချစ်စရာကောင်းလှတဲ့ ယဉ်ကျေးမှုတစ်ရပ်ပါ။ အသက်အရွယ်ရလာပြီမို့ နောက်ဆုံးအချိန်မှာ တရားဓမ္မနဲ့မွေ့လျော်ချင်တဲ့ စိတ်ထားဟာလည်း မြင့်မြတ်လှပါတယ်။ ကျွန်တော်က လောကသားတစ်ယောက်အနေနဲ့ စောဒကတက်ချင်တာက တရားဓမ္မအားထုတ်မှုကို မိမိလုပ်နေတဲ့တာဝန်နဲ့တွဲဖက်ပြီးလုပ်စေချင်တာပါပဲ။

နောက်ဆုံးတော့ လူတိုင်းဟာ မိမိသမိုင်းကို မိမိပဲရေးသားတာပါ။ နိုင်ငံရေးဆိုတာဟာ လိုအပ်ချက်တစ်ခုကြောင့် မနေသာဘဲ ဝင်လုပ်ရတာမျိုးဖြစ်ပြီး အချိန်တန်ရင် မိမိအနေနဲ့ လူ့အဖွဲ့အစည်းအပေါ် ဘယ်ပုံဘယ်နည်းနဲ့အကြွေးဆပ်နိုင်မလဲဆိုတာကို စဉ်းစားကြရမှာသာဖြစ်ပါတယ်။ နိုင်ငံရေးနဲ့ပတ်သက်ပြီး ကျွန်တော်အနှစ်သက်ဆုံးဆောင်ပုဒ်တစ်ခုက (Politics is the out of the Possible) နိုင်ငံရေးဆိုတာ ဖြစ်နိုင်တာကိုသာရအောင်ကြိုးစားတဲ့ သိမ်မွေ့လှတဲ့ အလုပ်တစ်ခုလို့ အဓိပ္ပာယ်ရပါတယ်။ ဖြစ်သင့်တာကိုသာ အာရုံပြုခြင်းမပြုဘဲ ဖြစ်နိုင်တာကို အာရုံပြုရမှာဖြစ်တယ်။

နိုင်ငံရေးဘဝအလွန်ဟာ အလွန်မှ အရေးကြီးလှပါတယ်။ အခုလို သမိုင်းမှာ တစ်ချိန်တစ်ခါမှ မကြုံဖူးတဲ့ ပြောင်းလဲမှုတွေကြောင့် နိုင်ငံရေးဘဝအလွန်အတွက် စဉ်းစားကြရတော့မှာသာဖြစ်တယ်။ ။

## ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စက်ရေတွင်းတူးခြင်းနှင့် တန်ဖိုးနည်းအိမ်ရာများ တည်ဆောက်ပေး

ကြို့ပင်ကောက် ဇန်နဝါရီ ၁၇

ပဲခူးတိုင်းဒေသကြီး ကြို့ပင်ကောက်မြို့နယ် ကုန်းမြင့်ကျေးရွာတွင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ လေးပေစက်ရေတွင်း (တွင်းနက်)တူးဖော်ခြင်းလုပ်ငန်းမှာ ဇန်နဝါရီလပထမပတ်က ဆောင်ရွက်ပြီးစီးခဲ့ကြောင်း သိရသည်။

အလားတူ ကြို့ပင်ကောက်မြို့နယ် ကွင်ကြီးကျေးရွာ၌လည်း ကျေးရွာသူ ကျေးရွာသားများအတွက် တန်ဖိုးနည်းအိမ်ရာ ငါးလုံးဆောက်လုပ်ရန် မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တာဝန်ယူတည်ဆောက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ကိုသက်(ဇီးကုန်း)



ရန်ကုန်တိုင်း ဒေသကြီး မင်္ဂလာတောင်ညွန့် မြို့နယ် သိမ်ဖြူလမ်း အမှတ် ၂၀၁/C တွင် ဖွင့်လှစ်ထားသော ထိပ်တန်းကိုယ်ပိုင်အထက်တန်းကျောင်း၏ တတိယအကြိမ်မြောက် နှစ်ပတ်လည်ဆုပေးပွဲနှင့် စုံညီပွဲကို ဇန်နဝါရီ ၁၅ ရက်က ကျင်းပရာ အလယ်တန်းအဆင့် ကျောင်းသားငယ်များက သျှောင်ပေစူးယိမ်းအကဖြင့် ဖျော်ဖြေတင်ဆက်စဉ်။

ကျော်စိုးမိုး

(မင်္ဂလာတောင်ညွန့်)

# ကလေးခိုးယူမှုသတင်းများ ကောလာဟလသာဖြစ်ကြောင်း ရဲတပ်ဖွဲ့မှ ရှင်းလင်း

**မန္တလေး ဇန်နဝါရီ ၁၇**

ယခုရက်ပိုင်းတွင် ကလေးခိုးဂိုဏ်းများက ကလေးများကို ခိုးယူနေသည်ဆိုသော သတင်းများမှာ ကောလာဟလသတင်းများသာဖြစ်ကြောင်း ပြည်သူများသိရှိစေရန် ရှင်းလင်းပွဲကို မန္တလေး အောင်မြေသာစံမြို့နယ် မရမ်းခြံဆိပ်ကမ်းရှိ ဖောင်တော်ဦးဓမ္မာရုံ၌ ဇန်နဝါရီ ၁၆ ရက်က ပြုလုပ်ခဲ့သည်။

ရှင်းလင်းပွဲတွင် အောင်မြေသာစံမြို့နယ်ရဲတပ်ဖွဲ့မှူးက ယခု ဇန်နဝါရီ လဆန်းပိုင်းမှစ၍ ကလေးများကို ကလေးခိုးဂိုဏ်းများက ခိုးယူနေသည်ဟူသော သတင်းများကို သက်ဆိုင်ရာက စိစစ်စုံစမ်းခဲ့ရာ သတင်းအားလုံးမှာ ကောလာဟလသာဖြစ်ကြောင်း၊ ထိုသတင်း အမှားများ မကျယ်ပြန့်စေရန်အတွက် ကောလာဟလသတင်းအမှား ဖြန့်ချိသူများကို ဖော်ထုတ်၍ သက်ဆိုင်ရာသို့ အကြောင်းကြားစေလိုကြောင်း၊ ကလေးခိုးသည်ဟု သင်္ကာမကင်းသူများကို စိစစ်မှုမရှိဘဲ လူအုပ်စုလိုက် ဝိုင်းရိုက်မှုမျိုး မပြုလုပ်စေလိုကြောင်း၊ တရားခံအမှုတွင် မိမိတို့ပါ ပါဝင်သွားမည်ဖြစ်ကြောင်း၊ သက်ဆိုင်ရာရဲတပ်ဖွဲ့က ဥပဒေအရ အရေးယူပေးသွားမည်ဖြစ်ကြောင်း၊ ရပ်ကွက်အတွင်း ထူးခြားမှုရှိပါက ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာရဲစခန်းများသို့ သတင်းပေးအပ်နှံစေလိုကြောင်း၊ ယခုပေါ်ထွက်နေသော ကလေးခိုးမှုသတင်းများမှာ လုံးဝမဟုတ်သော ကောလာဟလများသာဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် အမှတ်(၅)ရဲစခန်းမှ စခန်းမှူးကလည်း မြို့နယ်အတွင်း စခန်းပိုင်နယ်မြေအတွင်း ကောလာဟလများကြောင့် မလိုလားအပ်သောကိစ္စများ ဖြစ်ပေါ်နိုင်သဖြင့် ပြည်သူများအနေဖြင့် သတိရှိရှိနေထိုင်ပြီး ထူးခြားဖြစ်စဉ်များတွင် မိမိတို့ပါဝင်ခြင်း မရှိစေရန် သက်ဆိုင်ရာများသို့ သတင်းပေးပို့စေလိုကြောင်း ပြောကြားသည်။

**ကလေးများကို ကလေးခိုးဂိုဏ်းများက ခိုးယူနေသည်ဟူသော သတင်းများကို သက်ဆိုင်ရာက စိစစ်စုံစမ်းခဲ့ရာ သတင်းအားလုံးမှာ ကောလာဟလသာဖြစ်ကြောင်း၊ ထိုသတင်း အမှားများ မကျယ်ပြန့်စေရန်အတွက် ကောလာဟလ သတင်းအမှားဖြန့်ချိသူများကို ဖော်ထုတ်၍ သက်ဆိုင်ရာသို့ အကြောင်းကြားစေလိုကြောင်း၊ ကလေးခိုးသည်ဟု သင်္ကာမကင်းသူများကို စိစစ်မှုမရှိဘဲ လူအုပ်စုလိုက် ဝိုင်းရိုက်မှုမျိုး မပြုလုပ်စေလိုကြောင်း...**



ထို့နောက် ရှင်းလင်းပွဲတက်ရောက်သော ပြည်သူများက သိရှိလိုသည့်အချက်များကို မေးမြန်းကာ မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

ကလေးခိုးယူမှု ကောလာဟလသတင်းများနှင့်ပတ်သက်၍ အလားတူရှင်းလင်းပွဲများကို ရဲစခန်းအပိုင်အလိုက် ရပ်ကွက်များသို့ ဆက်လက်ကွင်းဆင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **ထွဏ်းလှအောင် (မန္တလေး)**

## သတင်းတို

အသက်(၁၆)နှစ်အောက်ကျောင်းပေါင်းစုံဘောလုံးပြိုင်ပွဲကျင်းပ

**ညောင်တုန်း ဇန်နဝါရီ ၁၇**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့၌ မြို့နယ်အားကစားဖွံ့ဖြိုးတိုးတက်စေရန်နှင့် ထူးချွန်သော မျိုးဆက်သစ်ဘောလုံးသမားများ ပေါ်ထွန်းလာစေရန် ရည်ရွယ်၍ ကျင်းပခဲ့သော မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌဖလား (၁၆) နှစ်အောက် ကျောင်းပေါင်းစုံဘောလုံးပြိုင်ပွဲ၏ ဗိုလ်လုပွဲကို ဇန်နဝါရီ ၁၅ ရက်က မြို့မဘောလုံးကွင်း၌ ကျင်းပခဲ့သည်။

ဗိုလ်လုပွဲတွင် အထက(၂)အသင်းနှင့် အထက(ခွဲ)စက္ကော့အသင်းတို့ ယှဉ်ပြိုင်ခဲ့ကာ အထက(၂)အသင်းက အနိုင်ရခဲ့သည်။ ဗိုလ်စွဲခဲ့သော အထက(၂)အသင်းအား ပထမဒိုင်းဆုနှင့် ငွေသားဆု ကျပ်နှစ်သိန်းအပါအဝင် ဆုရအသင်းများနှင့် တစ်ဦးချင်းဆုများကို မြို့နယ်အားကစားကော်မတီဥက္ကဋ္ဌ ဦးသန့်ဇော်ဦး၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာလှမင်း၊ ဒုတိယ မြို့နယ်ပညာရေးမှူးဦးမြင့်အောင်နှင့် မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနမှ ဦးစီးအရာရှိဒေါ်စန္ဒာဦးတို့က ပေးအပ်ချီးမြှင့်ခဲ့သည်။

**ထွန်းကျော်(ညောင်တုန်း)**

# တန်ဖိုးသင့်အိမ်ရာများ၌ ပြောင်းရွှေ့နေထိုင်သူများအား သောက်ရေသန့်ဘူးများ ဖြန့်ဝေပေး

**ဟားခါး ဇန်နဝါရီ ၁၇**

ဟားခါးမြို့ တန်ဖိုးသင့်အိမ်ရာများ၌ ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၂၂ ရက်မှစ၍ ပြောင်းရွှေ့နေထိုင်ခဲ့ကြသော အိမ်ထောင်စု ၃၃ စု၏ နေထိုင်မှုအဆင်ပြေစေရေးအတွက် ချင်းပြည်နယ် ကြက်ခြေနီကြီးကြပ်မှုကော်မတီဝင်များက ဇန်နဝါရီ ၁၅ ရက်နေ့တွင် သောက်ရေသန့်ဘူးများကို ဖြန့်ဝေပေးအပ်ခဲ့ကြကြောင်း သိရသည်။

သောက်ရေသန့်ဘူးများကို ချင်းပြည်နယ်ကြက်ခြေနီကြီးကြပ်မှုကော်မတီမှ ဦးစီးမှူး (ပထမတန်း) ဦးဆလိုင်းဆန်ကျုံးနှင့် ဦးစီးမှူး (ဒုတိယတန်း) ဒေါ်ခိုင်ခိုင်လှတို့ဦးဆောင်သော အဖွဲ့ဝင်များက လိုက်လံဝေငှပေးအပ်ခဲ့ကာ အိမ်ထောင်စုများတွင် သုံးစွဲနေသည့် ရေစည်၊ ရေပုံးများအတွင်း ရောဂါကာကွယ်ရေးဆေးများခတ်ပေးခြင်း၊ မိသားစုဝင်များ၏ နေထိုင်စားသောက်ရေးနှင့် ကျန်းမာရေး အခြေအနေများကို ကြည့်ရှုကာ ကူညီအားပေးခြင်းများလည်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။



**(ခရိုင် ပြန်/ဆက်)**

# ကျောက်တန်းရေလယ်ဘုရား၌ နိုင်ငံခြားသားများအတွက် အထူးကူးတို့ယာဉ်များ စီစဉ်ထား

**ရန်ကုန် ဇန်နဝါရီ ၁၇**

ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ်ရှိ ကျိုက်မှော်ဝန်းရေလယ်စေတီတော်၌ လာရောက်ဘုရားဖူးလေ့လာသော နိုင်ငံခြားသားများအတွက် အထူးကူးတို့ယာဉ်နှစ်စင်းကို စီစဉ်ပြေးဆွဲပေးလျက်ရှိကြောင်း သိရသည်။

ကျောက်တန်းရေလယ်ဘုရားသို့ လာရောက်လည်ပတ်ကြသော နိုင်ငံခြားသားဧည့်သည်များ အဆင်ပြေစေရန်အတွက် အထူးကူးတို့မော်တော်နှစ်စင်းကို စီစဉ်ထားခြင်းဖြစ်ကာ ကျယ်ဝန်းသော မော်တော်များဖြစ်ပြီး အလယ်တွင်လက်တန်းပါ ပလတ်စတစ်ထိုင်ခုံများ ထားရှိပေးထားသည့်အပြင် အသက်ကယ်အင်္ကျီများပါ ချိတ်ဆွဲပေးထားသည်ကို တွေ့ရသည်။ မော်တော်ခမှာ တစ်စင်းလုံးငှားရမ်းခ အသွားအပြန် ကျပ်ငါးထောင်ဖြစ်ကြောင်း သိရသည်။

ကျောက်တန်းရေလယ်ဘုရားသို့ နိုင်ငံခြားသား ဧည့်သည်များလည်း လာရောက်မှုများပြားလျက်ရှိပြီး မိသားစုလိုက်၊ အဖွဲ့လိုက် လာရောက်လျက်ရှိနေသည်ကိုလည်း တွေ့ရသည်။ ဘုရားဂေါပကအဖွဲ့မှ ဦးစိုးဝင်းက "နိုင်ငံခြားသားဧည့်သည်တွေ နေ့စဉ်မပြတ်လာကြပါတယ်။ တစ်ခါတစ်ရံ တစ်နေ့တည်းမှာ ၁၀၀ ကျော်လာကြပါတယ်။ တစ်လပျမ်းမျှတွက်လိုက်ရင် ၁၅၀၀ ကျော်လောက် ရှိပါတယ်" ဟု ဆိုသည်။



ကျောက်တန်း ရေလယ်ဘုရားသည် ကျောင်းပိတ်ရက်၊ ရုံးပိတ်ရက်များတွင် ပြည်တွင်းမှ ဘုရားဖူးလာရောက်သူများဖြင့်လည်း စည်ကားသောနေရာဖြစ်ပြီး ရေလယ်ဘုရားသို့ သွားရောက်ရန် စက်လှေခမှာ ပြည်တွင်းခရီးသည် တစ်ဦးလျှင် နှစ်ရာကျပ်ဖြစ်သည်။

ကျိုက်မှော်ဝန်းစေတီတော်သည် ရေလယ်တွင် တည်ထားသည့်အတွက် ပင်လယ်ရေအပေါ်မူတည်၍ ရေအတက်အကျ ပုံမှန်ရှိကာ ရေတက်ပြီး ပြန်ကျချိန်တွင် ရေဆိပ်အဆင်း လှေကားများပေါ်တွင် နုန်းများတင်ကျန်လေ့ရှိရာ ဘုရားဖူးဧည့်သည်များ အန္တရာယ်ကင်းရှင်းရေးအတွက် ဘုရားဝန်ထမ်းများက ရေဆေးကြော၍ သန့်ရှင်းခြင်းကို မပြတ်လုပ်ဆောင်လျက်ရှိသည်ကိုလည်း တွေ့ရသည်။

ထို့အပြင် လက်ရှိဘုရားဂေါပက လက်ထက်တွင် စေတီတော်ရင်ပြင်ကို အနောက်ဘက်သို့ တိုးချဲ့၍ တည်ဆောက်ထားသဖြင့် ဘုရားဖူးဧည့်သည်များအတွက် နေရာထိုင်ခင်း ပိုမိုကျယ်ဝန်းကာ အဆင်ပြေလာသည်ကို တွေ့ရသည်။

မြန်မာနိုင်ငံအချို့မြို့ကြီးများရှိ ရေလယ်ဘုရားများတွင် တံတားများ တည်ဆောက်လိုက်ခြင်းကြောင့် ဘုရားဖူးဧည့်သည်များအတွက် သွားလာရေး လွယ်ကူသွားသော်လည်း မူလသဘာဝအလှအပများ လျော့နည်းသွားသလို ခရီးသွားခြင်း၏ ခံစားမှုရသများလည်း လျော့နည်းသွားခဲ့သည်။

ကျောက်တန်း ရေလယ်ဘုရားတွင်မူ တံတားထိုးပေးရန် အလှူရှင်များ ယခင်က ပေါ်ပေါက်ခဲ့ဖူးသော်လည်း ဘုရားဂေါပကအဖွဲ့က မူလသဘာဝအတိုင်း ရေလမ်းမှ တစ်ဆင့် ကူးတို့ဖြင့်ကူး၍ ဘုရားဖူးရသည့် အလေ့အထကို မပျက်စေဘဲ ထိန်းသိမ်းစောင့်ရှောက်ထားလျက်ရှိကြောင်းသိရသည်။

**သတင်း – တင်ဝင်းလေး (ကြည့်မြင်တိုင်)**
**ဓာတ်ပုံ – မြင့်အောင် (စက်မှုဆေးဝါး)**

# မြန်မာ့လက်မှုအနုပညာလက်ရာများကို နိုင်ငံတကာစိတ်ဝင်စားမှု မြင့်တက်လာ

**ရန်ကုန် ဇန်နဝါရီ ၁၇**

မြန်မာတို့၏ ရှေးဘုရင်မင်းများ လက်ထက်ကတည်းက အမြတ်တနိုး တန်ဖိုးထားလုပ်ကိုင်ခဲ့သည့် မြန်မာ့လက်မှုအနုပညာလုပ်ငန်း လက်ရာများကို ယခုအခါ နိုင်ငံတကာမှ စိတ်ဝင်စားမှု မြင့်မားလာကြောင်း ရန်ကုန်မြို့ ကမ်းနားလမ်းရှိ Strand Hotel ၌ ဇန်နဝါရီ ၁၅ ရက်က ကျင်းပသော လက်မှုလုပ်ငန်းဆိုင်ရာ ညီလာခံမှ သိရသည်။

မြန်မာ့လက်မှုအနုပညာလုပ်ငန်း လက်ရာများညီလာခံတွင် ခင်းကျင်းပြသထားသော နိုင်ငံတစ်ဝန်းမှ ထွက်ရှိသည့် မြန်မာ့အနုပညာလက်ရာမွန် ပစ္စည်းအမျိုးမျိုးကို မြန်မာ့အနုပညာ လုပ်ငန်းနယ်ပယ် အသီးသီးမှ ပညာရှင်များ၊ နိုင်ငံတကာမှ မြန်မာ့အနုပညာလက်ရာမွန်များအား စိတ်ဝင်စားသည့် နိုင်ငံခြားသားများက စိတ်ဝင်တစားလေ့လာကြည့်ရှုခဲ့ကြသည်။



**ညီလာခံ၌ ပြသထားသော လက်မှုအနုပညာလက်ရာမွန်များ။**

"ကျွန်မတို့ အခုကျင်းပတဲ့ ညီလာခံနှစ်ရက်မှာ မြန်မာ့အနုပညာလက်ရာမွန်ထုလုပ်တဲ့ နယ်ပယ်စုံက ပညာရှင်တွေ ဒီညီလာခံကြီးမှာ စုရုံးတွေ့ဆုံကြတာဖြစ်ပါတယ်။ ရှေ့ဆက်ပြီး မြန်မာ့အနုပညာလက်ရာတွေကို ဒီထက်ခေတ်မီပြီး အရည်သွေးကောင်း မွန်ဖို့နဲ့ ပြည်ပနိုင်ငံတွေက ဒီထက်စိတ်ဝင်စားမှု ပိုမိုမြင့်မားလာအောင် နှီးနှောတိုင်ပင်ဆွေးနွေးကြမှာပါ။ မြန်မာ့အနုပညာလက်ရာတွေက ခုနောက်ပိုင်းမှာ အနည်းငယ်မေးမှိန် လာတယ်ဆိုပေမယ့် နိုင်ငံခြားသားတွေကတော့ အရင်ကထက် စိတ်ဝင်စားမှုမြင့်မား လာတာတွေ့ရတယ်။ ဒါက ကျွန်မတို့ လက်မှုအနုပညာလုပ်ငန်းတွေရဲ့ အားသာချက်တစ်ခုပဲ။

ဒါကိုအကောင်းဆုံးနဲ့ တိုးတက်လာအောင်လုပ်သွားဖို့ လိုပါတယ်" ဟု အဆိုပါပြပွဲအား ဦးဆောင်စီစဉ်ဆောင်ရွက်သူ မသီတာ (Artist)က ပြောသည်။

အဆိုပါ ညီလာခံကြီးကို ဗြိတိသျှကောင်စီ (မြန်မာ)နှင့် The Swiss Agency for Development and Cooperation and New Zero Art Space တို့ ပူးပေါင်းကျင်းပခြင်းဖြစ်ပြီး ပြပွဲတွင် ဒီဇိုင်းပညာရှင်များ၊ လက်မှုပညာရှင်များ၊ လူမှုအခြေပြုစီးပွားရေးလုပ်ငန်းရှင်များ၊ လက်မှုပညာရှင်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ယဉ်ကျေးမှုဆိုင်ရာ ကျွမ်းကျင်သူများ၊ ဖွံ့ဖြိုးရေးအဖွဲ့အစည်းများနှင့် လက်မှတ်ရလက်မှုအနုပညာ ကိုယ်စားလှယ်များ တက်ရောက်ဆွေးနွေးကြသည်။

ဆွေးနွေးပွဲတွင် လက်မှုလုပ်ငန်းဆိုင်ရာနယ်ပယ်အသီးသီးမှ ပညာရှင်များနှင့် လုပ်ငန်းရှင်များက ကမ္ဘာတစ်ဝန်းရှိ လက်မှုနှင့် ရိုးရာယဉ်ကျေးမှုနယ်ပယ်တွင် ကြုံတွေ့ဖြစ်ပေါ်နေသော အခွင့်အလမ်းနှင့် စိန်ခေါ်မှုများ၊ လက်မှုနှင့်ခေတ်ပြိုင် ဒီဇိုင်းဖန်တီးမှုများ၊ အရှေ့တောင်အာရှလက်မှုနယ်ပယ်အတွင်းရှိ စံနမူနာယူထိုက်သော လုပ်ငန်းဆောင်ရွက်ချက်များနှင့် ဈေးကွက်ပုံစံသစ်များအကြောင်း၊ လက်မှုအနုပညာ၊ လူမှုဘဝဖွံ့ဖြိုးတိုးတက်မှု၊ လက်မှုပညာသဘာဝပတ်ဝန်းကျင်ဆိုင်ရာ ရေရှည်တည်တံ့ခိုင်မြဲမှု စသည့်အကြောင်းအရာများကို ခေါင်းစဉ်အလိုက် ဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်း - မောင်စိန်လွင်(မြန်မာ့အလင်း)**
**ဓာတ်ပုံ - မင်းထက်**

# ငြိမ်းချမ်းရေးရယူခြင်း (၂၅)နှစ်ပြည့်အထိမ်းအမှတ် မနောပွဲတော်ကျင်းပ

**ကွတ်ခိုင် ဇန်နဝါရီ ၁၇**

နိုင်ငံတော်အစိုးရနှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) ကချင်အထူးဒေသ(၅)၊ ကောင်းခါးပြည်သူ့စစ်(ဌာနေ)မှ ဦးဆောင်ကျင်းပသည့် ငြိမ်းချမ်းရေးရယူခြင်း(၂၅)နှစ်ပြည့်အထိမ်းအမှတ် ငွေရတုဂျူဗလီကျေးဇူးတော်ချီးမြှင့်ခြင်း မနောပွဲတော်ကို ကွတ်ခိုင်မြို့နယ် ကောင်းခါးကျေးရွာအုပ်စု ကောင်းခါးမြို့သစ် မနောကွင်းဝင်း၌ ဇန်နဝါရီ ၁၃ ရက် ညနေ ၄ နာရီက ကျင်းပသည်။



ငြိမ်းချမ်းရေးရယူခြင်း (၂၅)နှစ်ပြည့်အထိမ်းအမှတ် ငွေရတုဂျူဗလီကျေးဇူးတော်ချီးမြှင့်ခြင်းမနောပွဲတော်မုခ်ဦးကို ဦးဇော်ယွန်(ကောင်းခါးပြည်သူ့စစ်ဒုတိယဉက္ကဋ္ဌ)၊ ဆရာတော် ဖီးလစ်လဆပ်ဇေဟောင်း(လားရှိုး)၊ ဆရာတော်ဆွမ်လွတ်ဘရန်အောင်တို့က မုခ်ဦးကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီး မီးရှူးမီးပန်း (၂၅) ကြိမ် ပစ်ဖောက်ခဲ့ကြသည်။

ကချင်ရိုးရာမနောပွဲတော်ကို ဇန်နဝါရီ ၁၄ ရက်နှင့် ၁၅ ရက်နေ့များမှာ ကချင်ရိုးရာမနောအကဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပကြောင်း သိရသည်။

ပိတ်ပွဲအခမ်းအနားကိုလည်း ဇန်နဝါရီ ၁၆ ရက်က ကျင်းပခဲ့ပြီး အခမ်းအနားသို့ ကွတ်ခိုင်၊ နမ့်ဖတ်ကာ၊ လွယ်တောင့်နယ်များမှ တိုင်းရင်းသားပြည်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

ရှမ်းပြည်နယ်မြောက်ပိုင်း၊ ကချင်အထူးဒေသ(၅)သည် နိုင်ငံတော်အစိုးရနှင့်ငြိမ်းချမ်းရေးရယူခဲ့သည်မှာ ၁၉၉၁ ခုနှစ် ဇန်နဝါရီ ၁၅ ရက်မှ ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၁၅ ရက်ထိ (၂၅)နှစ်ပြည့်မြောက်ခဲ့သည့်အတွက် ငြိမ်းချမ်းရေးရယူခြင်း (၂၅)နှစ်ပြည့် အထိမ်းအမှတ် မနောပွဲတော်ကျင်းပရခြင်းဖြစ်ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## ပြည်ပဈေးကွက်မှ ဝယ်လိုအားကောင်းသဖြင့် ပဲပုပ်ကို တိုးချဲ့စိုက်ပျိုးလာ

**မိုးညှင်း ဇန်နဝါရီ ၁၇**

ကချင်ပြည်နယ် မိုးညှင်းမြို့နယ်အတွင်းမှ စိုက်ပျိုးသော ပဲပုပ်များမှာ အိမ်နီးချင်းတရုတ်နိုင်ငံတွင် ဈေးကောင်းရနေပြီး ဝယ်လိုအားလည်း ကောင်းနေသဖြင့် တောင်သူများက တိုးချဲ့စိုက်ပျိုးလာကြရာ ယခင်နှစ်များထက် ပဲပုပ်စိုက်ပျိုးမှု ပိုများလာနေကြောင်း သိရသည်။ ဇန်နဝါရီ ၁၃ ရက်အထိ မိုးညှင်းမြို့နယ်အတွင်းမှ ကျေးရွာများတွင် ပဲပုပ်စိုက်ခင်းများကို အများအပြား စိုက်ပျိုးထားပြီးဖြစ်သည်ကို တွေ့ရသလို တကွင်းကျေးရွာ၌လည်း ပဲပုပ်စတင်စိုက်ပျိုးရန် ထွန်ယက်နေသည့် စိုက်ခင်းများကို တွေ့ရသည်။ မိုးညှင်းမြို့နယ်အတွင်း ပဲပုပ်စိုက်ပျိုးရာတွင် ဒေသရေမြေနှင့်ကိုက်ညီသော ရေဆင်း(၆)ပဲပုပ်မျိုးကို အများဆုံးစိုက်ပျိုးကြကာ အခြားမျိုးများကိုလည်း စိုက်ပျိုးမှုရှိကြောင်း၊ ရေဆင်း (၆)ပဲပုပ်မှာ လုံးကြီးကျက်များပြီး အထွက်နှုန်းလည်းကောင်းသောကြောင့် အများဆုံးစိုက်ပျိုးကြခြင်းဖြစ်ကြောင်း ဒေသခံပဲပုပ်စိုက်တောင်သူများ၏ ပြောကြားချက်များအရ သိရသည်။ **(ဝ၆၃)**

## သတင်းတိုများ

### အအေးပိုလာသဖြင့် ပြင်ဦးလွင်ဆွယ်တာဆိုင်ကြီးများ ရောင်းအားကောင်းလာ

ပြင်ဦးလွင်မြို့တွင် ဇန်နဝါရီလ ပထမပတ်မှစပြီး ယခင်နှစ်များနှင့်မတူအောင် အအေးပိုလာခြင်းကြောင့် ဒေသခံပြည်သူများနှင့် အဝေးမှဘုရားဖူးလာကြသော ဧည့်သည်များသည် မြို့ပေါ်ဆွယ်တာဆိုင်ကြီးများတွင် ခေါင်းစွပ်၊ လက်အိတ်၊ ခြေအိတ်၊ အနွေးထည်အင်္ကျီများ၊ အနွေးဘောင်းဘီများကို ယခင်နှစ်များကထက်ပိုပြီး ဝယ်ယူလျက်ရှိသဖြင့် ဆွယ်တာနှင့် အနွေးထည်များမှာ လက်မလည်အောင် ရောင်းအားကောင်းလျက်ရှိကြောင်း အနွေးထည်ဆိုင်အချို့မှ သိရသည်။ **(၄၃၂)**

### ယာဉ်အန္တရာယ်ကင်းဝေးရေးဟောပြောပွဲနှင့် လက်တွေ့သရုပ်ပြပွဲပြုလုပ်

ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် အဝေရာလမ်းရှိ အမှတ်(၂၆) အခြေခံပညာမူလတန်းကျောင်း၌ ကျောင်းသား ကျောင်းသူများ ယာဉ်အန္တရာယ်ကင်းဝေးစေရေးအတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေးဟောပြောပွဲကို မြန်မာနိုင်ငံယာဉ်ထိန်းတပ်ဖွဲ့က ဦးစီး၍ ဇန်နဝါရီ ၁၁ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။ **လှလှ**

### မြို့နယ်အားကစားဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်အရ မီနီမာရသွန်ပြိုင်ပွဲကျင်းပ

ရှမ်းပြည်နယ်(တောင်ပိုင်း)လွိုင်လင်မြို့နယ် ပင်လုံမြို့၌ အားကစားဝန်ကြီးဌာနက ကြီးမှူး၍ မြို့နယ်အားကစားဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ် (TSDP) အရ မြို့နယ်အုပ်ချုပ်ရေးမှူးဖလား မီနီမာရသွန်ပြိုင်ပွဲကို ဇန်နဝါရီ ၁၆ ရက်က ကျင်းပခဲ့သည်။ ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်အားကစားသမား ၃၀၀ ကျော် ပါဝင်ယှဉ်ပြိုင်ကြပြီး လွိုင်လင်မြို့ မြို့မအားကစားကွင်းမှ စတင်တာလွှတ်ကာ လွိုင်လင်-ပင်လုံကားလမ်းမကြီးအတိုင်း ပင်လုံအားကစားကွင်းသို့ ခြောက်မိုင်အကွာအဝေးကို ယှဉ်ပြိုင်ခဲ့ကြကြောင်း၊ ပြိုင်ပွဲတွင် အလွတ်တန်း၊ အမျိုးသားအလတ်တန်းနှင့် အမျိုးသမီးတန်းဟု အတန်းသုံးတန်းယှဉ်ပြိုင်စေပြီး အတန်းတစ်တန်းလျှင် ပထမဆုမှ ဒသမဆုအထိ ၁၀ဆုစီ ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **မိုးလွင်ဦး (လွိုင်လင်)**




# လှိုင်သာယာ ရွှေရင်အေးဈေးမျက်နှာစာတွင် လမ်းပေါ်ဈေးသည်များ ပပျောက်ရေးအတွက် ဈေးအတွင်း၌ ပုံကျနေရာများ မဲစနစ်ဖြင့်ချပေး

**ရန်ကုန် ဇန်နဝါရီ ၁၇**

လှိုင်သာယာမြို့နယ် အမှတ်(၁၈)ရပ်ရှိ ရွှေရင်အေးဈေးတွင် ဈေးမျက်နှာစာမှ လမ်းပေါ်ဈေးသည်များ ပပျောက်ရေးအတွက် ဇန်နဝါရီ ၁၅ ရက်က စတင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

၁၉၉၅ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့သော ရွှေရင်အေးဈေးတွင် ဈေးအတွင်းလမ်းပေါ်ဈေးသည်များဖြင့် စည်ကားနေသည့်အတွက် ဈေးရှေ့မျက်နှာစာမှ လမ်းပေါ်ဈေးသည်များ ပပျောက်စေရန်အတွက် အဆိုပါ ဈေးသည်များကို ဈေးအတွင်းပုံကျနေရာတွင် ရောင်းချနိုင်ရန် ၇ ပေ ပတ်လည်နေရာကို မဲစနစ်ဖြင့်နေရာချပေးခဲ့ကြောင်း၊ ဈေးအင်္ဂါနှင့်အညီ ဈေးရှေ့မျက်နှာစာတွင် လမ်းပေါ်ဈေးသည်ရှင်းလင်းမှုကို လှိုင်သာယာရှိဈေးများတွင် ပထမဆုံးဆောင်ရွက်နိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"ပထမဈေးရုံဟောင်းနေရာမှာပဲ ဈေးရုံသစ်သုံးရုံထပ်ဆောက်ပြီး တစ်ရုံကို ၆ ပေ ပတ်လည် ၅၄ နေရာနဲ့ ၁၆၂ ခန်းကို မဲစနစ်နဲ့ နေရာချပေးထားပါတယ်။ ဈေးရှေ့မျက်နှာစာက ဈေးသည်တွေကို ဒီနေ့မှာ ဈေးအတွင်းက မြေလွတ်နေရာမှာ ၇ ပေ ပတ်လည်နေရာအတွက် မဲနှိုက်ပြီး ၅၀ ကျော် နေရာချပေးပါတယ်။ ရွှေရင်အေးဈေးဟာ လမ်းပေါ်ဈေးသည်များတဲ့အတွက် အခုဆိုရင် ဈေးရှေ့မှာ ရှင်းသွားပါပြီ။ ရေစီးရေလာအတွက် ဈေးရှေ့က ရေမြောင်းကို စည်ပင်သာယာလမ်းတံတားက ဆက်ပြီးတာဝန်ယူဆောင်ရွက် မယ်လို့ သိရပါတယ်" ဟု ဈေးတာဝန်ခံ ဦးဇော်ဝင်းလှိုင်က ပြောသည်။

ရွှေရင်အေးဈေးသစ်ကို ဒီဇင်ဘာနောက်ဆုံးပတ်က တည်ဆောက်ပြီးစီးပြီဖြစ်၍ ဈေးနေရာအတွက် ၆ ပေ ပတ်လည်နေရာ ၇၀၀ ခန့်ကို ဇန်နဝါရီ ၂၁ ရက်တွင် မဲစနစ်ဖြင့် ပေးသွားမည်ဖြစ်ပြီး ခြောက်ပေပတ်လည်နေရာအတွက် ၁၀ ရစ်ကျအဖြစ် ၄၆၈၀၀၀ ကျပ် ပေးသွင်းရမည်ဖြစ်ကြောင်း သိရသည်။

အမှတ်(၂၀) ရပ်ကွက် ဈေးသစ်ကြီးကိုလည်း တည်ဆောက်ပြီးဖြစ်ကာ အနော်ရထာလမ်းမကြီးပေါ်ရှိ အမှတ်(၈)အထက်တန်းကျောင်းရှေ့တွင်ရှိသော ဈေးသည်များအားလုံး ဈေးသစ်အတွင်း ရောင်းချနိုင်ရန်ရည်ရွယ်၍ တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း၊ အမှတ်(၂၀)ရပ်ကွက် ဈေးသစ်ကြီးတွင်လည်း နေရာများကို ရွှေရင်အေးဈေးကဲ့သို့ပင် ၁၀ ရစ်ပေးဆောင်ရမည်ဖြစ်ပြီး တစ်လုံးတည်းလည်းပေးဆောင်နိုင်ကြောင်း သိရသည်။

**(၁၆၄)**

# ကိုပါအီတာလီယာဖလား ကွာတားဖိုင်နယ်မှာ ဂျူဗင်တပ်စ်တို့ နောက်တစ်ဆင့်တက်နိုင့်ပါ့မလား

မိုးမြင့်လင်းလက်



ကိုပါအီတာလီယာဖလား ကွာတားဖိုင်နယ် လက်ကျန်ပွဲစဉ် သုံးပွဲကို ဇန်နဝါရီ ၁၉ ရက်နဲ့ ၂၀ ရက်တွေမှာ ယှဉ်ပြိုင်ကြမှာဖြစ်ပါတယ်။ ဒီပွဲစဉ်တွေကတော့ ပရိသတ်အကြိုက်အသုံးတော်ခံကြမှာဖြစ်ပြီး ဂျူဗင်တပ်စ်၊ အင်တာမီလန်တို့ နောက်တစ်ဆင့်တက်နိုင်ပ့ါမလားဆိုတာ စိတ်ဝင်စားစရာကောင်းနေပါတယ်။ ပြိုင်ဘက်တွေဖြစ်တဲ့ လာဇီယိုနဲ့ နာပိုလီတို့က ဘယ်လိုစွမ်းဆောင်မှုတွေနဲ့ တုံ့ပြန်ကြမလဲဆိုတာကလည်း စိတ်ဝင်စားစရာကောင်းနေတာတော့ အမှန်ပါပဲ။

**လာဇီယိုနှင့် ဂျူဗင်တပ်စ်**

ဒီနှစ်သင်းရဲ့ နောက်ဆုံးတွေ့ဆုံမှု သုံးပွဲရလဒ်ကိုကြည့်ရင်တော့ ဂျူဗင်တပ်စ်တို့ချည်းနိုင်ပွဲ ရခဲ့တာတွေ့ရပါတယ်။ ဒါပေမယ့် လာဇီယိုတို့က စီးရီးအေမှာ အခုတလော နိုင်ပွဲတွေချည်း ဆက်တိုက်ရယူနေပြီး ခြေစွမ်းပြနေပါတယ်။ အဓိက ဝါရင့်တိုက်စစ်မှူး ကလိုဆေး ပါဝင်ဖို့ မသေချာပေမယ့် လာဇီယိုတိုက်စစ်က စွမ်းဆောင်ရည်ပြည့်ဝနေပါတယ်။ ဂျူဗင်တပ်စ်တို့ကလည်း ပုံမှန်ခြေစွမ်းရနေပြီး နိုင်ပွဲတွေဆက်နေတာမို့ ဒီနှစ်သင်းရဲ့ တွေ့ဆုံမှုက အကြိတ်အနယ်ရှိပါလိမ့်မယ်။ နှစ်သင်းစလုံးရဲ့ ခြေစွမ်းက အခုတလော တက်ရိပ်ပြနေပြီး တိုက်စစ်ခံစစ်ပိုင်းတွေ ဟန်ချက်ညီအောင် ကစားနိုင်နေတာမို့ ဘယ်အသင်းမှ အသာစီးမရနိုင်ပါဘူး။ ဂျူဗင်တပ်စ်တို့က အမာခံကစားသမားတွေနဲ့ ပွဲထွက်လာဖို့ ရှိနေသလို လာဇီယိုတို့ကလည်း ခြေကုန်ထုတ်မှာ သေချာနေပါတယ်။ ဒီပွဲမှာ အစဉ်အလာအတိုင်း ဂျူဗင်တပ်စ်တို့ အနိုင်ရဖို့ဆိုတာ မလွယ်ပါဘူး။ လာဇီယိုရဲ့ အားထုတ်မှုက စီးရီးအေမှာရော ကိုပါအီတာလီယာပွဲစဉ်တွေမှာပါ အကောင်းဆုံးပုံစံပြန်ရနေတာမို့ ဒီပွဲမှာ အိမ်ကွင်းလည်းဖြစ်တာကြောင့် အိမ်ရှင်ဟာ အနိမ့်ဆုံး သရေရလဒ်ထွက်အောင် ကစားပါလိမ့်မယ်။ ဒီပွဲဟာ ညီမျှခြင်းကျသွားနိုင်တဲ့ ပွဲပါပဲ။

**နာပိုလီနှင့် အင်တာမီလန်**

နာပိုလီရဲ့ လတ်တလော ခြေစွမ်းကိုကြည့်ရင် ဖရိုစီနိုနီ၊ ကိုရီနို၊ အတ္တလန္တာတို့ကို နိုင်ပွဲတွေဆက်တိုက်ရရှိထားပါတယ်။ လောလောဆယ် စီးရီးအေမှာ တန်းစီဇယားကို ထိပ်ဆုံးက ဦးဆောင်နေတဲ့ နာပိုလီတို့ကတော့ ခြေစွမ်းမတည်ငြိမ်တဲ့ အင်တာမီလန်ကို အပေါ်စီးက ကစားဖို့ ကြိုးစားပါလိမ့်မယ်။ အင်တာမီလန်တို့ကတော့ ဆက်ဆူအိုလိုနဲ့ ပီအက်စ်ဂျီတို့ကို ရှုံးပွဲကြုံထားပြီး အမ်ပိုလီကိုတော့ နိုင်ပွဲရထားပါတယ်။ ဒီနှစ်သင်းရဲ့ နောက်ဆုံး သုံးပွဲတွေ့ဆုံမှုရလဒ်ကိုကြည့်ရင် နာပိုလီတို့ သုံးပွဲစလုံးနိုင်ထားတာမို့ အခုပွဲမှာ အင်တာမီလန်တို့ ခက်ခဲမှာ သေချာပါတယ်။ နာပိုလီရဲ့ အိမ်ကွင်း ခြေစွမ်းကောင်းမွန်မှုက အင်တာမီလန်တို့အတွက် အနိုင်ဆိုတဲ့ အိမ်မက်ကို ပျက်ပြယ်စေမှာ အမှန်ပါပဲ။ အကြိုက်က နာပိုလီတို့ဖြစ်ပါတယ်။

**စပီဇီယာနှင့် အလက်ဇန်းဒရီးယား**

စီးရီးအေက စပီဇီယာအသင်းဟာ အခုလို ကွာတားဖိုင်နယ်ကို တက်ရောက်ခဲ့တာဟာ အောင်မြင်မှုတစ်ရပ်လို့တောင် ပြောရင်ရမယ့်အခြေအနေပါ။ ဒီလိုပါပဲ တတိယတန်းက အလက်ဇန်းဒရီးယားအသင်းကလည်း ကွာတားဖိုင်နယ်ကို တက်ရောက်လာတာဟာ အံ့သြစရာကောင်းနေပါတယ်။ တတိယတန်းမှာ အလက်ဇန်းဒရီးယားအသင်းဟာ တန်းစီဇယားကို ထိပ်ဆုံးက ဦးဆောင်နေတဲ့ အသင်းဖြစ်ပြီး ခြေစွမ်းလည်းကောင်းနေပါတယ်။ စပီဇီယာတို့ကတော့ လောလောဆယ်မှာ ခြေစွမ်းကျဆင်းနေပြီး တိုက်စစ်ပိုင်းလည်း အားနည်းနေပါတယ်။ တိုက်စစ်မှူးတွေက ပြိုင်ဘက်နောက်တန်းကို ထိုးဖောက်ကျော်ဖြတ်နိုင်စွမ်းရှိပေမယ့် ဂိုးသွင်းမှုအပိုင်းမှာတော့ အဆုံးသတ်မှု ကျဆင်းနေတာမို့ ဒီပွဲမှာ အလက်ဇန်းဒရီးယားတို့ ခြေကုန်ထုတ်ပြီး နိုင်ပွဲရဖို့ ကြိုးစားလာပါလိမ့်မယ်။ လက်ရှိအချိန်မှာ အလက်ဇန်းဒရီးယားတို့က စိတ်ဓာတ်လည်း မြင့်မားနေပြီး ခြေစွမ်းလည်းကောင်းမွန်နေတာမို့ သရေရလဒ်ထွက်ပေါ်ဖို့ များနေတာအမှန်ပါပဲ။ ။



## မန်ယူမှာပဲ ဆက်ရှိနေမယ့် ဒီဂီယာ

မန်ယူဂိုးသမား ဒီဂီယာကို ရီးရဲမက်ဒရစ်က ခေါ်ယူဖို့ ကြိုးစားခဲ့ပေမယ့် အိုးထရက်ဖို့ဒ်မှာပဲ ဆက်လက်ရှိနိုင်တယ်လို့ နည်းပြဗန်ဟားလ်က ပြောဆိုလိုက်ပါတယ်။ ဒီဂီယာဟာ ပြီးခဲ့တဲ့ နွေရာသီက အိုးထရက်ဖို့ဒ်မှ ထွက်ခွာဖို့ ကြိုးစားခဲ့ပေမယ့် မအောင်မြင်ခဲ့ပါဘူး။ ဇန်နဝါရီလ အပြောင်းအရွှေ့ရာမှာလည်း ရီးရဲမက်ဒရစ်သို့ ပြန်သွားလိမ့်မယ်လို့ ထင်ကြေးပေးနေဆဲပါ။ သို့ပေမယ့် နည်းပြဗန်ဟားလ်ကတော့ ဒီဂီယာကို မန်ယူက ထွက်ခွာလိမ့်မယ်လို့ မထင်မိပါဘူးလို့ ပြောဆိုလိုက်ပါတယ်။ လက်ရှိ မန်ယူမှာလည်း ဒီဂီယာလို ဂိုးသမားမရှိခဲ့ရင် ဒီထက် ရှုံးနိမ့်မှုတွေနဲ့ ရင်ဆိုင်ရဖို့ရှိနေတဲ့အတွက် ဗန်ဟားလ်အနေနဲ့လည်း ဒီဂီယာကို ဆက်လက်ခေါ်ယူထားဖို့ ဆန္ဒပြင်းပြနေတာပါ။ အပြောင်းအရွှေ့ ဆွေးနွေးမှုနဲ့ ပတ်သက်လို့ကတော့ ဒီဂီယာရဲ့ စိတ်ကို ကစားနိုင်မှာ မဟုတ်ပါဘူးလို့ ဗန်ဟားလ်က အခိုင်အမာပြောဆိုလိုက်ပါတယ်။ သို့ပေမယ့် အနီရောင် နတ်ဆိုးဂိုးသမား ဒီဂီယာကိုတော့ ရီးရဲမက်ဒရစ်က ကာလရှည်ကြာစွာ ပစ်မှတ်ထားနေခဲ့တာပါ။

## ဘီဘာအို တိုက်စစ်မှူးကို လီဗာပူးက အပြိုင်ခေါ်ယူလို

စပိန်လာလီဂါမှာ အမြန်ဆုံး ကစားသမားလို့ ပြောဆိုနေတဲ့ ဘီဘာအို တိုက်စစ်မှူး အနာကီဝီလျံကို အာဆင်နယ်နဲ့ အပြိုင်ခေါ်ယူသွားမယ်လို့ လီဗာပူးတာဝန်ရှိသူတွေက ဆိုပါတယ်။ ဝီလျံဟာ မေလက ဒီပို့တီဗိုနဲ့ တစ်ဖက်တစ်ဂိုးစီ သရေကျခဲ့တဲ့ပွဲမှာ တစ်နာရီကို ၂၂ ဒသမ ၂ မိုင်နှုန်းနဲ့ ပြေးနိုင်ခဲ့တယ်လို့ ဆိုပါတယ်။ ဒါကြောင့်လည်း ဝီလျံဟာ စပိန်လာလီဂါမှာ အမြန်ဆုံးကစားသမားရယ်လို့ နာမည်ကြီးခဲ့ပါတယ်။ **(ပုံယာအစွန်လူ)**

အသက် ၂၁ နှစ်အောက် စပိန်ကစားသမား ဝီလျံကို ပေါင် ၁၅ သန်းပေးပြီး ခေါ်ယူသွားဖို့ စီစဉ်ထားကြောင်း လီဗာပူးနည်းပြ ဂျာဂျင်ကလော့က ပြောဆိုလိုက်ပါတယ်။ သူဟာ ဘီဘာအိုအသင်းနဲ့ ခြေစွမ်းပြကစားနေတဲ့ တိုက်စစ်မှူးဖြစ်ပါတယ်။ သူ့ကို စပိန်နိုင်ငံ ဘီဘာအိုမြို့မှာ မွေးဖွားခဲ့တာဖြစ်ပါတယ်။ အာဆင်နယ်အသင်း တာဝန်ရှိသူ တွေက ကိုပါဒယ်ရေးပြိုင်ပွဲတစ်ရပ်အဖြစ် ဗီလာရီးရဲနဲ့ ဘီဘာအိုတို့ ကစားတဲ့ပွဲမှာ ဝီလျံရဲ့ ခြေစွမ်းကို ကြည့်ဖို့ သွားရောက်ခဲ့ကြပါတယ်။ ဒီပွဲမှာ တစ်လုံးတည်းသော အနိုင်ဂိုးကို ဝီလျံက သွင်းယူပေးခဲ့တာပါ။




## နံပါတ် (၄) နေရာရဖို့ အလျှော့ပေးမှာ မဟုတ်ဘူးဆိုတဲ့ ဟစ်ဒင့်




ပရီမီယာလိဂ်မှာ ပွဲစဉ် (၂၁)အပြီး တန်းဆင်းဇုန် နီးလာခဲ့ပေမယ့် ရာသီကုန် ချိန်မှာ နံပါတ် (၄) နေရာရောက်ရမယ်ဆိုတဲ့ ခံယူချက်ကို အလျှော့ပေးမှာ မဟုတ်ဘူးလို့ ယာယီနည်းပြ ဟစ်ဒင့်က ပြောဆိုလိုက်ပါတယ်။ လက်ရှိ ချန်ပီယံ ချယ်လ်ဆီးအသင်းအနေနဲ့ ပွဲစဉ် (၂၁) အပြီး ဇယားနံပါတ် (၁၄) နေရာမှာ ရောက်ရှိနေပေမယ့် ချန်ပီယံလိဂ်ဝင်ခွင့်နေရာရဖို့ အလျှော့ပေးသွားမှာ မဟုတ်ပါဘူးလို့ ဟစ်ဒင့်ကဆိုပါတယ်။ ချယ်လ်ဆီးအသင်းဟာ လက်ရှိနံပါတ် (၄) နေရာရောက်နေတဲ့ စပါးအသင်းနဲ့ ၁၂ မှတ်ကွာနေပါတယ်။ တန်းဆင်းဇုန် ရောက်နေတဲ့ ဆန်းဒါးလန်အသင်းနဲ့ ခြောက်မှတ်သာ ကွာခြားမှုရှိပါတယ်။ ကျွန်တော်တို့ အသင်းဟာ ဖလားမရနိုင်ပေမယ့် ချန်ပီယံလိဂ်ဝင်ခွင့်နေရာရဖို့တော့ ယုံကြည်မှုအပြည့်အဝရှိပါတယ်။ ဒါကိုတော့ ကျွန်တော်တို့ အားလုံး အလျှော့ပေးမှာ မဟုတ်ပါဘူး။ ဒါပေမယ့် အာလုံး ညီညီညွတ်ညွတ်နဲ့ စူးစူးစိုက်စိုက် ကြိုးစားသွားမှုဖြစ်နိုင်ပါလိမ့်လို့ ဟစ်ဒင့်ကဆိုပါတယ်။

✦ ကောင်းမြတ်သူ - စုစည်းသည်။ ✦

# နွေစပါးလျာထားချက် ပြည့်မီအောင်စိုက်ပျိုးနိုင်ရေး ကွင်းဆင်းဆောင်ရွက်

**ဆိပ်ဖြူ ဇန်နဝါရီ ၁၇**

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ်တွင် နွေစပါးစိုက်ပျိုးတောင်သူများအတွက် လျာထားဧကပြည့်မီစွာ စိုက်ပျိုးနိုင်ရေးအတွက် မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်စိုက်ညှိအဖွဲ့ဝင်များသည် ဇန်နဝါရီ ၁၄ ရက်မွန်းလွဲ ၁ နာရီက အောက်ဆိပ်လျှပ်စစ်မြစ်ရေတင်တွင် နွေစပါးစိုက်ပျိုးမည့် တောင်သူများနှင့် တွေ့ဆုံခဲ့ကာ နွေစပါးလျာထားချက်ပြည့်မီအောင် စိုက်ပျိုးနိုင်ရေး လိုအပ်ချက်များကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။



ဒေသခံတောင်သူများနှင့် တွေ့ဆုံရာတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညဏ်မျိုးက အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးအရာရှိ ဒေါ်ငွေငွေအေးက တောင်သူများအတွက် နွေစပါးစိုက်ပျိုးရေးတွင် နည်းပညာ လိုအပ်ချက်များဖြည့်ဆည်းဆောင်ရွက်ချက်များ၊ ဈေးကွက်ဝင် စပါးမျိုးများ စိုက်ပျိုးနိုင်ရေးအတွက် ဆောင်ရွက်နေမှုများကို ဆွေးနွေးပြောကြားသည်။

ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့သည် ပင်မရေတင်မြောင်း၌ စိုက်ပျိုးရေပြည့်ဝစွာရရှိရေး ဆောင်ရွက်နေမှုကိုလည်းကောင်း၊ ဆက်လက် ပြုပြင်မည့် ရေပေးမြောင်းများကိုလည်းကောင်း ကွင်းဆင်းကြည့်ရှုခဲ့သည်။

အောက်ဆိပ် လျှပ်စစ်မြစ်ရေတင်တွင် ၂၀၁၆ ခုနှစ် နွေစပါးစိုက်ပျိုးရန်အတွက် လျာထားဧက ၁၄၀ ရှိကြောင်း၊ အဆိုပါ စိုက်ဧကများတွက် ရေပေးမြောင်းလက်တံ (၁) နှင့် (၂) **(ဓပုံ)**တို့မှ စိုက်ပျိုးရေ ဖြန့်ဝေပေးသွားမည်ဖြစ်ပြီး ပျိုးထောင်ရေကို ဖေဖော်ဝါရီ လဆန်းပိုင်းတွင် ပို့လွှတ်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။ **စိုးလင်းနိုင်(ပြန်/ဆက်)**

# ကျေးရွာချင်းဆက်ချောင်းကူးတံတား အမြန်ဆုံးဖွင့်လှစ်နိုင်ရေး ဆောင်ရွက်လျက်ရှိ

**မြောင်းမြ ဇန်နဝါရီ ၁၇**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ် ဆင်ကူးကျေးရွာအုပ်စုအတွင်းရှိ ဆင်ကူး- ကုန်းထိပ်ပြောင် ကျေးရွာချင်းဆက် ချောင်းကူးတံတား တည်ဆောက်မှုများ ပြီးစီးတော့မည်ဖြစ်၍ မကြာမီဖွင့်လှစ်နိုင်တော့မည်ဖြစ်ကြောင်း သိရသည်။ **(ယာပုံ)**

အဆိုပါ ကျေးရွာချင်းဆက်တံတားကို မြောင်းမြမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တည်ဆောက်ခြင်းဖြစ်ပြီး မြောင်းမြ၊ ကုန်းသာ၊ မြစိမ်းရောင်၊ ဆင်ကူး၊ ကုန်းထိပ်ပြောင် ကျေးရွာများဖြတ်၍ မြောင်းမြ-လပွတ္တာ အဝေးပြေး ကားလမ်းမပိုင်းသို့ ဖြတ်ထွက်သော ကျေးရွာချင်းဆက် လမ်းပေါ်တွင် တည်ဆောက်ထားကြောင်း၊ မြောင်းမြ-လပွတ္တာသို့ ခရီးတာတိုအတွင်း သွားရောက်နိုင်သော လမ်းခရီးဖြစ်ကြောင်း မြောင်းမြမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှူး ဦးဗိုလ်ဗိုလ်မြင့်၏ ပြောကြားချက်အရ သိရသည်။

ဆင်ကူး-ကုန်းထိပ်ပြောင် ကျေးရွာချင်းဆက် တံတားသည် အရှည် ၁၈၀ ပေ၊ အကျယ် ၁၄ ပေရှိပြီး သံမဏိသံပေါင်နှင့် သစ်သားခင်းတံတား အမျိုးအစားဖြစ်ကာ ဘိုးပိုင်ဖောင်ဒေးရှင်း၊ RC တိုင် ရှစ်တိုင်၊ ရေလမ်းကင်းလွတ် အကျယ် ပေ ၂၀၊ ခွင့်ပြု အလေးချိန် ၃၅ တန်ဖြစ်ကြောင်း၊ နိုင်ငံတော် ခွင့်ပြုရန်ပုံငွေ ကျပ်သိန်း ၁၀၀၀ ဖြင့် ရတနာပြည့်စုံကုမ္ပဏီက တာဝန်ယူဆောက်လုပ်လျက်ရှိကြောင်း သိရသည်။ အဆိုပါ တံတားတည်ဆောက်မှုလုပ်ငန်းများကို မြောင်းမြမြို့နယ် အုပ်ချုပ်ရေးမှူး ဦးမြင့်စိန်နှင့် တာဝန်ရှိသူများက ဇန်နဝါရီ ၁၄ ရက်တွင် ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ပြီး မကြာမီ ဖွင့်လှစ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဆင်ကူး-ကုန်းထိပ်ပြောင် ကျေးရွာချင်းဆက်တံတားကြီး ပြီးစီးသွားပါက အဆိုပါတံတားကို ဖြတ်၍ မြောင်းမြ-လပွတ္တာမြို့များသို့ ဖြတ်လမ်းအဖြစ် အချိန်တိုအတွင်း သွားရောက်နိုင်ရုံသာမက ကုန်းသာ၊ မြစိမ်းရောင်၊ ကညင်ချောင်း၊ စက်ကုန်း၊ ရေငန်း၊ ဆင်ကူး၊ ကုန်းထိပ်ပြောင်၊ တောင်ကုန်းစသော ကျေးရွာများမှ ပြည်သူများအနေဖြင့် မြောင်းမြမြို့သို့ အလွယ်တကူ ဆက်သွယ်သွားလာနိုင်မည်ဖြစ်ရာ ပညာရေး၊ စီးပွားရေး၊ ကျန်းမာရေး ကဏ္ဍများပါ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ လက်ရှိလမ်းမှာ မြေသားလမ်း ဖြစ်နေသေးသည့်အတွက် ကျောက်ချောလမ်းအဖြစ် ဆက်လက် ဆောင်ရွက်ပေးနိုင်ရန်လည်း ဒေသခံကျေးရွာများမှ ပြည်သူများက လိုလားလျက်ရှိကြောင်း သိရသည်။

**အောင်မင်း (မြောင်းမြ)**





# နှစ်ပေါင်း ၁၀၀ ကျော်မှ ရှေးဟောင်းစေတီတော်ကြီးကို အသစ်တည်ထားကိုးကွယ်မည်

**တောင်ငူ ဇန်နဝါရီ ၁၇**

တောင်ငူမြို့နယ် ကျွန်းကုန်းကျေးရွာအုပ်စု တောင်ရေကြည်ကျေးရွာမှ နှစ်ပေါင်း ၁၀၀ ကျော် ကြာမြင့်နေပြီဖြစ်သည့် သမိုင်းဝင်ရှေးဟောင်း စေတီတော်ကြီးအား အသစ်မွမ်းမံတည်ဆောက်ရန် ဇန်နဝါရီ ၁၂ ရက်က ပန္နက်တင် မင်္ဂလာအခမ်းအနား ကျင်းပခဲ့ပြီး ဇန်နဝါရီ ၁၄ ရက်တွင် အုတ်မြစ်ချ အခမ်းအနား ကျင်းပခဲ့ကြောင်းသိရသည်။

အဆိုပါ ရှေးဟောင်းစေတီတော်ကြီးကို ပြုပြင်ရန် သီတဂူကေတုမတီ ဗုဒ္ဓကောလိပ်မှ ဓမ္မကထိကဆရာတော် အရှင်တိက္ခသာရက ဦးစီး၍ တပည့်ဒကာ၊ ဒါယိကာမများက စုပေါင်းလှူဒါန်းကြခြင်းဖြစ်သည်။ စေတီတော်ကြီးမှာ နှစ်ကာလကြာမြင့်လာသဖြင့် ယိုယွင်းပျက်စီးလျက်ရှိသောကြောင့် အနီးဝန်းကျင်ရှိ ကျေးရွာများဖြစ်သော ချင်းကုန်းကျေးရွာ၊ ကုန်းတုန်းကျေးရွာ၊ ဇီးကုန်းကျေးရွာ၊ နေပူကုန်းကျေးရွာ၊ ပဲချပ်ကုန်းကျေးရွာ၊ ထန်းပင်ကောက်ကျေးရွာ၊ ချောင်းဖြူကျေးရွာနှင့် တောင်ရေကြည်ကျေးရွာများမှဒေသခံများက ကြည်ညိုနိုင်ရန်နှင့် သာသနာတော်ထွန်းကားရေးအတွက် အသစ်တည်ထားကိုးကွယ်ရန် ဆောင်ရွက်ခြင်းဖြစ်ပြီး စေတီဉာဏ်တော်အမြင့်မှာ ၃၅ တောင်ခန့်ရှိမည် ဖြစ်ကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

# မြစိမ်းရောင်စီမံကိန်း အလုပ်ရုံဆွေးနွေးပွဲကျင်းပ

**ပေါက်ခေါင်း ဇန်နဝါရီ ၁၇**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပေါက်ခေါင်းမြို့နယ်အတွင်း ကျေးရွာများ၌ ပြီးခဲ့သည့်ဘဏ္ဍာရေးနှစ်တွင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သော မြစိမ်းရောင်စီမံကိန်းများမှ အတိုးရငွေများဖြင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် အကြံပြုဆွေးနွေးခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ပေါက်ခေါင်းမြို့နယ် ရပ်သစ်ကျေးရွာ၌ ဇန်နဝါရီ ၁၅ ရက်က ကျင်းပသည်။

အလုပ်ရုံဆွေးနွေးပွဲသို့ မြစိမ်းရောင်စီမံကိန်း အကောင်အထည်ဖော်ထားသော ကျေးရွာ ရှစ်ရွာမှ စီမံကိန်းကော်မတီဝင်များ တက်ရောက်ပြီး ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ကျော်လူက အမှာစကားပြောကြားသည်။ ထို့နောက် ကျေးရွာများမှ တာဝန်ရှိသူများက မိမိတို့ကျေးရွာများ၌ ဆောင်ရွက်မည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့်ပတ်သက်၍ ဆွေးနွေးကြပြီး အဆိုပြုချက်များနှင့် ပတ်သက်၍ ပေါက်ခေါင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးမောင်မောင်ကြည်က ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# ဘက်ထရီရှော့ခ်တိုက်ခြင်းနှင့် ဆေးချငါးဖမ်းခြင်းများကြောင့် ငါးသယံဇာတများ ပြုန်းတီးရှားပါးလာနိုင်

**စလင်း ဇန်နဝါရီ ၁၇**

မကွေးတိုင်းဒေသကြီးအတွင်းရှိ မြစ်ချောင်းအင်းအိုင်များတွင် ငါးရှာဖွေဖမ်းဆီးရာ၌ ဘက်ထရီရှော့ခ်တိုက်ခြင်းနှင့် ပိုးသတ်ဆေးချဖမ်းဆီးခြင်းများ ရှိနေပြီး ယင်းကဲ့သို့ စည်းကမ်းမဲ့ငါးဖမ်းဆီးနေမှုများကြောင့် ငါးသယံဇာတများ ပြုန်းတီးရှားပါးလာနိုင်ကြောင်း ဒေသခံများထံမှ သိရသည်။

"သက်ဆိုင်ရာက စီမံချက်တွေရေးဆွဲပြီး ရှောင်တခင်အရေးယူဆောင်ရွက်နေတဲ့ကြားကနေ တချို့တွေက အတင့်ရဲရဲနဲ့ ချိုးဖောက်ဖမ်းဆီးနေကြတယ်။ တစ်နပ်စားလုပ်မယ့်အစား တစ်သက်စားဖြစ်အောင် ဒါမျိုးဖမ်းဆီးမှုတွေကို ရှောင်ကြဉ်သင့်တယ်။ သက်ဆိုင်ရာကလည်း ပညာပေးစည်းရုံးမှုတွေ တိုးမြှင့်ဆောင်ရွက်သင့်တယ်။ လက်လှမ်းမမီနိုင်တဲ့ဒေသတွေမှာ ပိုပြီးတော့ ချိုးဖောက် ဖမ်းဆီးနေကြတယ်။ ဒေသခံငါးဖမ်းသမားတွေ ပူးပေါင်းဆောင်ရွက်မှုမရှိရင် ငါးသယံဇာတွေ ပြုန်းတီးရှားပါးလာမှာစိုးတယ်"ဟု ငါးလုပ်ငန်းရှင်တစ်ဦးကပြောသည်။

တိုင်းဒေသကြီးတွင် ဧရာဝတီမြစ်နှင့် ချောင်းမြောင်းအင်းအိုင်များကို အမှီပြု၍ တစ်ပိုင်တစ်နိုင် ငါးရှာကြသူများနှင့် စီးပွားဖြစ်ငါးလုပ်ငန်းလုပ်ကိုင်သူ အများအပြားရှိကြောင်း၊ အများဆုံးဖမ်းဆီးရရှိသော ငါးများမှာ ငါးကြင်း၊ ငါးရံ့၊ ငါးခူနှင့် ငါးရှဉ့်များဖြစ်ကြောင်း အဆိုပါ ငါးလုပ်ငန်းရှင်က ဆက်ပြောသည်။

ဘက်ထရီရှော့ခ်တိုက်ခြင်းနှင့် ဆေးချဖမ်းဆီးခြင်းများကြောင့် ရေထုညစ်ညမ်း၍ သဘာဝပတ်ဝန်းကျင်ကို ပျက်စီးစေနိုင်သည့်အပြင် အဆိုပါငါးများကိုစားသုံးသူ လူသားများ၏ ကျန်းမာရေးကိုလည်း ထိခိုက်စေ၍ ဆေးအဆိပ်သင့်ကာ အသက်အန္တရာယ်ဆုံးပါးသည်အထိ ဖြစ်နိုင်ကြောင်း၊ တန်ဖိုးကြီးငါးနှင့် ငါးမျိုးစိတ်များသာမက ငါးသန်၊ ငါးမွှားနှင့် အခြားရေနေသတ္တဝါများလည်း အလဟဿပြုန်းတီးနိုင်သဖြင့် ယင်းကဲ့သို့ စည်းကမ်းမဲ့ငါးဖမ်းဆီးခြင်းများကို ရှောင်ကြဉ်ကာ စည်းကမ်းနှင့်အညီ ငါးဖမ်းကြရေးအတွက် တာဝန်ရှိသူများနှင့် ပြည်သူများ ပူးပေါင်းဆောင်ရွက်သင့်ကြောင်း အဆိုပါ ငါးလုပ်ငန်းရှင်က ပြောသည်။ **ကျော်စွာ(မကွေး)**

# ရွှေစက်တော်သွား ခေတ်သစ်တောလား

'တောကြက်တွန်မြူး၊ ကျေးငှက်ကျူး၍၊ သံကြူးမြည်စည်၊ စက်ရိပ် လည်၍၊ နေခြည်ဝင်မြောက်၊ ဆည်းဆာရောက်သော်၊ မျောက်ကကြိုးခွေ၊ ဒေါင်းအိုးဝေနှင့်၊ သံခြေကြွေးကြော်၊ ဖို-မခေါ်လျက်၊ တောက်ကျော်တွန်သွား၊ ငှက်ငန်းလည်း၊ တောဖျားမြိုင်ချောက်၊ ပင်ရိပ်အောက်တွင်၊ သေသောက်ကြူးငှက်၊ သေသောလျက်တည့်၊ တောင်ထက်ကျူးမြည်၊ ဝန်တင်သည်လည်း၊ ထိုးမည်စောင်စောင်၊ တောကောင်ပျော်မွေ့၊ ဓလေ့ဖိုးခေါင်၊ ခေါ်ယောင်ဖန်များ၊ တောလုံးကြားအောင်၊ ကျားကရုတ်ရုတ်၊ သံကြုတ်ကြုတ်နှင့်၊ သစ်ကျူတ်ပြေးလွှား၊ ကြောင်ပါးပြေးခုန်၊ ဆွေ့ဟုန်ပြေးသန်း၊ နွယ်တန်းကိုင်လျှောက်၊ သစ်တောက်ငှက်တော်၊ သံကျော်ဆက်ရက်၊ မြီးဆက်ဖားဖား၊ ခွေးကျားခွေးရွှေ၊ ဝံပုလွေနှင့်၊ ချေကလည်းဟောက်၊ တောက်သည့်သမင်၊ တောဝန်းကျင်၌၊ ဆင်ကကျိုးကျည်၊ ပျော်ဘွယ်စည်သည်။ လေပြည်ပျံ့ပျံ့ ပျူးပျူးတည်း။'

(အင်းဝခေတ်စာဆို ရှင်မဟာရဋ္ဌသာရ၏ ရွှေစက်တော်သွားတောလားမှ)

'မန်းရွှေစက်တော်'ဟုဆိုလိုက်သည်နှင့် ရွှေစက်တော်ဘေးမဲ့တော အပါအဝင် ရွှေသမင်နှင့်ကြယ်လိပ်ကလေးများကို ပြေး၍မြင်ယောင်မိကြမှာ အသေအချာဖြစ်သည်။

မြန်မာ့စာပေသမိုင်းတွင် အင်းဝခေတ် စာဆိုကဝိဖြစ်သော ရှင်မဟာရဋ္ဌသာရ၏ 'ရွှေစက်တော်သွားတောလား'သည် ဂန္ထဝင်ကဗျာတစ်ပုဒ်အဖြစ် မှတ်တမ်းဝင်သကဲ့သို့ 'ရွှေစက်တော်ဘေးမဲ့တော'သည်လည်း မြန်မာနိုင်ငံရှိ သဘာဝဘေးမဲ့တောကြီးများအနက် တစ်ခုအပါအဝင်ဖြစ်သည်။ ရှင်မဟာရဋ္ဌသာရနည်းတူ အုင်ကျောင်း ဒါယိကာမကြီး နန်းမတော်မယ်နုကိုပင် သေဒဏ်အပေးခံရခါနီးတွင်မှ 'သူ့ဝင်္ဂကျွေးရှိရင် ဆပ်လိုက်' ဟူသောစကားမျှကိုသာ နှစ်သိမ့်မိန့်ကြားခဲ့သော ဆရာတော်တစ်ပါးဖြစ်သည့် ဆရာတော် ဦးဗုဒ်ကလည်း သူ၏မွေးဖွားရာ ဇာတိဖြစ်သော ညောင်ကန်ရွာမှ သက္ကရာဇ် ၁၁၈၂ ခုနှစ်တွင် ရွှေစက်တော်သို့ အဖူးအမြော်ကြွရောက်စဉ်က ရွှေစက်တော်သွားတောလားကို ရေးသားသီကုံး စပ်ဆိုတော်မူခဲ့သည်။ ဆရာတော်သည် တောတောင်သဘာဝတို့၏ အလှအပကို ရှင်ဥတ္တမကျော်၊ ရှင်မဟာရဋ္ဌသာရတို့ကဲ့သို့ အာရုံမခံစားဘဲ ဘုရားဖူးသွားရာ ခရီးစဉ်ကိုသာ ဦးစားပေး ရေးဖွဲ့ခဲ့သည်။

ထိုကဲ့သို့ မြန်မာ့စာပေသမိုင်းဝင် ဂန္ထဝင်ကဗျာရှည်ကြီးများစပ်ဆို၍ စာဆိုရှင်များဆွတ်ပျံ့ခံစားခဲ့ရသော 'ရွှေစက်တော် တောတောင်'ကို ၁၉၄၀ ခုနှစ် ဇွန် ၂၉ ရက်တွင် သဘာဝဘေးမဲ့တောကြီးအဖြစ် စတင်တည်ထောင်ခဲ့သည်။ ရွှေစက်တော် သဘာဝဘေးမဲ့တောကြီးသည် မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင်အတွင်းရှိ မင်းဘူး(စကု)မြို့နယ်၊ ပွင့်ဖြူမြို့နယ်၊ ငဖဲမြို့နယ်နှင့် စေတုတ္တရာ မြို့နယ်ဧရိယာများ ပါဝင်ကာ အဓိကအားဖြင့် မုန်းချောင်းနှင့် မန်းချောင်းအကြားတွင် တည်ရှိသည်။

ရွှေစက်တော် ဘေးမဲ့တော မြေမျက်နှာပြင်သည် တောင်နှင့်မြောက်တန်း၍



ဆင်ခြေလျှော သဲကျောက်တောင်တန်းများ ဖုံးလွှမ်းလျက်တွေ့မြင်ရသည်။ မိုးရေချိန် လက်မ ၃၀ ဝန်းကျင်ရရှိပြီး အပူချိန် ၃၆ ဒီဂရီစင်တီဂရိတ်မှ ၄၄ ဒီဂရီစင်တီဂရိတ်အတွင်းရှိ၍ အင်တိုင်းတော၊ အထက်ရွက်ပြတ်ရောတော တောင်ခြောက် သစ်တောအမျိုးအစားဖြစ်သည်။ သန်း၊ ဒဟတ်၊ ထနောင်း၊ သစ်ရာ၊ အင်ကြင်း စသည့် သစ်အမျိုးပေါင်း ၆၀ ကျော်နှင့် မျှင်ဝါး၊ သိုက်ဝါးတို့လည်း ပေါက်ရောက်သည်။ ရွှေစက်တော်ဘေးမဲ့တောနှင့် ဆက်စပ်သည့်ဧရိယာများတွင် မြန်မာ့တိုင်းရင်းဆေးဖက်ဝင် ပရဆေးအပင်များနှင့် သစ်ကြံပိုးခေါက်၊ ကရဝေး၊ မုဆိုးပြေပ်၊ ဝံအူအစရှိသော ဟင်းခတ်အမွှေးအကြိုင်များအပြင် ရှားပါးလှသည့် 'တစ်ခိုင်လုံးရွှေသစ်ခွပင်'များလည်း ပေါက်ရောက်သည်။



ထို့ပြင် ရွှေစက်တော်ဘေးမဲ့တောအတွင်း၌ မြန်မာ့ရွှေသမင်၊ ဂျီ၊ တောခွေး၊ မျောက်၊ ဆတ် စသည့် နို့တိုက်သတ္တဝါ ၁၄ မျိုး၊ မြွေဖွတ်၊လိပ် အစရှိသော တွားသွားသတ္တဝါ ၃၆ မျိုး၊ လိပ်ပြာမျိုးစိတ် ၃၉ မျိုးနှင့် ငှက်အမျိုးပေါင်း ၁၁၃ မျိုးတို့ မှီတင်းနေထိုင်ကြောင်း တွေ့ရသည်။ ယင်းသတ္တဝါများအနက် ကမ္ဘာ့ ပေါ်တွင် အလွန်ရှားပါးနေပြီဖြစ်သော ရွှေသမင်နှင့် ကြယ်လိပ်တို့မှာ အထူး ထိန်းသိမ်းထားသော သတ္တဝါများဖြစ်သည်။

မြန်မာတို့က 'ရွှေသမင်'ဟု တင်စားခေါ်ဝေါ်ကြသော ရွှေရောင်အမွေးရှိသည့် သမင်ကို အင်္ဂလိပ်ဘာသာဖြင့် "Brow Antlered Deer"ဟု ခေါ်ဆိုကြသည်။ ဖေဖော်ဝါရီလမှ ဧပြီလအထိ မိတ်လိုက်ကြပြီး သမင်မများသည် ရှစ်လ ကိုယ်ဝန်လွယ်ထား၍ အောက်တိုဘာလမှ ဒီဇင်ဘာလအထိ သားပေါက်ကြပြီး လျှင် တစ်ခါသားပေါက်လျှင် တစ်ကောင်နှုန်းသာ ပေါက်သည်။ သက်တမ်းမှာ နှစ် ၂၀ မျှသာဖြစ်သည်။ ယင်းရွှေသမင်များကို မကွေးတိုင်းဒေသကြီး ရွှေစက်တော်ဘေးမဲ့တောနှင့် စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ် ချပ်သင်းဘေးမဲ့တောတို့တွင်လည်း တွေ့နိုင်သည်။ သမင်ဖိုများသည် တစ်ကောင်တည်း နေထိုင်စားသောက်သော်လည်း မိတ်လိုက်ချိန်တွင် အဖိုအမ တွဲလျက် ရေမသောက်ဘဲနှင့် ရက်အကြာကြီးနေနိုင်သည်။ တစ်နှစ်လျှင် တစ်ကြိမ်မျှ ဦးချိုချလေ့ရှိ၏။ စားသောက်သော အစားအစာများမှာ ဆီးဖြူ ဖန်ခါး၊ ဆီးသီး၊ ကန်စွန်းရွက်များဖြစ်ပြီး ယခုအခါ ခြံလှောင်စနစ်ဖြင့် နိုင်ငံတော်မှ စမ်းသပ်မွေးမြူထားရာ အောင်မြင်လျက်ရှိသည်။

ထို့ပြင် မြန်မာနိုင်ငံတွင် ရေချိုလိပ်အမျိုးအစား ၂၇ မျိုးနှင့် ပင်လယ်ရေငန်လိပ်အမျိုးအစား ငါးမျိုးစသည်ဖြင့် လိပ်မျိုးပေါင်း ၃၂ မျိုး ရှိသည်။ ရေချိုလိပ် ၂၇ မျိုးအနက် လေးမျိုးသည် မြေပြင်တွင်ကျက်စား၍ ရွှေစက်တော်ဘေးမဲ့တောတွင် တွေ့ရှိရသော လိပ်အမျိုးအစားမှာ ကြယ်လိပ်(သို့မဟုတ်) ပန်းလိပ်(သို့မဟုတ်)ဆီကျိုလိပ်များဖြစ်သည်။ ဆီဆုံများတွင် ၄င်းလိပ်ခွံဖြင့် ဆီခတ်ယူလေ့ရှိသောကြောင့် ခေါ်ခြင်းဖြစ်သည်။ အင်္ဂလိပ်ဘာသာဖြင့် Star Tortoise ဟုခေါ်သည်။ ကြယ်လိပ်များသည် အောက်တိုဘာလတွင် ဥဉ၍ တစ်ခါဥလျှင် လေးလုံး၊ ငါးလုံးမျှသာ ဥပြီး မေလတွင် အကောင်များ ပေါက်လေ့ရှိသည်။ ကြယ်လိပ်ကို ရွှေစက်တော်ဘေးမဲ့တောကလွဲ၍ အခြားမည်သည့်နေရာဒေသများ၌ မတွေ့ရပေ။ ဂျပန်လူမျိုးများသည် ကြယ်လိပ်များကို အိမ်တွင်မွေးမြူလျှင် လာဘ်ရွှင်သည်၊ ဥစ္စာနေတိုးတက်သည်၊ အန္တရာယ်ကင်းသည်ဟု အယူအဆရှိသဖြင့် အခြားနိုင်ငံများမှ စျေးကောင်းပေးဝယ်၍ အိမ်တွင်မွေးမြူကြလေ့ရှိသည်။ ထို့ကြောင့် မသမာသူများက နည်းလမ်းမျိုးစုံဖြင့် ရောင်းဝယ်ဖောက်ကားကြသည့်အတွက် မျိုးတုံးတော့မည့် အခြေအနေနှင့် ကြုံတွေ့ရသောကြောင့် နိုင်ငံတော်မှ သစ်တောဥပဒေပြဋ္ဌာန်းကာ ထိန်းသိမ်းတားမြစ်ခဲ့ရသည်။

ရွှေစက်တော်ဘေးမဲ့တောတွင် ယင်းကဲ့သို့ အလွန်ရှားပါးနေပြီဖြစ်သော သားရဲတိရစ္ဆာန်များကို တွေ့မြင်နိုင်သကဲ့သို့ နိုင်ငံတော်အတွက် စီးပွားဖြစ် မဟုတ်သည့်တိုင် မိသားစု တစ်နိုင်တစ်ပိုင်စီးပွားရေးအဖြစ် ရေနံ၊ ကျောက်မီးသွေး၊ လချေးကျောက်များနှင့် လမ်းခင်းကျောက်များအား တူးဖော်ရရှိသေးသည်။ ယခင်က တောတောင်သယံဇာတ၏ တန်ဖိုးကို သိရှိမှုနည်းပါးသော ပြည်သူများသည် ပရဆေးဖော်စပ်ရန်နှင့် အသားစားသောက်ရန် အကြောင်းအမျိုးမျိုးပြ၍ စည်းကမ်းမဲ့စွာ ပစ်ခတ်ဖမ်းဆီးသတ်ဖြတ်ကြသဖြင့် အဖိုးတန်ရှားပါးတိရစ္ဆာန်များ သေဆုံးလျော့ပါးခဲ့ရပြီး ထင်းခုတ်၊ သစ်ခုတ်၊ ယာခုတ်၊ မီးသွေးဖုတ်၊ တောမီးရှို့မှုများကြောင့် သစ်တောများ ပြုန်းတီးနိုင်သဖြင့် နိုင်ငံတော်က ဘေးမဲ့တောအဖြစ် သတ်မှတ်ခဲ့သည်။ ယခုအခါ မြန်မာနိုင်ငံသစ်တောဦးစီးဌာနမှ ဝန်ထမ်းများသည် နေ့ညမပျက် ဘေးမဲ့တောများနှင့် ကာကွယ်တောများအား ထိန်းသိမ်းစောင့်ရှောက်လျက်ရှိပါသည်။

အချုပ်အားဖြင့်ဆိုရသော် မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင်အတွင်းရှိ



မင်းဘူး(စကု)မြို့နယ်၊ ပွင့်ဖြူမြို့နယ်၊ ငဖဲမြို့နယ်နှင့် စေတုတ္တရာမြို့နယ်တို့တွင် ပါဝင်သော ဗုဒ္ဓဘုရားရှင်၏ ခြေတော်ရာနှစ်ဆူ အမွေအနှစ်များတည်ရှိရာ ရွှေစက်တော်ဘေးမဲ့တောသည် မြန်မာနိုင်ငံသားအားလုံးက ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်သင့်သည့် တာဝန်ရှိသော သဘာဝဘေးမဲ့တောတစ်ခု ဖြစ်ပါကြောင်း တင်ပြလိုက်ရပါသည်။

**ကျော်စွာ (မကွေး)**

## တက္ကသိုလ်ဘာသာရပ်ပေါင်းစုံ ဘောလုံးပြိုင်ပွဲကျင်းပ

**မိတ္ထီလာ ဇန်နဝါရီ ၁၇**

မိတ္ထီလာတက္ကသိုလ် ၂၀၁၅-၂၀၁၆ ပညာသင်နှစ် ဘာသာရပ်ပေါင်းစုံ အမျိုးသား အမျိုးသမီး ဘောလုံးပြိုင်ပွဲကို ဇန်နဝါရီ ၁၅ ရက်က ပညာရေးကောလိပ်ဘောလုံးကွင်း၌ ကျင်းပခဲ့သည်။ပြိုင်ပွဲတွင် တက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာခင်ဖြူဖြူအေးက ရှင်းလင်းပြောကြားသည်။ ထို့နောက် အမျိုးသားဘောလုံးပြိုင်ပွဲကို စတင်ကျင်းပရာ ဘူမိဗေဒအသင်းနှင့် ဝိဇ္ဇာညွန့်ပေါင်းအသင်းတို့ ယှဉ်ပြိုင်ကစားကြပြီး ဘူမိဗေဒအသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ မိတ္ထီလာတက္ကသိုလ် ဘာသာရပ်ပေါင်းစုံ အမျိုးသား အမျိုးသမီး ဘောလုံးပြိုင်ပွဲကို ဇန်နဝါရီ ၁၅ ရက်မှ ၂၈ ရက်အထိ ကျင်းပလျက်ရှိရာ အမျိုးသားပြိုင်ပွဲတွင် (က)အုပ်စု၌ ပထဝီဝင်၊ ရုက္ခဗေဒ၊ သတ္တဗေဒ၊ (ခ)အုပ်စု၌ ဘူမိဗေဒ ၊ ဝိဇ္ဇာညွန့်ပေါင်း၊ သင်္ချာနှင့် (ဂ)အုပ်စု၌ သမိုင်း၊ ရူပဗေဒ ၊ ဓာတုဗေဒ အသင်းကိုးသင်း၊ အမျိုးသမီးပြိုင်ပွဲတွင် ရူပဗေဒ၊ သင်္ချာ ၊ ဓာတုဗေဒနှင့် ဝိဇ္ဇာညွန့်ပေါင်း အသင်းလေးသင်းတို့ ပါဝင်ယှဉ်ပြိုင်ကစားခဲ့ကြကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**

## Myanmar National Symphony Orchestra Concert ပွဲတော်ကျင်းပမည်

**ရန်ကုန် ဇန်နဝါရီ ၁၇**

Myanmar National Symphony Orchestra Concert ၂၀၁၆ ကို ရန်ကုန်မြို့ အမျိုးသားကဇာတ်ရုံ၌ ဇန်နဝါရီ ၂၂ ရက် ညနေ ၆ နာရီခွဲတွင်လည်းကောင်း၊ နေပြည်တော်ရှိ MICC 2 ၌ ဇန်နဝါရီ ၂၅ ရက် ညနေ ၆ နာရီခွဲတွင်လည်းကောင်း ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ တေးဂီတဖျော်ဖြေပွဲကို မြန်မာနိုင်ငံရှိဂျပန်သံရုံးနှင့် OZ Music Ltd. တို့မှ ပူးပေါင်းကျင်းပခြင်းဖြစ်ပြီး ဂျပန်ဂီတပညာရှင်များက ဂန္ထဝင်ဂီတနှင့် ပတ်သက်သော အသိပညာများနှင့် အတွေ့အကြုံများကို မြန်မာ့သံစုံဂီတအဖွဲ့အား လေ့ကျင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ OZ Music Ltd. တွင် ဂျပန်တေးဂီတပညာရှင်များ ပါဝင်ပြီး ရန်ကုန်အခြေစိုက် မြန်မာ့သံစုံတီးဝိုင်းအား ဂန္ထဝင်ဂီတနှင့်ပတ်သက်သည့် လေ့ကျင့်မှုများကို ပြုလုပ်ပေးမည့်အပြင် Beethoven Symphony N.2, The Godfather, Pirate of The Caribbean ရုပ်ရှင်ကားများမှ နောက်ခံတေးဂီတများ၊ ရှာပုံတော်မင်းသားကြီးသီချင်းနှင့် အခြားတေးဂီတများကို သင်ကြားပို့ချလေ့ကျင့်ပေးမည့် ပရိုဂရမ်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဂီတပညာရှင်အဖွဲ့သည် ၂၀၁၄ ခုနှစ်မှစတင်ပြီး တေးဂီတနှင့်ပတ်သက်သည့် လက်တွေ့အလုပ်ရုံဆွေးနွေးပွဲများအပြင် ဂီတပွဲတော်ကိုလည်း နှစ်စဉ် ဇန်နဝါရီလဝန်းကျင်တွင် ကျင်းပပြုလုပ်ကြောင်း၊ အဓိကရည်ရွယ်ချက်မှာ အနာဂတ်တွင် ဂန္ထဝင်ဂီတ ပိုမိုခေတ်စားပြီး လူသိများလာစေရန်ဖြစ်ကြောင်း သိရသည်။ မြန်မာလူမျိုးများနှင့် ဂျပန်လူမျိုးများအကြား ချစ်ကြည်ရင်းနှီးမှုနှင့် အသိပညာများ ဖလှယ်နိုင်ရန်အတွက် ပူးပေါင်းဆောင်ရွက်သည့် ရည်ရွယ်ချက်ဖြင့် အဆိုပါပွဲတော် ကျင်းပရေးအတွက် MPT က တစ်ဖက်တစ်လမ်းမှ ပံ့ပိုးကူညီခဲ့ကြောင်း သိရသည်။

**ဝင်းဝင်းမော်**

## အရောင်းကိုယ်စားလှယ်ခေါ်ယူခြင်း

မြေတိုင်းဦးစီးဌာနသည် မြန်မာပြည်မြေပုံများ၊ လမ်းညွှန်မြေပုံများနှင့် ပြည်နယ်နှင့်တိုင်းဒေသကြီး မြေပုံများကို ရေးဆွဲထုတ်ဝေလျက်ရှိပါသည်။

၄င်းမြေပုံများအား အများပြည်သူသို့ တွင်ကျယ်စွာဖြန့်ဖြူးရောင်းချနိုင်ရေးအတွက် တရားဝင်အရောင်းကိုယ်စားလှယ်များ ပေးအပ်လိုပါသဖြင့် စိတ်ပါဝင်စားသည့် ပုဂ္ဂလိက(သို့မဟုတ်) အဖွဲ့အစည်းများမှ လူကိုယ်တိုင်လာရောက်ဆက်သွယ်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြေတိုင်းဦးစီးဌာန(ရုံးချုပ်)**
**V-4 လမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်**

## မြိတ်တက္ကသိုလ်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၂၀၁၆ခုနှစ် ဖေဖော်ဝါရီလ ၁၃ရက်တွင် ကျင်းပပြုလုပ်မည့် အဋ္ဌမအကြိမ်မြောက်ဘွဲ့နှင်းသဘင်အခမ်းအနား ဓာတ်ပုံရိုက်ကူးခြင်းလုပ်ငန်းအတွက် အိတ်ဖွင့်ဈေးနှုန်းလွှာ(တင်ဒါ)ကို မြိတ်တက္ကသိုလ်တွင် တင်သွင်းနိုင်ပါသည်။ တင်ဒါလျှောက်လွှာကို ၅-၂-၂၀၁၆ရက် (သောကြာနေ့) ညနေ ၃း၀၀နာရီတွင် နောက်ဆုံးထားတင်သွင်းရမည်ဖြစ်ကြောင်း အသိပေးကြေညာပါသည်။ အသေးစိတ်အချက်အလက်များကို မြိတ်တက္ကသိုလ် ဖုန်း-၀၅၉-၄၁၈၈၀သို့ စုံစမ်းနိုင်ပါသည်။

**ဓာတ်ပုံရိုက်ကူးရေးလုပ်ငန်းအိတ်ဖွင့်တင်ဒါခေါ်ယူရေးအဖွဲ့**
**မြိတ်တက္ကသိုလ်**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ အမြန်လမ်းမကြီးထိန်းသိမ်း ပြုပြင်ရေးနှင့် ကြီးကြပ်ရေးအဖွဲ့မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် အထူးပြင်ဆင်ထိန်းသိမ်းခြင်းရန်ပုံငွေဖြင့် တာဝန်ယူဆောင်ရွက်မည့် မဇင်-ငပလီ-လုံးသာလမ်းအတွက်လိုအပ်သော လမ်းလုပ်ငန်းသုံးပစ္စည်းများ မြန်မာ့ကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

၂။ စိတ်ပါဝင်စားသူများသည် အသေးစိတ်အချက်အလက်များနှင့် တင်ဒါလျှောက်လွှာပုံစံများကို သံတွဲခရိုင်၊ ငပလီမြို့ရှိ အမြန်လမ်းမကြီးထိန်းသိမ်းပြုပြင်ရေးနှင့် ကြီးကြပ်ရေးအဖွဲ့၊ စီမံကိန်းရှင်းလင်းဆောင်တွင် ၁၈-၁-၂၀၁၆ ရက်မှစတင်၍ စုံစမ်းဝယ်ယူနိုင်ပါသည်။

(က) **တင်ဒါလျှောက်လွှာပိတ်ရက်** - ၂၂-၁-၂၀၁၆ ရက်၊ ၁၆း၃၀နာရီ
(ခ) **တင်ဒါဖွင့်မည့်ရက်** - ၂၅-၁-၂၀၁၆ ရက်၊ နံနက် ၁၀း၀၀ နာရီ
(ဂ) **တင်ဒါဖွင့်မည့်နေရာ** - စီမံကိန်းရှင်းလင်းဆောင် (ငပလီ ဂေါက်ကွင်းအနီး) အမြန်လမ်းမကြီး ထိန်းသိမ်းပြုပြင်ရေးနှင့် ကြီးကြပ်ရေးအဖွဲ့

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
**ဖုန်း-၀၉-၄၄၈၀၀၁၀၁၆**

## ပြည်သူ့ကျန်းမာရေးတက္ကသိုလ်၊ ရန်ကုန် အဋ္ဌမအကြိမ် ဘွဲ့နှင်းသဘင်

ပြည်သူ့ကျန်းမာရေးတက္ကသိုလ်၊ ရန်ကုန်၏ အဋ္ဌမအကြိမ် ဘွဲ့နှင်းသဘင်အခမ်းအနားကို ၂၆-၂-၂၀၁၆ ရက်(သောကြာနေ့)နံနက်ပိုင်းတွင်လည်းကောင်း၊ အစမ်းလေ့ကျင့်ခြင်းကို ၂၅-၂-၂၀၁၆ ရက်(ကြာသပတေးနေ့)နံနက်ပိုင်းတွင်လည်းကောင်း၊ ရန်ကုန်တက္ကသိုလ်၊ ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် အောက်ဖော်ပြပါသင်တန်းများ၏ ဘွဲ့ရအောင်စာရင်းထုတ်ပြန်ပြီးသူများသည် ဘွဲ့နှင်းသဘင်တက်ရောက်ရန် ဤတက္ကသိုလ်တွင် လျှောက်ထားရမည်။

၁။ ပြည်သူ့ကျန်းမာရေးမဟာဘွဲ့(၁/၂၀၁၅)သင်တန်း ဘွဲ့ရအောင်စာရင်းထုတ်ပြန်ပြီးသူများ။
၂။ ဆေးပညာမဟာသိပ္ပံ(ဆေးရုံအုပ်ချုပ်မှုနှင့် ကျန်းမာရေးစီမံခန့်ခွဲမှုပညာ)(၁/၂၀၁၅) သင်တန်းဘွဲ့ရအောင်စာရင်းထုတ်ပြန်ပြီးသူများ။
၃။ ဆေးရုံအုပ်ချုပ်မှုပညာဒီပလိုမာ(၁/၂၀၁၅)သင်တန်း ဘွဲ့ရအောင်စာရင်းထုတ်ပြန်ပြီးသူများ။
၄။ ဆေးပညာသင်ကြားရေးဒီပလိုမာ(၂/၂၀၁၅)သင်တန်း ဘွဲ့ရအောင်စာရင်းထုတ်ပြန်ပြီးသူများ။

ဘွဲ့နှင်းသဘင်တက်ရောက်ဘွဲ့ယူလိုသူများသည် ဘွဲ့နှင်းသဘင်ကြေး(၁၅၀၀၀/)နှင့် အဝေးရောက်ဘွဲ့ယူလိုသူများသည်အဝေးရောက်ဘွဲ့နှင်းသဘင်ကြေး (၁၀၀၀၀/)ကို ပေးသွင်းရမည်။ သတ်မှတ်ထားသောလျှောက်လွှာတွင် ပြည့်စုံစွာဖြည့်စွက်လျက် လွန်ခဲ့သည့်သုံးလအတွင်း ရိုက်ကူးထားသော(တစ်လက်မခွဲ×နှစ်လက်မ)အရွယ်ရောင်စုံဓာတ်ပုံ(၅)ပုံနှင့်အတူ ၁၅-၂-၂၀၁၆ ရက် နောက်ဆုံးထား၍ ပြည်သူ့ကျန်းမာရေးတက္ကသိုလ်၊ ရန်ကုန်မော်ကွန်းထိန်းထံ လျှောက်ထားနိုင်သည်။ ဘွဲ့တက်ရောက်ယူမည့်သူများသည် အစမ်းလေ့ကျင့်ခြင်းကို မပျက်မကွက်တက်ရောက်ရမည်။အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ပြည်သူ့ကျန်းမာရေးတက္ကသိုလ်၊ ရန်ကုန် မော်ကွန်းထိန်းရုံးခန်း ဖုန်း-၀၁-၃၉၅၂၀၉၊စာမေးပွဲ/ဘွဲ့နှင်းသဘင်ဌာနစု ဖုန်း-၀၁-၃၉၅၃၆၇၊ ၃၉၅၂၁၃ တို့သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**ကြည်ကြည်မင်း**
**မော်ကွန်းထိန်း**
**ပြည်သူ့ကျန်းမာရေးတက္ကသိုလ်၊ ရန်ကုန်**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ လယ်ဝေးမြို့နယ်၊ အမှတ်(၄)ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၅/ရန်အောင်ရပ်၊ မြေကွက်/ဦးပိုင်အမှတ် ၄၀ဃ၊ ဧရိယာ ၀ ဒသမ ၀၆၆ ဧကရှိ ဦးကျော်ညွှန့်အမည်ပေါက် အငှားဂရန်မြေကွက်အား ဦးဘို၀ ၉/လဝန(နိုင်)၁၄၄၇၄ (ဘ)ဦးကျော်ညွှန့်က ပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြပြီး အမွေဆက်ခံပိုင်ဆိုင်ကြောင်းကြေညာစာ ချုပ်ချုပ်ဆိုရန် (၁၀၅/၁၀၆) လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ၁၅ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ဇမ္ဗူသီရိမြို့နယ်၊သပြေကုန်းဈေး RC ဆိုင်ခန်းအမှတ်(န-၄၃) အားပြင်ဦးလွင်မြို့၊ အမှတ်(၆)ရပ်ကွက်၊မြို့ပတ်လမ်း၊အမှတ် ၁၅၄နေ ဦးအောင်မွန် ၁၂/မဂဒ(နိုင်)၀၈၁၆၂၆ အမည်ပေါက်ပိုင်ဆိုင်ပြီးပျဉ်းမနားမြို့၊ မင်္ဂလာရပ်၊ ဗိုလ်တောက်ထိန်လမ်း၊အိမ်အမှတ်(၈/၁၂)နေ ဒေါ်သန်းသန်းဆင့်၉/ပမန(နိုင်)၀၁၈၃၈၉အမည်သို့ အခွန်ထမ်းအမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာခြင်းအား ကန့်ကွက်လိုပါက ဤကြော်ငြာစာပါသည့်ရက်မှ ၁၄ရက်အတွင်း အထောက်အထားအပြည့်အစုံဖြင့် ဈေးများဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက ရုံးလုပ်ငန်းကိစ္စရပ်များကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**ဈေးများဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊မြန်မာ့မီးရထား
## အိတ်ဖွင့်တင်ဒါ(Open Tender) ခေါ်ယူခြင်း

၁။ မြန်မာ့မီးရထားမှ အောက်ဖော်ပြပါလုပ်ငန်းအားမြန်မာကျပ်ငွေဖြင့်ဆောင်ရွက်ရန် ဖိတ်ခေါ်အပ်ပါသည်။

**၈၁/မမ/(CE) အိမ်မဲရှိစီမံကိန်းရုံးနှင့်စီမံကိန်းအင်ဂျင်နီယာနေအိမ် ဖျက်သိမ်းခြင်း**

တင်ဒါပိတ်မည့်နေ့/အချိန် – ၁.၂.၂၀၁၆ (တနင်္လာနေ့) (၁၂း၃၀)နာရီထိ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် (၁၈.၁.၂၀၁၆ ) ရက်နေ့မှစ၍ ရုံးချိန်အတွင်းဝယ်ယူနိုင်ကြောင်း နှင့် အသေးစိတ် သိရှိလိုပါက ၄င်းဌာနသို့မေးမြန်းနိုင်ပါသည်။

ဒုတိယအထွေထွေမန်နေဂျာ၊ထောက်ပံ့ဌာန၊မြန်မာ့မီးရထား၊
(၅၁)လမ်းနှင့်ကုန်သည်လမ်းထိပ် ၊ဗိုလ်တထောင်မြို့နယ်၊ရန်ကုန်မြို့၊ဖုန်း: -294352, 291994.

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 2G/4168 Mazda TITAN LHR 85, L/T (4x2)® ယာဉ်လက်ဝယ်ရှိသူ ဦးအောင်မြင့် ၁၂/စခန(နိုင်)၀၃၁၁၄၂က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့်ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း)**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
### (တရားမကျင့်ထုံး ကိုခဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
### ရန်ကုန်တောင်ပိုင်းခရိုင်တရားရုံး
### ၂၀၁၅ခုနှစ် တရားမကြီးမှုအမှတ်-၁၄၆

ဦးရာဇူး နှင့် ၁။ ဦးသက်နိုင်
၂။ ဦးဝင်းလှိုင်
၃။ ဦးမျိုးဆွေဦး
၄။ ဦးသိန်း
၅။ ဒေါ်ကြည်
၆။ ဒေါ်ရီ
၇။ ဒေါ်ခင်စိန်
၈။ ဦးဘိုးထယ်

**တရားလို** **တရားပြိုင်များ**

သန်လျင်မြို့၊ မြို့မတောင်ရပ်ကွက်၊ သဇင်လမ်း၊ အမှတ်(၂)နေ (၃)တရားပြိုင် ဦးမျိုးဆွေဦး (ယခုနေရပ်လိပ်စာမသိသူ)၊ သန်လျင်မြို့၊ ကွမ်းခြံကုန်းကျေးရွာနေ (၄) တရားပြိုင် ဦးသိန်း (ယခုနေရပ်လိပ်စာမသိသူ)၊ သန်လျင်မြို့၊ မြို့မတောင်ရပ်ကွက်၊ သဇင်လမ်း၊ အမှတ် (၁၁)နေ (၅)တရားပြိုင် ဒေါ်ကြည် (ယခုနေရပ်လိပ်စာမသိသူ)၊ သန်လျင်မြို့၊ မြို့မတောင်ရပ်ကွက်၊ စိတ္တသုခလမ်း၊ အမှတ် (၃၂)နေ (၆)တရားပြိုင် ဒေါ်ရီ (ယခုနေရပ်လိပ်စာမသိသူ)၊ သန်လျင်မြို့ မြို့မတောင်ရပ်ကွက်၊ သဇင်လမ်း၊ အမှတ် (၂)နေ (၇)တရားပြိုင် ဒေါ်ခင်စိန် (ယခုနေရပ်လိပ်စာမသိသူ)၊ သန်လျင်မြို့၊ မြို့မတောင်ရပ်ကွက်၊ သဇင်လမ်း၊ အမှတ် (၂)နေ ဦးဘိုးထယ် (ယခုနေရပ်လိပ်စာမသိသူ)တို့ သိစေရမည်။

သင်တို့အပေါ်၌ တရားလို ဦးရာဇူးက သီးခြားသက်သာခွင့်ဥပဒေပုဒ်မ (၁၂)အရ အရောင်း အဝယ် မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၂ ရက်(၁၃၇၇ခုနှစ် ပြာသိုလပြည့်ကျော် ၉ရက်) မွန်းမတည့်မီ ၁၀း၃၀နာရီတွင် အထက်အမည်ရေးသားပါရှိသူ တရားလို စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၄င်းပြင် သင်သိစေရမည်မှာ အထက်က ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းအထောက်အထားများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၆ခုနှစ် ဇန်နဝါရီ ၁၂ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ဉာဏ်ထွန်း)**
**ဒုတိယခရိုင်တရားသူကြီး(၁)**
**ရန်ကုန်တောင်ပိုင်းခရိုင်တရားရုံး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
### (တရားမကျင့်ထုံး ကိုခဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
### တာမွေမြို့နယ်တရားရုံးတော်၌
### ၂၀၁၅ခုနှစ် တရားမကြီးမှုအမှတ်-၄၉

တာမွေခရစ်တော်၏ အသင်းတော် နှင့် ဦးခင်မောင်
(၄င်း၏ကိုယ်စား ဦးခေါင်ဆန်းအောင်)

**တရားလို** **တရားပြိုင်**

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ဗိုလ်ချို(၂)ရပ်ကွက်၊ နတ်မောက်လမ်း၊ အမှတ် ၁၂၃ နေ ဦးခင်မောင်(ယခုနေရပ်လိပ်စာမသိသူ)အား သိစေရမည်။

သင့်အပေါ်၌ တရားလို တာမွေခရစ်တော်၏ အသင်းတော် (၄င်း၏ကိုယ်စား ဦးခေါင်ဆန်းအောင်)က ပဋိညာဉ်အတိုင်း မှတ်ပုံတင်ရေစစ္စရီ အရောင်းစာချုပ် ပြုလုပ်ပေးစေလိုမှုနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့် စပ်လျဉ်းသည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၆ခုနှစ် ဖေဖော်ဝါရီ ၅ရက် (၁၃၇၇ခုနှစ် တပို့တွဲလဆန်း ၁၂ ရက်) မွန်းမတည့်မီ ၁၀း၀၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလို စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့ လာရောက်ရမည်။ ၄င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမတိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၆ ခုနှစ် ဇန်နဝါရီလ၁၄ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ဇော်မင်းနိုင်)**
**တွံ့ဖက်မြို့နယ်တရားသူကြီး(၁)**
**တာမွေမြို့နယ်တရားရုံး**

## ဖခင်အမည်မှန်

မြိတ်မြို့၊ ကန်ဖျားအလက(ခွဲ)၊ ပဥ္စမတန်းမှ မဝိုင်းဆုပြည့်ကျော်၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ ဦးကျော်နိုင်ဦး ဖြစ်ပါကြောင်း။

**ဦးကျော်နိုင်ဦး**

## အမည်ပြောင်း

မိုးကောင်းမြို့နယ်၊ နမ္မတီးမြို့၊ အထက (နမ္မတီး) န၀မတန်း(F)မှ မပြည့်ဖြိုးသွယ်အား မပြည့်ဖြိုးဝင်းဟု ပြောင်းလဲခေါ်ပါရန်။

## အရွယ်မရောက်သေးသောသူငယ်ကို အုပ်ထိန်းသူလူကြီးအဖြစ် ခန့်ထားရန် လျှောက်ထားကြောင်း အကြောင်းကြားစာ
### (အုပ်ထိန်းသူလူကြီးတို့နှင့် အုပ်ထိန်းခံရသူလူငယ်တို့အက်ဥပဒေပုဒ်မ-၁၁)
### ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး
### ၂၀၁၆ ခုနှစ် တရားမအထွေထွေမှုအမှတ်-၄

ဒေါ်နှင်းလဲ့ရည် **လျှောက်ထားသူ**

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ တော့စတားဥယျာဉ်အိမ်ရာဝင်း၊ နှင်းဆီလမ်း၊ အမှတ် ၆နေ ဒေါ်နှင်းလဲ့ရည်က အရွယ်မရောက်သေးသော သူငယ် မဖူးမြတ်သန့်ဇင်နှင့် မအလင်္ကာသန့်ဇင်တို့၏ ခန္ဓာကိုယ်နှင့် ပစ္စည်းတို့အတွက် အုပ်ထိန်းခွင့် လျှောက်ထားသည့် အကြောင်း။

အထက်ဖော်ပြပါနေရပ်လိပ်စာနေ ဒေါ်နှင်းလဲ့ရည်က အပေါ်ကအမည်ရေးသားပါရှိသော အရွယ်မရောက်သေးသော သူငယ်မဖူးမြတ်သန့်ဇင်နှင့် မအလင်္ကာသန့်ဇင်တို့၏ မိခင်ဖြစ်သည်ဟူ၍ ၄င်းသူငယ်များ၏ ကိုယ်နှင့်ပစ္စည်းကို အုပ်ထိန်းသူလူကြီးအဖြစ် ခန့်ထားပါမည့်အကြောင်းနှင့် လျှောက်ထားချက်ရှိသည်ဖြစ်၍ ထိုသို့သောလျှောက်ထားခြင်းကို လူအများကြားသိစေခြင်းငှာ ဤကြော်ငြာစာကို ထုတ်ဆင့်လိုက်သည်။ ထိုလျှောက်ထားချက်ကိုလည်း ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၃ ရက် (၁၃၇၇ ခုနှစ် ပြာသိုလပြည့်ကျော် ၁၀ရက်) နံနက် ၁၀နာရီတွင် ဆိုင်ဆိုရန် ချိန်းဆိုလိုက်သည်။

၂၀၁၆ ခုနှစ် ဇန်နဝါရီ ၁၃ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ငြိမ်းမြင့်)**
**တွဲဖက်ခရိုင်တရားသူကြီး(၄)**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး**

## ရောင်းရန်ကြော်ငြာ
### (တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)
### မြောက်ဥက္ကလာပမြို့နယ်၊ တွဲဖက်မြို့နယ်တရားသူကြီးရုံး
### ၂၀၁၅ ခုနှစ် တရားမဇာရီမှုအမှတ်-၅၁

ဒေါ်အေးတင့် နှင့် (၁) ဒေါ်ခင်မာဝင်း၊ (၂) မဇာကြည်ဦး

**တရားနိုင်** **တရားရှုံးများ**

မြောက်ဥက္ကလာပမြို့နယ်၊ တွဲဖက်မြို့နယ်တရားသူကြီး(၁)ရုံး၊ ၂၀၁၃ခုနှစ် တရားမကြီးမှုအမှတ်-၅တွင် ရရှိခဲ့သော အနိုင်ဒီကရီအရ တရားရှုံးပိုင် အောက်ဖော်ပြပါ မရွှေ့မပြောင်းနိုင်သောပစ္စည်းကို ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၅ ရက် (၁၃၇၇ခုနှစ် ပြာသိုလပြည့်ကျော် ၁၂ ရက်) နံနက် ၁၀ နာရီတွင် ပစ္စည်းတည်ရှိရာအရပ်၌ လေလံတင် ရောင်းချလိမ့်မည်။လေလံဆွဲဝယ်ယူသူများသည် မိမိကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စား လှယ်ဖြင့်သော်လည်းကောင်း လေလံဆွဲဝယ်ယူနိုင်ကြောင်း ကြေညာလိုက်သည်။

### လေလံတင်ရောင်းချမည့်ပစ္စည်းစာရင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (ည)ရပ်ကွက်၊ ဘုမ္မာ ၁၁လမ်း၊ အမှတ် ၃၂၂ဟုခေါ်တွင်သော အလျား၁၀ပေ×အနံပေ၆၀ ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ သွပ်မိုး၊ ထရံကာ တစ်ထပ်နေအိမ်တစ်လုံးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံး။

**ကြမ်းခင်းဈေး ကျပ်သိန်း ၇၀။**

### လေလံတင်ရောင်းချသည့်စည်းကမ်းချက်များ

၁။ ပစ္စည်းစာရင်းတွင် ဖော်ပြပါရှိသော အချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်အရသိရှိသမျှဖြစ်သည်။ မှားယွင်းခြင်း၊ ကွင်းကျန်ခြင်း တစ်ခုခု ပေါ်ပေါက်ပါက တရားရုံးက တာဝန်ယူမည်မဟုတ်ပါ။
၂။ လေလံတင်ရောင်းချသည့်နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။
၃။ ဈေးနှုန်းအမြင့်ဆုံးပေးဝယ်သူအား လေလံဆွဲဝယ်သူအဖြစ် သတ်မှတ်မည်။ သို့သော် အမြင့်ဆုံးပေးသည့်ဈေးနှုန်းမှာ ရောင်းချသည့်ပစ္စည်းအတွက် လက်ခံရန်မသင့်ကြောင်း ရောင်းချသူအရာရှိကယူဆလျှင် လက်မခံဘဲ ငြင်းပယ်ခွင့်ရှိသည်။
၄။ လေလံတင်ရောင်းချသည့် မရွှေ့မပြောင်းနိုင်သောပစ္စည်းအတွက် လေလံဆွဲ ဝယ်ယူသူက ငွေကျပ်၁၀၀လျှင် ၂၅ကျပ်ကို လေလံဆွဲဝယ်ယူပြီးသည်နှင့် တစ်ပြိုင်နက် ပေးသွင်းရမည်။ ထိုသို့ ပေးသွင်းခြင်းမပြုလျှင် တစ်ဖန် လေလံတင်ရောင်းချလိမ့်မည်။
၆။ ကျန်ငွေများကို လေလံတင်ရောင်းချသည့်ရက်ကိုပယ်၍ ၁၅ရက်မြောက်နေ့တွင် တရားရုံးသို့ အပြေအကျေပေးသွင်းရမည်။ ၁၅ ရက်မြောက်နေ့သည်ရုံးပိတ်ရက်ဖြစ်ပါက ပထမရုံးဖွင့်သည့်ရက်တွင် ပေးရမည်။
၇။ လေလံကုန်ကျငွေများကို အထက်ပါနေ့ရက်များတွင် ပေးဆောင်ရန်ပျက်ကွက်ပါက ပစ္စည်းကိုတစ်ဖန် လေလံတင်ရောင်းချလိမ့်မည်။ ပေးသွင်းထားသည့် လေလံငွေများကို ဘဏ္ဍာအဖြစ်သိမ်းဆည်းခြင်းခံရမည်။

၂၀၁၆ခုနှစ် ဇန်နဝါရီ ၅ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ လေလံတင်ရောင်းချရန်ကြော်ငြာစာ ထုတ်ပေးလိုက်သည်။

**(ဇော်ဌေး)**
**တွဲဖက်မြို့နယ်တရားသူကြီး**
**မြောက်ဥက္ကလာပမြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်မြို့မဈေး ပွဲရုံဆိုင်ခန်းအမှတ် ပ-၁၆၀အား ရန်ကုန်တိုင်းဒေသကြီး၊ သုဝဏ္ဏ၊ (၂၉)ရပ်ကွက်၊ မြဇရာလမ်း၊ အမှတ် ၂၇၃နေ ဦးလှမြင့်ဦး ၁၂/သဃက(နိုင်)၁၅၇၇၈၃ အမည်ပေါက်ပိုင်ဆိုင်ပြီး ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ဝေဠုဝန်အိမ်ရာ၊ တိုက် ၅၊ အခန်း ၁၁ နေ ဦးခင်ညို ၁၂/စခန(နိုင်)၀၄၀၀၉၂အမည်သို့ အခွန်ထမ်း အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာခြင်းအား ကန့်ကွက်လိုပါက ဤကြော်ငြာစာပါသည့်ရက်မှ ၁၄ ရက်အတွင်း အထောက်အထားအပြည့်အစုံဖြင့် ဈေးများဌာန၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက ရုံးလုပ်ငန်းကိစ္စရပ်များကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**ဈေးများဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**





## လိုက်လှဲစွာ ဝမ်းမြောက်ချီးကျူးဂုဏ်ပြုခြင်း

၂၀၁၆ခုနှစ်၊ ဇန်နဝါရီ ၄ ရက်(လွတ်လပ်ရေးနေ့)တွင် တိုင်းဒေသကြီး အစိုးရအဖွဲ့၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့၏ **ဇေယျာစီမံထူးချွန်(တတိယဆင့်)**ချီးမြှင့်ခံရသော ကလေးမြို့နယ် သမဝါယမဦးစီးအရာရှိ(မြို့နယ်) **ဦးမျိုးကျော်ဇင်**အား လိုက်လှဲစွာ ဝမ်းမြောက်ချီးကျူးဂုဏ်ပြုပါကြောင်းနှင့် ဝန်ထမ်းများအားလုံးကိုလည်း ကျေးဇူးတင်ရှိပါကြောင်း။

**တိုင်းဒေသကြီးဦးစီးမှူးနှင့်ဝန်ထမ်းများ**
**စစ်ကိုင်းတိုင်းဒေသကြီး သမဝါယမဦးစီးဌာန**
**အမှုဆောင်အဖွဲ့နှင့်ဝန်ထမ်းများ**
**စစ်ကိုင်းတိုင်းဒေသကြီး၊ သမဝါယမအသင်းစုချုပ်**

## (၃၆)ကြိမ်မြောက် မြန်မာနိုင်ငံ သွားနှင့်ခံတွင်း ဆရာဝန်ညီလာခံကျင်းပမည်

(၃၆)ကြိမ်မြောက် မြန်မာနိုင်ငံသွားနှင့်ခံတွင်း ဆရာဝန်ညီလာခံကို ၂၆-၁-၂၀၁၆ ရက်မှ ၃၀-၁-၂၀၁၆ ရက်အထိ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(ရန်ကုန်)တွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

ညီလာခံနှင့်အတူ ၂၆-၁-၂၀၁၆ရက်(အင်္ဂါနေ့) နံနက် ၉နာရီတွင် (၂၆)ကြိမ်မြောက် သက်ကြီးပူဇော်ကန်တော့ပွဲကျင်းပမည်ဖြစ်ရာ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၃၁ရက်တွင် အသက်(၆၇)နှစ် ပြည့်ပြီးသော သက်ကြီးသွားနှင့်ခံတွင်း ဆရာဝန်ကြီးများသည်၁၉-၁-၂၀၁၆ရက် နောက်ဆုံးထား၍ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ ဆက်သွယ်စာရင်းပေးကြပါရန်နှင့် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ လူကိုယ်တိုင် တက်ရောက်ကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

| | |
|---|---|
| **ဒေါက်တာစိန်ရွှေ** | **ဖုန်း-၀၉-၅၀၀၇၅၀၃** |
| **ဒေါက်တာခင်မောင်လေး** | **ဖုန်း-၀၉-၅၁၁၅၆၃၆** |
| **ဒေါက်တာဝင်းဇော်ဖုန်း** | **ဖုန်း-၀၉-၂၀၂၄၂၁၉** |

**ကျင်းပမည့်ရက်** - ၂၆-၁-၂၀၁၆ရက်(အင်္ဂါနေ့)
**ကျင်းပမည့်အချိန်** - နံနက် ၉နာရီ
**ကျင်းပမည့်နေရာ** - သွားဘက်ဆိုင်ရာဆေးတက္ကသိုလ် (ရန်ကုန်)

**လူမှုရေးကော်မတီ**


မင်္ဂလာဈေး မှ (၁၀) မိနစ် –(၁၅) မိနစ်
အကွာအဝေးရှိ သာကေတ တံတား အဆင်း ဝါဆို
25'x50' (၂) ကွက်တွဲ (ဂရန်ကွက်)
အမြန်ရောင်းမည်
Tel : 09 420 221 155, 09 506 7372


**တစ်ဦးတည်းဖြစ်ပါကြောင်း**

စစ်ကိုင်းတိုင်းဒေသကြီး၊ ဝန်းသိုမြို့၊ တောင်ဘို့လှကျေးရွာနေ မောင်ဇင်ကို ၅/ဝသန(နိုင်)၀၅၆၉၆၈၏ ဖခင်ဦးခင်ဖေနှင့် ဦးဘိုးပိန် ၅/ဝသန(နိုင်)၀၀၉၆၅၀သည် တစ်ဦးတည်းဖြစ်ပါကြောင်း။ **ဦးခင်ဖေ(ခ)ဦးဘိုးပိန်**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော် ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၉/ပုဗ္ဗသီရိအနောက်ရပ်၊ ဝဏ္ဏဒီပရပ်ကွက်ရှိ မြေကွက်အမှတ် (ပ-၃၁၈၉၇) ဧရိယာ ၀ ဒသမ ၀၅၅ဧက ဦးအောင်စိုးဦး အမည်ပေါက် နှစ်(၃၀) အငှားဂရန်မြေကွက်အား နေပြည်တော် စာချုပ်စာတမ်း မှတ်ပုံတင်ရုံး၏ အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာချုပ်အမှတ် ၁၇၃/၂၀၁၅ (၃၁-၁၂-၂၀၁၅)တင်ပြ၍ အမွေခံဇနီးဖြစ်သူ ဒေါ်မူ ၉/ကဆန(နိုင်)၀၁၁၅၀၆ (ဘ) ဦးကံတင်မှ မြေငှားစာချုပ်အမည်ပြောင်း လျှောက်ထားလာပါ၍ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း ကြော်ငြာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ ၄ ရပ်ကွက်၊ သုမင်္ဂလာလမ်း၊ အိမ်အမှတ် ၈၀ နေ ဦးတင့်လွင်၏သမီး ကျွန်မ မမေမြတ်မွန် ၁၂/ဥကတ(နိုင်)၁၈၃၂၉၈နှင့် မနန့်မေမြတ်မွန်သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**မမေမြတ်မွန်(ခ)မနန့်မေမြတ်မွန်**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 2F/6572 Hyundai KMJTC Bus (4x2)L.H.D ယာဉ်လက်ဝယ်ရှိသူ ဦးကျော်သူမြင့် ၁၂/ကတန(နိုင်)၀၀၄၄၁၄က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)၊ သန်လျင်မြို့**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၁၁ယ/၇၄၃၄၂ ယာဉ်လက်ဝယ်ရှိသူ ဦးဆိုင်ခမ်း ၉/ပဥလ(နိုင်)၀၂၄၁၅၈က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ပြင်ဦးလွင်)**

## အမြန်ပြန်လာပါ



မအိန္ဒြာခင် ၃/ဘအန(နိုင်)၂၀၆၇၇၈ အမြန်ပြန်လာပါ။ အရမ်းစိုးရိမ်ပြီး စိတ်ပူနေတယ်။ သမီးငယ်အရမ်းသတိရနေတယ်။ ဖြစ်ပြီးတာတွေ အကုန်ခွင့်လွှတ်တယ်။ ပြီးတာတွေအားလုံးမေ့ပြီး အိမ်ပြန်လာခဲ့ပါ။ မိသားစုအကုန်စောင့်နေတယ်။ တွေ့ရှိက အကြောင်းကြားပေးပါရန်နှင့် သွေးဆောင်ဖြားယောင်းလက်ခံထားသူများ ဥပဒေအရ အရေးယူမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဖုန်း-၀၉-၂၅၀၆၅၀၉၅၆၊ ၀၉-၇၈၀၁၆၇၅၀၇**

## လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပြီးစီးခြင်း

ကျွန်မ ဒေါ်သီသီခိုင် ၉/ခအဇ(နိုင်) ၀၁၅၈၀၈နှင့် ဦးဟန်လင်းအောင် ၁၂/ဗတထ(ဧည့်) ၀၀၀၃၂၄တို့သည် ရန်ကုန်တိုင်းဒေသကြီး၊ အနောက်ပိုင်းခရိုင်တရားရုံး တရားမကြီးမှုအမှတ် ၂၃၈/၂၀၁၅ ၏ (၂၀-၁၁-၂၀၁၅) ရက်စွဲပါ စီရင်ချက်နှင့်ဒီကရီအရ လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်သီသီခိုင် ၉/ခအဇ(နိုင်)၀၁၅၈၀၈**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

စမ်းချောင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၉D၊ မြေကွက်အမှတ် ၄၇၅အီး/၂၊ မြေကွက်တည်နေရာအမှတ် ၂၃၄A၊ ဦးဝိစာရလမ်း၊ စမ်းချောင်းမြို့နယ် (ဒေါက်တာဒေါ်သန်းတင် စီဘီ-၀၂၉၂၈၈) အမည်ပေါက် မြေပိုင်မြေအား အမည်ပေါက်ဒေါက်တာဒေါ်သန်းတင်သည် ၇-၃-၂၀၁၅ ရက်တွင် ကွယ်လွန်သဖြင့် ဦးကျော်အောင် ၁၂/ကမရ(နိုင်)၀၅၁၈၇၄မှ ခင်ပွန်း တော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ၊ သေစာရင်းတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်း မြေပုံကူးလျှောက်ထားလာရာ တရားဝင် ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၉၀၊ မြေကွက်အမှတ် ၃၈၇၊ မြေကွက်တည်နေရာအမှတ် ၃၈၇၊(၉၀)ရပ်ကွက်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် (ဦးတင်ရွှေ) အမည်ပေါက် ပါမစ်မြေအား ပါမစ်အမည်ပေါက် ဦးတင်ရွှေထံမှ အရောင်းအဝယ်ကတိစာချုပ် အဆင့်ဆင့်ဖြင့် ဝယ်ယူသူ ဦးထိန်ဝင်း ၃/မဝတ(နိုင်)၀၁၀၃၁၄မှ အရောင်းအဝယ်စာချုပ်နှင့် ပါမစ်မူရင်းတို့တင်ပြ၍ နှစ်၆၀ဂရန်မြေငှားစာချုပ်(ဂရန်သစ်) လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက် ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (သကတ-၁၀)၊ ဒိုင်စုမြေကွက်အမှတ် ၄၅၁၊ (၄၀×၆၀)ပေကို မြေကွက်အမည်ပေါက် ဦးကျော်ဌေး ၁၂/လသယ(နိုင်)၀၀၆၁၄၆ ဖြင့် ရရှိထားသောမြေကွက်အား ပိုင်ဆိုင်မှုအတွက် မြေချပါမစ်ကို ထုတ်ယူခွင့်ပြုပါရန် လျှောက်ထားလာပါသဖြင့် ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာရွက်စာတမ်း အထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ ၁၄ ရက်အတွင်း မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန (မြေယာရုံးခွဲ-၁၀) လှိုင်သာယာမြို့နယ်သို့ ကန့်ကွက်နိုင်ပါသည်။

**မြေယာရုံးခွဲ(၁၀)၊ မြေယာဌာနခွဲ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**
**လှိုင်သာယာမြို့နယ်**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၅၊ မြေကွက်အမှတ် ၉၄၁၊ မြေကွက်တည်နေရာအမှတ်၉၄၁၊ လမ်း၂၀၊ (၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် ဒေါ်စန်းရီ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် မိခင်(ဒေါ်စန်းရီ)၊ ဖခင်(ဦးသိန်းဆွေ)တို့ ကွယ်လွန်သဖြင့် ဦးအောင်မြင့်ဆွေ ၁၂/ဥကတ(နိုင်)၀၇၉၆၀၃က တစ်ဦးတည်းသောသား တော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်း၊ ဂရန်ပျောက်ဆုံးကြောင်း တရားရုံးကျမ်းကျိန်လွှာ၊ ရဲစခန်း၊ ရပ်ကွက်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်တို့တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူး လျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

ရှမ်းပြည်နယ်အစိုးရအဖွဲ့ဒေသန္တရဖွံ့ဖြိုးရေးစီမံကိန်း ကော်မတီ နှင့် နယူးစတားလိုက် ဆောက်လုပ်ရေး ကုမ္ပဏီလီမိတက် တို့ အကျိုးတူပူးပေါင်းဆောင်ရွက်သည်။

၂၀၁၆ ခုနှစ် ၊ ဇန်နဝါရီလ (၁၉) ရက်နေ့တွင် *(Soft Opening)* ဖွင့်လှစ်တော့မည့် မင်္ဂလာမူဆယ် လမ်းလျှောက်ဈေးအား ဂုဏ်ပြုသောအားဖြင့် RC (၃) ထပ် လူနေဆိုင်ခန်း များကို

ရာဝတီဘဏ် AYA Bank နှင့် (၆) နှစ် အရစ်ကျငွေချေစနစ် (Hire Purchase) ဖြင့်

ရောင်းချပေးမည့် အထူးအစီအစဉ်ကို လူကြီးမင်းတို့အား သတင်းကောင်းပါးအပ်ပါသည်။




- ဆက်သွယ်ရန်လိပ်စာ - (Information Centre)
မင်္ဂလာမူဆယ်လမ်းလျှောက်ဈေး၊ ကမ်းနားလမ်း နှင့် ချစ်ကြည်ရေးလမ်းထောင့်၊ မူဆယ်ဗဟိုစီးပွားရေးဇုံစီမံကိန်း၊ မူဆယ်မြို့။
Ph: 09-258606767, 09-420705585, 09-5130121, China Ph:18788227756
Email - mcbd.sales@newstarlight.com.mm

## ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့၊ အမှတ်(၁၃)ရပ်ကွက်၊ အကွက်အမှတ်(၅၂)၊ စီးပွားဇုန်အကွက်၊ ဦးပိုင်အမှတ်(E-၈၉)၊ဧရိယာ ၀ ဒသမ ၁၁၀ ဧကရှိမြေအား ဦးအာကာကျော်က မြေငှားဂရန် (အမည်ပြောင်း)ချထားပေးပါရန် လျှောက်ထားချက်များနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက သတင်းစာတွင်ကြော်ငြာသည့်ရက်မှစ၍ ၁၅ ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် ဤမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကာယကံရှင်ကိုယ်တိုင်လာရောက်ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပုသိမ်မြို့နယ်**

## ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့၊ အမှတ်(၁၃)ရပ်ကွက်၊ အကွက်အမှတ်(၅၂)၊စီးပွားဇုန်အကွက်၊ ဦးပိုင် အမှတ်(B-၅၁)၊ဧရိယာ ၀ ဒသမ၁၁၀ ဧကရှိမြေအား ဒေါ်လွင်လွင်ဌေးက မြေငှားဂရန် (အမည်ပြောင်း)ချထားပေးပါရန် လျှောက်ထားချက်များနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက သတင်းစာတွင်ကြော်ငြာသည့်ရက်မှစ၍ ၁၅ ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် ဤမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကာယကံရှင် ကိုယ်တိုင်လာရောက်ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပုသိမ်မြို့နယ်**

### ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြော်ငြာချက်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ပုသိမ်ညွန့်ရပ်ကွက်၊ စိတ္တသုခလမ်း၊ အမှတ်(၈၂)ဟုခေါ်တွင်သော မြေနေရာ၌ ဆောက်လုပ်ထားသည့် နှစ်ခန်းတွဲ ငါးထပ်တိုက်အဆောက်အဦးရှိ မြေညီထပ်တိုက်ခန်းနှစ်ခန်းအား စာချုပ်စာတမ်းများဖြင့် တရားဝင်လက်ရှိထားပိုင်ဆိုင်သူဦးမင်းသိန်းနှင့် ဦးအေးမောင်တို့ထံမှ ကာလတန်ကြေးဖြင့် ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူရန် သဘောတူထားသဖြင့်စရံငွေပေးချေထားပြီးဖြစ်သောကြောင့် အထက်ဖော်ပြပါ တိုက်ခန်းနှင့် ပတ်သက်၍ ကန့်ကွက်လိုသူရှိပါက ပိုင်ဆိုင်မှု စာရွက်စာတမ်းမူရင်းများနှင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်တွင် လာရောက်ကန့်ကွက်ခြင်းမရှိခဲ့ပါက အရောင်းအဝယ်ကိစ္စအား တရားဝင်ပြီးမြောက်အောင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်ကလျာဝင်း
အထက်တန်းရှေ့နေ
ဖုန်း - ၀၉၂၅၀၂၈၁၃၃၂၊ ၀၉၄၅၀၀၁၁၅၇၄

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 7J/1968 SUBARU SAMBAR TT1 P/U(4x2) R ယာဉ်လက်ဝယ်ရှိသူ ဒေါ်နုနုဆွေ ၉/မဟမ(နိုင်)၀၀၉၇၄၉က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၅ယ/၉၃၄၄၄ Honda Click 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးစိုင်းဇော်မြင့် ၉/မဟမ(နိုင်)၀၀၁၇၀၅က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

## ဒီကရီကိုအတည်ပြုလုပ်ရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန်
## အကြောင်းကြားစာ

**(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)**
**ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံးတော်၌**
**၂၀၁၅ခုနှစ် တရားမကြီးမှုအမှတ်-၁၇၂နှင့်ဆက်သွယ်သည့်**
**၂၀၁၅ခုနှစ် တရားမဇာရီမှုအမှတ်-၁၃၃**

ဦးအာကာစိုး **နှင့်** ဦးစောခိုအေး(ခ)စောအဲလ်ဘတ်
**တရားနိုင်** **တရားရှုံး**

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ သီတာရပ်ကွက်၊ သီတာလမ်း၊ အမှတ်(၆၀) နေ ဦးစောခိုအေး(ခ)စောအဲလ်ဘတ်(ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

၂၀၁၅ခုနှစ် တရားမကြီးမှုအမှတ်-၁၇၂တွင် ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် ဦးအာကာစိုးက လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြစ်စေ ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၂၈ရက် (၁၃၇၇ခုနှစ် ပြာသိုလပြည့်ကျော် ၄ရက်) မွန်းမတည့်မီ ၁၀း၀၀ နာရီတွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၁၆ခုနှစ် ဇန်နဝါရီ ၁၅ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ခင်လေးမြင့်)**
**ဒုတိယခရိုင်တရားသူကြီး(၅)**
**ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၃ဟ/၂၈၆၈ LIFAN LF 200 ယာဉ်လက်ဝယ်ရှိသူ ဦးအိုက်ကျောက် ၁၃/တခလ(နိုင်)၀၈၈၄၇၃က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (တာချီလိတ်)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈၄/၇၃၈၃ Jindong F/T ယာဉ်လက်ဝယ်ရှိသူ ဦးမင်းထွန်း ၃/ဘအန(နိုင်)၂၁၇၀၃၇က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မိတ္ထီလာမြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၆ယ/၇၃၄၁၂ Honda Wave, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်နန်းဦးဦး ၃/ပကန(နိုင်) ၀၀၇၆၃၈က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ရုံး(ဘားအံမြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂ခ/၄၀၆၆ Toyota Land-cruiser HDJ81 S/W (4x4)® ယာဉ်လက်ဝယ်ရှိသူ ဦးဇော်ဦး ၁၂/လသန (နိုင်) ၀၀၄၀၄၈က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်တောင်ပိုင်း)သန်လျင်မြို့**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**ပြည်ကြီးတံခွန်မြို့နယ်တရားမရုံးတော်၌**
**၂၀၁၅ခုနှစ် တရားမကြီးမှုအမှတ်-၅၉**

ဒေါ်ကျန်းဂျီဖင့် **နှင့်** ဦးသန်းအောင်
**တရားလို** **တရားပြိုင်**

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ တတ-၁၅၊ဦးပိုင် ၁၀၊ (စ)ရပ်ကွက်ရပ်နေ ဦးသန်းအောင်(လက်ထောက်သာသနာရေးမှူး)(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်ကျန်းဂျီဖင့်က မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ) ရပ်ကွက်၊ အကွက်အမှတ် တတ-၁၅၊ ဦးပိုင်အမှတ် ၁၀ မြေကွက်နှင့်ပတ်သက်၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ပေးစေလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၂၆ ရက် (၁၃၇၇ ခုနှစ် ပြာသိုလပြည့်ကျော် ၂ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၆ခုနှစ် ဇန်နဝါရီ ၁၂ရက်တွင် ဤရုံးတော်တံဆိပ်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(မြင့်မြင့်စန်း)**
**တွဲဖက်မြို့နယ်တရားသူကြီး(၂)**
**ပြည်ကြီးတံခွန်မြို့နယ်တရားရုံး**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၀ယ/၄၃၄၃၆ Zhong Shen 110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးရန်နိုင်ဖြိုး ၉/အမရ(နိုင်)၁၂၀၈၀၂က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅ဟ/၉၇၀၁ Nifan NF 200ZH2 Three Wheel ယာဉ်လက်ဝယ်ရှိသူ ဦးထွန်းခိုင် ၅/စကန(နိုင်) ၀၂၄၂၄၆က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

## အကြောင်းပြရန်ပေးသည့်အကြောင်းကြားစာ
## ရွှေဘိုခရိုင်တရားမရုံးတော်၌
## ၂၀၁၅ ခုနှစ် တရားမပြင်ဆင်မှုအမှတ် ၃၉

ဦးပန် နှင့် မသဲသဲ ပါ-၂၅

**လျှောက်ထားသူ** **လျှောက်ထားခံရသူများ**

ဒေါ်မိတီး(ဘ)ဦးအောင်တင် မှီခို၊ ပြင်စျေးတောင်ပိုင်း၊ ရွှေဘိုမြို့ (ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

အထက်အမည်ပါ လျှောက်ထားသူဦးပန်က ဤရုံးသို့ ရွှေဘိုမြို့နယ် တရားရုံး၏ တရားမကြီးမှုအမှတ် ၁/၂၀၁၄တွင် ၂၄-၉-၂၀၁၅ ရက်က ချမှတ်သည့်အမိန့်ကို မကျေနပ်၍ ပြင်ဆင်ပေးပါရန်လျှောက်ထားသည့် အကြောင်းနှင့် လျှောက်ထားသည်ဖြစ်၍ သင်က ဤအလွှာအတိုင်း အမိန့် မချသင့်ကြောင်းနှင့် အကြောင်းပြရန် ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၄ ရက် (၁၃၇၇ခုနှစ် ပြာသိုလပြည့်ကျော် ၁၁ ရက်) နံနက် ၁၀း၀၀နာရီတွင် သင် ကိုယ်တိုင်ဖြစ်စေ၊ နေရာတကျပြောကြားပြီး သင့်ရှေ့နေဖြစ်စေ ဤရုံးသို့ လာရောက်ရမည်။ မလာမရောက်ရှိခဲ့လျှင် အဆိုပါလျှောက်ချက်ကို သင့် ကွယ်ရာတွင် တစ်ဖက်သတ်မှုပြုလုပ်၍ ကြားနာစစ်ဆေး ဆုံးဖြတ်လိမ့်မည်။

၂၀၁၆ ခုနှစ် ဇန်နဝါရီ ၁၄ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ရင်ရင်သန်း)**
**ခရိုင်တရားသူကြီး**
**ရွှေဘိုခရိုင်တရားရုံး**

## အထွေထွေကိုယ်စားလှယ်လွှဲစာရုပ်သိမ်းခြင်း
## လားရှိုးမြို့၊ ရပ်ကွက်(၄)နေ ဦးခင်မောင်တိုးနှင့် အများသိစေရန်

လားရှိုးမြို့၊ ရပ်ကွက်(၄)၊ နယ်မြေ(၃)၊မန္တလေးလမ်း၊ အိမ်နံပါတ် ၃/၈ နေ ဦးညွှန့်အောင် ၉/မနတ(နိုင်)၀၃၃၉၇၆ (ဘ)ဦးဘိုးကြိုင်မှ လားရှိုးမြို့ စာချုပ်စာတမ်းမှတ်ပုံတင် ရုံးတွင် ဦးခင်မောင်တိုး ၁၃/လရန(နိုင်)၀၁၈၅၅၉ (ဘ) ဦးသိန်းမောင် အိမ်အမှတ် ၃/၂၁၊ မန္တလေးလမ်း၊နယ်မြေ(၃)၊ ရပ်ကွက်(၄)နေထိုင်သူအား လားရှိုးမြို့၊ ရပ်ကွက် (၁)၊ နယ်မြေ(၉)၊ နမ့်ခိုက်တိုးချဲ့မြေကွက်အတွက် အကျိုးဆောင် ပွဲစားအဖြစ် ဆောင်ရွက်ပေးနိုင်ပါရန် ၂၉-၃-၂၀၁၀ ရက် တွင် အထွေထွေကိုယ်စားလှယ်လွှဲစာကို စိတ်ချယုံကြည်စွာဖြင့် စာချုပ်ပြုလုပ်ဆောင်ရွက်စေခဲ့ပါသည်။

အကြောင်းအမျိုးမျိုးကြောင့် ဦးခင်မောင်တိုးအား လွှဲအပ် ခဲ့သော အထွေထွေကိုယ်စားလှယ်လွှဲစာအား ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၁၆ ရက်မှစ၍ ရုပ်သိမ်းပယ်ဖျက်လိုက်ပါကြောင်း ဦးခင်မောင်တိုးနှင့် အများပြည်သူများ သိရှိစေရန် ကြေညာ လိုက်ပါသည်။

**ဦးညွှန့်အောင်**
**၉/မနတ(နိုင်)၀၃၃၉၇၆**

## ကန့်ကွက်နိုင်ကြောင်းကြေညာချက်

မွန်ပြည်နယ်၊ မော်လမြိုင်ခရိုင်၊ မော်လမြိုင်မြို့၊ သရက်ကုန်းလမ်း၊ မုပွန်ရပ်ကွက်တွင် တည်ရှိသော အမှတ် (၈၃/မုပွန်)၊ ဦးပိုင်အမှတ် ၉၅၊ မြေကွက်အမှတ် ၂၄၀၊ မြေဧရိယာ ၀ဒသမ၂၈၅၉ဧက ၉၉၄၉၊ နေ့စွဲ၂၉-၉-၁၉၅၁ (E၅၅၉ D/၃)ဟု ခေါ်တွင်သည့် မရွှေ့မပြောင်း နိုင်သည့်မြေကွက်နှင့် အမှတ်(၈၃/မုပွန်)၊ ဦးပိုင်အမှတ် (၁၀၂)၊ မြေကွက်အမှတ် (၀၂၇)၊ မြေဧရိယာ ၁ဒသမ၂၇ဧက၊ DORP No $\overline{V}$ ၁၁/၁၉၄၆-၄၇ (၁၈-၇-၄၇)မှ (၁၈-၇-၁၉၉၇)ထိ (D၁၂နေ့စွဲ/၄၆-၄၇-၃၀ Y)မြေကွက်များသည် ဦးရွှေရောက်နှင့် သမီးဒေါ်လှရုံတို့ အမည်ပေါက်ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသည့် မရွှေ့မပြောင်းနိုင်သည့်မြေကွက်များဖြစ်ပါသည်။

ဦးရွှေရောက်တွင် ဒေါ်လှရုံဆိုသူ တစ်ဦးတည်းသော သမီးသာရှိပြီး ဒေါ်လှရုံသည် ဦးချစ်ထွေးနှင့် မြန်မာ့ဓလေ့ထုံးနှင့်အညီ အိမ်ထောင်ပြုပြီး ဦးသောင်းညွှန့်ဆိုသူတစ်ဦးတည်း သောသားကို အမွေစားအမွေခံအဖြစ် မွေးခဲ့ပါသည်။

ဦးသောင်းညွှန့်သည် ဒေါ်အေးသန့်နှင့် လက်ဆက်ပြီး သားသမီး ငါးဦးထွန်းကားပါသည်။

အထက်ပါမရွှေ့မပြောင်းနိုင်သည့်မြေကွက်နှစ်ကွက်၏ ဂရန်သည် နှစ်များစွာက ပျောက် ဆုံးနေခဲ့ပါသည်။ ယခုအခါ မရွှေ့မပြောင်းနိုင်သည့်မြေများ၏ ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသူ၊ ဆက်ခံသူများတွင် ကွယ်လွန်သွားကြပြီးနောက် အမွေစားအမွေခံအဖြစ် အသက်ထင်ရှား ကျန်ရစ်သူ ဦးသောင်းညွှန့်၏သား ဦးခင်ဇော် ၁၀/မလမ(နိုင်)၀၈၃၆၈၅ပါ (၅)ဦးတို့မှ အမွေ ဆက်ခံပိုင်ဆိုင်သူများဖြစ်၍ ပိုင်ဆိုင်ကြောင်း ကျမ်းကျိန်လွှာ၊ မိဘဘိုးဘများကွယ်လွန်သည်မှာ မှန်ကြောင်းဆိုင်ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူး၏ ထောက်ခံစာများ ရယူလက်ဝယ်အထောက် အထားများ ရှိပြီးဖြစ်ပါသည်။

အမွေစားအမွေခံ(၅)ဦးမှလည်း ဦးခင်ဇော် ၁၀/မလမ(နိုင်)၀၈၃၆၈၅သို့ ကိုယ်စားလှယ်လွှဲ အပ်ပေးပြီး ယင်းအထက်ဖော်ပြပါ မရွှေ့မပြောင်းနိုင်သည့် မြေ(၂)ကွက်နှင့် ပတ်သက်ပြီး ဆိုင်ရာ၌ အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာချုပ်လျှောက်ထားရယူရန်နှင့် ဂရန်အသစ် ပြန်လည်လျှောက်ထားရယူခြင်းကို ဆောင်ရွက်မည်ဖြစ်ပါသည်။

တစ်စုံတစ်ယောက်သည် မိမိမှလည်း ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိကြောင်း တရားဝင်ခိုင်လုံ သည့် အထောက်အထားများဖြင့် ဤကြေညာသည့်ရက်မှ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင် ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက တည်ဆဲတရားဥပဒေ၏ လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်ဝါဝါရွှေ(စဥ်-၁၇၄၀၅)** **ဦးအာကာမင်းရွှေ(စဥ်-၃၃၄၉၄)**
**B.Sc.H.G.P** **Civil Engineer, LL.B**

**အထက်တန်းရှေ့နေများ**
**အိမ်အမှတ် ၃၂ (J)၊ ပန်းဘဲတန်းရပ်၊ အမှတ် (၉)ကျောင်းဝင်း၊ မော်လမြိုင်မြို့၊**
**(ညီအစ်ကိုမောင်နှမများ၏ ကိုယ်စားလှယ်လွှဲအပ်စာရသူ)**
**လွှဲအပ်ညွှန်ကြားသူ-**

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်နုနု
## အသက် (၉၆)နှစ်

ဦးဇော်လင်းမောင် (ပဲခူးတိုင်းဒေသကြီး ဥပဒေအရာရှိ)- ဒေါ်ထူးထူးငွေ (ညွှန်ကြားရေးမှူး၊ ငြိမ်း)၏မိခင် ဒေါ်နုနုသည် ၁၅-၁-၂၀၁၆ရက် ည ၈း၅၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရ ပါသည်။

**ဦးမြင့်အောင် (ပဲခူးတိုင်းဒေသကြီး ဥပဒေချုပ်)**
**ဦးခင်မောင်မောင် (ပဲခူးတိုင်းဒေသကြီး ဥပဒေအရာရှိ)နှင့်**
**ပဲခူးတိုင်းဒေသကြီး ဥပဒေချုပ်ရုံးမိသားစု**

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်နုနု
## အသက် (၉၆)နှစ်

ဦးဇော်လင်းမောင် (ပဲခူးတိုင်းဒေသကြီး ဥပဒေအရာရှိ)- ဒေါ်ထူးထူးငွေ (ညွှန်ကြားရေးမှူး၊ ငြိမ်း)၏မိခင် ဒေါ်နုနု သည် ၁၅-၁-၂၀၁၆ရက် ည ၈း၅၀နာရီတွင် ကွယ်လွန်သွား ကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်း ကြေကွဲရပါသည်။

**ဒေါ်မြတ်မြတ်လေး (ပဲခူးခရိုင် ဥပဒေအရာရှိ)နှင့်**
**ပဲခူးခရိုင် ဥပဒေရုံးမိသားစု**

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်နုနု
## အသက် (၉၆)နှစ်

ဦးဇော်လင်းမောင် (ပဲခူးတိုင်းဒေသကြီး ဥပဒေအရာရှိ)- ဒေါ်ထူးထူးငွေ (ညွှန်ကြားရေးမှူး၊ ငြိမ်း)၏မိခင် ဒေါ်နုနုသည် ၁၅-၁-၂၀၁၆ရက် ည ၈း၅၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရ ပါသည်။

**ဒေါ်လွင်လွင်မော်၊ ဒေါ်ပိုးအိလွင်၊ ဒေါ်ပတ္တမြားကိုကို၊**
**ဒေါ်အိသိမ့်သိမ့်သွယ်၊ ဒေါ်အိဖြူငြိမ်းနှင့် ပဲခူးမြို့နယ်**
**ဥပဒေရုံးမိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ကြည်ကြည်ခင်
## အသက်(၈၁)နှစ်

မန္တလေးမြို့နေ ပါမောက္ခ ဒေါက်တာဦးတင်မောင်ဟန်နှင့်ဇနီး ဒေါ်နွယ်နီခင်၏မိခင် ဒေါ်ကြည်ကြည်ခင်သည် ၁၆-၁-၂၀၁၆ ရက် နံနက် ၇း၅၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါ သဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးအင်ဟုတ်-ပါမောက္ခ ဒေါက်တာလှလှရီ**

## ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၁၀၊ တက္ကသိုလ်ရိပ်မွန်အိမ်ရာ) မြေကွက်အမှတ် ၁၉/၁၊ ဧရိယာ ၀ဒသမ ၂၃၃ ဧက၊ နှစ် ၆၀ မြေငှားစာချုပ် အမည်ပေါက်မှာ ဒေါ်နန်းစံဟောင်း(ခ) စံဟွမ်၊ ဒေါ်မြင့်မြင့်ခင်ဖြစ်ပါသည်။ အဆိုပါ မြေကွက်အား စွန့်လွှတ်စာချုပ်(၈၀၂၆/၂၀၁၅)တင်ပြ၍ ဒေါ်မြင့်မြင့်ခင် ၁၃/မကန(နိုင်)၀၀၀၀၈၄ အမည်သို့ ပြောင်းလဲခွင့်ပြုပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက အထောက်အထား(မူရင်း)အပြည့်အစုံတင်ပြ၍ ဤကြော်ငြာပါသည့်ရက်မှခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြေတိုင်းနှင့်မြေစာရင်းမှတ်တမ်းဌာနခွဲ**
**မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ပါကြောင်း

မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁-က၊ လေဆိပ်ဝန်းကျင်၊ မြေကွက်အမှတ် ၂၀/ခ၊ ဧရိယာ ၀ဒသမ ၀၃၇ဧက နှစ် ၆၀ မြေငှားစာချုပ်ဖြစ်ပြီး အမည်ပေါက်မှာ ဦးမြဟန် ဖြစ်ပါသည်။ အဆိုပါမြေကွက်အား အရောင်းအဝယ်စာချုပ် ၇၆၃၁/၂၀၁၅ တင်ပြ၍ ဒေါ်မီမီစန်း ၁၄/ပသန(နိုင်) ၁၅၆၂၉၄ အမည်သို့ပြောင်းလဲခွင့်ပြုပါရန် လျှောက်ထားလာပါသဖြင့်ကန့်ကွက် လိုပါက အထောက်အထား(မူရင်း)အပြည့်အစုံတင်ပြ၍ ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြေတိုင်းနှင့်မြေစာရင်းမှတ်တမ်းဌာနခွဲ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၁၀၊ တက္ကသိုလ်ရိပ်မွန်အိမ်ရာ) မြေကွက်အမှတ် ၁၉/၂၊ ဧရိယာ ၀ဒသမ ၂၃၃ ဧက၊ နှစ် ၆၀ မြေငှားစာချုပ် အမည်ပေါက်မှာ ဒေါ်နန်းစံဟောင်း(ခ) စံဟွမ်၊ ဒေါ်မြင့်မြင့်ခင်ဖြစ်ပါသည်။ အဆိုပါ မြေကွက်အား စွန့်လွှတ်စာချုပ်(၈၀၂၇/၂၀၁၅)တင်ပြ၍ ဒေါ်နန်းစံဟောင်း(ခ) စံဟွမ်၁၃/တကန(နိုင်)၀၀၄၀၄၈ အမည်သို့ ပြောင်းလဲခွင့်ပြုပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက အထောက်အထား (မူရင်း) အပြည့်အစုံတင်ပြ၍ ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြေတိုင်းနှင့်မြေစာရင်းမှတ်တမ်းဌာနခွဲ**
**မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ပါကြောင်း

လှိုင်သာယာမြို့နယ်၊ မြေတိုင်း ရပ်ကွက်အမှတ် ၃၊ ၄(နဝဒေးအိမ်ရာ)၊ မြေကွက်အမှတ် ၈၈၈၊ ဧရိယာ ၀ ဒသမ ၀၆၈ ဧက နှစ် ၆၀ မြေငှားစာချုပ်ဖြစ်ပြီး အမည်ပေါက်မှာ ဦးစိုးတင့်၊ ဒေါ်ငွေကြည် ဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့်အဆောက် အအုံအား အရောင်းအဝယ်စာချုပ် ၇၈၅၃/ ၂၀၁၅တင်ပြ၍ ဒေါ်ခင်မျိုးမြတ် ၈/မဘန (နိုင်) ၀၅၁၂၃၈ အမည်သို့ပြောင်းလဲခွင့်ပြု ပါရန် လျှောက်ထားလာပါသဖြင့်ကန့်ကွက် လိုပါက အထောက်အထား(မူရင်း)အပြည့် အစုံတင်ပြ၍ ကြော်ငြာပါသည့်ရက်မှ ခုနစ် ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြေတိုင်းနှင့်မြေစာရင်းမှတ်တမ်းဌာနခွဲ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

## ဒေါ်တင်တင်မြင့် (မြင်းခြံ)
## B.A, B.Ed ၊ ကျောင်းအုပ်ဆရာမကြီး (ငြိမ်း)
## အလက (၁) မြင်းခြံ၊ အလက (၁)တာမွေ၊ အလက (၁) ပုဇွန်တောင်
## အထက (၂) သာကေတ၊ အထက (၇) မင်္ဂလာတောင်ညွန့်
## မြင်းခြံအသင်း (ရန်ကုန်)၊ ဂုဏ်ထူးဆောင်နာယကကြီး
## အသက် (၉၀)

မြင်းခြံမြို့နေ (ဦးဘရှင် B.Sc, B.L၊ တရားရုံးချုပ်ရှေ့နေကြီး-ဒေါ်ဒေါ်သိုက်)တို့၏ သမီး၊ တောင်သာကံရွာ၊ မြင်းခြံ (ပွဲစားကြီး ဦးကြာရ- ဒေါ်ဒေါင်းစိန်)တို့၏ သမီးချွေးမ၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ နတ်မောက်ရိပ်သာလမ်း၊ အမှတ် ၁၉နေ ဦးတင်ဆောင် [B.Sc, B.L, D.M.A၊ ယခင်ဆိပ်ကမ်းမြို့နယ်၊ တိုင်းတရားသူကြီးအဖွဲ့ အဖွဲ့ဝင်၊ ယခင်ဖက်စပ် (၁) အုပ်ချုပ်မှု ဒါရိုက်တာ-ငြိမ်း၊ မန်နေဂျာ ကုန်သွယ်(လယ်ယာ၊ ငြိမ်း)၏ ချစ်လှစွာသောဇနီး၊ မနုနုစံ- ဒေါက်တာကိုကိုလှိုင် (UK)၏ မိခင်၊ မစီစီစံ- ဒေါက်တာ မောင်မောင်ဦး (UK)၊ ကိုအောင်စံ (U.S.A)၊ မမို့မို့စံ (UK)၊ ဒေါက်တာရဲလွင်- မသဇင်လွင် (Australia)၊ ဒေါက်တာခင်မာ လွင် (U.S.A)၊ ဒေါက်တာအောင်နိုင်လွင်- ဒေါက်တာကြည်ကြည်ရွှေ (U.S.A)၊ ကိုကြည် လွင်- ဒေါက်တာမွန်မွန် (U.S.A)၊ ကိုမြင့်လွင် (U.S.A)၊ ကိုအောင်ခိုင်လွင်နှင့် Royal Orbit Co.,Ltd မိသားစုမှ ကိုနီသိန်းဦး- ဒေါက်တာယမင်းပပတင် (Women Centre)၊ ကိုစိုးလွင်သိန်း- မချိုချိုအောင်၊ မလတ်လတ်ဖြူသိန်း-ကိုဝင်းသော်ငြိမ်း၊ ကိုအောင်ကိုကို သိန်းတို့၏ ဒေါ်လေးအား ၂၆-၁၂-၂၀၁၅ရက် (စနေနေ့)တွင် ရေဝေးသုသာန်၌ ဂူသွင်း သင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်း။

ကွယ်လွန်သူအား ရည်စူး၍ ၂၄-၁-၂၀၁၆ရက် (တနင်္ဂနွေနေ့) နံနက် ၁၀နာရီမှ မွန်းလွဲ ၁ နာရီအထိ တစ်လပြည့်လလည်ဆွမ်းကျွေးတရားနာမည်ဖြစ်ပါ၍ ရန်ကုန်မြို့နေအိမ်သို့ ကြွရောက်ကြပါရန်၊ ဈာပနသို့ လိုက်ပါပို့ဆောင်ကြသူများ၊ မသိရှိ၍ တယ်လီဖုန်းဖြင့် မေးမြန်းကြသူများ၊ နေအိမ်သို့ လာရောက်မေးမြန်းကြသူများနှင့် ကျောင်းများမှ လုပ်ဖော် ကိုင်ဖက် ဆရာ/ဆရာမများအား မေတ္တာရှေ့ထား၍ လေးစားစွာဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးစိုးမြင့် (လယ်ဝေး၊ မန္တလေး)
## B.Sc, MSc (Sericulture- Japan)
## အထွေထွေမန်နေဂျာ (ငြိမ်း၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း)
## နာယက (မင်းဓမ္မကုန်းတော် ဂေါပကအဖွဲ့၊ တောင်ပုလုရှုလ္လာဒူတင်စခန်း)
## အသက် (၈၂)နှစ်

(ဦးခင်-ဒေါ်အေးကြည်)တို့၏သား၊ (ဦးကျော်စိန်-ဒေါ်သောင်းစိန်)တို့၏သားသမက်၊ (ဒေါ်ရီရီ)၊ ဒေါ်နုနုတို့၏ အစ်ကို၊ တိုက် ၃၀၊ အခန်း ၈၊ ကြို့ကုန်းရိပ်သာနေ ဒေါ်တင်စိန်၏ ချစ်လှစွာသောခင်ပွန်း၊ ဦးကိုကိုလတ်-ဒေါ်ဝါဝါမြင့်၊ ဦးစိုးသူရ (ရေနံအင်ဂျင်နီယာ၊ Gold Petrol Co.,Ltd.)-ဒေါ်ညီညီမြင့်၊ ဦးကျော်မိုးမြင့် (Operations and Reservation Manager- Good Heart Travels and Tours)တို့၏ချစ်လှစွာသောဖခင်၊ အေးယမုန်မေ၊ အိမ့်ယမုန်မေ၊ သူသာထက်၊ သင်းနန္ဒာအောင်၊ သိမ့်ဟန်နီစိုးတို့၏အဘိုးသည် ၁၆-၁-၂၀၁၆ ရက် (စနေနေ့) နံနက် ၇း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၈-၁-၂၀၁၆ရက် (တနင်္လာ နေ့) နံနက် ၁၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း အသိ ပေး အကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ကြည်ကြည်ခင်
## အသက်(၈၁)နှစ်

မန္တလေးမြို့နေ ပါမောက္ခ ဒေါက်တာ ဦးတင်မောင်ဟန်နှင့်ဇနီး ဒေါ်နွယ်နီခင်၏မိခင် ဒေါ်ကြည်ကြည်ခင်သည် ၁၆-၁-၂၀၁၆ရက် နံနက် ၇း၅၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူ ထပ်မျှ ဝမ်းနည်းကြေကွဲ ရပါသည်။

**ဟာဂျီဦးစိုးမြင့်-ဒေါက်တာ ခိုင်ခိုင်ကျော်**
**မန္တလာဆေးရုံ**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်တင်တင်
## အသက်(၇၅)နှစ်

သန်လျင်မြို့၊ ရုံးတော်ကွက်၊ ဗညားဦးလမ်း၊ အမှတ် (A/10)နေ ဒေါက်တာရီရီစိုး (သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်၊ ရန်ကုန်)၏ မွေးမိခင်သည် ၁၃-၁-၂၀၁၆ ရက် (ဗုဒ္ဓဟူး နေ့) ညနေ ၆း၃၀နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်း ကြေကွဲရပါသည်။

**သွားတုဆေးပညာဌာန(မန္တလေးပါမောက္ခဌာနမှူး၊ ဆရာ ဆရာမများနှင့်**
**ဝန်ထမ်းမိသားစုများ)**

## (၁၀)နှစ်ပြည့်လွမ်းဆွတ်သတိရခြင်း
## ကိုမျိုးမင်းဦး(ခ)မင်းမင်း
### (Chief Officer မရီနာကုမ္ပဏီ)

ချစ်သော မင်းမင်း၊ သား…မေမေတို့နှင့်ခွဲခွာသွားတာ ၁၈-၁-၂၀၁၆ ရက်မှာ (၁၀)နှစ် ပြည့်ခဲ့ပေမယ့် တစ်နေ့မျှ မေ့မရခဲ့ပါ။ ပြုပြုသမျှ ဒါန၊ သီလ၊ ဘာဝနာ ကုသိုလ်အစုစုတို့ကို အမျှပေးဝေပါတယ်။

**ဖေဖေနှင့်မေမေ**

## ဇော်နွေလကြာအိုင်လင်း
## အသက်(၁၁)လ
## (၁၃-၁၀-၂၀၀၇)-(၁၇-၉-၂၀၀၈)

မိသားစုနှင့် ခွဲခွာသွားတာ ၁၇-၁-၂၀၁၆မှာ ၇နှစ်နှင့်၄လ ပြည့်ပြီ ဖြစ်သော်လည်း သတိရလွမ်းဆွတ်နေဆဲပါ။ သမီးလေးနဲ့အတူ သွားလာခဲ့သော မြန်မာပြည်အတွင်းရှိ နေရာဒေသများကိုပြန်လည်ရောက်ရှိတိုင်း သမီးလေးကို ပိုမို သတိရစေပါတယ်။ သမီးလေး အခုရောက်ရှိနေတဲ့ကောင်းကင်ဘုံမှာ ငြိမ်းချမ်းစွာ ပျော်ရွှင်နိုင်ပါစေလို့ အစဉ်အမြဲဆုတောင်းပေးလျက်-

**ဖေဖေ၊ မေမေ၊ ကိုကို**
**I Love Myanmar Co.,Ltd.**

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်နုနု
### အသက်(၉၆)နှစ်

ဒေါ်ခင်ဝင်းဖြူ (ခရိုင်ဥပဒေအရာရှိ၊ ငြိမ်း)၊ ဦးဇော်လင်းမောင် (တိုင်းဒေသကြီး၊ ဥပဒေအရာရှိ) - ဒေါ်ထူးထူးဌေး(ညွှန်ကြားရေးမှူး) (ငြိမ်း)တို့၏မိခင် ဒေါ်နုနု အသက်(၉၆)နှစ်သည် ၁၅-၁-၂၀၁၆ရက် ည ၈း၅၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပဲခူးတိုင်းဒေသကြီးဥပဒေချုပ် ဦးမြင့်အောင်နှင့်ဇနီး ဒေါ်ခင်သန်းနွဲ့**
**ပဲခူးတိုင်းဒေသကြီးဥပဒေအရာရှိ ဦးခင်မောင်မောင်နှင့်**
**ဇနီး ဒေါ်တင်တင်ရီ၊**
**ပဲခူးတိုင်းဒေသကြီးဥပဒေချုပ်ရုံး**

## ဝမ်းနည်းကြေကွဲခြင်း
## ဦးစိုးမြင့် နာယက(ဂေါပကအဖွဲ့)
### အထွေထွေမန်နေဂျာ(ငြိမ်း)
### မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း
### အသက်(၈၂)နှစ်

ဦးစိုးမြင့်၊ နာယက (ဂေါပကအဖွဲ့)၊ မင်းဓမ္မကုန်းတော်၊ လောကချမ်းသာ အဘယလာဘမုနိ (ကျောက်တော်ကြီးဘုရား)သည် ၁၆-၁-၂၀၁၆ရက် နံနက် ၇း၃၀နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**မင်းဓမ္မကုန်းတော်၊ ဂေါပကအဖွဲ့**

## ဝမ်းနည်းကြေကွဲခြင်း
## ဦးဇော်ဝင်း
### အထွေထွေမန်နေဂျာ(ငြိမ်း)
### MOGE
### အသက်(၆၇)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်နေ ဒေါ်စန်းစန်းရီ၏ခင်ပွန်း ဦးဇော်ဝင်း အသက်(၆၇)နှစ်သည် ၁၁-၁-၂၀၁၆ရက်တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ကိုယ်ချင်းစာနာ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးချစ်ရွှေ မန်နေဂျာ(ဘဏ္ဍာရေး) MOGE ဒေါ်မြညွှန့် မိသားစု**

## ဦးမြင့်ဆန်း B.Sc (Maths)
### (၁၉၇၅-၁၉၇၉) UTC-1
### အသက်(၆၂)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ တရုတ်ကျောင်းလမ်း၊ အမှတ် ၄၄နေ (ဦးကြင်မောင်-ဒေါ်တင်လှိုင်)တို့၏သား၊ ဦးခင်မောင်ရွှေ-ဒေါ်စမ်းဝင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရွှေတောင်မြို့နေ ဦးခင်မောင်ဌေး-ဒေါ်သန်းဝင်း(ကျားကမ္ဘာ အထည်စက်၊ အောင်ချမ်းသာဆန်စက်)တို့၏မောင်၊ ပြည်မြို့နေ ဦးဝင်းဇော်ဌေး-ဒေါ်သင်းသင်းဟန်(ဇော်ပိုင်ထူးပွဲရုံ)၊ ရွှေတောင်မြို့နေ ဦးကျော်ကျော်ဌေး (အောင်ချမ်းသာ ရောင်းဝယ်ရေး)-ဒေါက်တာခင်သီတာဦး (ခရိုင်ကျန်းမာရေးမှူး၊သာယာဝတီခရိုင်)တို့၏ဦးလေး၊မောင်အောင်ကောင်းပြည့်၊ မောင်ခန့်ပြည့်စုံ၊ မမွန်မြတ်ကျော်၊ မအေးချမ်းပြည့်တို့၏ဘိုးဘိုးလေးသည် ၁၆-၁-၂၀၁၆ရက် (စနေနေ့) ည ၉း၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၈-၁-၂၀၁၆ရက် (တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်၌မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၂-၁-၂၀၁၆ရက် (သောကြာနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း
## ဦးစိုးဝင်း (တံခွန်တိုင်-မုဒုံ)
### လက်ထောက်အင်ဂျင်နီယာ
### (မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း)
### အသက်(၆၀)

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ အော်တိုတယ်လီဖုန်းဌာနမှ လက်ထောက် အင်ဂျင်နီယာ ဦးစိုးဝင်းသည် ၁၅-၁-၂၀၁၆ရက် (သောကြာနေ့) ညနေ ၃း၄၅ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အော်တိုတယ်လီဖုန်းဝန်ထမ်းများ**
**မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း**

## ကန့်ကွက်နိုင်ပါကြောင်း

သဃ်္ဃန်းကျွန်းမြို့နယ်၊ ကြီးပွားရေးအိမ်ရာ၊ အမှတ် ၉၊ အခန်းအမှတ် ၀၃ (မြေညီထပ်) အခန်းကို မူလအမည်ပေါက် ဦးဇော်ဝင်း ၉/မမန(နိုင်)၀၁၀၇၃၇ ထံမှ ဦးကျော်ကျော်ဦး ၉/အမရ(နိုင်)၁၂၂၃၈၈ က တရားဝင်စာချုပ်စာတမ်းဖြင့် ဝယ်ယူခဲ့ပြီး တိုက်ခန်းပိုင်ဆိုင်မှု အမည်ပြောင်းလဲခွင့်ပြုပါရန်လျှောက်ထားလာပါသည်။ ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၄ရက်အတွင်း အထောက်အထားအပြည့်အစုံဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ပါကြောင်း

သဃ်္ဃန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၀ (ဝေဇယန္တာအိမ်ရာ)၊ မြေကွက်အမှတ် ၁၈၊ မြေကွက်တည်နေရာအမှတ် (၆၄/အေ)၊ ဝေဇယန္တာလမ်း၊ ဝေဇယန္တာအိမ်ရာ၊ သဃ်္ဃန်းကျွန်းမြို့နယ်သည် နှစ် ၆၀ မြေငှားစာချုပ်ဖြစ်ပြီး အမည်ပေါက်မှာ ဒေါ်သီဂီဝင်း(ခ)ဒေါ်ခိုင်ဇင်မွန် ဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့်အဆောက်အအုံအား အရောင်းအဝယ်စာချုပ် (၃၄၇၂/၂၀၁၄)တင်ပြ၍ ဦးအာကာဦး ၁၂/ဗဟန(နိုင်)၀၈၃၉၄၉၊ ဒေါ်သင်းမွန်မွန်ဦး ၁၂/ဗဟန(နိုင်)၀၉၀၆၉၃ အမည်သို့ပြောင်းလဲခွင့်ပြုပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက အထောက်အထား(မူရင်း) အပြည့်အစုံတင်ပြ၍ ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြေတိုင်းနှင့်မြေစာရင်းမှတ်တမ်းဌာနခွဲ**
**မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ပါကြောင်း

ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်၃၇၊ မြေကွက်အမှတ်(၄၃၅/က)၊ မြေကွက်တည်နေရာ အမှတ်(၄၃၅/က)၊ ကလေးဝလမ်း၊(၁၃)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ် (ဦးမောင်သန်း)အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဦးမောင်သန်း(RRE-073975)ကိုယ်တိုင်က ပါမစ်ပျောက်ဆုံးကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ တရားရုံးကျမ်းကျိန်လွှာ၊ကိုယ်တိုင် ကတိဝန်ခံချက်တို့တင်ပြ၍ ပါမစ်ပျောက်ဖြင့် နှစ်(၆၀)မြေငှား စာချုပ်(ဂရန်) လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## သီလရှင်ဆရာကြီး
## ဒေါ်ကုလစာရီ
### သက်တော်(၈၀)၊ သိက္ခာတော်(၆၄)ဝါ

စစ်ကိုင်းတောင်ရိုး၊ ဂူနီချောင်၊ ရန်ကုန်ဇရပ်နေ သီလရှင်ဆရာကြီး ဒေါ်ကုလစာရီသည် (၁၃၇၇ခုနှစ် ပြာသိုလဆန်း ၇ရက်) ၁၆-၁-၂၀၁၆ရက် ည ၇း၂၀နာရီတွင် ဘဝတစ်ပါးသို့ကူးပြောင်းသွားပါသဖြင့် (၁၃၇၇ခုနှစ် ပြာသိုလဆန်း ၉ရက်) ၁၈-၁-၂၀၁၆ရက် မွန်းလွဲ ၂နာရီတွင် ထန်းသုံးပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဒါယကာ၊ ဒါယိကာမ အပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

တပည့် ဒါယကာ၊ ဒါယိကာမများ

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်မော်လီ(ခ)ဒေါ်ခင်မြင့်ရီ
### အသက်(၈၃)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၄/၂)ရပ်ကွက်၊ ကျေးတမာလမ်း၊ အမှတ် ၁၁/၂ (တတိယထပ်/B)နေ [ဦးထွန်းရည် (စိုက်ပျိုးရေးဝန်၊ ငြိမ်း)-ဒေါ်ဖွားတင် ]တို့၏သမီး၊ [ဒုန်းရင်းဝန် ဦးပု(ဖေ၊ပု၊ရှိန်)-ဒေါ်ဖွားရင် ]တို့၏သမီးချွေးမ၊ [ဦးအောင်ကြီး(ခ)အပါ၊ အကောက်ခွန်မှူး၊ ငြိမ်း ]၏ဇနီး၊ [ဒေါ်အေးအေးမြင့်(ခ)ဒေါ်ပေါ်လီ(အထက-၈၊ တ/ဥ)-ဦးဇော်မင်း(Uniteam) ]တို့၏ မိခင်၊ မစုရည်အောင်(ဂူဂူး)၊ မအေးချမ်းဇော်(ဂျူဂျူး)တို့၏ဘွားဘွားကြီး၊ (ဒေါ်တင်ဆွေရီ)၊ (ဒေါ်ခင်သန်းရီ)၊ (ဦးသန်းနွယ်-ဒေါ်မြလေး)၊ (ဦးမောင်မောင်ညွှန့်)-ဒေါ်မျိုးမြင့်၊ [ဒေါ်ခင်ညွှန့်ရည်(ခ)ဒေါ်လီ-ဦးလှဖေ ]တို့၏ညီမ၊ (ဦးသန်းထွန်း-ဒေါ်မြင့်သွင်(ခ)ဒေါ်ဒေါ်လီ)တို့၏အစ်မသည် ၁၇-၁-၂၀၁၆ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၁-၂၀၁၆ရက် (အင်္ဂါနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၉း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ မဟာရံတံတိုင်း၊ လမ်း၊ ရေတွင်း ဒါယိကာမကြီး၊ အေးမြကုမ္ပဏီ၏မိခင်ကြီး
## ဒေါ်ခင်ခင်ထွေး အသက်(၇၆)နှစ်
### တရုတ်မက်သဒစ်ကျောင်း(ငြိမ်း)၊ အမက(၄)ကျောက်တံတား(ငြိမ်း)

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ကျောက်ရေတွင်း၊ ဘုရင့်နောင်လမ်းသွယ်(၁)၊အမှတ်(၄၁၄/က)နေ(ဦးအောင်-ဒေါ်ကျင်မြိုင်)တို့၏သမီး၊ အရှင်ဥူးမာနိတ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)ကမ္ဘာအေး၏ ရဟန်းမယ်တော်ကြီး၊ ဦးလှစိန်၏ဇနီး၊ (ဦးဝင်း-ဒေါ်ဝင်းရီ)၊ (ဦးကိုကိုအေး-ဒေါ်စိန်စိန်လှိုင်)တို့၏ညီမ၊ ဦးရွှေခဲ-ဒေါ်လှကျင်၊ ဦးမောင်မောင်-ဒေါ်လှတင်(USA)တို့၏ အစ်မ၊ ဦးအောင်မိုး၊ဦးသန်းစိုးတို့၏မိခင်ကြီးသည် ၁၇-၁-၂၀၁၆ရက်(တနင်္ဂနွေနေ့) နံနက် ၄း၄၅နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါ၍ ၁၉-၁-၂၀၁၆ရက် (အင်္ဂါနေ့)တွင် ရေဝေး ဖူကျန့်တရုတ်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၃-၁-၂၀၁၆ရက် (စနေနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ခင်သိန်း
### အသက်(၇၉)နှစ်

ရန်ကုန်မြို့၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ လေးထောင့်ကန်ရပ်ကွက်၊ အမှတ် ၇၈နေ (ဦးမောင်သန်း - ဒေါ်မြရင်)တို့၏ သမီး၊ (ဦးသန်းရွှေ)၏ဇနီး၊ ဦးအေးမင်း (ဒု-ဦးစီး၊ ကြည့်မြင်တိုင်အခွန်ရုံး)-ဒေါ်စန်းစန်းဝင်း[ဦး/ရှိ(MTO 2) ပြည်တွင်းအခွန်များဦးစီးဌာန ]၊ ဦးမိုးမြင့်-ဒေါ်အေးအေးစန်း၊ ဦးကိုကိုမောင်-ဒေါ်သီဂီမြင့်၊ ဦးဇော်ဇော်အောင် (အလင်းရောင် ဓာတ်ပုံ/ဆောက်လုပ်ရေး)-ဒေါ်မြတ်မြတ်ခိုင်တို့၏မိခင်၊ မြေး ခုနစ်ယောက်၊ မြစ်နှစ်ယောက်တို့၏အဘွားသည် ၁၇-၁-၂၀၁၆ရက် (တနင်္ဂနွေနေ့)နံနက် ၇း၃၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၁၉-၁-၂၀၁၆ရက် (အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင်ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၂၃-၁-၂၀၁၆ရက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးသန်းဝင်း (စက်ဆရာ)
### အသက်(၅၄)နှစ်

တောင်ကုတ်မြို့နယ်၊ လက်ပံကျွန်းကျေးရွာနေ (ဦးသာခု-ဒေါ်နွားမ)တို့၏ သား၊ ရန်ကုန်မြို့နေ ဦးသောင်းထွန်း-ဒေါ်နီတို့၏သားသမက်၊ (ဦးဘလှ)-ဒေါ်ခင်ကြွေ၊ ဦးကျော်လှ-ဒေါ်စိန်မြိုင်၊ (ဦးတင်သန်း)-ဒေါ်မြင့်မြင့်ခင်၊ ဒေါ်မြင့်မြင့်သန်း၊ ဦးကျော်စိန်-ဒေါ်သန်းသန်းမြင့်၊ မခင်စန်း၊ မလှလှထွန်းတို့၏ ညီ/မောင်၊ မမြမြထွန်း၊ မကြည်ကြည်ထွန်းတို့၏အစ်ကို၊ ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ (၁)ရပ်ကွက်၊ ပုလဲလမ်း၊ ၁/၃၆/၇၂၆နေ ဒေါ်အေးအေးထွန်း၏ ခင်ပွန်း၊ မထက်ထက်ဝေဦးဝေ၏ဖခင်သည် ၁၆-၁-၂၀၁၆ရက်(စနေနေ့)ည ၁၁း၃၀နာရီတွင် ကွယ်လွန်သွားပါ၍ ၁၈-၁-၂၀၁၆ရက်(တနင်္လာနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၂-၁-၂၀၁၆ရက် (သောကြာနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ခရစ်တော်၌အိပ်ပျော်ခြင်း
## အဖီးနော်ခင်မြရီ(ခ)အမိုး
### အသက်(၉၂)နှစ်

(ဦးတင်လှ-ဒေါ်ဒါးစိန်)တို့၏သမီး၊ (ဦးဘကြိုင်)၏ညီမ၊ (ဦးစောလေးခို-ဒေါ်ဂျင်းကိုလေး)၊ (ဒေါ်ခင်မြမူ-Rev, ဦးအောင်လှ)တို့၏အစ်မ၊ ဦးစောအိုဟားမား၏ချစ်လှစွာသောဇနီး၊ ဦးစောကွယ်ထူး-(နော်ဖောအယ်ဒို)၊ နော်မူးမူ-ဦးစောဘိုရွှေ၊ ဦးစောကတော်ထူး-(နော်စတယ်လာ)၊(စောဆန်းဆန်)၊ (နော်မီးမီ)၊ စောသဒူး-နော်မူးမူးချို၊ နော်မူအေး၊ နော်ဝါးဝါးစေး-ဦးစိုင်းကျော်တို့၏မိခင်၊ မြေး ၁၅ယောက်၊ မြစ် ခုနစ်ယောက်တို့၏ အဘွားသည် ၁၆-၁-၂၀၁၆ရက် (စနေနေ့) ညနေ ၆း၃၀နာရီတွင် အမှတ် ၂၆၊ တန်းမြင့်ကျောင်းလမ်း၊ တောင်သူကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်နေအိမ်တွင် ခရစ်တော်၌ အိပ်ပျော်သွားပါဖြင့် ၁၉-၁-၂၀၁၆ ရက် (အင်္ဂါနေ့) နံနက် ၁၀နာရီတွင် တောင်သူကုန်း ကရင်နှစ်ခြင်းအသင်းတော်၌ ဝတ်ပြုဆုတောင်းပြီး ရေဝေး ခရစ်ယာန်ဂိုဏ်းပေါင်းစုံ ဥယျာဉ်တော်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒေါ်ခင်ဝင်းကြည်
### အသက်(၆၃)နှစ်

မန္တလေးမြို့နေ (ဦးညီ)-ဒေါ်မြရီတို့၏ချွေးမ၊ ကလောမြို့နေ(ဦးချမ်းမြ-ဒေါ်ဘီ)တို့၏သမီး၊ ဦးဝင်းမောင်-ဒေါ်အီညို၊ဦးသိန်းမောင်-ဒေါ်အေးအေးဝင်းတို့၏ညီမ၊ အောင်မင်္ဂလာ(၁)ရပ်ကွက်၊ ပုသိမ်ကြီးနေ ဗိုလ်ကြီးသိန်းဇော်(ငြိမ်း)၏ဇနီး၊ ဦးမျိုးမင်းထွန်း(Royal Class)-ဒေါ်စန္ဒာဝင်း(စန္ဒာဖိနပ်ဆိုင်)၊ ဦးချစ်ဇော်ဝင်း (မြို့နယ်မှူး၊ အမရပူရမြို့နယ်)-ဒေါ်နှင်းထွေး (ငါးလုပ်ငန်းဦးစီးဌာန)၊ ဦးသန်းဇော်ထိုက်(လ/ထ လဝက-မှူး) - ဒေါ်သွယ်သွယ်အေး၊ ဦးတင်ကိုဝင်း(ဒု/ဦးစီးမှူး၊ မွေး/ကု)-ဒေါ်လွတ်လပ်ပန်းတို့၏မိခင်၊ မမေသူမျိုးမင်း၊ မောင်သင်းမြတ်ဇော်၊ မအိဖြူမျိုးမင်း၊ မမြတ်ဆုနှင်း၊ မောင်ထက်မြက်နိုင်တို့၏အဘွားသည် ၁၆-၁-၂၀၁၆ရက်(စနေနေ့) မွန်းလွဲ ၂း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၇-၁-၂၀၁၆ရက်တွင် ပုသိမ်ကြီးမြို့မသုသာန်၌မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။[ကွယ်လွန်သူအားရည်စူး၍ ၂၀-၁-၂၀၁၆ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီမှ ၁၁ နာရီအထိ အမှတ် ၃၀၃၊ အောင်မင်္ဂလာ (၁)ရပ်ကွက်၊ ပုသိမ်ကြီးမြို့နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်စီသမွား
### အသက်(၁၁၃)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ သိမ်ဖြူမီးရထားဝင်း၊ လိုင်း ၇၁၊ အခန်း(D)၊နယ်မြေ(၉)နေ(ဦးအပွနား)၏ဇနီး၊ (ဦးကျော်ရွှေ-ဒေါ်စွတ်ဘမွား)၊ (ဦးပိုသရာဂျူး)-ဒေါ်ရီဆွရမွား၊(ဦးပန်ဒဂါး)-ဒေါ်ဝါဝါဝင်းရွှေ၊ ဦးအန်ထော်နီ-ဒေါ်နမ်ပလားတို့၏ ချစ်လှစွာသော မိခင်၊မြေး၁၂ယောက်၊မြစ်၁၈ယောက်၊ တီ နှစ်ယောက်တို့၏ အဘွားသည် ၁၆-၁-၂၀၁၆ရက်(စနေနေ့)ည ၇း၄၅ နာရီတွင် ကွယ်လွန်သွားပါ၍ ၁၈-၁-၂၀၁၆ရက်(တနင်္လာနေ့)မွန်းလွဲ ၂နာရီတွင် နေအိမ်မှ ဟိန္ဒူရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ခင်မြ (ပန်းတနော်)
### အသက်(၈၄)နှစ်

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ စောရန်ပိုင်အနောက်ရပ်ကွက်၊ ဝေဘာဂီလမ်း၊ အမှတ် ၃၁နေ ဦးတင်မောင်-ဒေါ်တင်တင်တို့၏သမီး၊ [ဗိုလ်ကြီးဝင်းတင်(ငြိမ်း) ]၏ဇနီး၊ ဦးစိန်ဝင်း-ဒေါ်သန်းသန်းတင့်၊ဒေါ်အေးအေးတင်၊ ဦးအောင်စိန်ထူး-ဒေါ်အုန်းအုန်းတင့်၊ ဒေါ်ချိုချိုတင့်တို့၏မိခင်၊ မောင်ရဲထွဋ်ဦး၊ မောင်မင်းမင်းအောင်၊မောင်သန်းကိုစိုး-မခိုင်ဇာလင်း၊ မောင်ကျော်ခိုင်-မငြိမ်းငြိမ်းအေးတို့၏အဘွား၊ အိန္ဒြေကြည်ဖြူအောင်၏ဘွားဘွားကြီးသည် ၁၇-၁-၂၀၁၆ရက်(တနင်္ဂနွေနေ့)နံနက် ၀၀း၁၅ နာရီတွင် ကွယ်လွန်သွားပါ၍ ၁၉-၁-၂၀၁၆ရက်(အင်္ဂါနေ့)မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၃-၁-၂၀၁၆ရက်(စနေနေ့)နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်ထားရီ
### ဌာနခွဲစာရေးကြီး(ငြိမ်း)
### ပို့ဆောင်ရေးဌာန၊တိုင်း(၄)ကလော
### မြန်မာ့မီးရထား
### အသက်(၇၂)နှစ်

ရန်ကုန်မြို့၊ သမိုင်းဘူတာရုံလမ်းနေ (ဦးထွန်းတင် - ဒေါ်တင်လှ)တို့၏ သမီး၊ (ဦးချစ်ညွှန့်-ဒေါ်သန်းရီ)၊ (ဗိုလ်မှူးမြင့်ဆွေ)-ဒေါ်အေးသန်းတို့၏ ညီမ၊ဦးခင်မောင်ဝင်း-(ဒေါ်ချိုချို)တို့၏ အစ်မ၊ ကိုအောင်မိုး-မနန္ဒာအောင်၊ ကိုသိန်းထွဋ်ကျော်(ခ)ဖြူလုံး၊ ကိုညဏ်မင်းထွေး(ခ)ပူစူး၊ (ကိုဇေယျာလင်း)တို့၏မိခင်၊ မမေသက်ခိုင်၊ မောင်ခွန်ကောင်းစံ၏အဘွားသည် ၁၆-၁-၂၀၁၆ရက်တွင် ကွယ်လွန်သွားပါ၍ ၂၀-၁-၂၀၁၆ရက်(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင်ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အနောက်ရန်ကင်း၊တိုက် ၃၃၄၊ အခန်း ၁၉နှင့် ၂၅၆၊ ဘူတာရုံလမ်း၊ သမိုင်း နေအိမ်တို့မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးအောင်ကျော်ခန့်(ရွှေဘို)
### အသက်(၅၂)နှစ်

ရွှေဘိုမြို့၊(၃)ရပ်ကွက်၊လမ်းမတော်နေ (ဦးသောင်းဝေ) - ဒေါ်တောတို့၏သား၊ ဒေါ်စွယ်ဝါ(အလပြ၊အလက-၁၊ ရွှေဘိုမြို့)၏ခင်ပွန်း၊မောင်အောင်ကိုကိုမြတ်၊ မောင်လင်းသုထက်တို့၏ဖခင်၊ ဒေါက်တာမောင်မောင်ခင် (သမဝါယမတက္ကသိုလ်၊စစ်ကိုင်း)-ဒေါ်ခက်ခက်ဦး (အမက-၂၁၊ လှိုင်၊ အလပြ)တို့၏ မောင်၊ ဦးလွှမ်းမိုးကျော်-ဒေါ်စန်းတင့်၊ ဗိုလ်မှူးတင်မိုး(ငြိမ်း) - ဒေါ်သိမ့်သိမ့်လွှမ်းတို့၏အစ်ကို၊ တူ၊ တူမ ခြောက်ယောက်တို့၏ဦးလေးသည် ၁၆-၁-၂၀၁၆ရက်(စနေနေ့) နံနက် ၄နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၈-၁-၂၀၁၆ ရက် (တနင်္လာနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(ကမာရွတ်မြို့နယ်၊ ဟံသာဝတီလမ်း၊ တိုက် ၂၄၃၊ အခန်း ၂၀၁ နေအိမ်မှကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဘဝနတ်ထံပျံလွန်တော်မူခြင်း
## ဘဒ္ဒန္တသံဝရ မဟာထေရ်
### အဘိဓဇမဟာရဋ္ဌဂုရု
### အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ
### မဏ္ဍိုင်အဋ္ဌသာလိနီကျမ်းပြု
### သက်တော်(၈၇)နှစ်၊ သိက္ခာတော်(၆၈)ဝါ

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့၊ ပန်းခြံကုန်းရပ်ကွက်၊ သာသနာ့မဏ္ဍိုင် ပါဠိတက္ကသိုလ်စာသင်တိုက်ကြီး၏ ဦးစီးပဓာနနာယက ဆရာတော် ဘဒ္ဒန္တသံဝရ မဟာထေရ်မြတ်သည် (၁၃၇၇ခုနှစ် ပြာသိုလဆန်း ၇ရက်) ၁၆-၁-၂၀၁၆ရက်(စနေနေ့)မွန်းတည့် ၁၂နာရီတွင်ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်အား(၁၃၇၇ခုနှစ် ပြာသိုလပြည့်) ၂၄-၁-၂၀၁၆ရက်(တနင်္ဂနွေနေ့)တွင် အန္တိမအဂ္ဂိဈာပနပူဇာ ကျင်းပမည်ဖြစ်ပါသောကြောင့် မဏ္ဍိုင်ဝံသပါလ တပည့်သံဃာတော်များနှင့် ရပ်ဝေးရပ်နီးမှ ဒါယိကာ၊ ဒါယိကာမ အပေါင်းတို့အား ပင့်လျှောက်အသိပေးအကြောင်းကြားအပ်ပါသည်။

ဈာပနကော်မတီမဏ္ဍိုင်

## ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
## ဦးလှညွှန့်
### အသက်(၉၄)နှစ်

ပြည်မြို့၊ အမှတ် ၂၇၆၊ လက်သမားလမ်းနေ (ဦးပန်းအေး-ဒေါ်သက်နှံ)တို့၏သား၊ (ဒေါ်တင်)၏ခင်ပွန်း၊ ဦးမြင့်ဆွေ-ဒေါ်သန်းသန်းဌေး၊ ဦးမောင်မောင်ဦး-ဒေါ်မြင့်မြင့်ဝင်းတို့၏ဖခင်၊ ထက်ဖြိုးမောင်၊ ဖြိုးမောင်မောင်ကျော်၊ ဇင်ဝင်းထက်တို့၏အဘိုးသည် ၁၇-၁-၂၀၁၆ရက် (တနင်္ဂနွေနေ့) နံနက် ၁၁း၂၀နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၁၈-၁-၂၀၁၆ရက် (တနင်္လာနေ့) ညနေ ၄နာရီတွင် ပြည်မြို့ အေးငြိမ်းရာသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဘုရား၊ သိမ်၊ ကျောင်း၊ ဇရပ်၊ တန်ဆောင်း၊ ဓမ္မာရုံ
## ဩဝါဒပါတိမောက် ကျောက်စာဓမ္မစေတီ ဒါယကာကြီး
## ဦးတင်ဗိုလ်(ရွှေဘို) အသက်(၈၂)နှစ်
### B.Sc (DMP), D.B.P (DRP), 4th B.Sc (Engineering)
### ဒုတိယညွှန်ကြားရေးမှူး (ငြိမ်း)၊ (C.I.D) အိမ်တွင်းစက်မှုလက်မှုလုပ်ငန်း
### ရွှေဘိုအသင်းဂုဏ်ထူးဆောင်နာယကကြီး၊ အကြိမ်(၅၀)သွေးအလှူရှင်

ရွှေဘိုမြို့နေ (ဦးဘဖေ-ဒေါ်အေးတင်)တို့၏သား၊ (ဦးစောချင်ယန်း- ဒေါ်စောကြည်)တို့၏သားသမက်၊ (ဦးတင်သန်း၊ တကက-ငြိမ်း၊ RTC)-ဒေါ်မြမြတို့၏ညီ၊ ဦးချိုလေး(မန်နေဂျာ-ငြိမ်း၊ SSB)-ဒေါ်ခင်ညွှန့်တို့၏အစ်ကို၊ ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ အောင်မြေသာစည်အိမ်ရာ၊ တိုက် ၇၊ အခန်း ၀၀၃နေ (ဒေါ်ခင်မေဇင်၊ ကျောင်းအုပ်ကြီး၊ လူမှုဝန်ထမ်းအတတ်သင်သိပ္ပံကျောင်း)၊ ဦးနေဝင်းကျော်(ဒု-ညွှန်မှူး)-ဒေါ်ခင်မေလွင်(ဌာနမှူး၊သုတေသန၊ M.O.G.E)၊ ဦးထိန်လင်း-ဒေါက်တာဒေါ်ခင်မေသွင် (ဆေးရုံအုပ်ကြီး၊ မအူပင်အထွေထွေရောဂါကုဆေးရုံကြီး)၊ ဦးသန့်ဇော်အောင်(ခေတ္တ-စင်ကာပူ)-ဒေါ်အေးအေးမော်၊ ဦးသန့်မော်အောင်-ဒေါ်ယုယုခိုင်(မင်္ဂလာတောင်ညွန့်တရားရုံး)တို့၏ ဖခင်ကြီး၊ မြေးခုနစ်ယောက်တို့၏အဘိုး၊ (ဒေါ်ရင်ရင်)၊ ဒေါ်မေသက်တို့၏ ချစ်လှစွာသော ခင်ပွန်းသည် ၁၇-၁-၂၀၁၆ရက် (တနင်္ဂနွေနေ့) နံနက် ၉း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၁-၂၀၁၆ရက် (အင်္ဂါနေ့) ညနေ ၃နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၂၃-၁-၂၀၁၆ရက် (စနေနေ့) နံနက်တွင် ကမာရွတ်မြို့နယ်၊အောင်မြေသာစည်အိမ်ရာ၊ တိုက် ၇၊ အခန်း ၀၀၃ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း
## ဦးတင်ဗိုလ် (ရွှေဘို)
### အသက်(၈၂)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်မြို့၊ အထွေထွေရောဂါကုဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာခင်မေသွင်၏ချစ်လှစွာသောဖခင် ဦးတင်ဗိုလ်(ရွှေဘို) သည် ၁၇-၁-၂၀၁၆ရက် (တနင်္ဂနွေနေ့) နံနက် ၉း၄၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဧရာဝတီတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန**

## ဦးထွန်းမောင်
### အသက်(၇၁)နှစ်

မန္တလေးမြို့၊ အကွက် ၁၅၄၊ ပုလဲငွေရောင်ရပ်၊ ၂၁လမ်းနေ ကိုထွန်းထွန်းဦး-မဇင်မာထွန်း၊ ကိုကျော်ဇင်ထွန်း-မဆွေဆွေလွင်၊ ကိုစိုးခိုင်-မသင်းမာထွန်း၊ ကိုမြင့်မောင်မောင်ထွန်း၊ ကိုဖြိုးထက်ရှိန်-မသဇင်ထွန်းတို့၏ဖခင်၊ မြေးခုနစ်ယောက်တို့၏အဘိုး၊ ဒေါ်အမာစိန်၏ချစ်လှစွာသောခင်ပွန်းသည် ၁၆-၁-၂၀၁၆ရက် (စနေနေ့) မွန်းလွဲ ၂နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၈-၁-၂၀၁၆ရက် (တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် အေးရိပ်ငြိမ်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးမျိုးဇော်ဝင်း အသက်(၄၄)နှစ်
### ပစ္စည်းထိန်း(၃)၊ အလုပ်ရုံ(ခ)၊ စက်မှု တိုင်း(၁)၊ ဆ/မ

ရန်ကုန်မြို့၊သဃ်္ဃန်းကျွန်းမြို့နယ်၊ ဆ/ကရပ်ကွက်၊သမာဓိ ၁လမ်း၊ အမှတ် (၁၄-က)နေ (ဦးခင်ထွန်း-ဒေါ်သန်းအေး)တို့၏သား၊ ဦးသန်းဝင်း(လ/ထ ညွှန်ကြားရေးမှူး၊ ဆည်မြောင်းဦးစီးဌာန၊ ငြိမ်း)-ဒေါ်နန်းတို့၏တူသား၊ ကိုဆန်းဝင်း၊ မခင်သီတာဝင်း(မြန်မာ့အာမခံလုပ်ငန်း၊ရုံးချုပ်)တို့၏ညီ/မောင်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၃)ရပ်ကွက်၊ ဘိုမင်းဂေါင်လမ်း၊ အမှတ် ၆၆၈နေ [ဦးညွှန့်သိန်း(ခ)ဦးသိန်းဇံ ](ဆ/မ)-ဒေါ်စန်းရီတို့၏သားသမက်၊ မသွယ်သွယ်ဦး(ဆ/မ)၏ခင်ပွန်း၊ ကိုသန်းစိုးအောင်(ခ)အောင်အောင် (ခေတ္တ-စင်ကာပူ)-မမေဖြူဝင်း(ဆ/မ)၊ မသဲအိဖြူ(LLUVIA. LTD)တို့၏အစ်ကို၊ မဂျူးဂျူးကျော်(ခ)မသွန်းနဒီဇော်(မဟာသရဖူ ကိုယ်ပိုင်အထက်တန်းကျောင်း)၏ ဖခင်သည် ၁၇-၁-၂၀၁၆ရက် နံနက် ၄း၃၀နာရီတွင် သဃ်္ဃန်းကျွန်းစံပြဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၉-၁-၂၀၁၆ရက် မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၂၃-၁-၂၀၁၆ရက်တွင် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၃)ရပ်ကွက်၊ ဘိုမင်းဂေါင်လမ်း၊ အမှတ် ၆၆၈ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

# ရိုးမ-ရန်ကုန် အပြည်ပြည်ဆိုင်ရာ မာရသွန်၌ ပြိုင်ပွဲဝင် ၆၀၀၀ ကျော် ယှဉ်ပြိုင်၊ ကင်ညာနိုင်ငံသား လေးကြိမ်မြောက် ပထမဆုဆွတ်ခူး

သတင်း-မောင်စိန်လွင်(မြန်မာ့အလင်း)

**ရန်ကုန် ဇန်နဝါရီ ၁၇**

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ ကြီးကြပ်မှုဖြင့် Yoma Strategic Holdings(YOMA) နှင့် First Myanmar Investment (FMI) တို့ ပူးပေါင်းစီစဉ်သည့် လေးကြိမ်မြောက် ရိုးမ-ရန်ကုန်အပြည်ပြည်ဆိုင်ရာမာရသွန်ပြိုင်ပွဲကြီးကို ယနေ့နံနက် ၅ နာရီက ရန်ကုန်မြို့ သင်္ဃန်းကျွန်းမြို့နယ် သုဝဏ္ဏအားကစားပြိုင်ပွဲရုံ(၁) ရှေ့၌ ကျင်းပခဲ့သည်။

မာရသွန်အပြည့်ပြိုင်ပွဲတွင် လေးကြိမ်မြောက် ပထမဆုကို ဆွတ်ခူးရရှိခဲ့သည့် ကင်ညာနိုင်ငံသား ဂျိုးဆက်က "ကျွန်တော် ဒီမြန်မာနိုင်ငံမှာ ကျင်းပတဲ့ ရိုးမ-ရန်ကုန် မာရသွန်ပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်တာ ဒါနဲ့ဆို လေးကြိမ်ရှိပါပြီ။ လေးကြိမ်စလုံးမှာ ပထမရခဲ့ပါတယ်။ ကျွန်တော်က တစ်နှစ်ကို အနည်းဆုံး နှစ်ကြိမ်ထက်မက ဝင်ရောက်ယှဉ်ပြိုင်ပါတယ်။ အခုလို လေးနှစ်ဆက်တိုက် ပထမရတဲ့အတွက် အလွန်ပဲ ဝမ်းသာပါတယ်" ဟု ပြောသည်။

ယနေ့ကျင်းပသည့် လေးကြိမ်မြောက် ရိုးမ-ရန်ကုန် အပြည်ပြည်ဆိုင်ရာ မာရသွန်ပြိုင်ပွဲကြီးတွင် မာရသွန်အပြည့် ၄၂ ဒသမ ၁၉၅ ကီလိုမီတာ၊ မာရသွန်တစ်ဝက် ၂၁ ကီလိုမီတာ၊ စိန်ခေါ်မာရသွန် ၁၀ ကီလိုမီတာနှင့် သုံးကီလိုမီတာ အပျော်တမ်း သို့မဟုတ် လမ်းလျှောက်ပြိုင်ပွဲများ ထည့်သွင်းကျင်းပခဲ့သည်။ မာရသွန်အပြည့် ၄၂ ဒသမ ၁၉၅ ကီလိုတန်းတွင် ရိုးမ-ရန်ကုန်အပြည်ပြည်ဆိုင်ရာ မာရသွန်ပြိုင်ပွဲကြီး မြန်မာနိုင်ငံ၌ စတင်ကျင်းပကတည်းက

စာမျက်နှာ ၉ ကော်လံ ၁




ရိုးမ-ရန်ကုန် အပြည်ပြည်ဆိုင်ရာ မာရသွန်ပြိုင်ပွဲ သုဝဏ္ဏအိုးလုံလေလုံအားကစားရုံရှေ့မှ တာလွှတ်စဉ်။ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

# မြန်မာပြည်အလွတ်တန်း ချန်ပီယံဆု ထွန်းထွန်းမင်း ဆက်လက်ကာကွယ်နိုင်ခဲ့




ထွန်းထွန်းမင်း၏ ပြင်းထန်လှသော ညာခြေကန်ချက်ကြောင့် စောဂေါ်မူဒို ပြိုလဲခဲ့စဉ်။ ဓာတ်ပုံ-တင်စိုး

သတင်းမြင်ကွင်း-မင်းခေတ်

**ရန်ကုန် ဇန်နဝါရီ ၁၇**

မြန်မာနိုင်ငံရိုးရာလက်ဝှေ့အဖွဲ့ချုပ်က ကြီးမှူးပြီး Naing Moe Entertainment နှင့် Myanmar Media Management တို့ ပူးပေါင်းစီစဉ်သည့် မြန်မာပြည်အလွတ်တန်း ချန်ပီယံလုပွဲကြီးကို ယနေ့မွန်းလွဲ ၂ နာရီက ရန်ကုန်မြို့ သိမ်ဖြူရိုးရာလက်ဝှေ့ရုံ၌ ယှဉ်ပြိုင်ထိုးသတ်ခဲ့ရာ လက်ရှိချန်ပီယံ ထွန်းထွန်းမင်း (မုဒုံသား)က စောဂေါ်မူဒို (သတ္တိကလပ်)ကို ဒုတိယအချီအစမှာပင် အလဲထိုးဖြင့် အနိုင်ယူပြီး ချန်ပီယံဆုတံဆိပ်ကို ကာကွယ်နိုင်ခဲ့သည်။

လက်ဝှေ့ဝါသနာရှင် ပြည်သူများ စိတ်ဝင်စားနေသည့် လက်ရှိချန်ပီယံ ထွန်းထွန်းမင်းနှင့် စောဂေါ်မူဒိုတို့၏

စာမျက်နှာ ၁၄ ကော်လံ ၁

## ယနေ့ ဖတ်စရာ

**အီရန်အား အရေးယူပိတ်ဆို့မှုများရုပ်သိမ်း အမေရိကန်နှင့်အကျဉ်းသားများဖလှယ်ရေး သဘောတူ** စာမျက်နှာ » ၄

**ကလေးစာပေဖွံ့ဖြိုးတိုးတက်လာပြီဆိုရင် လူတော် လူကောင်းတွေဖြစ်လာအောင် လမ်းပြပေးနိုင်မယ်**
တွေ့ဆုံမေးမြန်း စာမျက်နှာ » ၁၀

**ကျွန်တော်နဲ့ နိုင်ငံရေးဘဝအလွန်**
နိုင်ငံရေးဆောင်းပါး စာမျက်နှာ » ၁၆




နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၀၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၀၄၅၊ ဖက်စ် ၀၆၇-၃၆၁၀၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊
စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ ကြော်ငြာ ၀၁-၅၄၅၈၃၄။
Gmail mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS
မြန်မာ့အလင်း